www.burmeseclassic.com



www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တက္ကသိုလ်ဖြစ်ရပ်မှန်ဂျာနယ်သည် ပြည်သူလူထုအား မှန်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှန်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှန်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တက္ကသိုလ်ဖြစ်ရပ်မှန်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တက္ကသိုလ်ဖြစ်ရပ်မှန်းမဂ္ဂဇင်းသည် လူတိုင်း မှန်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှန်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

BURMESE CLASSIC .com

တက္ကသိုလ်ဖြစ်ရပ်မှန်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူ့လူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

# ရှုခင်း မဂ္ဂဇင်း

# 2014 JANUARY

30 DEC 2013

အတွဲ(၁)၊ အမှတ်(၄)

နာယက - လင်းထက်ကျော်

ညိုမင်းလှိုင်

အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ရုံးအဖွဲ့ - အေးခိုင်စည်နှင့်အဖွဲ့

ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)



မျက်နှာဖုံးရှင် ထိုက်ဆုဝင်း

ဖြန့်ချိရေး - အမှတ်(၉၇)၊ မြေညီထပ်(ဝဲ) ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၃၈၅၃၆၉၉၊ ၀၉ ၄၉၂၉၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# 2014 JANUARY



**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊ မြတ်နိုးဆု(တမာမြေ)၊ မြနှင်းထန်၊
ဆုမွန်ဦး(ဟသ်ာတ)၊ မင်းကြယ်စင်သွန်း၊
မောင်ထည်ဝါ(ပျော်ဘွယ်)၊ ရဲဝဏ္ဏ(Sky Net)၊ သွေးစက်သစ်

**ကာတွန်း**

သူရိန်၊ မြေရိုင်း၊ မောင်ရဲသူ(ရန်ကုန်တက္ကသိုလ်)၊ ပေတလူ၊
အောင်ချမ်းမြေ့(မင်းဘူး)၊ တက်သစ်အောင်(စစ်တွေ)၊ ရာဇာသာစည်၊
အေကေ(အထက်မင်းလှ)

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

# CONTENTS


## ဟာသဝတ္ထု

ရွှေနေကြီး ဦးနက်ကျော်နှင့် ၆၃
ပန်းမြိုင်လယ်က ဥယျာဉ်မှူး

## ဘာသာပြန်

ကမ္ဘာကို ကိုင်လှုပ်ခဲ့သောပြန်ပေးဆွဲမှု ၅၀
မျိုးချစ်ဖောက်ထွင်းဝိဇ္ဇာ ၅၇

## ဆောင်းပါး

ဉာဏ်ရည်မြင့်ခိုးမှု ၂၃
ကျူးလွန်သော ၂၇
ဥပဒေ၊ ပုဒ်မဖြင့်သာ
အရေးယူပါ

## တစ်မျက်နှာဝတ္ထု

ဖုန်းတစ္ဆေ ၃၀

## ရုပ်ရှင်မိတ်ဆက်

ကြယ်နှစ်စင်း၏ ချစ်ခြင်းလက်ာ ၈၈

## တစ်ခန်းရပ်ဟာသ

ထက်ထက်(ဟာသ) ၉၆

## ပေဒင်

ဝေဒသုတေသီတစ်ဦး

## သတင်း

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း












www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

## မှခင်းဝတ္ထုတို

**ထက်ထက်ဦးဝေ**
အနိုင်ယူသူ၏ အရှုံး ၄၂
**အဲမူးကြီးဝင်းဦး(မြိုင်)**
အမှတ်တရ ၆၈
**ဆောင်းသစ်နု(ဗီကျွန်း)**
ဖွဲ့၍သည်းလေသော မိုးစက်များ ၇၈
**နေအလှ**
ရွှေရှိမှ မျိုးရှိတယ် ၁၀၀
**မြကိုင်**
အဖြူကို အရောင်ဆိုးမိသူ ၁၁၂
**ရွှေကိုးတောစိမ်းအောင်**
လေဘာတီမမြရင်အငြိမ့်မှ ၁၁၈
ခဲလံချောင်းရိုက်ပွဲ
**ကျွန်းဆင်မြဲအောင်**
ဆုံလည်နွားတို့ သံသရာ ၁၂၄
**ဦးနေရောင်**
အသည်းအမုန်မစိမ်းတဲ့ ရဲမာန်ဟိန်း ၁၃၂
**ရွှင်လွှမ်းမယ်**
သမုဒယလမ်းဆုံး ၁၄၂
**တိုးမြင့်**
ကွမ်းတံတွေးတစ်ချက် ၁၅၀
လူ့အသက်တစ်ချောင်း
**မောင်မြင့်မား(ဗိုလ်ကလေး)**
ပါးချိုင့်ကလေးနှင့် အမျိုးသမီး ၁၆၄



www.burmeseclassic.com

www.burmeseclassic.com



## နှစ်သစ်မေတ္တာ




+ တစ်နှစ် တစ်နှစ်ရယ်နှင့်
ဘာမှကွယ် မကြာသလိုပဲ
ဩော်.....
နှစ်သစ်အစကိုတဲ့ ရောက်ပြန်ပြီ။

+ နှစ်ဟောင်းဆီ လှည့်ပြန်ကြည့်လေတော့
ချမ်းမြေ့သည့် အေးရိပ်သာ
နားခိုရာကွယ် တွေ့သေးသည်မို့
မအေးနိုင် သောကအပူတွေနဲ့
ဖေးကူသူ နတ္ထိပေပေါ့
ရှန်းနေရသည်။

+ ကြုံသမျှ လောကဓံအား
အံကြိတ်ကာ သွားနေရင်းကွယ်
အသက်ရယ်က တစ်နှစ်ကြီးလာပြန်
ဘဝခရီးဟာ လှိုင်းထန်ဆဲပေမို့
သောကမွေ ဝေတော့ပါဘူး
ဒေါသတွေ ဖြေလျှော့ရည်ကာ
လှမ်းခဲ့သည် မရပ်နား။

+ ကိုယ့်လိုပင် ဝေနေယျာများမှာဖြင့်
စွမ်းနိုင်ရာ ဝမ်းစာရှာရသည်မို့
ဘေးဘယာတွေ ဝေးကွာစေ
သောကလေးတွေ အေးပါစေ
မေတ္တာဝေ ဆုချွေသလို့ရယ်
နှစ်သစ်ကွယ် (၂၀၁၄)မှာလေ
ငြိမ်းအေးစေသား။ ။

စိုးကိုကို (လေးမျက်နှာ)


www.burmeseclassic.com

www.burmeseclassic.com



# ကြိုလိုက်ကြစို့ နှစ်သစ်ကို

၄ ဟောင်းပြန်ပြီ
''နှစ်တစ်နှစ်''။
၄ ပြောင်းပြန်ပြီ
''ပြက္ခဒိန်''အသစ်။
၄ အမိန့်မနာခံသူတွေထဲမှာ
''အချိန်''က ထိပ်ဆုံး။
၄ ပြောင်းပြန်ပြီ
စိတ်သစ်၊ လူသစ်
အတွေးအသစ်၊ အမြင်သစ်
အသစ်.....အသစ်.....အသစ်တွေနဲ့
နှစ်သစ်ကို ကြိုကြရအောင်တဲ့။
၄ ကြိုချင်တာပေါ့.....
''၂၀၁၄''ဆိုတဲ့
လတ်ဆတ်တဲ့ နှစ်သစ်ကြီးကို
၄ ဒါပေမဲ့.....
အသက်ကြီးလို့ ဇရာကဖိစီးကာ
လူတွေက အိုလာပြန်
စိတ်တွေမှာ မပျိုနိုင်
မျက်ဝန်းတွေ ဝေဝါး
ခြေလှမ်းများက လေးနေပြီ။
၄ ကဲ.....
ဘာပဲဖြစ်ဖြစ်ဖြစ်
အစဉ်အလာမပျက် မင်္ဂလာနံနက်မှာ
အဝတ်သစ်တွေ ဝတ်ထားတဲ့
ရုပ်အဟောင်းကြီးနဲ့
အသစ်စက်စက် ''နှစ်''တစ်နှစ်ကို
ကြိုဆိုနှုတ်ဆက်လိုက်ရအောင်
''ဟက်ပီးနယူးရီးယား''.....ပါ။ ။




မြတ်နိုးသု(တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



## မုန်းရက်သူ



* နားလည်မှုတွေလွဲ
စိတ်ချင်းဝေးကြ
ကြင်နာမှုတွေမဲ့
တို့ချင်းဝေးကြ။

* ကရုဏာ မေတ္တာ
သစ္စာတရားတို့သည်လည်း
ဘုရားရှင်အလိုကျ မဖြစ်ခဲ့တော့ပြီ။

* အတ္တမာန
ဒေါသများနဲ့ နှောင်ဖွဲ့
အချစ်ပျက်လို့
အပြစ်ဖွဲ့ အမုန်းမြင်
နစ်သည်ထက် နစ်ခဲ့
သောက ပင်လယ်ပြင်။

* ငြိုးရန်ဖွဲ့ခဲ့
ရင်ဘတ်တစ်စုံမှာ
သံယောဇဉ် သမုဒယ
ကြိုးပြတ်ရန် အချိန်အခါ မရောက်လေသမျှ
ဝဋ်ကြွေးမှာ ပေးဆပ်ရန်
ကျန်နေသေးသည်မို့
ဝေဒနာ ရင်မှာပိုက်ကာဖြင့်
ဟန်ဆောင်ပြုံး၍
အနိုင်ဖာတ်လမ်းဆင်။ ။

မြနှင်းထန်

www.burmeseclassic.com

www.burmeseclassic.com



# ပိုးတုံးလုံး

* အဖေနဲ့အမေ
မွေးကတည်းက
ဘဝလက်ဖွဲ့
ခြေနှစ်ဖက် လက်နှစ်ဖက်ပါလာတယ်။
ကြီးပြင်းရှင်သန်
မလွန်ဆန်နိုင်တဲ့ နှင်တံတွေအောက်
မိုးမကြောက်
လေမကြောက်
ဝမ်းတစ်ပေါက်ရယ်ကြောင့်
တစ်ခါတစ်ခါတော့ ကျောမှောက်
တစ်ခါတစ်ခါတော့ ပက်လက်လန်
ယက်ကန် ယက်ကန်နဲ့
အသက်မှန်မှန်ရှူလို့
ရေဆန်လမ်းတွေ ဖြတ်ခဲ့တယ်။

* ဩော်.....ဒါပေမဲ့
ကံမခိုင် အခြေမလှပြန်တော့
သံတိုင်တွေတောင် ယိုင်ရဆိုတဲ့
စကားတစ်ခုလို
လုပ်သမျှ လုံးပါးပါး
ကြံသမျှ အပျက်တွေနဲ့
ရတက်မပွေ့ အခက်တွေကြုံနေရ
ခြေမဲ့လက်မဲ့
ပိုးတုံးလုံးတစ်ကောင်ရဲ့ဘဝ။ ။




ဆုမွန်ဦး (ဟင်္သာတ)

www.burmeseclassic.com

www.burmeseclassic.com



# သစ္စာကြည့်မှန်ပြောင်း



✦ ဒုစရိုက်မှု
သူက ပြု
သုခ ထင်ထားလား။
✦ စားစားသွားသွား
စိတ်မနား
ပူခါးညစ်ဘူးလား။
✦ ရထားဥစ္စာ
ညစ်ကြေးသာ
ဘယ်မှာသန့်စင်အား။
✦ သွားမယ့်လမ်းရှည်
ချစ်မိတ်ဆွေ
သေရွာအထိ ကြည့်ပါလား။ ။

မင်းကြယ်စင်သွန်း

www.burmeseclassic.com

www.burmeseclassic.com



## လွတ်လပ်ရေးနှင့် တို့တာဝန်



✦ နိုင်ငံ့ရှေ့ဆောင်၊ ဦးအောင်ဇေယျ
မြန်မာ့သားကောင်း၊ နီမောင်းဓွေးဓွေး
သတ္တိသွေးဖြင့်၊ ပြည်ရေးထိပါး
ရန်စွယ်များကို၊ ဖယ်ရှားတွန်းလှန်
အောင်ပွဲခံ၍၊ နိုင်ငံလူမျိုး
ပြည်အကျိုးကို–
သယ်ပိုးထမ်းရွက်ခဲ့ပါ၏။

✦ စွမ်းရည်ပြည့်ဝ၊ ဗန္ဓုလလည်း
မြန်မာ့မြေအား၊ ထိပါးသွေးစုပ်
နယ်ချဲ့ယုတ်ကို၊ တိုက်ထုတ်တွန်းလှန်
ဇာတိမာန်နှင့်၊ နိုင်ငံအတွက်
သွေးအသက်ကို–
ပေးဆပ်ကာကွယ်ခဲ့ပါသည်။

✦ ပြည်ထောင်စုသား၊ တို့ဘိုးဘွားတို့
စော်ကားသွေးစုပ်၊ နယ်ချဲ့ယုတ်ကို
မောင်းထုတ်တွန်းလှန်၊ အောင်ပွဲခံ၍
နိုင်ငံသက်သွေး၊ လွတ်လပ်ရေးကို
စုဝေးတိုက်ယူခဲ့ကြသည်.....။

✦ နိုင်ငံ့အင်အား၊ မျိုးဆက်များတို့
ငါတို့ဘိုးဘွား၊ မိဘများ၏
သွေးသားအသက်၊ နှင်းဆက်ယူပေး
လွတ်လပ်ရေးကို၊ သား,မြေး,မြစ်,တီ
အဓွန့်ရှည်အောင်၊ ကိုယ်စီမလစ်
ဘဝအပ်၍–
စောင့်ကြပ်ထိန်းသိမ်းကြမည်တည်း။ ။

မောင်ထည်ဝါ (ပျော်ဘွယ်)

www.burmeseclassic.com


www.burmeseclassic.com



## အတတ်ဟော

၌ ဆရာ ဆရာ၊ ကူညီပါ
ရွှေငွေလည်းပျောက်၊ သောကရောက်
မွှေနှောက်ဖွေရှာ၊ မတွေ့ပါ၊
ဥစ္စာပြန်ရ၊ ပြန်မရ
လှည့်စားခိုးယူ၊ ထိုထိုလူ
မည်သူဖြစ်၏၊ သိချင်မိ။
၌ စိတ်ချ စိတ်ချ၊ သူငယ်မ
ပြန်ရဥစ္စာ၊ မြန်မကြာ
ကြည့်ကာမနော၊ မြင်တာဟော
ပြောရှုမထွက်၊ အဖြေခက်
လက်ချက်ယူငင်၊ မင်းချစ်လင်။
၌ ဗေဒင်ဆရာ၊ မှန်သောခါ
မျက်နှာနှစ်ဖက်၊ ဖူးရောင်လျက်
ထိုးနှက်ခံရ၊ ရှုမလှ
ဗေဒင်ဆရာ၊ နှုတ်ထွက်ခါ။ ။

ရဲဝဏ္ဏ (SKY NET)




www.burmeseclassic.com

www.burmeseclassic.com



## မုဒိတာ

၌ အရိပ်ခိုဖို့သွားပြီး
ကြိုးစားအားထုတ်မှုကောင်းတော့
ငှက်တစ်သောင်းနားနေချင်တဲ့
သစ်တစ်ပင်ဘဝကို
မလွဲမသွေ ရရှိခဲ့သူတွေ.....
၌ ပန်းကောင်းပန်မယ့် အသိကြောင့်
ကိုယ်တိုင် ပန်းပင်ကြီးဘဝနဲ့
ပန်းလှလှတွေ
ဖူးပြ ပွင့်ပြနိုင်သူတွေ.....
၌ ပိုးစုန်းကြူးငယ် သာသာနဲ့
လမင်းကြီးမက
လင်းပြနိုင်တဲ့သူတွေဟာ.....
အကုသိုလ်အသိုက် နှိုက်တတ်စဒ
ငယ်ငယ်ကတည်းက
လူ့အောက်မကျတဲ့လမ်းကို
ကိုယ်တိုင်စိတ်တိုင်းကျ ရွေးချယ်ပြီး
လောကကြီးကို
သူကောင်းပြုမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့
ဘဝကို ခရီးဆက်ခဲ့ကြသူတွေပါ။
၌ သူတို့ပြတဲ့ လမ်းအရောက်
ကိုယ်မလျှောက်နိုင်ရင်တောင်မှ
သူတို့သွားတဲ့ ခရီးမှာ
ထီးကလေးခဏ
မိုးခွင့်ရရင် မိုးပေးချင်မိ
သူတို့အတွက်
ရေတစ်ခွက်မျှ ကမ်းခွင့်ရရင်
ကမ်းလိုက်ချင်မိ
ကိုယ့်မှာရှိတဲ့ မုဒိတာ။ ။



သွေးစက်သစ်

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon





www.burmeseclassic.com

www.burmeseclassic.com



# Cartoon





www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon





www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com




# Cartoon




www.burmeseclassic.com

www.burmeseclassic.com





ညွန့်ဟုံ (ကျူတော)

# ဉာဏ်ရည်မြင့်ခိုးမှု

မြန်မာလူမျိုးများအတွက် သူတစ်ပါး၏ပစ္စည်းကို ခိုး ဝှက်ယူငင်ခြင်းကို ငါးပါးသီလဖြင့် တားမြစ်သကဲ့သို့ မြန်မာ့စာရိတ္တကလည်း မည်သည့်အခါကမျှ လက်ခံခြင်း မပြုခဲ့ပေ။ ဒုစရိုက်လုပ်ငန်းဟု သတ်မှတ်ပေသည်။ သို့ရာတွင် မှုခင်းအများစုသည် ခိုးဝှက်မှု၊ အတုအယောင်၊ အလိမ်အညာပြုမှုတို့ ဖြစ်ပွားလေ့ရှိသည်။ အသေးအမွှားမှ အကြီးအမားအထိဖြစ်ပြီး ဒေသအလျောက် နေရာစုံ ကြုံတွေ့ရမှုဖြစ်၏။ အကြောင်းရင်းများစွာရှိ၏။ သမား ရိုးကျ ခိုးဝှက်မှုသာမက အဆင့်မီ ဉာဏ်ရည်မြင့် ခိုးဝှက် မှုများ ပေါ်ပေါက်လာကြောင်း မီဒီယာများ၏ လုစ်ဟ ဖော်ထုတ်မှုအရ သိရှိရပါ၏။

အမေရိကန်ပြည်ထောင်စုက ဥရောပသမဂ္ဂနှင့် နိုင်ငံ ကြီးများ၏ခေါင်းဆောင်များ သုံးစွဲသော ဆက်သွယ်ရေး လိုင်းများကို ခိုးယူနားထောင်သည်။ အငြင်းပွားကာ သံတမန်ဆက်ဆံရေးများ မပြေမပြစ်ရှိလာသည်။ သတင်းအချက်အလက်များ ရယူသဖြင့် လျှို့ဝှက်ချက်များပေါက်ကြားခဲ့ရသည်။ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံတစ်ခုက ဝင်ရောက်စွက်ဖက်သည့်သဘောဖြစ်၏။ ထို့ကြောင့် ကာလအရှည်အကြာ ငြင်းခုံမှု၊ ဖြေရှင်းရမှုများ ရှိလာသည်။ နား ထောင်သိမှတ် ဖတ်ရှုရခြင်းများစွာကပင် စိတ်မသက်မသာ ဖြစ်ရပေမည်။ အဆင့်မြင့်နည်း ပညာကို တလွဲသုံးကာ အခိုးအဝှက်အတတ်ပညာဖြင့် လှည့်ဖြားကြခြင်းဟု ဆိုချင်ပေသည်။

ယေဘုယျအားဖြင့် ခိုးဝှက်ခြင်းကိစ္စည် မပြည့်မစုံရှိသူ၊ ထွက်ပေါက်ရှာသူ၊ စီးပွားရေးအရ မိသားစုအရေး စွန့်စားမှု၊ ဒုစရိုက်လုပ်ငန်းမှန်း သိပါလျက်နှင့် ကျူးလွန်မှုက များပေသည်။ တစ်ခဏအရေး အဖြေရှာပြီးဖြစ်ဖြ ရာဇဝတ်ဘေး ပြေးမလွတ်ကြ။ အနည်းငယ်မျှသာ အောင် မြင်ကြ၏။ မည်သူကမျှ အားမပေး။ စာရိုက္ခ ပျက်ယွင်း မှုအဖြစ် ရှုတ်ချကြပေသည်။

အနောက်တိုင်းစာပေ အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ ရိုးစကားတစ်ခုကို စွဲမြဲစွာ မှတ်သားခဲ့ရဖူးပါ၏။ "Poverty is one cause of crime" ဟူ၍ဖြစ်လေသည်။ သဘော

www.burmeseclassic.com



အနက်အဓိပ္ပာယ်မှာ 'ဆင်းရဲခြင်းသည် ပြစ်မှုကျူးလွန်ခြင်း အကြောင်းတစ်ရပ်ဖြစ်၏'ဟု ဆိုပါ၏။ ဆင်းရဲမှုက ထွက်ပေါက်ရှာရင်း ခိုးဝှက်ခြင်း၊ အလစ်သုတ်ခြင်းများ ဖြစ်နိုင်သည်။ ဆင်းရဲသားတိုင်း ခိုးဝှက်ကြခြင်းမရှိ။ စာရိတ္တနှင့်သီလကို အထိပါးမခံနိုင်သူ များစွာရှိ၏။ ဆင်းရဲတွင်း နက်ချင်နက်ပါစေ၊ နာမည်မပျက်ချင်ကြ။ လောကအလယ် မျက်နှာငယ်ငယ်ဖြင့် သူတစ်ပါး ပြစ်တင်ရှုတ်ချခံရပြီး နလုံးမသာမယာဖြစ်ရမည့် အနေအထားကို မလိုလားကြပါ။ ထိုသဘောကို မြန်မာ့နီတိများကတစ်ဆင့် ငယ်စဉ်ကာလ ကလေးဘဝကပင် သွန်သင်မှုခံကြရပြီးဖြစ်လေရာ စောင့်ထိန်းကြသည်။ အပျော်အပြက် လူစုဖွဲ့လျက် ကျေးလက်သဘာဝ ညချမ်းချိန်ခါ ကြက်ခိုး၊ ဘဲခိုး၊ ဘူးသီးခိုးလျက် ချက်ပြုတ်စားသောက်သည့် ဓလေ့က ခွင့်လွှတ်ချင်စရာ ဖြစ်ရပါ၏။

ကမ္ဘာကျော် တွေးခေါ်ပညာရှင် ဆိုဗီယက် (ယခုရုရှား)နိုင်ငံက ကားလ်မတ်က ဆိုခဲ့ဖူးသော ကောက်ချက်စကား အမှတ်အသားကို ယဉ်ပါးခဲ့ဖူးပေသည်။ လူတွေက သူခိုးတစ်ယောက်ကို ဖမ်းဆီးမိပြီဆိုရင် သူခိုးကို ဝိုင်းဝန်းရိုက်နှက်ဖို့ပဲ နားလည်ကြတယ်၊ အဲဒီသူခိုးဘာကြောင့်ခိုးရတယ်ဆိုတာ မလေ့လာ၊ မစူးစမ်းကြဘူးဟု ဆိုပေသည်။ မှန်ပါ၏။ မလွှဲမရှောင်သာ သူခိုးဘဝရောက်သူတို့သည် ဆင်းရဲနွမ်းပါး မွဲတေမှုကို သည်းမခံနိုင်သဖြင့် ဒုစရိုက်မှုမှန်း သိပါလျက်၊ လူမိလျှင် အထိနာမည်မှန်း သိပါလျက် ကျူးလွန်ကြခြင်းဖြစ်ပေသည်။ အသိဉာဏ်ချို့တဲ့ခြင်း၊ စီးပွားရေးနိမ့်ပါးခြင်း၊ အခက်အခဲပေါင်းများစွာက ရုန်းထွက်နိုင်မှုမရှိခြင်း စသည်တို့ အကျုံးဝင်ပေသည်။

ဤသို့ဆိုလျှင် ချမ်းသာသူများဘက်က ကြည့်စေချင်ပါ၏။ မြန်မာ့ဆိုရိုးစကားတစ်ခုတွင် "လွယ်လျှင် သူကြွယ်ပင် သူခိုးဖြစ်"ဟု ဆိုပေသည်။ ပြည့်စုံကုံလုံ ချမ်းသာကြွယ်ဝသူပင်ဖြစ်ပါစေ ပစ္စည်းရှင်မသိ၊ လွယ်လင့်တကူ တွေ့ရှိ၊ မိမိကို ယိုးစွပ်ဖို့မဖြစ်နိုင်သည့် အခြေအနေ ကြုံရပါက တွေ့သည့်ပစ္စည်း စိတ်မထိန်းနိုင်ဘဲ ဆွဲကိုင်ယူငင် အသုံးချတတ်ပေသည်။ ခိုးဝှက်ခံရမှုတွင် ခိုးသူချည်း တာဝန်ရှိသည်မဟုတ်။ ပစ္စည်းရှင်ဘက်ကလည်း တာဝန်မကင်းပေ။

ရိုးစင်းသော ခိုးဝှက်မှုက လူသိများ၏။ အဆင့်မြင့် တန်ဖိုးကြီးမားစွာ ခိုးဝှက်မှုက ထင်ရှားပေသေးသည်။ ကျွန်တော်တို့ငယ်စဉ်က The Thief of Badgedi ဘဂ္ဂဒက်မြို့က သူခိုးကြီးဟူသော အမည်ရသည့် ရုပ်ရှင်ဇာတ်ကား ကြည့်ဖူး၏။ သည်းထိတ်ရင်ဖိုနိုင်ပြီး အားကျစရာပင်ဖြစ်ရသေး၏။ ကမ္ဘာကျော် ကိုဟီးနိုးစိန်ကြီး ခိုးဝှက်မှုကို တခမ်းတနား ဖော်ပြခဲ့ဖူး၏။ ရုပ်ရှင်ရိုက်ကြ

ဆင်းရဲခြင်းသည် ပြစ်မှုကျူးလွန်ခြင်း အကြောင်းတစ်ရပ်ဖြစ်၏"ဟု ဆိုပါ၏။
ဆင်းရဲမှုက ထွက်ပေါက်ရှာရင်း ခိုးဝှက်ခြင်း၊ အလစ်သုတ်ခြင်းများ ဖြစ်နိုင်သည်။
ဆင်းရဲသားတိုင်း ခိုးဝှက်ကြခြင်းမရှိ။ စာရိတ္တနှင့်သီလကို အထိပါးမခံနိုင်သူ များစွာရှိ၏။
ဆင်းရဲတွင်းနက်ချင်နက်ပါစေ၊ နာမည်မပျက်ချင်ကြ။ လောကအလယ်မျက်နှာငယ်ငယ်ဖြင့်
သူတစ်ပါးပြစ်တင်ရှုတ်ချခံရပြီး နလုံးမသာမယာဖြစ်ရမည့်အနေအထားကို မလိုလားကြပါ

www.burmeseclassic.com



သည်။ အဆင့်မြင့်ဉာဏ်ရည်နှင့် နည်းပညာ သုံးစွဲပေသည်။

ယခု စက်မှုသိပ္ပံခေတ်တွင် အဆင့်အတတ်ပညာကို တလွဲသုံးသည်။ ဓာတုပစ္စည်းများသုံးကာ ခိုးဝှက်၏။ ဖောက်ထွင်းကိရိယာများဖြင့်ခိုး၏။ ကျွမ်းကျင်မှုပညာဖြင့် ခိုင်ခံ့ကြီးမားသော မီးခံသေတ္တာ၊ သော့ခလောက်ကြီးများကို အချိန်တို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းဖြင့် ဖျက်ဆီးဖောက်ယူ ခိုးဝှက်နိုင်၏။ အတော်ပင် မလုံမခြုံဖြစ်ရတတ်ပေသည်။ မိမိ၏အိုးအိမ်ကို စိတ်ချရသော သော့ခလောက်သုံးထားသည်ဟူ၍ အကြွင်းမဲ့စိတ်မချသင့်ပေ။

ကျွမ်းကျင်မှု၊ ဉာဏ်ရည်မြင့်မှုတို့နှင့် ပေါင်းစပ်ကာ ခိုးဝှက်သွားနိုင်၏။ ပြီးတော့ သူတို့က စာရေးသွားတတ်သေး၏။ "သော့ကောင်းဖို့မလို၊ ပစ္စည်းကောင်းဖို့သာလိုသည်"ဟုပင် လှောင်ပြောင်ရေးသား ခိုးဝှက်ခဲ့သေး၏။ အခိုးခံရသူအဖို့ စိတ်ထဲတွင် မချင့်မရဲဖြစ်ရပေသည်။

ဖတ်မိဖူးသော နိုင်ငံရပ်ခြား သတင်းစကားတစ်ခုက ထူးဆန်းသည်ဟု ဆိုရန်ရှိပေ၏။ အမေရိကန်ပြည်ထောင်စုမှ အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦးကို ခိုးမှုဖြင့် ဖမ်းဆီးမိခြင်းဖြစ်၏။ လေယာဉ်ပျံခိုးမှုဖြစ်ပြီး ထူးခြားသော သူ၏နောက်ကြောင်းရာဇဝင်ကို သိခွင့်ရပေသည်။ သူသည် အသက် ၁၃ နှစ်မှ အသက် ၁၉ နှစ်အထိ ခိုးမှု (၈၀)ကျော် ကျူးလွန်ခဲ့၏။ အရေအတွက်များပြားပြီး အမှုကြီးများသာဖြစ်၏။ ပို၍ စိတ်ဝင်စားစရာရှိသေး၏။ ပြည်နယ်ကြီးငါးခုတွင် ကျူးလွန်ခဲ့ပြီး ကားခိုးမှု၊ မော်တော်ဆိုင်ကယ်ခိုးမှု၊ ကုန်တိုက်ဖောက်မှု၊ ဘဏ်တိုက်ဖောက်မှုများဖြစ်၏။ တစ်ကိုယ်တော်အစွမ်းဖြစ်လေသည်။ အံ့သြစရာကောင်းသည်မှာ လေယာဉ်ပျံခိုးမှုငါးမှု ပါဝင်သောကြောင့်ဖြစ်သည်။

နောက်ဆုံးဖမ်းဆီးမိသောအမှုက လေယာဉ်ပျံခိုးမှုနှင့် ဆက်စပ်၏။ အမေရိကန်နိုင်ငံမှ လေယာဉ်ပျံခိုးယူပြီး ကီလိုမီတာ ၁၈၀၀ ကျော် ကွာဝေးသော ဘဟားမားနိုင်ငံသို့ မောင်းနှင်ခဲ့၏။ လေဆိပ်တွင်ထားခဲ့၏။ ပြီးလျှင် စက်လှေတစ်စီးကိုခိုး၏။ ပင်လယ်ပြင်တွင်

---

**မိန်းမပျိုများကို မဖျက်ဆီးသည့်အပြင် တိုက်တွန်းသူကိုပင် ပြန်လည်ကြိမ်းမောင်း၏။ မိမိတို့၏ အမျိုးသမီးများကို စောင့်ရှောက်ရန်တာဝန်ရှိကြောင်း သတိပေးသည်။ သို့ဖြင့် တောက်ပြား အဖမ်းခံရ၏။ ဘုရင်က စစ်မေးရာတွင် ရဲရင့်သောနှလုံးသားကို တွေ့ရပေသည်။ သစ္စာရှိ၊ ရဲရင့်သော၊ သူခိုးကျင့်ဝတ်ကို စောင့်ထိန်းသူအဖြစ် ထူးခြားစွာ တွေ့ရပေသည်။**

---

www.burmeseclassic.com

www.burmeseclassic.com

မောင်းနှင်၏။ ရဲတပ်ဖွဲ့ကသိရှိသည့်အခါ လိုက်၏။ မရပ်သဖြင့် ခြောက်လုန့်ပစ်ခတ်ရာ အနည်းငယ် ဒဏ်ရာရကာ တရားခံဘဝ ရောက်သွား၏။ စစ်ဆေးပါ၏။ လူငယ်သည် ခြေဗလာ၊ ဖိနပ်မစီး၊ တစ်ကိုယ်တော်စွမ်းရည်အသုံးချ၏။ မမောင်းနှင်ဖူးသော၊ လေ့ကျင့်ခဲ့မှုမရှိသော လေယာဉ်ကို ထိုလေယာဉ်မှူး၏ အမှတ်အသားဖော်မြူလာအတိုင်း ဖတ်ရှုမောင်းနှင်ကာ အောင်မြင်စွာ လွတ်မြောက်ခဲ့၏။

တာဝန်ရှိသူတို့က ဆက်လက်စစ်ဆေးသောအခါ သူ၏ဉာဏ်ရည်ဉာဏ်သွေး (I.Q) သည် အလွန်မြင့်မားကြောင်း တွေ့ရပေ၏။ ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းအောက် ပွိုင့် ၃ (ဒသမ ၃) အောက်သာ နိမ့်သည်ကို တွေ့ရ၏။ သိပ္ပံပညာရှင် အိုင်းစတိုင်းသည် ရူပဗေဒပညာရပ်၌ ထူးချွန်၏။ Relativity Theory ကို ဖော်ထုတ်၏။ အဏုမြူစွမ်းရည် ဖော်ထုတ်၏။ နောင်တွင် သူ၏အမှားကိုသိသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ငြိမ်းချမ်းရေးနိုဘယ်ဆု ရခဲ့၏။ ထို့ပြင် ၂၀ ရာစု၏ အထင်ရှားဆုံး ပုဂ္ဂိုလ်အဖြစ် ကမ္ဘာတစ်ဝန်းလုံးက အသိအမှတ်ပြုခြင်းခံရပေသည်။

အဆိုပါလူငယ်သည် အိုင်းစတိုင်းနှင့် ဉာဏ်ရည်ချင်း မကွာလှ။ သို့သော် ဉာဏ်ရည်ဉာဏ်သွေးကို တလွဲအသုံးချ၏။ အများအကျိုးအတွက် ထူးချွန်စွာ ဆောင်ရွက်မည့်အစား ဒုစရိုက်လုပ်ငန်းဖြစ်သော ခိုးဝှက်မှု၌ မွေ့လျော်၏။ သူ့ကို ဟောလိဝုဒ် ရုပ်ရှင်လောက,က စိတ် ဝင်စားသွား၏။ ဘဝဇာတ်ကြောင်း မှတ်တမ်းတင်ရုပ်ရှင် ရိုက်ရန်ရှိ၏။ ယခုသော် အမှုများစွာအတွက် တရားရုံးများတွင် ရင်ဆိုင်နေရ၏။ လွတ်မြောက်ရာလမ်းမရှိတော့။ တိုင်းခြားပြည်ကျော်ခိုးမှုတွေ တသီတတန်းကြီး ကျူးလွန်သည့် ဉာဏ်ရည်မြင့် ဒုစရိုက်သမားအဖြစ် ကျော်ကြားသွားသည်။

မြန်မာ့သမိုင်းတွင် ကျော်ကြားသော သူခိုးကြီးငတက်ပြားကား လူသိများ၏။ ဉာဏ်ရည်မြင့်၏။ အင်းဝခေတ်တွင် ထင်ရှားပေသည်။ စစ်ကိုင်းတွင်နေထိုင်ကာ ညပိုင်းတွင် အင်းဝဘက်သို့ ဧရာဝတီမြစ်ကိုကူးကာ ခိုးဝှက်၏။ မည်သူမျှမဖမ်းနိုင်။ ခိုးဝှက်မှု၌ စည်းကမ်းရှိ၏။ ဆင်းရဲသားအိမ်တွင်မခိုး၊ သူဌေးအိမ်များကို ဝင်ရောက်ယူငင်သည်။ ပစ္စည်းအားလုံးကို မယူ။ ဆယ်ပုံတစ်ပုံသာယူ၏။ ပြီးတော့ သုံးစွဲခြင်းမပြု။ ဆင်းရဲသားများအား ပြန်လည်ဝေငှ၏။ ထူးခြားသော သူခိုးကို ဘုရင် သတိုး မင်းဖျားကိုယ်တိုင် ဖမ်းရ၏။ ညပိုင်းတွင် ချော့မော့ကာ နန်းတွင်းဝင်၏။ အစားအသောက်ကျွေး၊ အရက်တိုက်၏။ ပြီးသော် နန်းတွင်းသူများကို စော်ကားစေသည်။ ငတက်ပြားကား အစားအသောက်ကိုသာ သုံးဆောင်၏။ မိန်းမပျိုများကို မဖျက်ဆီးသည့်အပြင် တိုက်တွန်းသူကိုပင် ပြန်လည်ကြိမ်းမောင်း၏။ မိမိတို့၏ အမျိုးသမီးများကို စောင့်ရှောက်ရန်တာဝန်ရှိကြောင်း သတိပေးသည်။ သို့ဖြင့် ငတက်ပြား အဖမ်းခံရ၏။ ဘုရင်က စစ်မေးရာတွင် ရဲရင့်သောနှလုံးသားကို တွေ့ရပေသည်။ သစ္စာရှိ၊ ရဲရင့်သော၊ သူခိုးကျင့်ဝတ်ကို စောင့်ထိန်းသူအဖြစ် ထူးခြားစွာ တွေ့ရပေသည်။ ထို့ကြောင့် ဘဏ္ဍာစိုးခန့်အပ်ပေ၏။ ငတက်ပြားသည် အမှုထမ်းရာ၌ တာဝန်ကျေပွန်ပေ၏။ စစ်ကိုင်းဘက်တွင် ဘုရားတည်၏။ **မရှိခဏ**ဘုရားဟု ယခုတိုင်တွင်လေသည်။ အဆင့်မြင့် သူခိုးကြီးဖြစ်ပေသည်။ အားကျအတုယူဖို့တော့ မဟုတ်။ မြန်မာ့စာရိတ္တအတွက်မှု အသိအမှတ်ပြုရပေလိမ့်မည်။

ခေတ်သစ်လောကတွင် အမှုထွေပြားလှပေသည်။ အလစ်သုတ်ခိုးဝှက်ခြင်းအရာ၌ လျင်မြန်ကြ၏။ အစွမ်းထုတ်၏၊ နည်းပညာသုံး၏။ ဉာဏ်ရည်မြင့်မားကြပေသည်။ နေရာမှန် အသုံးချကြလျှင် ကောင်းပေစွ။ တလွဲဆံပင်ကောင်းခြင်းက စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ရသည်။ အဘက်ဘက်က နစ်နာရပေသည်။ နည်းလမ်းမှန်စွာ ကျင့်သုံးကြဖို့ တိုက်တွန်းချင်ပါ၏။

ညွှန့်ဟုံ (ကျူးဘား)

www.burmeseclassic.com

www.burmeseclassic.com



# ကိုကို(ငယ်ချစ်)

# ကျူးလွန်သောဥပဒေ၊ မှန်မဖြင့်သာအမှုဖွင့် အရေးယူပါ

မြန်မာစကားဝေါဟာရတွင် 'တာဝန်'ဆိုသော စကားရပ်သည် အလွန်တာစားလှပါသည်။ လွန်စွာထိရောက် လေးနက်မှုရှိ၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနယ်ပယ်တိုင်းတွင် တာဝန်ဆိုပါက အလိုအလျောက် နားလည်လက်ခံပြီးသား ဖြစ်သွားကြသည်။

တာဝန်ဆိုသည်နှင့် အချို့နယ်ပယ်ဝန်းကျင်တွင် တွန့်သွားသည်၊ ကြောက်ရွံ့သွားသည်။ စိုးရိမ်ထိတ်လန့်သွားသည်။ အချို့နယ်ပယ်တွင် ကြည်ညိုလေးစားသွားသည်။ ဦးညွှတ်သွားသည်။ အချို့နယ်ပယ်တွင် အဟန့်အတားဖြစ်စေမည့် အရာမှန်သမျှ ရှင်းလင်းဖယ်ရှားပေးသွားသည်။ ရှောရှောရှူရှူ ခွင့်ပြုလိုက်ကြသည်။ အချို့နယ်ပယ်တွင် နားလည်သဘောပေါက်ကြသည်၊ စာနာနားလည်ပေးကြသည်။ သဘောထားကြီးစွာ ခွင့်လွှတ်လိုက်ကြသည်။

အမြင့်ဆုံးရာထူး ရယူထားသူမှ အနိမ့်ဆုံး အောက်ခြေအဆင့်အထိ တာဝန်ဆိုသောအရာကို ကိုယ်စီအသိဖြင့် ရယူလက်ခံထားပြီး ထိုစကားလုံးများအား မကြာခဏ ကူးလူးဆက်ဆံမှုနယ်ပယ်တွင် အသုံးပြုတတ်ကြပါသည်။ စကားလုံး၏အဓိပ္ပာယ်အား အချို့က အပြည့်အဝ သိရှိနားလည်ကြသည်။ တာဝန်အား ကိုယ်တိုင်လိုလိုလားလား ခံယူကြသည်။ အချို့က ယေဘုယျသဘော သိရှိနားလည်ကြသည်။ ထိုနားလည်သည့်အတိုင်း ခံယူကြသည်၊ လက်ခံကြသည်။

အင်္ဂလိပ်ဝေါဟာရအားဖြင့် 'DUTY'ဟု ရေးသားပါသည်။ "Duty is duty"ဟုလည်း သုံးနှုန်းပြောဆိုတတ်ကြပါသည်။ အင်္ဂလိပ်–မြန်မာအဘိဓာန်တွင် 'DUTY' အား အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည် –

(၁) စာရိတ္တ၊ ဥပဒေအရ တာဝန်၊ တာဝန်ဝတ္တရား အမှန်တရား၏ ချည်နှောင်အား။

(၂) အချို့သော ကုန်ပစ္စည်း/သွင်းကုန်များအပေါ် တွင် စည်းကြပ်သည့်အခွန်။

(၃) လုပ်ငန်း/ရုံးမှဖြစ်ပေါ်လာသည့်အလုပ်တာဝန်။ (Playground duty ကစားကွင်းတာဝန်)

(၄) သူတစ်ပါး၏ဆန္ဒကို အလေးမူတတ်ခြင်း လိုက်လျောတတ်ခြင်း။

do duty for အမှုထမ်းသည်/ဆောင်ရွက်ပေးသည်။
on duty/off duty အလုပ်လုပ်နေသော/အလုပ်နားနေသော
duty bound မလုပ်မနေလုပ်ရသော
duty free (ကုန်ပစ္စည်းများ)အခွန်လွတ်
duty free shop အကောက်မဲ့ပစ္စည်းများ ရောင်းချသည့် လေဆိပ်အရောင်းဆိုင်။

စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ တာဝန်ဆိုသည်ကား မိမိလုပ်ဆောင်ရမည့် ဝတ္တရားဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အစိုးရကလည်း အစိုးရလုပ်ဆောင်ရမည့် ဝတ္တရား။ ပြည်သူလူထုကလည်း ပြည်သူလူထုလုပ်ဆောင်ရမည့် ဝတ္တရား၊ လိုက်နာကျင့်ကြံရမည့် ဝတ္တရား။ ပြည်သူ့ဝန်ထမ်းကလည်း မိမိလုပ်ဆောင်ရမည့်၊ လိုက်နာရမည့်၊ ကျင့်ကြံရမည့် ဝတ္တရားကိုယ်စီရှိကြပါ၏။

အိမ်ထောင်တစ်ခုတွင်ပင် အိမ်ထောင်ဦးစီး၏ ဝတ္တရား၊ အိမ်ရှင်မ ဝတ္တရား၊ သားသမီးများ၏ဝတ္တရား စသဖြင့် ရှိကြ၏။ ဥပဒေကဲ့သို့ မဖြစ်မနေ လိုက်နာရန်၊ လုပ်ဆောင်ရန် အတိအလင်း ပြဋ္ဌာန်းထားခြင်း၊ ပြဋ္ဌာန်းမထားခြင်းသာလျှင် ကွာခြားပါမည်။

သို့သော် အချို့အချို့ကား တာဝန်ဆိုသော စကားရပ်အပေါ်တွင် နားလည်မှုလွဲကြ၏၊ ခံယူချက်ချင်း လွဲကြ၏။ ရိုးရှင်းစွာ ဆိုရပါလျှင် တာဝန်ဆိုသောအရာသည် ခံယူတတ်သူ၏အပေါ်တွင် တည်မှီ၍ အဓိပ္ပာယ်၊ တန်ဖိုးလေးနက်မှုတို့ ကွဲပြားသွားစေ၏။

အချို့က စာရိတ္တမဏ္ဍိုင်အဖြစ် လက်ခံ၏။ အချို့အချို့က ခုတုံးအဖြစ် မိမိကိုယ်ကျိုးအတွက် အသုံးချ၏၊ အချို့အချို့က တာဝန်ဆိုသော စကားလုံးဖြင့် လက်ကသုံးတောင်ဝှေးပြုလျက် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ချည်နှောင်ကြပါ၏။ စားမြိန်ကဲ့သို့ ခံတွင်းတွေ့ပြီး ပဋိသန္ဓာရပြုလျက် "တစ်ခုခုဖြစ်ရင် မင်းတာဝန်နော်"၊ "ဘာဖြစ်ရင် ဘယ်သူ့မှာ တာဝန်ရှိတယ်" စသည့် လက်ညှိုးထိုး အပြစ်ဖို့တတ်ကြသည်၊ ကြိုးနီစနစ်ကျင့်သုံးကြ၏။ သူတစ်ဖက်သားအပေါ်တွင် တာဝန်ဆိုသောအရာဖြင့် ဝန်ထုပ်ဝန်ပိုး ဖြစ်စေတန်ရာ၏။

ဥပဒေနှင့် မညီညွတ်သောလုပ်ရပ်၊ ဥပဒေနှင့်မညီညွတ်သော အကြောင်းအရာ၊ ဥပဒေနှင့်မညီညွတ်သော ဖိအားများသည် ခိုင်းစေခြင်းခံရသော၊ တာဝန်ပေးအပ်ခြင်းခံရသောသူတို့အဖို့ ဝန်ထုပ်ဝန်ပိုးများစွာ ဖြစ်စေခဲ့ရ၏။ ကျဦးထဲကျပ်ထဲ ရောက်ကြရ၏။ ချောက်ကမ်းပါးထိပ်တွင် အခြေမခိုင့်တခိုင် ရပ်ကြရ၏။

သို့ဖြစ်၍ "No men above the law" "ဥပဒေအထက်တွင် မည်သူမျှမရှိ"ဟူ၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါ၏။

* * *

ပွင့်လင်းမြင်သာ၍ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ကျွန်တော်တို့ ပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ခေတ်နှင့်အညီ အတွေးအခေါ်များ၊ အပြုအမူများ၊ အကျင့်အကြံများ လိုက်လျောညီထွေ ရှိရပါမည်။ လေ့နံ့ဓားထစ် လုပ်၍မရ။ ခေတ်နှင့်အညီ အံဝင်ခွင်ကျ ဖြစ်၍နေရမည်။ ရာသီမပြတ်၊ အချိန်မပြတ် လှည့်ပတ်နေသော ခေတ်စနစ်တွင် မိမိကရပ်နေ၍မရ၊ အလိုက်သင့် အလျားသင့် ရွေ့လျားနေရမည်။ သို့မဟုတ်ပါက ခေတ်နောက်ကျကျန်နေရစ်မည်။ ခေတ် စနစ်နှင့် မလျော်ညီတော့သော လုပ်များကိုင်များ၊ အတွေး များအမြင်မှားများကို ဖက်တွယ်မိတတ်၏။ မည်သူမဆို သမိုင်းတစ်ခေတ်၏ သူရဲကောင်းများသာ ဖြစ်လိုကြ၏။ မည်သူမျှ တရားခံမဖြစ်လိုကြ။ အဓိကအရာရာတိုင်း၊ အလုပ်အကိုင်၊ အကျင့်အကြံတိုင်းသည် ဥပဒေနှင့်အညီ ဖြစ်နေဖို့လိုသည်။ သူ့ကြောင့်၊ ငါ့ကြောင့်ဟု မည်သူ့ကိုမျှလည်း လက်ညှိုးထိုး အပြစ်ပြောနေရန်မလို။ လက်ရှိ အရေးအကြီးဆုံးအရာသည် ပစ္စုပ္ပန်ဖြစ်၏။ အတိတ်ကို တူးဆွနေရုံသက်သက်ဖြင့် တိုးတက်လာမည်မဟုတ်။ နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ နိုင်ငံတကာအမြင်

www.burmeseclassic.com

www.burmeseclassic.com



စသည့် အမြင် (၅) မြင် ရှိရပါမည်။

ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တိုင်းသည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဖြစ်ပါသည်။ မိမိတို့၏ လုပ်ဆောင်ချက်တိုင်းသည် နိုင်ငံတော်အတွက်၊ ပြည်သူအတွက်၊ တပ်ဖွဲ့အတွက်ဟူသော ရည်ရွယ်ချက်ကောင်းတို့ဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့် အကျိုးပြုခွင့်ရလျှင် လူဖြစ်ရကျိုးနပ်ပေပြီ။ တပ်ဖွဲ့ဝင်ကောင်းတစ်ဦးလည်း ဖြစ်မည်ပင်။

ယနေ့ ကျွန်တော်တို့နိုင်ငံတော် ချီတက်နေသည့် လမ်းကြောင်းသည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်၏။ အစိုးရနှင့်ပြည်သူလက်တွဲညီညာစွာ ဟန်ချက်ညီညီဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ အားသွန်ခွန်စိုက် လျှောက်လှမ်းနေချိန်တွင် ပုဂ္ဂိုလ်ရေးရာအရ မိမိခံစားချက်၊ မိမိဆန္ဒကို ဦးစားပေး၍မရ။

မိမိသဘောဆန္ဒကို ရှေ့တန်းတင်ပြီး ဖွတ်ဖန်တီးခြင်း၊ အမှေ့ပုံသွင်းခြင်းတို့ ပြုလုပ်၍ရသောခေတ် မဟုတ်တော့။ အရာရာကို ဥပဒေနှင့် ညီ၊ မညီ သေချာစွာဆန်းစစ်လေ့လာရန် လိုအပ်ပါသည်။

* * *

အမှားကြာလျှင် အမှန်ဖြစ်တတ်ပါသည်။

ပြစ်မှုကျူးလွန်သော တရားခံတစ်ဦးအပေါ်တွင် နောင်ကြဉ်သွားစေရန်၊ အသိတရားရရှိပြီး ပြုပြင်သွားစေရန်နှင့် အများပြည်သူတို့ ဖြစ်စဉ်အပေါ်တွင် သင်ခန်းစာရယူ သတိပြုဆင်ခြင်နိုင်ကြစေရန်၊ စံနမူနာဖြစ်စေရန် ရည်ရွယ်ချက်ကောင်းဖြင့်သာ ထိရောက်လေးနက်သော ပြစ်ဒဏ်ရရှိရေး တွန်းအားပေးသင့်၏။ အတင်းရော အဓမ္မရော အပြစ်ဒဏ် တစ်ပုံတစ်ပင်ကြီး ရရှိစေရေး ဖိအားမပေးသင့်။

ယခုခေတ်ကာလတွင် ထိုသို့ဖိအားပေး၍လည်းမရ။ တရားစီရင်ရေးတွင် မည်သူမျှ ဝင်ရောက်စွက်ဖက်ခွင့်မရှိ။ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိ၏။ ထို့အတူ တရားခံပင်ဖြစ်လင့်ကစား လူ့အခွင့်အရေးရှိ၏။ ယခင်ခေတ်ဟောင်းများကလို ရသမျှပုဒ်မများတပ်၍ မရ။ ဥပဒေနှင့်အညီ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရမည်။

ကြုံကြိုက်စဉ် ကျွန်တော် လေ့လာသင်ယူခဲ့မိသမျှ ဥပဒေအချို့အား ဥပဒေစာသားအတိုင်းမဟုတ်ဘဲ အလွတ်သဘော ကျွန်တော်နားလည်မိသလို ဆွေးနွေးတင်ပြလိုပါသည်။ ဆွေးနွေးခွင့်ပြုပါ။

တိုင်းဒေသကြီး/ပြည်နယ် လက်နက်ဥပဒေ သက်ရောက်သော ဒေသအတွင်း အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလက်မှုလုပ်ငန်းခွင်တို့၌ အသုံးပြုရန် မရည်ရွယ်သော၊ အသုံးပြုရန်မဟုတ်သော ဓားဦးချွန်၍ အရိုးအသွား (၆)လက်မထက်ပိုသော ဓားများအား ကိုင်ဆောင်သွားလာစဉ် အကြောင်းအမျိုးမျိုးဖြင့် ရှာဖွေဖမ်းဆီးရမိပါက လက်နက်အက်ဥပဒေအရ အရေးယူရမည်ဖြစ်ပြီး ထိုလက်နက်တစ်စုံတစ်ရာတို့ဖြင့် ရာဇဝတ်မှု၊ ပြစ်မှု တစ်စုံတစ်ရာ ကျူးလွန်ခဲ့ပါက ကျူးလွန်သည့်

---

**လူတန်းစားအလွှာအသီးသီးရှိ လူတိုင်းလူတိုင်း၌ လူ့အခွင့်အရေး အပြည့်အဝရှိပါသည်။ အကြောင်းအရာ၊ အယူအဆလွဲမှားခြင်းကြောင့် ချွတ်ချော်ခဲ့သော ခြင်းချက်ပြုနိုင်သော်လည်း မရိုးမဖြောင့်သောသဘောဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခဲ့ပါက ပြစ်မှုကျူးလွန်သူကိုယ်စား မိမိက ဦးစွာရင်ဆိုင်ဖြေရှင်းရပေလိမ့်မည်။**

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှစ၍ ထိုနောက်ဆက်တွဲကျူးလွန်သော ပြစ်မှုဖြင့်သာ အကျုံးဝင်ပါသည်။

ဥပမာ ခါးထိုးမှုဖြစ်ပါက ရရှိသော ဒဏ်ရာအတိမ်အနက်ပေါ်တွင် မူတည်၍ ခါးထိုးမှု (ပြစ်မှုပုဒ်မ ၃၂၄/၃၂၆)တို့ဖြင့်သာ အမှုဖွင့်သင့်ပါသည်။ လူသေဆုံးခဲ့ပါက ပြစ်မှုကျူးလွန်သူ တရားခံ၏ Attention,Motive, Reason တို့အပေါ်တွင် အခြေခံ၍ လူသတ်မှု (ပြစ်မှုပုဒ်မ ၃၀၂)၊ ရာဇဝတ်မကင်းသော လူသေမှု (ပြစ်မှုပုဒ်မ ၃၀၄–က)တို့အရသာလျှင် အမှုဖွင့်ရပါမည်။ မူလအစပြုရာ လက်နက်ဥပဒေအရ ထပ်မံအမှုဖွင့်အရေးယူခြင်း မပြုသင့်ပါ။

ထို့အတူ မူးယစ်ဆေးဝါးများ၊ စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ရောင်းဝယ်ဖောက်ကားရာတွင် လက်နက်ခဲယမ်းမီးကျောက်များနှင့်အတူ တရားခံတို့အား ရှာဖွေဖမ်းဆီးရမိပါက ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ သာ အရေးယူရပါမည်။ လက်နက်ခဲယမ်းမီးကျောက်များ တွေ့ရှိသဖြင့် လက်နက်ဥပဒေအရလည်းကောင်း၊ ဒေသန္တရဥပဒေ (ဥပမာ ရှမ်းလက်နက်)ဖြင့်လည်းကောင်း ထပ်မံအရေးယူရန် မလိုအပ်ပါ။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၂(ခ)တွင် မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများနှင့် ပတ်သက်၍ ပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် လက်နက် (သို့မဟုတ်) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ ကျူးလွန်ပါက ထိုကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါသည်။

သို့ပါလျက် လက်နက်ဥပဒေ၊ ဒေသန္တရဥပဒေ (ဥပမာ ရှမ်းလက်နက်)တို့ဖြင့် ထပ်မံအမှုဖွင့်အရေးယူပါက ထိရောက်ဟန်တား နှောင်ကြဉ်စေလောက်သော ရည်ရွယ်ချက်ကောင်းမျိုး မသက်ရောက်တော့ဘဲ မသေမချင်း ညှဉ်း၍သတ်ဘိသကဲ့သို့ ရှိတော့၏။ မူးယစ်ဆေးဝါး ဖမ်းဆီးရမိခြင်းအကြောင်းရင်းကားသတ်သတ်၊ လက် နက်ခဲယမ်းမီးကျောက်များ ဖမ်းဆီးရမိခြင်းအကြောင်းအရင်းသတ်သတ်ဖြစ်ပါက သက်ဆိုင်ရာ အကျုံးဝင်သော ဥပဒေပုဒ်မများဖြင့် အရေးယူဆောင်ရွက်ခြင်းသည် မှန်ကန်သော လုပ်ဆောင်ချက်ဖြစ်ပါ၏။

ယနေ့ မျက်မှောက်ခေတ်ကာလသည် ပြုပြင်ပြောင်း လဲရေးခေတ်၊ ပွင့်လင်းမြင်သာသောခေတ်ဖြစ်၍ ယခင်ခေတ်ဟောင်းကကဲ့သို့ ထိရောက်ဟန့်တားလောက်သော၊ လေးနက်သော၊ နှောင်ကြဉ်စေလောက်သော အကြောင်းများပြုလျက် လုပ်ပိုင်ခွင့်အာဏာပြခြင်းများ၊ သြဇာသက်ရောက်စေခြင်းများ၊ ဖိအားပေးခြင်းများ ပြုလုပ်၍ မရတော့။ အရာရာကို တရားဥပဒေနှင့်အညီ ဘောင်အတွင်းမှသာ ဆောင်ရွက်ရပေမည်။

ယနေ့ ကမ္ဘာကြီးအား တိုးတက်မြင့်မားလာအောင် တည်ဆောက်နေကြသူများမှာ လူသားများသာဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကြောင့် ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များကို အရေးထားသကဲ့သို့ လူသားတစ်ယောက်၏ အခွင့်အရေး၊ လူ့အခွင့်အရေးကိုလည်း အပြည့်အဝ အလေးထားရပါမည်။

လူတန်းစားအလွှာအသီးသီးရှိ လူတိုင်းလူတိုင်း၌ လူ့အခွင့်အရေး အပြည့်အဝရှိပါသည်။ အကြောင်းအရာ၊ အယူအဆ လွဲမှားခြင်းကြောင့် ချွတ်ချော်ခဲ့သော် ခွင်းချက်ပြုနိုင်သော်လည်း မရိုးမဖြောင့်သောသဘောဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခဲ့ပါက ပြစ်မှုကျူးလွန်သူကိုယ်စား မိမိက ဦးစွာရင်ဆိုင်ဖြေရှင်းရပေလိမ့်မည်။

သို့ပါ၍ ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်များ အမှားအယွင်းကင်းကင်းဖြင့် တာဝန်ဝတ္တရားများ ဆောင်ရွက်နိုင်ရေး စေတနာအရင်းခံလျက် မှတ်သားသိရှိသမျှ တင်ပြလိုက်ရပါသည်။

ကိုကို (ငယ်ချစ်)

www.burmeseclassic.com

# အိမ့်

(ရူပဗေဒ)

# ဖုန်းတစ္ဆေ




ကိုမြတို့အိမ်တွင် ဖုန်းမဲပေါက်သည် ဆို၍ ဝမ်းသာနေကြသည်။ ကိုမြက ရုံးမှ GSM ဖုန်းမဲပေါက်ခဲ့၏။ တစ်လတည်းတွင် ဇနီးဖြစ်သူမအေးလည်း ရပ်ကွက်မှ WCDMA ထပ်ပေါက်ရာ လင်မယားနှစ်ယောက်က အဆင်ပြေသွားကြ၏။

''အရင်က ဖုန်းကိုင်ဖို့ အိပ်မက်တောင် မမက်ခဲ့ဘူးကွာ၊ သူများတွေကိုင်တာကိုကြည့်ပြီး အားကျနေရတာ''

''ဟုတ်ပါ့တော်၊ နိုင်ငံတော် အကြီးအကဲတွေကို ကျေးဇူးတင်လိုက်တာ၊ မိအေးလည်း ဈေးသွားရင် ဖုန်းလေးနဲ့ ကိုမြ..... ဈေးထဲမှာ ဘာငါးတွေရှိတယ်၊ ဘာဝယ်ခဲ့ရမလဲနဲ့ ဟင်းစားအဝယ်မှားမှာ မစိုးရိမ်ရတော့ဘူး''

''တော်ပါကွာ၊ မင်းက လူရှေ့ရောက်ရင် ဖုန်းလာပါစေလို့ ဆုတောင်းနေတာမဟုတ်လား၊ ဒါမှ စတိုင်လ်ထုတ်လို့ရမယ်လေ''

''ရှင်လည်း ဘာထူးသေးလဲ၊ ဖုန်းကို ခါးကြားမှာချိတ်ပြီး လမ်းသလားနေတာလေ၊ ပြီးရင် မိန်းကလေးတွေရှေ့မှာ အော်ချက်ထုတ်နေသေးတယ်မဟုတ်လား''

''ဟဲ.....ဟဲ ဒါကတော့ကွာ''

ကိုမြက သူ့ရဲ့ ကွမ်းချိုးကပ်နေသော သွားကြီးနှင့် တဟဲဟဲ ရယ်နေပြန်သေးသည်။ မအေးလည်း မျက်စောင်းကြီးထိုးပြီး ကိုမြအား သတိပေးလိုက်မိတော့သည်။

\+ + +

ညဉ့်နက် အိပ်မောကျချိန်တွင် ဖုန်းမြည်သံကြောင့် မအေးက အိပ်မှုန်စုံမွှား ထထိုင်လိုက်ရ၏။ ကိုမြ၏ဖုန်းမှ ဖြစ်နေသည်။

''ဘယ်သူလဲ၊ ဘာကိစ္စလဲ၊ အချိန်မတော်ကြီး''

''----''

''ဘယ်သူလဲလို့ မေးနေတယ်လေ''

တစ်ဖက်မှ အသံမကြားရဘဲ ဖုန်းချသွား၏။ မအေးလည်းတဖျစ်တောက်တောက်နှင့် အိပ်ရာထဲပြန်ဝင်အိပ်လိုက်သည်။ မှေးခနဲ ပျော်ရုံရှိသေး မအေးဖုန်းက မြည်လာပြန်၏။

''တောက်...ဘယ်သူတွေလက်သရမ်းနေကြသလဲ မသိပါဘူး၊ အားနေကြတယ် ထင်တယ်''

အိပ်ရာထဲမှထွက်ပြီး ဖုန်းကိုင်လိုက်ပြန်သည်။

''ဟယ်လို ဘယ်ကဆက်တာလဲ''

''ဒေါ်လေးလား၊ ကျွန်တော်ပါ၊ ဒေါ်လေးတူလေ''

ဒေါ်လေးတူဆို၍ မအေးက နယ်တွင်ရှိနေသော အစ်ကိုကြီးမိသားစု ဖြစ်မည်ပဲ ထင်မိ၏။

''ပြော ငါ့တူ၊ အချိန်မတော်ကြီးကွယ်''

''ဒေါ်လေး အဖေဆုံးသွားပြီ၊ လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်က''

''ဟင်..ဟုတ်လား၊ အီး..ဟီး..ဟီး၊ ကိုမြရေ....ထပါဦးတော်၊ ရှင့်ယောက်ဖ ဆုံးပြီတဲ့၊ ဖြစ်ရလေ အစ်ကိုကြီးရယ်''

မအေး၏ငိုသံကြီးကြောင့် ကိုမြလည်း မနေရတော့ပေ။ အိပ်ရာမှ ထလာရတော့သည်။ မအေး၏အော်ငိုသံကြီးက လူခြေတိတ်ချိန်တွင် ပတ်ဝန်းကျင်ကို အားနာစရာဖြစ်နေ၏။

''မင်းငိုတာနဲ့ ငါသေတယ်ထင်နေပါဦးမယ်ကွာ၊ ဖုန်းပေးစမ်းပါဦး''

ကိုမြက ဖုန်းကိုကောက်ကိုင်ဆက်လိုက်ရာမှ အကျိုးအကြောင်း သိရတော့၏။

''ဒီမိန်းမတော့ကွာ ငိုမနေနဲ့၊ သေတာက မင်းရဲ့အစ်ကိုမဟုတ်ဘူး၊ ဖုန်းမှားနေတာကွ၊ တောက်..အိပ်ရေးပျက်လိုက်တာ''

''အင်..ဟုတ်လား၊ ဒါနဲ့ ဒေါ်လေးလားဆိုတော့....''

''တိုက်ဆိုင်တာပါကွာ၊ လာ..ဝင် အိပ်တော့''

မအေးမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်ကျန်ခဲ့ရ၏။ ခဏလေးတွင် ငိုရသည့် မျက်ရည်များက နှမြောစရာကောင်းနေပေပြီ။

\+ + +

မနေ့ညက ဖုန်းမှားဆက်သည့်အဖြစ်ကြောင့် မအေးတစ်ယောက် အိပ်ရေးပျက်ခဲ့ရ၏။ သည်ညတော့ အိပ်ရာစောစောဝင်အိပ်လိုက်တော့သည်။ ကိုမြက ဘုရားရှိခိုး၊ တရားထိုင်နေသဖြင့် မအိပ်သေးပေ။

''တီ..တီ..တီ..တီ..တီ''

ဖုန်းမြည်သံကြားရ၍ စိတ်မဖြောင့်တော့ပေ။ ဂုဏ်တော်ပုတီးကို ပြီးအောင်စိပ်နေစဉ် နောက်ဖုန်းတစ်လုံးက မြည်လာပြန်၏။ သည်တော့ ဖုန်းပိတ်မထားမိသည်ကို နောင်တရနေသည်။ စိတ်ထဲတွင် ဖုန်းရှိခြင်း၏ ဒုက္ခကို တွေးမိသေး၏။ ဖုန်းဖိုးက တစ်လ

တစ်သောင်းကုန်နေသည်မှာ ပုံမှန်ဖြစ်သမည်။ ဖုန်းလေးရမှ မအေးက ဆက်လက်သည့်အမျိုးများမှာ မကုန်တော့။

စောစောကမြည်သောဖုန်းအား ဘာသာရေးကိစ္စပြီးမှ ပြန်ခေါ်လိုက်ရာ....

''ဘာကြောင့်တာလဲ၊ ရှင့်ဖုန်းကို ဘယ်သူမှမခေါ်ဘူး၊ ဒီဖုန်းနံပါတ် ဘယ်ကရတာလဲ၊ ဘယ်သူပေးတာလဲ''

အမေးအမြန်းထူနေသေးသဖြင့် ဖုန်းပိတ်လိုက်ပြီး နောက်တစ်လုံးကို ဆက်ခေါ်လိုက်သော်လည်း....

''အားအားယားယား မင်းဖုန်းကို ဘာကြောင့်ခေါ်ရမှာလဲ၊ ဒါမျိုး ရိုးနေပြီနော်၊ ရင်းနှီးမှုမရှာနဲ့၊ မရဘူး''

တရားလိုက တရားခံဘဝရောက်ရသည့်အဖြစ်ပါ။ ကိုမြလည်း စိတ်ညစ်ညစ်ဖြင့် ဝင်အိပ်လိုက်ရ၏။ မအေးကိုကြည့်လိုက်တော့ အိပ်မောကျနေပြီဖြစ်သည်။ စိတ်ထဲတွင် စောစောကဆက်သော ဖုန်းများအတွက် ကသိကအောက်ဖြစ်မိ၍ အိပ်မရခဲ့ပါ။

''တောက်....သူတို့ပဲဖုန်းခေါ်တယ်၊ ပြီး တော့ ငါ့ကို အရှုးပြန်လုပ်ကြသေးတယ်၊ ဘယ်လိုဟာတွေလဲ''

အိပ်မရသဖြင့် ထထိုင်နေလိုက်၏။ ပြီးနောက် အတော်လေးကြာမှပင် ခြင်ထောင်ထဲပြန်ဝင်အိပ်လိုက်ပြန်သည်။ မှေးခနဲ အိပ်ပျော်သွားစဉ် ဖုန်းမြည်သံကြောင့် နိုးလာပြန်၏။ သည်တစ်ခါတော့ ကိုမြက ဖုန်းကိုစ၍မကိုင်ပေ။

''ဟယ်လို...ဟယ်လို၊ ဦးလားဟင်၊ ဦး....သမီးပါ''

အသံက ချွဲချွဲနွဲ့နွဲ့ဖြင့် ညုနေ၏။

''ဘယ်ကသမီးလဲ''

ကိုမြလည်း သူ့တူမဖြစ်မည်ထင်၍ ဆက်မေးလိုက်သည့်အခါတွင်....

''ဟင့်....ဦးက သိပ်ဆိုးတယ် သိလား၊ သမီးဆီကို လာမယ်ပြောပြီးမလာဘူး၊ ဒီမှာဖြင့် မျှော်လိုက်ရတာ၊ လည်ပင်းညောင်ရေအိုးဖြစ် နေရပြီ၊ ဟင့်....ဟင့်၊ သာမီးနဲ့ ဘယ်တော့တွေ့ကြမလဲဟင်''

''ဟာ....အရေးထဲ ဒီအခြောက်ကော တစ်မျိုး၊ အေးဟေ့....တွေ့ချင်ရင် ရေးသ သာသွားတော့''

''မသာကြီး မိုက်ရိုင်းတယ်တော့်

ကိုမြလည်း ဖုန်းပိတ်လိုက်ပြီးနောက် ပါဝါပါ တစ်ခါတည်း ပိတ်ချလိုက်တော့သည်။

''နောက်ဆို ညပိုင်းမှာ ဖုန်းပိတ်ထားတော့မယ်၊ ဖုန်းတစ္ဆေတွေကြောင့် ကြားချင်မလွယ်ဘူး၊ ငါတို့လင်မယား အိပ်ရေးပျက်လို့ သေရချည်ရဲ့''


အိမ့်(ရူပဗေဒ)

www.burmeseclassic.com



# ထက်ထက်ဦးဝေ

## အနိုင်ယူသူ၏ အရှုံး



www.burmeseclassic.com

■

"အဟွတ်.....အဟွတ်..... အဟွတ်"

ခြင်ထောင်ထဲမှ ခင်သန်းမေ၏ ချောင်းဆိုးသံက ညအချိန်တွင် ပို ဆိုးနေ၏။ နိစ္စဓူဝ ထိုသို့ဖြစ်နေရာ ဇင်မောင် စိတ်ပျက်လာရသည်။ ခင် သန်းမေသည် အထည်ချုပ်စက်ရုံမှ လည်း အလုပ်ထွက်ခဲ့ရ၏။ တီဘီ ရောဂါမှာ ကူးစက်တတ်သည့် အတွက် အိပ်ရာခွဲအိပ်ခဲ့ရသည်။ ဆရာဝန်က ဆေးပတ်လည်အောင် ဆေးသောက်ခိုင်းခဲ့၏။ ခင်သန်းမေ မှာ မပျောက်နိုင်သေးသော ရောဂါ ကြောင့် နေ့စဉ် စိတ်ညစ်နေရပြန် သည်။ သည်ကြားထဲ ဇင်မောင်၏ အလိုမကျသည့် မျက်နှာထားက ရောဂါသည်တစ်ယောက်အတွက် ပို ၍ စိတ်ဆင်းရဲစေရ၏။

"အိမ်ပြန်လာရင် စိတ်ညစ် တယ်၊ မယားကတစ်မျိုး၊ ယောက္ခမ ကတစ်မျိုး၊ဘာတွေမှန်းကိုမသိဘူး"

"စိတ်ရှည်ပါကိုဇင်မောင်ရယ်၊ ကျွန်မလည်း ရောဂါကြောင့် စိတ် ဆင်းရဲနေရတာပါ၊ အချက်အပြုတ် က အမေရှိနေလို့ တော်သေးတာ ပေါ့"

"မင်းရောဂါအတွက် ငွေကုန် နေတာ နားလည်ဖို့ကောင်းတာပေါ့ ကွ၊ အိမ်စရိတ်ပေးတာ မလောက် ရင် ငါလည်း မရှာနိုင်တော့ဘူး၊ တက္ကစီမောင်းရတာ အိုနာအတွက် ငွေပြည့်အောင် မနည်းရှာနေရတာ လေ"

"ကျွန်မ ရောဂါပျောက်တော့ ငွေပြန်ရှာပေးနိုင်မှာပါ ယောကျ်ား ရယ်၊ အမေတောင်းတာကို တိုးပေး လိုက်ပါရှင်"

"မင်းတို့သားအမိက အတူတူ ပဲ"

ဇင်မောင်က မကျေမနပ်ဖြင့် ယောက္ခမတောင်းသည့်အတိုင်း အိမ် စရိတ်တစ်နေ့သုံးထောင်အပြင် တစ် ထောင်ထပ်တိုးပေးလိုက်ရ၏။

"ရှာဖွေရတဲ့သူလည်း စာနာ ကြဦး၊ ကားမောင်းရတာ အန္တရာယ် ကို ကြည့်ရသေးတယ်၊ ခရီးသည် ပါးရင် ကိုယ်က အိုနာကို အိတ်စိုက် ပေးရတာ၊ ဘယ်သူက ငွေလာပေး ကြသလဲ၊ ပေးသလောက်အကုန်သုံး နေကြတာပဲ"

"တိုးတိုးပြောပါ ယောကျ်ား ရယ်၊ အမေကြားသွားပါဦးမယ်"

"ကြားကြားကွာ၊ နားလည်ဖို့ ကောင်းတယ်၊ ငါ့မှာ ဘယ်ဘ၀က ဝဋ်ကြွေးတွေများလဲ"

မနက်စာကို ဇင်မောင်က အိမ် ပြန်စား၏။ တစ်ခါတလေမှသာ လမ်းမကြုံလျှင် အပြင်ကဝယ်စား တတ်သည်။ မိသားစုသုံးဦးသာရှိ၍ ဖြစ်သလိုစားတတ်လျှင် ရနိုင်ပါ၏။ သို့သော် ယောက္ခမ ဒေါ်ချစ်က အစားအသောက် ခုံမင်သူဖြစ်သည်။ ဘာချက်ချက် ဆီကိုရွှဲနေအောင် ထည့်တတ်၏။ လက်ဖက်ကို ဆီစိမ် ပြီး စားတတ်သေးသည်။

"ငါ ညပိုင်းညဥ့်နက်မယ်၊ ည စာ မစားတော့ဘူး၊ မင်းအမေကို ပြောလိုက်"

ဇင်မောင်က ဦးထုပ်ကိုလှမ်းယူ ပြီး တက္ကစီထွက်ရန် အိမ်ပေါ်မှဆင်း သွားတော့သည်။ ကားစက်နိုးသံ ကြားပြီးနောက် ဒေါ်ချစ်က သမီး ဖြစ်သူထံ ရောက်လာ၏။

"ငါ့ကိုများ ပြောသွားလိုက် တာအေ၊ ဒီကောင် သိပ်လူဝါးဝ လွန်းတယ်၊ သူထပ်ပေးတဲ့ ငွေတစ် ထောင်က ဘယ်လောက်များများ ဝယ်လို့ရမှာလဲအေ့၊ ဟင်းဆိုလည်း ဆီပြန်နဲ့မှ၊ ဒီကြားထဲ ချဉ်ရည်ဟင်း တစ်ခွက်က ချက်ရသေးတယ်၊ ငါး ပိ၊ တို့စရာကအစ မီးသွေးအဆုံး ဝယ်ရသေးတာ၊ ကျုပ်တောင် ကျူ သားလေးပို့ပေးတဲ့ငွေ ပါသွားသေး တာပဲ"

"ပြောမနေပါနဲ့ အမေရယ် စေတနာရောင်ပြန်ဟပ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



''ညည်းလင်က ဟပ်ပါလိမ့်မယ်၊ သိပ်လည်း လင်ကိုဦးစားပေးမနေနဲ့၊ လင်သေ လင်စားရတယ်အေ့''

ခင်သန်းမေလည်း မိခင်ဖြစ်သူ၏စေတနာကို နားလည်ပါ၏။ နယ်မှ အစ်ကိုကြီးဖြစ်သူ ပို့လိုက်သောငွေက အမေသုံးရသည်မရှိပါ။ အိမ်စရိတ်ထဲပါပါသွားတတ်၏။ အစ်ကိုသိန်းဆောင်သိလျှင် အပြစ်ပြောမည်ပင်။ ယောက်ျားနှင့် မိခင်အကြားတွင် ထိုပြဿနာက ညှိ၍ရမည်မဟုတ်ပေ။ သည်တော့ ရောဂါမှာပိုတိုးလာရတော့၏။

* * *

''ဦးမောင်နော် အမေသိလို့မဖြစ်သေးဘူး''

''ယောက္ခမကြီးသိတော့ရော''

''စန္ဒာနဲ့ဦးမောင်ကို ဘယ်သဘောတူမှာလဲ၊ ဦးမောင်မှာက..''

ဇင်မောင့်ဘဝကို စန္ဒာဝင်းအသိဆုံးပါ။ တစ်ရပ်ကွက်တည်းဖြစ်သည့်အတွက် ဇင်မောင့်အား စန္ဒာဝင်းက သနားမိ၏။ စန္ဒာဝင်း၏ကျောင်းအကြိုအပို့အတွက် သူမ၏မိခင် ဒေါ်ဝင်းသန်းက ဇင်မောင့်တက္ကစီအား ငှားခဲ့သည်။ တစ်ရပ်ကွက်တည်းသားချင်းများဖြစ်၍အစစအရာရာ ယုံကြည်စွာ အပ်နှံထားရာမှ ဇင်မောင်နှင့် စန္ဒာဝင်းတို့မှာ အနေနီးစပ်ပြီး သံယောဇဉ် ငြိတွယ်မိကြ၏။

''ဒီနေ့ အတန်းဖျက်လိုက်ပါစန္ဒာရာ၊ ဦးမောင် ဝယ်ပေးစရာရှိလို့ပါ''

''ဟယ်..ဟုတ်လား၊ တကယ်နော်''

''တကယ်ပါဗျာ၊ စန္ဒာလိုချင်တာ ပြောလေ၊ ကြိုက်တဲ့နေရာကိုသွားကြမယ်''

''ဟာ.....ဟုတ်ပြီ၊ ဂမုန်းပွင့်ကို သွားကြမယ်၊ အဲဒီမှာ ဖိနပ်နဲ့အဝတ်အစား ဝယ်ပေးနော်''

''ဝယ်ပေးပါ့မယ်ဗျာ၊ မုန့်ပါကျွေးဦးမယ်၊ ပြီးရင်တော့.....''

ဇင်မောင့်မျက်နှာကြီးက ပြိတီတီနှင့် မျက်ဝန်းက ညို့ငင်လိုက်သည့်နောက် အပျိုဖျန်းလေး စန္ဒာဝင်းမှာ ခေါင်းလေးငုံ့၍ မျက်စောင်းထိုးလိုက်တော့သည်။

ဇင်မောင်သည် စားနေကျကြောင်ဖားတစ်ယောက်ဖြစ်သည်။ စန္ဒာဝင်း၏ လိုအပ်ချက်ကို သိနေသူဖြစ်ရာ ငွေတစ်သိန်း ချေးငှားလာပြီး စန္ဒာဝင်းအလိုကျ လိုက်ဝယ်ပေးနေ၏။ ဂမုန်းပွင့်မှ ပစ္စည်းများတမွေ့တပိုက်ဖြင့် ကားနောက်ခန်းထဲ ပစ်ထည့်လိုက်သလို မကြာမီတွင် စန္ဒာဝင်း၏ ဘဝလေးသည်လည်း.....

''ဟင်.....ဒီနေ့ ကားရောက်တာ စောလိုက်တာ၊ စန္ဒာက စောင့်ရမယ်ထင်နေတာ ဦးမောင်ရဲ့''

''အသိအိမ် ဝင်စရာရှိလို့ကွာ''

''ဘာကိစ္စလဲဟင်''

''ဩော်...သတင်းမေးစရာရှိလို့လေ''

''မကြာနဲ့နော်၊ အမေက မယုံသလိုဖြစ်နေပြီ''

ဇင်မောင်သည် စန္ဒာဝင်းကိုပြုံးစိစိကြည့်ပြီး ကားထဲဝင်ထိုင်ပြီးသည်နှင့် ကားကို မောင်းထွက်သွားလိုက်၏။

''ရွှေလမ်းဆုံမှာပဲ စန္ဒာ၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



လေးပါ''

''ပြီးရော၊ပစ္စည်းလိုက်ဝယ်ပေး တဲ့နေ့က မိုးချုပ်တယ်မဟုတ်လား၊ ပစ္စည်းတွေကိုကြည့်ပြီး အမေကစစ် ဆေးနေသေးတယ်၊ရည်းစားကဝယ် ပေးတာမဟုတ်လားတဲ့၊ ဦးမောင်ကို တောင် စန္ဒာ့အလို လိုက်ရမလားဆို ပြီး နောက်ကို ကျောင်းလွှတ်ချိန်ကြို ဖို့ ပြောထားရမယ်တဲ့၊ ဟီ...ဟီ၊ သူ ခိုးကို ဝကွက်အပ်လိုက်သလို ဖြစ် နေပြီ''

''ဟုတ်တယ်နော်၊ အဲဒီနေ့က အချိန်မှားကြည့်မိတာပါ''

''သွားပါ၊ သက်သက် အချိန် ကို ပြောင်းထားတာပါ၊ ကျောင်း မလာခင် နာရီကိုတိုက်ထားပြီးသား၊ အခုဟာက နာရီနှစ်လုံးစလုံးက အတူတူ နောက်ကျနေတာပဲ၊ ရွှေ့ ထားမှန်း သိသာတယ် သိလား''

''အချိန်ကြာကြာ ချစ်ရအောင် ပေါ့၊ အဲဒီနေ့က.....''

''တော်တော့၊ မပြောနဲ့၊ စန္ဒာ ရှက်တယ် ဦးမောင်''

ဇင်မောင်က ပစ္စည်းများနှင့် အစားအသောက်များ ဝယ်ယူကျွေး မွေးပြီးနောက် စန္ဒာဝင်းအား တည်း ခိုခန်းတစ်ခုသို့ ခေါ်ဆောင်သွားခဲ့ သည်။ မျက်စိအောက်ကအပျောက် မခံသည့် မိဘကြောင့် ထိန်းသိမ်း၊ တန်ဖိုးထားခဲ့သည့် ပန်းဝတ်မှုန်ဝတ် ဆံလေးသည် ဇင်မောင့်ကြောင့်ပျက် ကြွေ မွကြေသွားရ၏။ သို့ပေမယ့် ဇင်မောင်၏ ယုယကြင်နာမှုများ အောက်တွင်သာယာသွားခဲ့သည်ကို မြင့် မငြင်းနိုင်ပေ။

အခုလည်း ဇင်မောင်သည် အသိအိမ်ဝင်ပြီး သတင်းမေးခြင်းမျိုး မဟုတ်ဘဲ သူငယ်ချင်းတစ်ဦး ဝယ် ယူထားသည့် လူမနေသေးသော တိုက်ခန်းတစ်ခုသို့ ခေါ်ဆောင်သွား ခြင်းဖြစ်၏။

''ဟင်.....ဘယ်သူမှမရှိကြဘူး လား''

''ဒီမှာလေ သော့''

''ဦးမောင် သိပ်လည်တာပဲ နော်၊ လိမ်ညာခေါ်လာပြန်ပြီ''

''ချစ်လို့ပေါ့ စန္ဒာရယ်၊ ကဲ... ဘေးခန်းတွေမမြင်ခင် မြန်မြန်အထဲ ဝင်တော့''

စန္ဒာဝင်းလည်း ကြောက် ကြောက်လန့်လန့်ဖြင့် ဝင်လာခဲ့ရ၏။ တိုက်ခန်းထဲတွင် ရှင်းလင်းနေ၏။ အိပ်ခန်းထဲတွင်တော့ဖျာတစ်ချပ်သာ ခင်းထားသည်။ ကြမ်းပေါ်တွင် အရက်ပုလင်းခွံနှင့် စီးကရက်ဖင်စီခံ များ ပြန့်ကျဲနေ၏။

''လာ.....ထိုင်လေ စန္ဒာ၊ လာ ပါကွာ''

စန္ဒာဝင်း၏လက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်ရာ ယိမ်းယိုင်သွားပြီး နောက်ဇင်မောင့်ရင်ခွင်ထဲသို့ရောက် သွားတော့သည်။

''အို.....ဦးမောင်ရယ်''

ကြမ်းတမ်းသော အနမ်းများ အောက်တွင် စန္ဒာဝင်းလည်း ရာဂ အမှောင်ထဲသို့ တိုးဝင်သွားတော့ပြီ ဖြစ်သည်။

* * *

နိမ့်တုံမြင့်တုံ ရင်အစုံကို
လက်ဖြင့် ဖိကပ်၍
ခင်သန်းမေက
ညည်းညူနေသည်။
တစ်ချိန်က
ပါးဖောင်းဖောင်းနှင့်
မျက်နာဝိုင်းဝိုင်းလေးမှာ
ယခုတော့
အလုပ်ပျက်သည်းသွားလေပြီ။
ဖြူသောအသားအရေက
ညှိုမှောင်နေ၏။
ဇရာသို့
ရောက်ချိန်မတန်သေးပါဘဲနှင့်
အိုလာရသည်။
သည်တော့ သူလည်း
ရောဂါမဖြစ်စေရန်
ဂရုစိုက်ရပေမည်။
ခင်သန်းမေလိုမကျန်းမာလျှင်
သူချစ်ရသောစန္ဒာဝင်းလေးနှင့်
ဝေးရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇင်မောင်၊ ရှင်ပြန်လာတာ နောက်ကျလိုက်တာ၊ မယားသေရင် သိမှာတောင်မဟုတ်ဘူး"

ကားကို အုံနာအိမ်ပြန်အပ်ပြီးမှ အိမ်သို့ပြန်လာရာ အိမ်ဝသို့ ရောက်သည်နှင့် ခင်သန်းမေ၏ ချောင်းဆိုးသံက ဆီးကြိုနေသည်။ အိမ်ပေါ်ရောက်သော် ဆူသံကိုကြားရပြန်၏။

"ဟဲ့...ငွေသွားရှာနေတာကွ၊ အလေလိုက်နေတာမဟုတ်ဘူး၊အိမ်ပေါ်ပြန်ရောက်တာနဲ့ စိတ်ညစ်ရတော့တာပဲ၊ အပြင်မှာနေတာပဲ၊ စိတ်ချမ်းသာတယ်"

ခင်သန်းမေကို ကြည့်လိုက်လျှင် မယားစိတ်သားစိတ် ကုန်ချင်၏။ လူလည်း အရိုးပေါ်အရေတင် ကျန်နေသည့်အပြင် မျက်တွင်းဟောက်ပက်နှင့်၊ ပါးကချိုင့်၊ အသွားအိုရုပ်ပေါက်နေ၏။ စန္ဒာဝင်းနှင့်တော့ တခြားစီပင်။

"ကျွန်မ လိမ္မော်သီးလေးစားချင်လိုက်တာ ယောကျ်ားရယ်၊ မနေ့ညက ရှင့်ကိုမှာထားတယ်လေ"

တစ်နေ့လုံး စန္ဒာဝင်းနှင့် အတူရှိနေ၍ သတိပင်မရပေ။ ခင်သန်းမေပြောမှပင် သတိရသွား၏။ သို့ပေမယ့်.....

"ဒီလောက် ချောင်းဆိုးနေမှ သေအောင်လို့လား"

"ဟုတ်တယ်၊ သေချင်နေတယ်၊ ကျွန်မ သေရင် ရှင်ကြိုက်တာ လုပ်နိုင်မယ်လေ၊ ရှင့်အတွက် မယားဝတ္တရား မကျေနိုင်တဲ့ ရောဂါသည် မိန်းမအတွက် ရှင်စိတ်ညစ်နေမယ်ဆိုတာ ကျွန်မ သိပါတယ် ကိုဇင်မောင်ရယ်"

ဇင်မောင့်စိတ်ထဲတွင် မြန်မြန်သေစေချင်နေ၏။ ခင်သန်းမေ၏ ရောဂါက တီဘီရောဂါအပြင် သားအိမ်ကင်ဆာပါ ရှိနေသည်။ ဆေးစစ်ချိန်က Result အရ ဇင်မောင်သိရ၏။ သို့ပေမယ့် ခင်သန်းမေအား အသိမပေးခဲ့ချေ။

"သောက်လိုက်ရတဲ့ ဆေးတွေက ပဲလှော်ဝါးနေရသလိုပဲ၊ ရောဂါက မပျောက်နိုင်ဘူး၊ မောလိုက်တာ"

နိမ့်တုံမြင့်တုံ ရင်အစုံကို လက်ဖြင့်ဖိကပ်၍ ခင်သန်းမေက ညည်းညူနေသည်။ တစ်ချိန်က ပါးဖောင်းဖောင်းနှင့် မျက်နှာဝိုင်းဝိုင်းလေးမှာ ယခုတော့ အလှပျက်သုဉ်းသွားလေပြီ။ ဖြူသောအသားအရေက ညိုမှောင်နေ၏။ ဇရာသို့ ရောက်ချိန်မတန်သေးပါဘဲနှင့် အိုလာရသည်။ သည်တော့ သူလည်း ရောဂါမဖြစ်စေရန် ဂရုစိုက်ရပေမည်။ ခင်သန်းမေလို မကျန်းမာလျှင်သူချစ်ရသော စန္ဒာဝင်းလေးနှင့်ဝေးရပေတော့မည်။

"ယောကျ်ားရယ် ကျွန်မကို ချောင်းဆိုးပျောက်ဆေးလေး တိုက်ပါဦး"

"ဒီအချိန် ဆေးဆိုင်တွေ ပိတ်ကုန်ပြီကွ၊ မနက်ဖြန်မှ ဝယ်လာမယ်"

ခင်သန်းမေလည်း အိပ်ရာထက်တွင် ပြန်လှဲအိပ်လိုက်ပြီး မျက်လုံးလေးကို မှိတ်ထားလိုက်၏။ သို့သော်လည်း မျက်ဝန်းထဲမှ ထွက်ကျလာသော မျက်ရည်စများအား ဇင်မောင် မမြင်တွေ့စေလိုပါ။

ချစ်စ၊ ခင်စ၊ ကြင်နာစအချိန်နှင့် ဆယ်နှစ်ကျော်အချိန်၏ ကြင်နာနွေးထွေးမှုများက တစ်စတစ်စ ဝေးကွာနေပြီဟု ထင်မိသည်။ ဟိုတုန်းကအချစ်မျိုး ဇင်မောင့်တွင် မေတ္တာကုန်ခန်းနေမည်လားမသိပါ။ သူမဘဝက စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် ဘဝမျိုးပါ။ အမှန်အတိုင်း ပြောရလျှင် ရောဂါဝေဒနာဆိုးကြောင့် အားငယ်နေရသူပါ။

"ရှင် ထမင်းစားလိုက်ဦးလေ"

"အပြင်က စားလာပြီးပြီကွာ၊ ရေချိုးပြီး အိပ်တော့မယ်"

ခင်သန်းမေ စိတ်မကောင်းဖြစ်သွားရသည်။ ယောကျ်ားအကြောင်းကို ခင်သန်းမေအသိဆုံးပါ။ ထမင်းစားပွဲတွင် မိန်းမနှင့် ထမင်းအတူစားမှ မြိန်ရှက်သည်ဟု ပြောထားခဲ့ဖူး၏။ တစ်နှစ်ကျော်အတွင်း ထမင်းစားပွဲတွင် ယောကျ်ားတစ်ယောက်တည်း ထိုင်စားနေရသည့်အဖြစ်ကို သူမလည်း အဝေးကကြည့်ပြီး စိတ်မချမ်းမြေ့နိုင်ပေ။

မိန်းမအပေါ် စိတ်ညစ်နေမည်ကို သိသော်လည်း သူ၏ လင့်ဝတ္တရားမပျက် ရှာဖွေကျွေးမွေးနေသေး၍ကျေးဇူးတင်မိသည်။ တစ်ခါတစ်ခါတွင် ယောကျ်ားကိုကြည့်ပြီး ဝမ်းပန်းတနည်း မျက်ရည်ကျမိ၏။

"ရှင့်ကို ကျွန်မ နားလည်ပါတယ် ယောကျ်ားရယ်၊ ရှင့်ရဲ့အပြုံးဟာ ကျွန်မအတွက် အားဆေးတစ်ခွက်ပါပဲ၊ ရှင့်အပြုံးလေးကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်လိုက်တာနော်''

စိတ်ထဲက ထိုသို့ဆန္ဒပြုမိနေတော့သည်။

*　*　*

''မိစန္ဒာ.....ဒီကိုလာစမ်း''

ကျောင်းကပြန်လာသည်နှင့် ညှော်ခန်းထဲတွင် မျက်နှာထိမျက်နှာထားဖြင့် ထိုင်နေသော မိခင်ဖြစ်သူကြောင့် စန္ဒာဝင်းလည်း ကိုယ်ရှိန်သတ်သွားရ၏။ စောစောက ဇင်မောင်နှင့်ပြုံးပျော်နှုတ်ဆက်နေသည်ကို မြင်တွေ့သွားသလားဟု တွေးမှုသွားမိ၏။ ဒေါ်ဝင်းသန်း၏မျက်နှာပေါ်မှတင်းမာနေမှုကိုကြည့်၍ အခြေအနေမကောင်းမှန်း နားလည်လိုက်၏။

''ဒီဆေးကတ်တွေက ညည်းသောက်ထားတာလား''

''ဟင်.....ဘာတွေလဲ အမေရဲ့၊ သမီး မသိဘူး''

စန္ဒာဝင်းမှာ အံ့ဩသွားသော်လည်း ဟန်ဆောင်ကောင်းအောင်နေရသည်။ သို့သော် ဒေါ်ဝင်းသန်း၏ မယုံသင်္ကာမှုကို သူမဘက်က ယုတ္တိရှိရှိနှင့် လိမ်ညာရပေဦးမည်။

''ညည်း မလိမ်နဲ့နော်၊ ညည်းကို ဆရာဝန်နဲ့ ဆေးစစ်ကြည့်မယ်''

''သြော်...သမီး အခုမှ သတိရတယ်၊ သမီးတို့ Class ထဲမှာ ဆင်းရဲတဲ့ အစ်မတစ်ယောက်ရှိတယ်၊ သူက အိမ်ထောင်နဲ့၊ သနားကြလို့ သူသောက်ဖို့ဆေးကို သူငယ်ချင်းတွေ စုပြီး ဝယ်ပေးချင်လို့ပါ၊ အဲဒီဆေးကို နမူနာယူထားတာ အမေ''

ဒေါ်ဝင်းသန်းက စန္ဒာဝင်း၏ အပြောအား ချိန်ဆတွေးတောလိုက်၏။

''အဲဒါ ဘာဆေးလဲဟင်၊ ဆေးဆိုင်မှာမေးပြီး ဝယ်ရမှာမို့ပါ''

စန္ဒာဝင်းက ရှုးချင်ယောင်ဆောင်လိုက်၏။ သည်တော့ ဒေါ်ဝင်းသန်းကပြန်ရှင်းပြရတော့သည်။

''ဘာဆေးရမှာလဲအေ့၊ အဲဒါ သန္ဓေတားဆေးပေါ့၊ ညည်းတို့က သူ့ကို ဆင်းရဲနွမ်းပါးမှု လျော့ကျအောင် စပွန်ဆာပေးလိုက်တာပဲ၊ ရောဂါဖြစ်လို့ ဆေးဝယ်ပေးတာဆို အမေ လက်ခံပါတယ်၊ အခုဟာက သူကမြင်းဖို့ကို ညည်းတို့က ဝိုင်းပြီး အားပေးအားမြှောက် လုပ်ပေးနေသလို ဖြစ်နေပြီ''

''ဟုတ်တယ်နော်၊ သမီးလည်း အမေပြောမှပဲ သဘောပေါက်တော့တယ်၊ သူငယ်ချင်းတွေကို ပြောဦးမှပဲ''

ဒေါ်ဝင်းသန်း၏မျက်နှာမှာယခုမှ ပြန်လည်ကြည်လင်သွားတော့၏။

''ဒီလိုအတတ်ကောင်းမျိုးတွေ သွားမသင်နဲ့နော်၊ ချစ်သူမထားရဘူးလို့ အမေ မပညတ်ပါဘူး၊ လူကောင်းသူကောင်းတွေ့ရင် အမေ့ကို ပြော၊ အမေ လူလာအကဲခတ်ပေးမယ်၊ အိမ်ကိုသာခေါ်လာခဲ့၊ မိဘ ဖသားပီပီ တောင်းရမ်းရင် လက်ထပ်ပေးမယ်၊ မချမ်းသာရင်နေ၊ လူပျိုလူလွတ်နဲ့ မျိုးရိုးကောင်းဖြစ်ရမယ်''

စန္ဒာဝင်း၏မျက်လုံးထဲတွင်ဇင်မောင့်ကို ပြေးမြင်လိုက်သည်။ ဇင်မောင်နှင့်ဖြစ်နေခြင်းကို အမေသာ သိလျှင် သူမအား ခွင့်လွှတ်မည် မဟုတ်ပါ။

''အခုခေတ်မှာ ယောက်ျားတွေက ခေတ်မီကုန်ပြီအေ့၊ မိန်းမယူရင် မယားက မသေသေးဘူး၊ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်၊ ယူရင်လည်း တဖြည်းဖြည်းနဲ့ ငယ်ငယ်လာကြတာ၊ သစ္စာတွေ မရှိကြတော့ပါဘူးအေ၊ သူတို့စကားကို ယုံစားမိရင် ဘဝပျက်ပြီသာမှတ်''

စန္ဒာဝင်းလည်း ဒေါ်ဝင်းသန်းစကားကြောင့် ဇင်မောင့်အပေါ်တွင် စိတ်မချနိုင်တော့ပေ။ သူမဘဝက အပျိုရည်ပျက်ပြီးမှ မထူးတော့ပါ။ ပြန်ပျိုလာတော့မည် မဟုတ်တော့ပေ။ သည်တော့ အပိုင်ဆွဲကိုင်ထားရုံသာ ရှိတော့၏။ သည်အတွက် မိဘနှင့် စိတ်မချမ်းသာဖြစ်စရာမျိုး ကြုံဆုံရပါဦးမည်။ ခုချိန်ရောက်မှ သူမက နောက်မဆုတ်ချင်တော့ပါ။

''ပိုးဖလံမျိုးမီးကိုတိုးရင် ကိုယ်ကျိုးနည်းရုံသာ ရှိရတော့မှာပေါ့အေ၊ တချို့မိန်းကလေးတွေများ ကိုယ့်ဘဝကိုတန်ဖိုးမထားချင်ကြဘူး၊ နေရစားရရုံနဲ့ လက်မထပ်ဘဲ အတူနေဘဝကို ဖွတ်တိုးဝင်ကြတယ်၊ ဒီ[illegible] တော့ ဖောက်ပြန်သူတွေ အကြို[illegible] ပေါ့အေ''

သူမဘဝနှင့် မကွာခြား[illegible] သူမကတော့ မချစ်မှုသည် [illegible] ရှုးမလေးတစ်ယောက် [illegible] နှလုံးသားကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘာဆေးရမှာလဲအေ့၊ အဲဒါ သန္တေတားဆေးပေါ့၊ ညည်းတို့က သူ့ကို ဆင်းရဲနွမ်းပါးမှုလျှော့ကျအောင် စပွန်ဆာပေးလိုက်တာပဲ၊ ရောဂါဖြစ်လို့ ဆေးဝယ်ပေးတာဆို အမေလက်ခံပါတယ်၊ အခုဟာက သူ ကမြင်းဖို့ကို ညည်းတို့က ဝိုင်းပြီး အားပေးအားမြှောက် လုပ်ပေးနေသလို ဖြစ်နေပြီ



ချစ်ခဲ့မိ၏။

"မိန်းမလည်မျိုးတွေကျတော့ သူတို့ခံရရောပေါ့၊ အကြီးနဲ့တွဲပြီး ချူတယ်၊ အလတ်နဲ့တွဲပြီး မြှူတယ်၊ အငယ်နဲ့ကျမှ ယူတာပေါ့၊ နှလုံးသားနဲ့မချစ်ဘဲ ငွေကိုချစ်တော့ မေတ္တာဗလာ၊ အသည်းနတ္ထိ၊ အချစ်မရှိဘူးပေါ့"

"အကြီးတို့၊ အလတ်တို့၊ အငယ်တို့ဆိုတာ ညီအစ်ကိုတွေကို ပြောတာလား အမေ"

"တယ်.....ဒီကောင်မလေး တယ်ဒုံးဝေးတာပဲ၊ အကြီးဆိုတာက အသက်ကြီးတဲ့ အဘိုးကြီးတွေကို ပြောတာ၊ အခုခေတ် အဘတွေပေါ့ အေ၊ အလတ်ဆိုတာက လူလတ်ပိုင်းနဲ့ သက်တူရွယ်တူတွေကိုပြောတာ၊ အငယ်ဆိုတာက ကိုယ့်အောက်ငယ်တဲ့ကောင်လေးတွေပေါ့ အေ၊ ညည်း ရည်းစားမထားနဲ့၊ ခံရလိမ့်မယ် မိစန္ဒာရေ့"

ဒေါ်ဝင်းသန်း၏စိတ်မရှည်ဟန်နှင့် ပြောလိုက်သည့်စကားက စန္ဒာဝင်း၏နှလုံးသားထဲသို့ ပြေးဆောင့်ဝင်ရောက်သွားတော့၏။

"ဒီကြားထဲ လူလည်တွေဆိုတာ ချိုပါတာမဟုတ်ဘူး၊ သူတို့ကိုယ်သူတို့ လူပျိုဟန်ဆောင်ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် တွဲနေကြတာ၊ မပြောချင်တော့ပါဘူး အေ၊ ဒီအရှုပ်ထဲ ကိုယ်မပါဖို့ပဲ လိုတာ၊ ညည်းမှာတွေ့ထားရင် ပြောနော်၊ အမေ ကြည့်ပေးမယ်၊ ဒါနဲ့ ဟိုတလောက လက်ဆောင်တွေ ဝယ်ပေးလိုက်တယ်ဆိုတာ ညည်းနဲ့ ဘယ်လိုပတ်သက်နေပြီလဲ"

"အမေရာ အဲဒါ သမီးမွေးနေ့အတွက် သူငယ်ချင်းတွေက လက်ဆောင်ပေးပါတယ်ဆိုမှ၊ ဘယ်လိုပြောရဦးမှာလဲ"

"မွေးနေ့က အဝေးကြီးလိုသေးတာမဟုတ်လား"

"မပြောချင်ပါဘူး အမေရာ၊ အကြိုတဲ့၊ သူတို့က ငွေရှိတော့ အဲဒီလိုပဲ ပေးနေတာပါ"

"ညည်းပြောတာမှန်ရင် အကြောင်းမဟုတ်ပါဘူး၊ တချို့က ပစ္စည်းဝယ်ပေးတာယူမိရင်ကိုယ်က ပြန်ပေးရလိမ့်မယ်၊ အဲဒီပစ္စည်းက ကိုယ်တန်ဖိုးထား ထိန်းသိမ်းနေတဲ့ အရာပဲ၊ ဒီလောက်ဆို သဘောပေါက်ပေါ့အေ၊ ညည်းလည်း ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီပဲ"

စန္ဒာဝင်းလည်း အမေ့ရှေ့မှ လွယ်အိတ်လေးပိုက်၍ အိပ်ခန်းထဲ ဝင်သွားလိုက်ရ၏။ ပြီးနောက် မှန်တင်ခုံရှေ့တွင်ထိုင်ကာ ကိုယ့်ရုပ်သွင်ကို ပြန်ကြည့်မိသည်။

"ဩော်.....ငါဟာ လူမသိ၊ သူမသိ အိုခဲ့တာ ဘယ်သူမှ မသိကြသေးပါလား၊ ရည်းစားထားရတာ ငါ့အတွက် စွန့်စားခန်းဝင်နေရသလို ပါပဲလား၊ ရပ်ကွက်ထဲက ဘယ်သူတွေများ သိမလဲ၊ မြင်မလဲနဲ့ အမြဲ စိုးရိမ်နေရတယ်၊ ဦးမောင်ကရော သူ့မိန်းမကို ထားခဲ့ပြီး ငါ့နောက်ကို လိုက်လာမှာလား၊ လိုက်ခဲ့အောင်လည်း သူက လွတ်လပ်သူမဟုတ်တော့ ငါ့ဘက်က ဘယ်လိုမှ

www.burmeseclassic.com

သဘောတူကြမှာမဟုတ်ဘူး''

ရှေ့ရေးကို မျှော်တွေးမိပြန်တော့ စန္ဒာဝင်းအတွက် ရင်လေးစရာများဖြစ်နေ၏။

''နောက်ဆုတ်လို့ရသေးရင် ဦးမောင်က ဘာပြောလာမလဲ၊ သူ့ကို ဖြတ်ပြီး အချစ်သစ်ကိုရှာရင် ဘာတွေဆက်ဖြစ်လာမလဲ၊ ဩော်...ငါ ဘာလုပ်ရရင် ကောင်းမလဲမသိဘူး၊ အချိန်မီပါသေးတယ်လေ''

နေ့လယ်က ဆေးဆိုင်ဝင်ပြီး ဇင်မောင်က ချောင်းဆိုးပျောက်ဆေးရည် ဝယ်ခဲ့သည်။ ဤသည်ကိုကြည့်ပြီး သူ့မိန်းမအပေါ် သံယောဇဉ်ရှိသေးကြောင်း စန္ဒာဝင်းက သိလိုက်၏။ တစ်ဖက်ကို ကြည့်လိုက်ပြန်လျှင်လည်း ရောဂါသည်ဇနီးက သနားစရာ ကောင်းနေပြန်သည်။

''မခင်သန်းမေက ဟိုတုန်းက ချောချောလှလှလေးပါ၊ ကျစ်ဆံမြီးနှစ်ချောင်းကို အမြဲချထားတတ်တယ်၊ ငါတောင် သူ့ကို ငေးမောကြည့်နေသေးတာပဲ၊ ရောဂါဖြစ်လာတော့ သနားပါတယ်''

ကိုယ်ချင်းစာစိတ်လေးများဖြစ်ပေါ်လာရသည်။

''အင်း...ဦးမောင်က တကယ်ဆို ဖောက်ပြန်သူပါလား၊ သူ့ဆန္ဒကို သူ့မိန်းမက မဖြည့်ဆည်းပေးနိုင်တော့ နီးရာလူဖြစ်တဲ့ ငါ့ကို ကြင်နာမှုတွေ ပေးချင်ယောင်ဆောင်ပြီး ငါ့ဆီက ပြန်ယူသွားတာပါလား၊ ဒီအတိုင်းသာ ဆက်နေရင် ငါပဲဒုက္ခဖြစ်ရမှာပဲ၊ ဟင်း....ငါ ဘာကြောင့်များ ဒီဘဝမျိုး ရောက်သွားရပါလိမ့်နော်''

စန္ဒာဝင်းတစ်ယောက် စဉ်းစားရလေပြီ။ အသိမကြွယ်သူလေးဖြစ်သည့်အတွက် ဇင်မောင်၏ ချုပ်ကိုင်ခြင်းကို ခံနေရ၏။ သူမအတွက် ဆေးကတ်များ ဝယ်ပေးလိုက်သေးရာ အမှိုက်သွားပစ်ရင်း အမှိုက်ပုံးထဲသို့ သူမကိုယ်တိုင် လွှင့်ပစ်လိုက်တော့သည်။

* * *

''ရှင့်ဆေးလေးက ကျွန်မနဲ့တည့်တယ်ရှင်၊ နှစ်ခါပဲသောက်ရတယ်၊ ချောင်းသိပ်မဆိုးတော့ဘူး''

ယောက်ျား၏ ဂရုစိုက်ခြင်းကို ခံယူနေရသည့် မိန်းမသားအဖို့ လင်သား၏ ကြင်နာမှုက ဆေးသောက်စရာပင်မလိုဟု ခင်သန်းမေက ထင်မှတ်ထားမိသည်။

ဇင်မောင်သည် ထမင်းစားနေရင်း သူ့စိတ်က စန္ဒာဝင်းဆီသို့ ရောက်နေ၏။ ထိုချောင်းဆိုးပျောက်ဆေးကြောင့် စန္ဒာဝင်းက သူ့အား တစ်မျိုးမြင်သွားသည်။ ခင်သန်းမေအပေါ် အချစ်မကုန်သေးဟု ယူဆသွားပုံရ၏။ မျက်နှာပျက်သွားပုံလေးကို သူက သတိထားလိုက်မိသည်။ ရှေ့ဆက်ပြီး ခင်သန်းမေကြောင့် သူတို့အချစ်ရေးတွင် အနှောင့်အယှက်တစ်ခုအဖြစ် မမြင်စေလိုတော့ပေ။

ခေါင်းထဲတွင် အကြံတစ်ခုရသွားသည်နှင့် ဇင်မောင်လည်း ထမင်းကို မြန်မြန်ဆန်ဆန်စားလိုက်သည်။ ပြီးနောက် မိန်းမအနားတွင် ထိုင်ကာ လိမ္မော်သီးတစ်လုံးကိုယူ၍ အခွံနွာကျွေးနေပြန်၏။ ခင်သန်းမေမှာ အံ့သြလွန်း၍ မျက်ရည်များပင် လည်လာရသည့်အဖြစ်ပါ။ ဇင်မောင့်ထံမှ ထိုသို့သော အပြုအမူမျိုးကို သူမ ဝေဒနာခံစားနေချိန်တွင် မမြင်တွေ့ခဲ့ရဘူးပေ။ သည်တော့ လိမ္မော်သီးကျွေးနေသော ဇင်မောင့်လက်ဖမိုးကို ယုယစွာ နမ်းရှိုက်နေမိသည်။

''ကိုဇင်မောင်၊ ကျွန်မလေ သိပ်ကိုကျေနပ်သွားတာပဲရှင်၊ ရှင်က ကျွန်မအပေါ်မှာ ဘယ်လိုပဲသဘောထားထား ကျွန်မ ခွင့်လွှတ်နေပါတယ်''

စကားတစ်ခွန်းကို တုန်တုန်ယင်ယင်ဖြင့် အားယူပြောလိုက်၏။ ခင်သန်းမေ၏ မျက်ဝန်းထဲတွင် မျက်ရည်လေးများ ဝေ့ဝဲလာကာ ဝမ်းနည်းဟန်ဖြင့် ဇင်မောင့်မျက်နှာအား တွေတွေလေး စိုက်ကြည့်နေရှာသည်။ အထွေးလိုက်ကျလာသော မျက်ရည်လေးများအား ဇင်မောင်လည်း မြင်နေ၏။

''ဝမ်းနည်းစရာတွေ မတွေး[illegible] နဲ့ မိန်းမရာ၊ မင်းရဲ့ရောဂါကို လုံး[illegible] ပျောက်ကင်းအောင်ကုမှာပါ၊ အချိန်[illegible] ပဲစောင့်၊ သိလား''

''အင်း.....''

ခင်သန်းမေ၏ အင်း[illegible] သည့်အသံက စိတ်ပျက်[illegible] သံဖြင့် အသက်မပါပေ။

''အရင်လို [illegible] ပြန်ဖြစ်ရင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေလျှောက်ဖူးပြီး ခရီးတွေထွက်ကြမယ်ကွာ၊ နေကောင်းအောင်နေနော်၊ ရော့.....ပါးစပ်ဟလိုက်ဦး၊ ဒါလေးကုန်အောင် စားရမယ်နော်"

ဖင်မောင်ကလက်ကျန်လိမ္မော်သီးစိတ်များကို ကြင်ကြင်နာနာဖြင့် ထပ်ကျွေးလိုက်သည်။ ခင်သန်းမေလည်း စားရင်းနှင့် မျက်ရည်ကျနေ၏။ သူမဘဝအတွက် အမှတ်တရဖြစ်ကျန်နေမည့် အဖြစ်ကလေးပင်။ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်များကကျနေဆဲပါ။

"ညည်းက ဘာဖြစ်လို့ ငိုနေရတာလဲအေ့"

ဒေါ်ချစ်က သမီးဖြစ်သူ၏ ဝမ်းနည်းစိတ်ကို မကြိုက်ပေ။ သည်တော့ သတိပေးလိုက်၏။ သမက်ကိုလည်း.....

"မင်းက ကိုယ့်မယားကို အခုလို ကြင်ကြင်နာနာလုပ်ဦးပေါ့ကွယ်၊ ရောဂါသည်မယားကို ဥပေက္ခာပြုမထားပါနဲ့"

ဖင်မောင့်စိတ်ထဲတွင် ဒေါသက ထောင်းခနဲထွက်သွား၏။ သို့ပေမယ့် စိတ်ကိုလျှော့လိုက်ပြီး.....

"နောက်နေ့တွေတိုင်း အခုလိုပြုစုနေပါ့မယ် အမေရယ်"

"အေး...အမေလည်း အဲဒါပဲမြင်ချင်တာပါကွယ်၊ မင်း ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့ စားပြီးပါပြီ အမေ၊ ဩော်.....ဒီနေ့ ကားစောစောသိမ်းတယ်၊ ဒီမှာ အိမ်စရိတ်နဲ့ အမေသုံးဖို့ငွေ"

ဒေါ်ချစ်လည်း အံ့သြသွား၏။ ဖင်မောင့်ထံမှ ငွေကို အခုလို အလိုက်တသိ မရခဲ့ဘူးပေ။ တစ်ထောင်တန်သုံးရွက်ကိုကြည့်ပြီး ဆုတွေပေးနေမိသည်။ ဖင်မောင်၏ ပြောင်းလဲခြင်းက သူတို့သားအမိအတွက် အထူးအဆန်းဖြစ်နေ၏။

ဖင်မောင်က မိန်းမကို ထမင်းကျွေးလိုက်၊ ဆေးတိုက်လိုက်နှင့် ဂရုတစိုက်ရှိနေပုံက ဒေါ်ချစ်အတွက် စိတ်ချမ်းသာစရာပါ။ သူတို့သားအမိ အိပ်သည့်တိုင် ဖင်မောင်က မအိပ်သေးဘဲ စာဖတ်နေ၏။ ဒေါ်ချစ်လည်း ပင်ပန်းသည့်အတွက် ခေါင်းချသည်နှင့် အိပ်ပျော်သွား၏။

*　　*　　*

နေ့လယ်နားသည့်အချိန်တွင် ထမင်းပြန်စားသည့် ဖင်မောင်က အိမ်ထဲသို့ ကမန်းကတန်းကြည့်လိုက်၏။ ရင်တထိတ်ထိတ်နှင့် အိမ်ပေါ်သို့တက်လာရာ ယောက္ခမ ဒေါ်ချစ်မရှိမှန်း သိနေသည်။

"ဟင်.....မင်း ချောင်းဆိုးပျောက်ဆေး မသောက်ဘူးလား"

သနပ်ခါးအဖွေးသားနှင့် ခင်သန်းမေက သည်နေ့မှ ဘာစိတ်ကူးပေါက်သည်မသိပေ။ ရွှင်ရွှင်လန်းလန်းနှင့်ဖြစ်နေ၏။

"ပျောက်သွားပြီလေ၊ ချောင်းမဆိုးတော့ဘူး"

"ပျောက်ပြီဆိုပြီး ရပ်မထားနဲ့လေ၊ ဆေးပတ်လည်အောင်သောက်ရတယ်ကွ"

ခင်သန်းမေက အံ့သြသောမျက်ဝန်းဝိုင်းလေးနှင့် ဖင်မောင့်အားမော့ကြည့်နေသည်။ ယောကျ်ား၏ ပျောက်စေချင်သော စေတနာကိုသိပါ၏။ သို့ပေမယ့် စိတ်ဆိုးမာန်ဆိုးနှင့် မျက်နှာပျက်လောက်အောင် ဒေါသဖြစ်စရာမလိုပါ။ ညတုန်းက တွေ့သည့်အပြုံးနှင့် တခြားစီဖြစ်နေသည်။

"စိတ်မဆိုးပါနဲ့ ယောကျ်ားရယ်၊ ကျွန်မ သောက်ပါ့မယ်ရှင်၊ ကဲ.....ကျေနပ်ပြီလား"

ဖင်မောင့်မျက်နှာကပြုံးယောင်သန်းသွားသည်။

"ဗိုက်ဆာတယ်ကွာ၊ ထမင်းစားလိုက်ဦးမယ်"

"အဆင်သင့်ပြင်ပေးထားပြီးမှ အမေက အပြင်ထွက်သွားတာပါ၊ သူ့သမက် ညတုန်းကပေးတဲ့ ငွေသုံးထောင်ကို သွားကြွားနေတယ် ထင်ပါရဲ့"

"မင်းတို့သားအမိက အကြွားချည်းပဲ"

ခင်သန်းမေသည် ဖင်မောင် ထမင်းစားနေချိန်တွင် ချောင်းဆိုးပျောက်ဆေးပုလင်းအားယူ၍ သောက်ရန်ပြင်နေရာ.....

"ဟေ့.....ဟေ့၊ အခုမသောက်နဲ့ဦးလေ၊ ငါမရှိချိန်မှသောက်၊ ဟိုလေ.....အိပ်ခါနီးမှသောက်ပေါ့ကွ"

အလျင်အမြန်တားဆီးလိုက်ပုံကို ခင်သန်းမေက နားမလည်တော့ပေ။ ဆေးပုလင်းလေးကို အဖုံးပြန်ပိတ်၍ အိပ်ရာခေါင်းရင်း စားပွဲပေါ်တွင် ပြန်ထားလိုက်ရ၏။ ခင်သန်းမေသည် လှုပ်ရှားလိုက်ရသည့်

www.burmeseclassic.com

www.burmeseclassic.com


အတွက် မောပန်းသွားပုံရ၏။ အိပ်ရာထက်တွင် ပြန်မှေးရင်း ဇင်မောင် ထမင်းစားပုံကို ကြည့်နေသည်။ ဇင်မောင့် စိတ်ထဲတွင်တော့.....

"ဟင်း...ဒီဟာမ ဒီနေ့ ရွှင်နေတယ်၊ သနပ်ခါးနဲ့၊ ကြည့်ရတာ ရုပ်ဆိုးလိုက်တာ၊ စန္ဒာနဲ့များ ကွာပါ့၊ စန္ဒာ ဒီနေ့ ဘာကြောင့် ကျောင်းမတက်ပါလိမ့်၊ နေမကောင်းဘူးတဲ့၊ တစ်ခုခုဖြစ်လို့များလား"

ထမင်းစားရင်း စိတ်က စန္ဒာဝင်းဆီ ရောက်သွား၏။ ကျောင်းသွားချိန် သွားကြိုရာတွင် စန္ဒာဝင်းအစား ဒေါ်ဝင်းသန်းကလာပြော၏။ သူတို့ကိစ္စအား သိပုံတော့မပေါ်ပေ။ ဇင်မောင့်ရင်မှာ စိုးရိမ်စိတ်ဖြင့် ကောင်မလေးအပေါ်တွင် သံယောဇဉ်ပိုနေမိသည်။ သတင်းမေးသည့်အနေနှင့် အိမ်ပေါ်တက်၍ စားသောက်စရာများ သွားပို့ရကောင်းမလားဟုစဉ်းစားမိ၏။ ဒေါ်ဝင်းသန်း ရိပ်မိမှာကိုလည်း ကြောက်နေသည်။

"ဩော်.....မနက်ဖြန်တော့ ကျောင်းတက်နိုင်မှာပါလေ၊ တွေ့မှပဲ တစ်ခုခုလိုက်ကျွေးတော့မယ်"

ထမင်းစားသောက်ပြီးသည်နှင့် ဇင်မောင်က သူ့ဦးထုပ်ကိုယူကာ ကားထွက်ရန် အိမ်ပေါ်မှ ဆင်းလာလိုက်၏။ မိန်းမအား နှုတ်ဆက်ရန် သတိမရပေ။ ဇင်မောင်ထွက်သွားသည့်ခြေသံကို နားထောင်ပြီး ခင်သန်းမေမှာ မျက်လုံးအိမ်မှ မျက်ရည်စီးကြောင်းလေးများက ခေါင်းအုံးပေါ်သို့ ခုန်ဆင်းသွားရ၏။

"ရှင့်ရဲ့ဟန်ဆောင်မှုက ခဏပါပဲ ကိုဇင်မောင်ရယ်၊ ကျွန်မအပေါ် ရှင် စိတ်ကုန်နေမှန်း သိပါတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို သိပ်ချစ်ပါတယ်"

ဝူးခနဲကားထွက်သွားသံက သူနှင့်အဝေးဆုံးသို့ ရောက်သွားသည့်နှယ် ခံစားသွားရပြန်၏။ သည်တော့ စာရွက်နှင့်ဘောလ်ပင်ကိုယူပြီး မျက်ရည်ဝိုင်းလျက် စာရေးနေမိတော့သည်။ သူမ၏ ရှိုက်ကာရှိုက်ကာ ငိုရှိုက်သံအား မည်သူမျှ ကြားသိကြမည်မဟုတ်တော့ပေ။

* * *

အိမ်တွင် လူများဝိုင်းအုံနေသည့်အတွက် ဇင်မောင်လည်း ရင်တထိတ်ထိတ်ဖြင့် ကားရပ်လိုက်၏။

"အစ်ကို...အစ်ကို့မိန်းမ သေနေတယ်၊ သူ့ဘေးမှာ ဆေးပုလင်းတွေ့တယ်"

"ဟာ.....ဟုတ်လား"

ဇင်မောင်တစ်ယောက် အိမ်ပေါ်သို့ ပြေးတက်လာ၏။ ခင်သန်းမေ၏အလောင်းအား ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးနေကြသည်။ သေဆုံးနေပြီဖြစ်သော ခင်သန်းမေ၏ ပါးစပ်တွင် အမြှုပ်များ တွေ့နေရသည်။

"သား.....မင်းမိန်းမ သေပြီကွယ်၊ ညနေက အမေပြန်လာတော့ အမေ့ဆီလာပြီး စကားတွေလာပြောနေသေးတာကွဲ့၊ ရယ်ရယ်မောမောနဲ့၊ အမေ့ပါးတောင် နမ်းသွားသေးတယ်၊ ညနေစာကျွေးတာ မစားဘူး၊ အမေ ဘုရားရှိခိုးပြီးတော့ သမီးဆီလာကြည့်တဲ့အချိန်မှာ သေနေပြီကွဲ့၊ အီး.....ဟီး.....ဟီး"

"မိန်းမ....မိန်းမရာ ဖြစ်ရလေကွာ၊ သူက လိမ္မော်သီးကြိုက်တတ်လို့ ဝယ်လာတာလေးတောင် စားမသွားရရှာတော့ဘူး၊ ယောက်ျားကို ထားရစ်ခဲ့ပြီလားကွာ"

အလောင်းကို ဖက်ငိုနေသည့်အတွက် ဒေါ်ချစ်လည်း စိတ်မကောင်းဖြစ်ရ၏။ မနေ့ညက သမက်၏ ကြင်နာပုံများကို ဒေါ်ချစ်လည်း တွေ့မြင်ခဲ့ပြီးသားပါ။

"သား.....အမေတောင် တရားနဲ့ဖြေတာပါကွယ်၊ သူ ရောဂါဝေဒနာ ခံစားနေရတဲ့ဘဝက ကျွတ်လွတ်သွားပြီပေါ့ သားရယ်"

"ဒါကသူ့ရောဂါကြောင့် သေတာမဟုတ်ပါဘူး၊ အဆိပ်သောက်မိလို့ သေတာပါ"

"ရှင်....."

"ဗျာ....."

ဇင်မောင်နှင့် ဒေါ်ချစ်တို့ အံ့သြထိတ်လန့်သွားကြ၏။ ရဲအရာရှိက ရှင်းပြသည်။

"အဆိပ်သောက်မိတဲ့အတွက် သေသူရဲ့ပါးစပ်မှာ အမြှုပ်တွေတွေ့ရတာပါ၊ ဒါဟာ သေမှုသေခင်းတစ်ခုပါ၊ ဒါကြောင့်မို့ အလောင်းကိုစစ်ဆေးဖို့ ဆေးရုံသယ်သွားရမယ်"

"ဗိုလ်ကြီး ခေါင်းအုံးအောက်မှာ စာတစ်စောင်တွေ့တယ်၊ ဒီမှာပါ"

"ဟုတ်လား၊ ပြစမ်းပါဦး"

ရဲအရာရှိက ဖတ်ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်မိန်းမကို ခေါ်မသွားကြပါနဲ့ဗျာ၊ မိန်းမရေ...မင်းကို သနားလိုက်တာကွာ၊ ယောကျ်ားအပေါ် အဲဒီလောက်တောင် ညှာတာရသလား မိန်းမရယ်”



ရာ သေဆုံးသူကိုယ်တိုင် ရေးထားသည့်စာဖြစ်နေ၏။ ထိုစာအားသက်ဆိုင်သူနှစ်ဦးကို ပြလိုက်သည်။

“သေဆုံးသူဟာ သူ့ကိုယ်သူ စိတ်ကျရောဂါ ခံစားနေပုံရပါတယ်၊ ခံစားရတဲ့ ဝေဒနာကြောင့် ခင်ပွန်းနဲ့ ကျွန်မရဲ့အမေတို့ကို ဒုက္ခမပေးချင်လို့အဆိပ်သောက်သေလိုက်တာပါတဲ့”

ဇင်မောင်မှာထိုစာလေးကြောင့် စိတ်မကောင်းဖြစ်သွားတော့၏။လုံးဝထင်မထားသည့်စာလေးဖြစ်နေ၏။

“ဒီလက်ရေးက သေဆုံးသူရဲ့ လက်ရေး ဟုတ်၊ မဟုတ်ကို ကြည့်ပေးပါဦး”

ဇင်မောင်က အလျင်အမြန်ယူကြည့်လိုက်သည်။

“ဟုတ်ပါတယ်၊ ဒါ ကျွန်တော့် မိန်းမ လက်ရေးပါဗျာ”

“ဒေါ်လေးရော ကြည့်ပေးပါဦးဗျာ”

ဒေါ်ချစ်လည်း ယူကြည့်လိုက်၏။

“သေချာပါတယ်ရှင်၊ ဒီလက်ရေးက သမီးလက်ရေးအစစ်ပါ၊ သမီးရဲ့လက်ရေးနဲ့ ကူးရေးထားတဲ့ ဘုရားစာတွေရှိပါတယ်၊ ကျွန်မ ယူပြပါ့မယ်ရှင်”

လက်ရေးမူအား သက်သေအဖြစ် ယူသိမ်းသွား၏။ လက်ရေးနှစ်ခုမှာ တူညီနေသည်။ ဘေးမှအံ့သြနေသူက ဇင်မောင်ပါ။ ဇင်မောင်သည် သူမထင်မှတ်သည်များ ဖြစ်နေသည့်အတွက် ပြန်မေးရန်ပင် မေ့လျော့နေမိ၏။ ခင်သန်းမေ၏ အလောင်းကို သယ်သွားမှ အပြေးလေး လိုက်ပါငိုကြွေးနေတော့သည်။

“ကျွန်တော့်မိန်းမကို ခေါ်မသွားကြပါနဲ့ဗျာ၊ မိန်းမရေ....မင်းကိုသနားလိုက်တာကွာ၊ ယောကျ်ားအပေါ် အဲဒီလောက်တောင် ညှာတာရသလား မိန်းမရယ်”

“မောင်ဇင်မောင် လွှတ်လိုက်ပါတော့ကွယ်၊ ခင်သန်းမေဝဋ်ကျွတ်သွားပြီပေါ့ကွာ၊ မင်းတို့သားအမိ ပြုစုနေတာကိုမကြည့်ရက်လို့ သူ့ကိုယ်သူ အဆုံးစီရင်သွားတာနေမှာပေါ့၊ သူ့ဝဋ်ကြွေး ကုန်ပြီပေါ့ကွာ”

“အဲဒါကို ကျွန်တော် စိတ်မကောင်းဖြစ်တာပါ ဦးလေးရာ၊ သူ့အပေါ် ကျွန်တော် မငြိုငြင်ပါဘူး၊ မနေ့ညကတောင် သူကြိုက်တဲ့ လိမ္မော်သီးလေးတွေ အခွံနွှာကျွေးရင်း.....”

www.burmeseclassic.com

www.burmeseclassic.com



ဇင်မောင်က ငိုရင်း အသံပျောက်သွား၏။ ယောက္ခမ ဒေါ်ချစ်က ဆက်ပြောပြန်သည်။

"ဟုတ်ပါတယ်တော်၊ သမက်က ကြင်ကြင်နာနာ ပြုစုရှာပါတယ်၊ သူ့မယားကို သူကိုယ်တိုင် အသီးကိုနွှာပြီး ခွံ့ကျွေးနေတာပါ၊ ကျွန်မတောင် ကြည့်ရင်း စိတ်ချမ်းသာမိတယ်ရှင်"

အလောင်းအား တင်ဆောင်သွားသည့် သူနာတင်ယာဉ်ကိုကြည့်ကာ သမက်နှင့် ယောက္ခမတို့ မျက်ရည်မစဲဘဲ ကျန်ရစ်ခဲ့ကြရသည်။ တစ်ရပ်ကွက်လုံးရှိ သတင်းမေးသူများလည်း စိတ်မကောင်းဖြစ်နေကြ၏။ အထူးသဖြင့် ဇင်မောင့်အပေါ် သနားစိတ်ဝင်သွားကြသည်။

"ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်ပြီပေါ့ သားရယ်၊ မင်းကို အမေသနားလိုက်တာကွယ်"

ဇင်မောင်သည် ရင်ထဲမှ ဝမ်းသာမှုကို ထုတ်ဖော်မပြနိုင်လောက်အောင် လွတ်လပ်ပြီဆိုသည့်အသိဖြင့် ကျိတ်ဝမ်းသာနေ၏။ အပူရုပ်ကို ဟန်လုပ်ပြီး သတင်းမေးလာသူများအား ဟန်ဆောင်နေရသည့် လုပ်ရပ်မှာ ပင်ပန်းလှပါဘိ။

"ခင်သန်းမေကို သနားလိုက်တာနော်၊ အရွယ်ကောင်းလေးနဲ့ သေရတာ နမြောလိုက်တာ၊ သူ့မှာ ရောဂါလည်းဖြစ်၊ စိတ်လည်းဆင်းရဲနဲ့၊ ကျွန်မသူငယ်ချင်းကို မကြည့်ရက်ဘူး။ အီး..ဟီး...ဟီး၊ သူခံစားနေရတာကို ကျွန်မ အသိဆုံးပါရှင်"

အရေးထဲတွင် ခင်သန်းမေ၏ သူငယ်ချင်း မြမိုးခင်က အော်ချက်ထုတ်နေသေး၏။ သူငိုလိုက်မှ ပတ်ဝန်းကျင်က ပိုပြီးစိတ်ဝင်စားသွားပုံရသည်။ ဒေါ်ချစ်ကတော့ မသိရှာပေ။ မြမိုးခင်မှာ သမီးတစ်ဦးနှယ် စားအိမ်သောက်အိမ်လို ဖြစ်နေခဲ့သည့်အတွက် ဖြေသိမ့်ပေးမိ၏။

"အမေတို့လည်း စိတ်မကောင်းဖြစ်ရတာပေါ့ သမီးရယ်၊ ဒါပေမဲ့ အတိတ်ကံမကောင်းခဲ့တော့ ဒီဝဋ်ကြွေးကို ပေးဆပ်သွားရတာပါကွယ်၊ တိတ်တော့ကွယ် သမီး"

စိတ်မကောင်းသည့်စကားမျိုးကို ပြောလိုက်သော်လည်း မြမိုးခင်၏ အကြည့်စိမ်းက ဇင်မောင့်ထံ မကျေနပ်သည့် အရိပ်အယောင်မျိုးနှင့် တုံ့ပြန်နေ၏။ ထိုနေ့က ဇင်မောင့်အား လုံးဝနှုတ်မဆက်ပေ။ ဒေါ်ချစ်နှင့်သာ ငိုယိုပြောဆိုကြပြီး ပြန်သွားသည်။

"ဟင်.....ဒေါ်ဝင်းသန်းပါလား၊ လာပါဗျာ၊ အိမ်ပေါ်တက်ပါဦး"

"ကျွန်မလည်း သတင်းကြားကြားချင်း မယုံနိုင်လောက်အောင်ပါပဲရှင်၊ ခင်သန်းမေ ဘာကြောင့်များ ဒီလိုလုပ်ရသလဲ၊ ကျွန်မဖြင့် မစဉ်းစားရဲလောက်အောင်ပါပဲရှင်"

"သမီးက သူ့ဘဝကို ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်လို့တဲ့၊ စာရေးထားခဲ့တယ်ကွယ်"

"ဩော်.....နှစ်ရှည်လများ ပြုစုနေရတော့ သူလည်းစိတ်မကောင်းဖြစ်ရှာမှာပဲပေါ့၊ ဒါပေမဲ့ လူ့အသက်တစ်ချောင်းကို စွန့်လွှတ်ရဲတာတော့ အံ့သြစရာပဲရှင်၊ ရဲတွေက သေသေချာချာရော စစ်ဆေးကြရဲ့လား။ လူသတ်မှုရော မဖြစ်နိုင်ဘူးလား ဒေါ်ချစ်"

"သမီးကိုယ်တိုင် စာရေးထားခဲ့တာပါ မဝင်းသန်းရယ်၊ ဘယ်သူ့မှမသတ်ပါဘူးကွယ်"

"သေသေချာချာ စစ်ဆေးပြီးရင်ပြီးတာပါပဲရှင်၊ ကိုဇင်မောင်ရော မနက်ကျရင် သမီးကို ကြိုပို့လုပ်ပေးနိုင်ပါ့မလား"

ဇင်မောင်က မဆိုင်းမတွပင်...

"ရပါတယ် ဒေါ်ဝင်းသန်း၊ လုပ်ပေးပါ့မယ်ဗျာ၊ စန္ဒာရော နေကောင်း သွားပြီလား"

"ကောင်းသွားပါပြီရှင်၊ ရေချိုးများလို့လေ၊ ဒီကောင်မလေး သိပ်ကိုရေကြိုက်တာရှင့်၊ ရေချိုးနေရင် မပြီးတော့ဘူး"

ဇင်မောင်က သူ့အတွေးနှင့်သူ ကျေနပ်နေတော့၏။ ခင်သန်းမေ မရှိခြင်းက သူ့အတွက် ရန်အေးငြိမ်းသွားပြီဖြစ်သည်။

* * *

"ဦးမောင်ကို ရှောင်နေတာလား စန္ဒာ"

"မဟုတ်ပါဘူး၊ စန္ဒာ့စိတ်ထဲမှာ မလန်းလို့ပါ၊ ပြီးတော့ ဦးမောင်မှာ နာရေးရှိနေတယ်လေ"

ဇင်မောင်က ပင့်သက်မောကာ ချလိုက်မိတော့၏။ ခင်သန်းမေတစ်ယောက် ထွက်ပေါက်ရှာ ထွက်သွားသော်လည်း ကျန်လူများအား ဒုက္ခပေးသွားလိုက်သေးသည်ဟု ဇင်မောင်

www.burmeseclassic.com

မှာ နာရေးအတွက် ငွေကြေးချေးငှားရ၏။ ဒေါ်ချစ်က ရပ်ကွက်ထဲမှ အတိုးနှင့်ယူချေးပေးခဲ့သည်။ ပြန်ဆပ်ရမည့် အကြွေးများက မနည်းပေ။ နောင်ခါလာ နောင်ခါစေ့ဟု သဘောထားလိုက်၏။

"မနက်ဖြန် အစ်မရဲ့အသုဘ ချရမှာမဟုတ်လား၊ ညနေကျရင် စန္ဒာ့ဘာသာပဲ သူငယ်ချင်းတွေနဲ့ ပြန်လိုက်မယ် ဦးမောင်"

စန္ဒာဝင်းက အရင်လိုမဟုတ်တော့ပေ။ သူ့အပေါ်ဆက်ဆံသည့်မှာလည်း သွေးအေးနေ၏။ သို့သော်လည်း ဇင်မောင်က စန္ဒာဝင်း၏ အကြိုက်ကို သိနေ၍.....

"ကလေးကို မုန့်လိုက်ကျွေးချင်တယ်၊ ပြီးတော့ ဂမုန်းပွင့်ဖြစ်ဖြစ်၊ တော်ဝင်စင်တာဖြစ်ဖြစ် သွားရအောင်လေ၊ စန္ဒာလိုချင်တာ ဝယ်ပေးဦးမယ်"

စန္ဒာဝင်းသည် သုန်မှုန်သော မျက်နှာထားဖြင့် ဇင်မောင့်အား စိတ် ပျက်စွာ ကြည့်လိုက်သည်။

"ဦးမောင်က ကိုယ့်မိန်းမသေတာကို ဝမ်းနည်းဟန်မပြဘူးနော်၊ ဒီအချိန်မှာ မိန်းမရဲ့ နောက်ဆုံးခရီးအတွက် အိမ်မှာရှိနေရမှာပေါ့၊ ဘာကြောင့်များ သေသူအပေါ် ရက်စက်နေဦးမှာလဲ ဦးမောင်၊ အရှုံးပေးထားသူကို ဆက်ပြီးအနိုင်မယူချင်ပါနဲ့တော့ရှင်"

"အိုကွာ...ကိုယ်ကတော့ သူ့ဘာသာသူ့ပယောဂနဲ့သေတာကို ပူဆွေးစရာ မလိုတော့ပါဘူး၊ သူ့အတွက် လင့်ဝတ္တရားကျေအောင် လုပ်ပေးခဲ့တယ်၊ သူ့ရောဂါက ကျွမ်းနေပြီလေ၊ ဆရာဝန်နဲ့ ဆက်ကုရင်လည်း ငွေကုန်တာပဲရှိလိမ့်မယ်"

"ဟင်း.....ဟင်း၊ ဦးမောင်မှာ အဲဒီလိုစိတ်ဓာတ်မျိုး ရှိတာကိုက မိန်းမအပေါ် အကြင်နာတရားမရှိဘူးဆိုတာ သိသာနေတာပဲ၊ ရှင့်ကို စန္ဒာ ကြောက်သွားပါပြီ၊ စန္ဒာလည်း မခင်သန်းမေလိုဘဝမျိုး အဖြစ်မခံနိုင်ဘူး၊ ဒီတော့ ဦးမောင်နဲ့ ဒီဘဝ ဒီမျှပါပဲရှင်"

ဇင်မောင်သည် ဒေါသစိတ်ဖြင့် ကားကိုရပ်လိုက်သည်။ စန္ဒာဝင်း၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး.....

"မင်းကရပ်ခိုင်းပေမယ့် ကိုယ်က မရပ်နိုင်ဘူးကွ၊ ကိုယ့်အချစ်ကို မင်း မလှည့်စားပါနဲ့၊ ကိုယ်တောင်းပန်ပါတယ် စန္ဒာ၊ ကိုယ့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ကွာ"

စန္ဒာဝင်း၏အကြည့်သည် ထေ့ငေါ့သောအကြည့်များဖြင့် ဇင်မောင့်အပေါ်တွင် အထင်သေးသည့်အရိပ်အယောင်များ ပေါ်လွင်နေ၏။

"နော်.....စန္ဒာ၊ ဦးမောင် မင်းကိုသိပ်ချစ်တယ်"

"တော်ပါတော့ ဦးမောင်၊ စန္ဒာလေ ဦးမောင်ရဲ့ ဖြားယောင်းမှုတွေနဲ့ မုသားစကားတွေအောက်မှာ ဆက်အညာမခံပါရစေနဲ့တော့၊ စန္ဒာ့ဘဝကို တစ်ကပြန်စမယ်၊ ဒီအတွက် ဦးမောင်ဘက်က စာနာစိတ်နဲ့ ကိုယ်ချင်းစာပေးပါ၊ ညှာတာပေးပါ၊ စန္ဒာ့ကို အနှောင့်အယှက် မပေးပါနဲ့၊ တောင်းပန်ပါတယ်ရှင်"

"ဟာကွာ.....မင်းက တို့နှစ်ယောက် ပေါင်းဆုံခွင့်ရတော့မယ့် အချိန်ကျမှ ဘာဖြစ်လို့ အားငယ်သွားရတာလဲ"

စန္ဒာဝင်းသည် သူ့ပခုံးပေါ်မှ ဇင်မောင်၏လက်များကို ဖယ်ချရင်း ပြောလိုက်သည်။

"မိန်းမချင်း ကိုယ်ချင်းစာလို့ပေါ့ ဦးဇင်မောင်၊ အစ်မဟာ မဆုံးခင်မှာသာ ဒီလုပ်ရပ်ကို သိသွားရင် ဘယ်လောက်ခံစားရမလဲ၊ စန္ဒာသိပ်ကြောက်တယ်၊ ဝဋ်ကြွေးကိုကြောက်တယ် ဦးဇင်မောင်၊ ဒါကြောင့်မို့ စန္ဒာတို့ဇာတ်လမ်းကို ဆက်မကတာ အကောင်းဆုံးပါပဲ၊ စန္ဒာလည်း ကိုယ့် အမှားကို သိခဲ့ရပါပြီ"

"ဦးမောင်ကို မချစ်တော့ဘူးလား စန္ဒာရယ်၊ ဦးမောင်ကို ချစ်တယ်ဆို"

ဇင်မောင်က အပျော့ဆွဲဖြင့် ချွဲလိုက်ပြန်သည်။ သို့ပေမယ့် စန္ဒာဝင်းသည် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ပြီးသားပါ။

"ဒါတွေက အတိတ်မှာ ကျန်ရစ်ခဲ့ပါပြီ ဦးဇင်မောင်၊ စန္ဒာသွားမယ်၊ စန္ဒာ့ကို ခွင့်ပြုပါရှင်"

တက္ကစီကားတံခါးကိုဖွင့်ကာ စန္ဒာဝင်းက ဆင်းလျှောက်သွား၏။ အခြားတက္ကစီတစ်စီးပေါ်သို့ တက်သွားသော စန္ဒာဝင်းအား ကြည့်နေရုံမှတစ်ပါး ဇင်မောင် လက်လျှော့သွားရတော့သည်။ ပြီးနောက် သူ့ပင်ကိုဇာတိက ချက်ချင်းပင် ပေါ်လာ၏။

"ကောင်းတယ်၊ ဒို့အဖို့နောက်တစ်ယောက် ဆက်ရှာရတာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com

စန္ဒာဝင်းရေ.....မိန်းမတစ်ယောက်ကိုလွမ်းဖို့ ငါ့မှာကံပါမလာဘူး၊ တာ့တာပါပဲကွာ၊ ဟား...ဟား...ဟား''

ထို့နောက် တက္ကစီလေးအား နောက်ကြောင်းပြန်လှည့်မောင်းသွားလိုက်တော့သည်။ ဇင်မောင့်ရင်မှာ လွတ်လပ်မှုအပြည့်အဝရသွားတော့၏။

* * *

''ကားအားလားဟင် အစ်ကို''

ခင်သန်းမေ၏ နာရေးရက်လည် ပြီးဆုံးသွားချိန်တွင် ဇင်မောင်က တက္ကစီပြန်ထွက်ရတော့သည်။ ယခုအချိန်တွင် ဇင်မောင့်ရင်ထဲ၌ ဟာတာတာဖြင့် တစ်ခုခုလိုနေသလို ခံစားနေရ၏။ ဇင်မောင်က အချစ်မရှိလျှင် မဖြစ်ပေ။ အချစ်နှင့်နေရမှ ပြည့်စုံသည်ဟု သူကထင်ထားသူပါ။ အခုတော့ ရေငတ်တုန်း ရေတွင်းထဲကျသွားရ၏။

''အားပါတယ်ဗျာ၊ ညီမက ဘယ်ကိုသွားမှာလဲ''

''မင်္ဂလာဒုံကိုပါ''

ခရီးဝေးသည့်အတွက် ဇင်မောင်က မလိုက်ချင်သော်လည်း မိန်းမချောလေးဖြစ်နေ၍ လိုက်ရန် ဆုံးဖြတ်လိုက်သည်။

''ကဲ.....တက်ပါဗျား၊ လိုရာခရီးကို အရောက်ပို့ပေးပါ့မယ်နော်''

''ဟင်း ဟင်း၊ မပို့ရင် အတင်းပို့ခိုင်းမှာပဲနော်၊ အတင်းပို့ခိုင်းမှာပဲနော်၊ အစ်ကို့သွင်ပြင်ကမိန်းကလေးတွေကို စာနာတတ်မှာပါ၊ ညီမက အကဲခတ်မိပါတယ်ရှင်''

မိန်းကလေးက သွက်သွက်လက်လက်ပုံပါ။ မိန်းမချောလေးတစ်ယောက်ဖြစ်မှန်း ဇင်မောင်က တစ်ခါကြည့်ရုံနှင့် မှတ်မိနေ၏။

''ညီမနာမည်ကို ပြောပါဦး''

''ချောစုလေ၊ အဖေနဲ့အမေတို့ရဲ့ အချောတွေစုနေလို့တဲ့၊ အစ်ကိုကရော''

ချောစု၏ စောင်းငဲ့မေးလိုက်ပုံက ချစ်စရာကောင်းနေသည်။

''ဇင်မောင်တဲ့''

''မိုက်တယ်နော်''

ဇင်မောင်သည် ချောစု၏ပြောဆိုပုံနှင့် သွက်လက်ပုံက စရိုက်မဟုတ်မှန်း သိနေ၏။ တချို့မိန်းကလေးများက ရင်းနှီးမှုရှာပြီး အပိုင်ချသွားတတ်ကြသည်။

တက္ကစီလောကမှ မှုခင်းဖြစ်ရပ်များစွာကိုမကြုံတွေ့ရသော်လည်း ကြားဖူး၊ ဖတ်ဖူးခဲ့၏။ ဇင်မောင်က ချောစုအကြောင်းကို တစ်ဖက်လှည့်နှင့် စုံစမ်းကြည့်မိသည်။

''ချောစုကတစ်ယောက်တည်း သွားမှာလား၊ အဖော်မပါဘူးလား''

''အရေးကြီးလို့လေ၊ ချော အဒေါ်အိမ်ကို သွားမလို့ပါ၊ အဒေါ်က သနားပါတယ် အစ်ကိုရယ်လေဖြတ်နေတဲ့ သူ့ယောက်ျားကို ပြုစုနေရတာပါ၊ ဒါပေမဲ့ အဲဒီလူကြီးက မကောင်းဘူးအစ်ကို၊ ဒေါ်လေးကို သိပ်နှိပ်စက်တာပဲ၊ မထင်ရင် မထင်သလိုတွေ့ရာနဲ့ကောက်ပေါက်တာပါ၊ မုန်းစရာကြီး၊ ဒေါ်လေးလည်း ထွက်ပြေးချင်နေပါပြီ၊ ချောစုလေ ဒေါ်လေးကိုဝေးရာကို ခေါ်သွားချင်နေတာပါ၊ ဒါကြောင့်မို့ အဲဒီလူကြီးကို သတ်ပစ်ချင်တယ် အစ်ကို''

ဇင်မောင်ကချောစုနှင့် အဒေါ်ဖြစ်သူတို့အပေါ် သနားသွားမိ၏။

''ကိုယ့်ပယောဂမပါဘဲသူ့ဘာသာသေသွားရင် သိပ်ကောင်းမှာပါ၊ မြန်မြန်မသေနိုင်ဘူး၊ အသက်ကလည်း ရှည်ပါ့''

''ချောစုက ဘာကြောင့်မို့ သတ်ပစ်ချင်ရတာလဲဟင်''

**ချောစု ကံကောင်းတယ်၊ အစ်ကို့မှာ အပင်ဖျန်းလက်ကျန်ဆေး ကားထဲမှာရှိနေလို့ တော်သေးတာပေါ့၊ ဒီအရည်လေးကို သူသောက်တဲ့ ဆေးပုလင်းလွတ်ထဲထည့်လိုက်၊ ပြီးရင် သူ့ကိုတိုက်လိုက်၊ တစ်ခါတည်း ကိစ္စပြီးရောပေါ့**

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အစ်ကိုရဲ့"

ချောစုကသူ့အဒေါ်ဇာတ်လမ်းအား လမ်းတစ်လျှောက်လုံး ပြောပြလာသည်။ ဇင်မောင်လည်း နားထောင်ပြီး ကားကို ဂရုစိုက်မောင်းနှင်နေ၏။ နောက်ဆုံးတော့ အဒေါ်ဖြစ်သူအားမချစ်မနှစ်သက်သူလက်ထဲမှ ကယ်တင်ပြီး ချစ်ဦးသူလက်ထဲသို့ ပြန်ရောက်စေချင်သည့် ပေါင်းစည်းစေလိုမှုကြောင့် သတ်ပစ်လိုခြင်းဖြစ်သည်။

သည်တော့ ချောစုအခက်အခဲအား ဇင်မောင်က ဖြေရှင်းပေးချင်နေသည်။ သို့မှသာ ချောစုက သူ့အား ကျေးဇူးတင်ပြီး နီးစပ်သွားနိုင်၏။ ပြီးလျှင် အချစ်ဇာတ်လမ်းကို ဆက်ကရုံသာရှိတော့သည်။

"ဒါဆို အစ်ကို အကြံတစ်ခုပေးမယ်၊ အစ်ကိုပြောတဲ့အတိုင်း လိုက်လုပ်ရင် ချောစုပယောဂမှန်း ဘယ်သူမှ မသိကြတော့ဘူး"

"ဟင်..ဟုတ်လား၊ အစ်ကိုက အဲဒီလို လုပ်ခဲ့ဖူးလို့လား"

"လက်တွေ့မပါဘဲယုံကြည်တဲ့သူတွေမှာ အစ်ကို မပါဘူး ချောစု၊ အစ်ကို့အသိဆီက နည်းကိုရတာပါကွာ၊ သူက ထောင်ကျသွားပြီလေ၊ ရော့.....ချောစု ကံကောင်းတယ်၊ အစ်ကို့မှာ အပင်ဖျန်းလက်ကျန်ဆေးကားထဲမှာရှိနေလို့ တော်သေးတာပေါ့၊ ဒီအရည်လေးကို သူသောက်တဲ့ ဆေးပုလင်းလွတ်ထဲထည့်လိုက်၊ ပြီးရင် သူ့ကိုတိုက်လိုက်၊ တစ်ခါတည်း ကိစ္စပြီးရောပေါ့"

"ဟာ.....ဟုတ်ပြီ၊ ဆေးမှားသောက်တယ်ပေါ့နော်၊ ပိုင်လိုက်တာ အစ်ကိုရယ်၊ ကျေးဇူးတင်လိုက်တာ"

"အိမ်မှာ အပင်အတွက် ပိုးသတ်ဆေးရည်ကို သုံးတယ်ပေါ့ကွာ၊ မင်းအဒေါ်ကိုလည်း ပြောပြထားဦးနော်၊ ဒါမှ ရှေ့နောက် စကားညီမှာ"

ချောစုသည် ကျေးဇူးတင်သော အကြည့်များဖြင့် ဇင်မောင့်ထံ ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများနှင့် ကြည့်လိုက်၏။

"ချောစုကို ဘာဖြစ်လို့ကူညီရတာလဲဟင်"

ချောစု၏မေးခွန်းကို ဇင်မောင်က ပြုံးစိစိဖြင့် ဖြေလိုက်သည်။

"မင်းကို မြင်မြင်ချင်း ခင်လို့ပေါ့ကွာ၊ ပြီးတော့....."

ဇင်မောင်ကစကားကိုရပ်ထားလိုက်ပြီး ချောစုဘက်သို့လှည့်ကြည့်လိုက်သည်။

"ဆက်ပြောလေ အစ်ကို၊ ပြီးတော့ ဘာဖြစ်လဲဟင်"

ချောစုဘက်က ရေလာမြောင်းပေးစကားဖြင့် ပြောလာသဖြင့် ဇင်မောင်မှာ အားတက်သွား၏။

"ချောစုရဲ့အကြံအစည်အောင် မြင်သွားရင် အဲဒီစကားကို ဆက် ပြောပါ့မယ်ကွာ"

"ဟင်း..ဘာမှန်းလဲမသိဘူး"

ဇင်မောင်၏အကြံအစည်မှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပါ။ ချောစုအား ထိုသို့ကူညီလိုက်မှ လူသတ်မှုနှင့် ခြိမ်းခြောက်ပြီး ချောစုအား သူ့အလိုသို့ လိုက်နိုင်းမည်ဖြစ်သည်။ ထို့ကြောင့်လည်း ချောစုမှာ ပျို့ပျို့အိုအို သူမသိချင်ပေ။

"အစ်ကို့ဖုန်းနံပါတ် ပေးထားဦးလေ၊ ဒါမှ ဆက်သွယ်လို့ရမှာပေါ့နော်"

"အစ်ကိုလည်း ချောစုဖုန်းကို တောင်းမလို့ပဲ၊ ကိစ္စပြီးရင် ဆက်ဦးနော်"

"ဟုတ်ကဲ့ပါရှင်၊ ဒါနဲ့ အစ်ကို့မှာ မိန်းမ မရှိဘူးလားဟင်"

"ဆုံးသွားပါပြီကွာ၊ အဲဒါကြောင့်မို့လူပျိုတစ်ခုလပ်ဖြစ်နေတာပေါ့"

ချောစုက ပါးချိုင့်လေးပေါ်အောင် ပြုံးရယ်လိုက်သည်။ ရယ်လိုက်မှ ချောစုအလှက ပို၍ပေါ်လွင်လာမှန်း ဇင်မောင်က သတိပြုမိလိုက်၏။ မင်္ဂလာဒုံမှ ခရေပင်လမ်းခွဲသို့ ရောက်လာသည်။

"အစ်ကို ရှေ့နားမှာ ရပ်လိုက်တော့နော်၊ ဘတ်စ်ကားဂိတ်အလွန်ပေါ့၊ ဒေါ်လေးအိမ်က ဈေးနားမှာပါ"

"အိမ်အထိ လိုက်ပို့ပေးမယ်လေ"

"ဈေးထဲမှာ ဝယ်စရာရှိတယ် အစ်ကို၊ လူနာအိမ်သွားတာ တစ်ခုခုပါမှကောင်းမှာပေါ့၊ ဩော်..ကားခဘယ်လောက်လဲဟင်"

ဇင်မောင်က ချောစုမျက်နှာလေးကို စေ့စေ့ကြည့်လိုက်ပြီး.....

"လက်ဆောင်လို့ပဲ သဘောထားလိုက်ပေါ့ကွာ၊ ခင်မင်ခြင်းအထိမ်းအမှတ်ပေါ့နော်၊ နောက်မှ ထပ်တွေ့ကြစို့"

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပါပြီ အစ်ကိုရယ်၊ ကျေးဇူးသိပ်တင်ပါတယ်ရှင်''

ဇင်မောင်သည် နှုတ်ဆက်ထွက်ခွာသွားသည့် ချောစု၏ ဟန်ပန်လေးအား မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိသည်။ မကြာခင်တွင် သူ့လက်ခုပ်ထဲသို့ အလိုလို ကြွေကျလာမည့် ပန်းတစ်ပွင့်အား ကျေနပ်စွာ ကြည့်နေပြီးမှ ကားမောင်းထွက်သွားလိုက်တော့၏။

* * *

''သားရေ.....ရပ်ကွက်လူကြီးတွေ ရောက်လာတယ်၊ အပြင်ကို ထွက်ခဲ့ပါဦး''

ဇင်မောင်က အိမ်ပြန်ရောက်သည်နှင့် စားသောက်ပြီး နားနားနေနေ အနားယူနေလိုက်၏။ အိပ်ခန်းဝမှ ယောက္ခမကြီး၏ ခေါ်သံကြား၍ စိတ်ပျက်သွားတော့သည်။ ခင်သန်းမေ၏ကိစ္စက မပြီးပြတ်နိုင်သေးပေ။ သည်လောက်ရှင်းလင်းနေမှ ဘာဆက်မေးဦးမှာပါလိမ့်ဟု တွေး မိ၏။

''ဟုတ်ကဲ့ အမေ၊ လာပါပြီ''

ဇင်မောင် ထွက်လာသည့်နောက် ရပ်ကွက်လူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရသည်။

''စခန်းကိုလိုက်ခဲ့ပါ ကိုဇင်မောင်၊ မေးစရာရှိလို့ပါဗျာ''

''ဟုတ်ကဲ့ပါ၊ အမေ.....ကျွန်တော် လိုက်သွားဦးမယ်နော်''

''အေး.....အေး၊ သား.....''

ဒေါ်ချစ်က သူ့သမီးမရှိတော့မှ သမက်ကို တသားသားနှင့် ပါးစပ်မှ မချတော့ပေ။ သူ့ကို လုပ်ကျွေးသူ မရှိမည်ကို တွေးမိပုံရ၏။ အရင်လို မဟုတ်တော့ပါ။ ထို့နောက်တွင် ရဲစခန်းမှကားနှင့် ဇင်မောင် လိုက်ပါသွား၏။ ရဲစခန်းသို့ ရောက်သည့်နောက်.....

''ထိုင်ပါ ကိုဇင်မောင်၊ ခင်ဗျားဇနီးကို သတ်တဲ့တရားခံကို မိထားပါပြီဗျာ''

''ဗျာ...ဟုတ်လား၊ သူကဘာကြောင့် သတ်တာတဲ့လဲဟင်''

''အဲဒါကြောင့် ခင်ဗျားကိုခေါ်တာပါ၊ ဒီစာလေးကိုဖတ်ကြည့်ရင် သတ်တဲ့သူကို သိပါလိမ့်မယ်ဗျာ''

ဇင်မောင်သည် တုန်ယင်သောလက်အစုံဖြင့် စာကိုဖတ်ကြည့်လိုက်၏။

''ကိုဇင်မောင်''

ရှင့်အတွက် ကျွန်မ စာရေးထားခဲ့ပါတယ်၊ ရှင့်အကြောင်းကို မြမိုးခင်ပြောပြလို့ ကျွန်မ သိခဲ့ပါပြီ၊ ရှင်နဲ့ စန္ဒာဝင်းတို့အတွက် ကျွန်မ,မရှိမှ အေးမှာ မဟုတ်လား။ ဒါကြောင့်လည်း ရှင့်ရဲ့ယုတ်မာမှုကို ကျွန်မသိခဲ့လို့ ရှင့်ဆန္ဒအတိုင်း ရှင်ထည့်ထားတဲ့ အဆိပ်ပါတဲ့ ချောင်းဆိုးပျောက်ဆေးကို ကျွန်မ ရဲရဲဝံ့ဝံ့ သောက်ပါတော့မယ်။

ရှင်တို့ ပျော်ပျော်ကြီး ပေါင်းရဖို့အတွက် ရှင့်အတွက် လွတ်မြောက်အောင် စာတစ်စောင် ရေးပေးထားခဲ့တယ်။ ရှင်သတ်ခဲ့မှန်း ဘယ်သူမှ မသိအောင်လို့ပါ။ ဒါဟာ ရှင့်အပေါ်ထားတဲ့ ကျွန်မရဲ့ သစ္စာတရားနဲ့ ချစ်ခြင်းမေတ္တာကို ပြလိုက်တာပါပဲ ကိုဇင်မောင်။ အခု ဒီစာကို ရှင်တွေ့တဲ့တစ်နေ့ ကျွန်မရဲ့ အချစ်အတွက် အသက်စွန့်လွှတ်ပေးဝံ့တဲ့အဖြစ်ကို ရှင်သိပါစေတော့။

နောင်ဘဝတိုင်း ရှင့်လို လင်ဆိုးနဲ့ မပေါင်းဆုံပါရစေနဲ့၊ ပြန်မတွေ့ရပါစေနဲ့လို့ ကျွန်မ ဆုတောင်းလိုက်ပါတယ်။

ခင်သန်းမေ

စာကိုဖတ်ပြီးနောက် ဇင်မောင်တစ်ယောက် တုန်လှုပ်သွားတော့၏။

''ဟင်...ဒါ...ဒါက ခင်သန်းမေလက်ရေးမှ မဟုတ်တာဗျာ၊ တစ်ယောက်ယောက်ကလုပ်ကြံရေးထားတာပဲ၊ မဖြစ်နိုင်ဘူး၊ ကျွန်တော့်မိန်းမကို ကျွန်တော် ပြန်သတ်ပါ့မလားဗျာ၊ ဆရာတို့ စဉ်းစားကြည့်ပါဦး''

''မှန်ပါတယ်၊ ကျွန်တော်တို့လည်း ဒီလိုပဲတွေးမိပြီး တရားခံကို မဖမ်းသေးဘဲစောင့်ကြည့်နေပါတယ်ဗျာ၊ သေဆုံးသူဟာ သူကိုယ်တိုင် အဆိပ်သောက်လိုက်တယ်လို့ [illegible] လိုပဲ စာရေးထားခဲ့ပါစေ [illegible] ခင်းဟာ ပြီးဆုံးမသွား[illegible]

အခုမှ နောင်တရနေမိတော့သည်။ သူ့မိုက်ပြစ်အတွက် မည်သူမျှ မကာယ်နိုင်တော့ပေ။ စန္ဒာဝင်း ပြောခဲ့ဖူးသည့် အရှုံးပေးထားသူကိုမှ အနိုင်ယူချင်သည့်သူ ဖြစ်နေ၏။ မည်သို့ပင်ဆိုစေ သူ၏မကောင်းမှုက သူ့အား ပြန်လည်ခံစားရသည့် အဖြစ်မျိုးပါ

www.burmeseclassic.com



သတ်မှု မြောက်၊ မမြောက် စုံစမ်းစစ်ဆေး ဖော်ထုတ်ရမှာက ကျွန်တော်တို့ ဥပဒေဘက်တော်သားတွေရဲ့ တာဝန်ပါပဲ၊ သေဆုံးသူကိုယ်တိုင် သေတမ်းစာ ရေးထားခဲ့ရင်လည်း အရေးယူရတာပါပဲဗျာ''

ဇင်မောင်သည် မျက်နှာထားတင်းတင်းဖြင့် သူ့အား တစ်စုံတစ်ယောက်က လုပ်ကြံခြင်းဖြစ်ကြောင်း ပြောပြနေ၏။

''ဒါဟာ မြမိုးခင်ရဲ့ ကလိမ်ကကျစ်ဉာဏ်ပဲ ဖြစ်မှာပါဆရာ၊ သူက ခင်သန်းမေ ရှိစဉ်ကတည်းက ကျွန်တော့်ကို ကြည့်မရခဲ့သူပါဗျာ၊ သူပဲဖြစ်မှာပါ၊ သူ့ကို ဥပဒေနဲ့ပြန် အရေးယူပေးပါ ဆရာ''

''မြမိုးခင်မှန်ရင်တော့ အရေးယူရမှာပေါ့၊ ဒါဟာ ခင်ဗျားရဲ့ ဂုဏ်သိက္ခာကျအောင် ချောက်တွန်းတာပေါ့၊ ဒါပေမဲ့ ကျွန်တော်ဖွင့်ပြတာလေးကို နားထောင်ကြည့်ပါဦးနော်''

စခန်းမှူးက အသံဖမ်းစက်ကို ဖွင့်ပြလိုက်သည်။ ထိုအသံများမှာ နေ့လယ်က သူနှင့်ချောစုတို့ ပြောနေသည့်စကားများ ဖြစ်နေ၏။ ထိုစကားများကိုဖြင့် ဇင်မောင်မငြင်းနိုင်တော့ပေ။ နားထောင်နေရင်းနှင့် သူ တဖြည်းဖြည်း နားလည်သွားရ၏။ အသံများ ရပ်သွားသည့်နောက် စခန်းမှူးက.....

''ကဲ.....ခင်ဗျား ဘာငြင်းချင်သေးလဲ၊ ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကို သိရအောင် စုံစမ်းဖော်ထုတ်လိုက်နိုင်တာပဲ၊ ခင်ဗျား သူ့ကိုကြည့်လိုက်ပါဦး''

ဇင်မောင်က စခန်းမှူးပြလိုက်သူကိုကြည့်ရင်း တအံ့တသြဖြစ်သွားရသည်။

''ဟင်.....ချောစုပါလား၊ ဒါဆိုသူက.....''

''ဟုတ်ပါတယ်၊ ဒုရဲအုပ်တစ်ယောက်ပါပဲဗျာ''

ဇင်မောင်မှာခေါင်းငိုက်စိုက်ကျသွားရတော့၏။ သည့်နောက်တွင် ခင်သန်းမေအား သတ်မိသည့်အဖြစ်ကို သူဝန်ခံလိုက်ရချေပြီ။

''ကျွန်တော် မိန်းမကို သတ်ခဲ့မိပါတယ် ဆရာရယ်၊ ဒါဟာလည်း စန္ဒာဝင်းနဲ့ ယူနိုင်အောင်လို့ပါ၊ ဒါပေမဲ့ စန္ဒာဝင်းကကျွန်တော့်ကိုအဆက်ဖြတ်လိုက်တဲ့အတွက် ကျွန်တော် လုပ်မိတဲ့ဒဏ်ကို ပြန်ခံရတာပါပဲဗျာ''

''စန္ဒာဝင်းကို ခင်ဗျားနဲ့ကိစ္စ စုံစမ်းပြီးပါပြီဗျာ၊ သူက ခင်သန်းမေ မဆုံးခင်ကတည်းက သူကိုယ်တိုင် နောင်တရပြီး ခင်ဗျားကို ငြင်းဆန်ခဲ့တာပါတဲ့၊ သေဆုံးသူကို မှုခင်းဆရာဝန်ကြီး စစ်ဆေးလိုက်ချိန်မှာ ချောင်းဆိုးပျောက်ဆေးထဲမှာပါတဲ့ အဆိပ်ရည်နဲ့ ချောစုကိုပေးလိုက်တဲ့ အဆိပ်ရည်က တူညီနေတာပါ၊ အဲဒါကိုကြည့်ရင် ခင်ဗျားရဲ့လက်ချက်မှန်း သက်သေဖြစ်နေပြီပေါ့ဗျာ''

ဇင်မောင်သည် ညှိုးငယ်သော အမူအရာဖြင့်.....

''ဆရာ့ကို တစ်ခုမေးပါရစေဗျာ၊ ခင်သန်းမေရေးတဲ့စာကို ဆရာတို့ ဘယ်လိုတွေ့ခဲ့ကြတာလဲဟင်၊ ကျွန်တော်တောင် မသိခဲ့ပါလား''

''သူရေးခဲ့တဲ့ သူကိုယ်တိုင်သတ်သေခဲ့တာပါဆိုတဲ့စာမှာ စာရွက်သားဖြစ်နိုင်တဲ့ ဗလာစာအုပ်ကို ရှာဖွေရင်း နောက်ကျောမှာရေးထားတဲ့စာကို တွေ့ခဲ့တာပါ၊ ခင်ဗျားရဲ့ကံပေါ့ဗျာ၊ သေဆုံးသူက တစ်နေ့ခင်ဗျားတွေ့ရင် သူ့ရဲ့မေတ္တာတရားကို သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရေးခဲ့တာလေ၊ အဲဒါကို ကျုပ်တို့ရှာဖွေနိုင်ခဲ့တာက သဘာဝတရားကြီးက ဖော်ထုတ်ပေးလိုက်တာပဲပေါ့ဗျာ၊ သက်မဲ့သက်သေဆိုရင်လည်း မမှားပါဘူး''

ဇင်မောင်သည် မျက်ရည်များ တပေါက်ပေါက်ကျရင်း ခင်သန်းမေအတွက် အခုမှ နောင်တရနေမိတော့သည်။ သူ့မိုက်ပြစ်အတွက် မည်သူမျှ မကယ်နိုင်တော့ပေ။ စန္ဒာဝင်း ပြောခဲ့ဖူးသည့် အရှုံးပေးထားသူကိုမှ အနိုင်ယူချင်သည့်သူ ဖြစ်နေ၏။ မည်သို့ပင်ဆိုစေ သူ၏ မကောင်းမှုက သူ့အား ပြန်လည်ခံစားရသည့် အဖြစ်မျိုးပါ။ သည်အတွက် ကျေကျေနပ်နပ်နှင့် သူခံယူရပေတော့မည်။

တကယ်တမ်းတွေးကြည့်လျှင် ခင်သန်းမေသည် အရှုံးပေးထားသူမှန်သော်လည်း တကယ်အရှုံးကို ရင်ဆိုင်ရသူမှာသူသာလျှင်ဖြစ်နေတော့သည်မဟုတ်ပါလား။

လေးစားစွာဖြင့်
ထက်အောင်ဦးဝေ

www.burmeseclassic.com


## အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
ဆရာကြီး၏သား **ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊
ခြေသေလက်ကပ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းဟည်နေရာ**
၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဝေဟာသိကားစီး၍ဝွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
ဤဆေးခန်းတွင် ရနိုင်ပါသည်။



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

# ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၇)တဆထလ(၀၇၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကျိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကို ကိုင်လှုပ်ခဲ့သော ပြန်ပေးဆွဲမှု



ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်မှ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော မနီလာတိုင်း(မ်)သတင်းစာကြီး၏ မျက်နှာဖုံးတွင် အောက်ပါစိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကြောင့် စာဖတ်ပရိသတ်မှာ တအံ့တသြဖြစ်ခဲ့ရသည်–

"ခရစ်ယာန်ဘာသာ၊ သာသနာပြုအဖွဲ့အား အမည်မသိလက်နက်ကိုင်များက ဖမ်းဆီးခေါ်ဆောင်သွားခြင်း"

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆

ယမန်နေ့ ညဦးပိုင်းက မနီလာမြို့တော်မှ မိုင် ၃၀ ခန့် ကွာဝေးသော ကျေးရွာတစ်ရွာတွင် အမည်မသိလက်နက်ကိုင်များက ထိုကျေးရွာတွင် လာပေါင်းများစွာနေထိုင်၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေသော အမေရိကန်ပြည်ထောင်စု၊ ကင်ဆပြည်နယ်၊ ရို့(စ်)ဟီးလ်ဒေသဖွား ခရစ်ယာန်ဘုန်းတော်ကြီး မာတင်ဘာဟာမ်နှင့် ဇနီးဖြစ်သူ ဂရေစီဘာဟာမ်တို့နှစ်ဦးနှင့် ဖိလစ်ပိုင်အမျိုးသမီးသူနာပြု အယ်ဒီဘိုရာရှင်တို့အား ဇန်ဘိုရင်ဂါကျေးရွာ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စု၊ ကင်ဆပ်ပြည်နယ်သား ခရစ်ယာန်ဘုန်းတော်ကြီး မာတင်ဘာဟမ်မှာ လူချစ်လူခင်ပေါများသော ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး အထက်ဖော်ပြပါကျေးရွာတွင် နေထိုင်၍ ခရစ်ယာန်သာသနာပြုလုပ်ငန်းကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဒေသခံအချို့၏ကျွန်တော်များသတင်းစာ၊ သတင်းထောက်အား ပြောပြချက်အရ ဖော်ပြရလျှင် အချင်းဖြစ်ပွားသည့်နေ့က မျက်နှာဖုံးများစွပ်ထားသော လက်နက်ကိုင် ခုနစ်ယောက်တို့သည် ဖန်ဘိုရင်ဂါကျေးရွာရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဘုန်းတော်ကြီးနေအိမ်သို့ ဝင်ရောက်ခဲ့ကြပြီး ဘုန်းတော်ကြီးဇနီးမောင်နှံနှင့် ဖိလစ်ပိုင်အမျိုးသမီးသူနာပြု အယ်ဒီဘိုရာရပ်တို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု သိရ၏။ ထိုကျေးရွာသူ ကျေးရွာသားအများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့သူများဖြစ်ကြသည်။

အမည်မသိ လက်နက်ကိုင်များသည် အဘယ်ကြောင့် ခရစ်ယာန်သာသနာပြုအဖွဲ့ဝင်များကို ဖမ်းဆီးခေါ်ဆောင်သွားသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ ယခု သတင်းရေးနေသည့်အချိန်တွင် ဖိလစ်ပိုင်ရဲအဖွဲ့နှင့် ဖိလစ်ပိုင်တပ်မတော်မှ တပ်သားများက ဘောနင်းရှာဖွေလျက်ရှိကြသည်ဟု သတင်းရရှိ၏။ ဖိလစ်ပိုင်အစိုးရ၊ နိုင်ငံခြားရေးဌာနမှတာဝန်ရှိသူများနှင့် မနီလာမြို့ရှိ အမေရိကန်ပြည်ထောင်စု၊ ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများသည် အထက်ဖော်ပြပါ ကျေးရွာသို့ သွားရောက်ခဲ့ကြပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း။

နောက်ဆက်တွဲသတင်း။

ဒေသခံတို့၏ ပြောပြချက်အရ အမည်မသိ လက်နက်ကိုင်များသည် နိုင်ငံရေးအကြမ်းဖက် အဖွဲ့တစ်ဖွဲ့မှဖြစ်နိုင်သည်ဟု သိရှိရကြောင်း။

အထက်ဖော်ပြပါ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာကြီးတွင် ဖော်ပြခဲ့သောသတင်းကိုပင် ဖိလစ်ပိုင်နိုင်ငံရှိ အေပီသတင်းကိုယ်စားလှယ်နှင့် ရိုက်တာသတင်းကိုယ်စားလှယ်များက ကမ္ဘာ့နိုင်ငံအသီးသီးသို့ သတင်းဖြန့်ဝေခဲ့ရာ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာကြီးများက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများကလည်း ထိုသတင်းကိုပင် သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးသားဖော်ပြခဲ့သဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားဖွယ်ဖြစ်ခဲ့သော သတင်းတစ်ပုဒ် ဖြစ်လာသည်။ ရုရှားနိုင်ငံ (ယခင် ဆိုဗီယက်ပြည်ထောင်စု)၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ရုပ်သံလွှင့်ဌာနများကလည်း ထိုသတင်းကို အကျယ်တဝင့် ထုတ်လွှင့်ခဲ့ကြ၏။


အမေရိကန်ပြည်ထောင်စုမှ သြဂတိက္ကမ အကြီးမားဆုံးသတင်းစာကြီးဖြစ်သော ဝါရှင်တန်ပို့(စ်)သတင်းစာကြီးကမူ ထိုသတင်းကို အမျိုးအမည်မသိရသော လက်နက်ကိုင်အဖွဲ့အစည်းများ ဖမ်းဆီးခံရသည့် ခရစ်ယာန်သာသနာပြုဘုန်းတော်ကြီးနှင့် ဇနီးတို့၏ ဓာတ်ပုံများနှင့် ဒေသခံ ဖိလစ်ပိုင်အမျိုးသမီး၏ ဓာတ်ပုံတို့ကိုပါ ဝေဝေဆာဆာ ဖော်ပြ၍ ဤကဲ့သို့ အဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် သာမန်ဒုစရိုက်အဖွဲ့အစည်းများက ဖမ်းဆီးသွားခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသခံရဲနှင့် စုံထောက်အဖွဲ့တို့၏ အကူအညီလိုအပ်သည်ဟု ရေးသားခဲ့သည်။

နယူးယောက်တိုင်း(မ်)သတင်းစာကြီးကမူ ဤကဲ့သို့ သာသနာပြုအဖွဲ့ဝင်များအား ဖမ်းဆီးသွားခြင်းသည် သာမန် ဖြစ်ရိုးဖြစ်စဉ် မှုခင်းဖြစ်နိုင်သလောဟူသည့် အချက်ကိုအလေးအနက်ထား၍ စဉ်းစားရမည်ဖြစ်သည်။ ဤဖြစ်ရပ်သည် အကြမ်းဖက်သမားများ နောက်ကွယ်မှ

www.burmeseclassic.com

www.burmeseclassic.com






ပါဝင်နေသလောဟူသည်ကိုလည်း အထူးစုံစမ်းထောက် လှမ်းရပေမည်ဟု ရေးသားဖော်ပြခဲ့၏။ အထက်ဖော်ပြပါ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးနှင့်ဇနီး၊ ဒေသခံ ဖိလစ်ပိုင်အမျိုးသမီးသူနာပြုတို့အား ဖမ်းဆီးခေါ် ဆောင်သွားသူများသည် "Terroist"ခေါ် အကြမ်းဖက်အဖျက်သမားများလော၊ သို့မဟုတ် ဘာသာရေးအစွန်းရောက် စစ်သွေးကြွများလောဟု အငြင်းပွားဖွယ် ဖြစ်လာခဲ့ရသည်။

Terroist ခေါ် အကြမ်းဖက်သမားများနှင့်ပတ်သက်၍ အလျဉ်းသင့်သဖြင့် အနည်းငယ်ရေးသားဖော်ပြရန် လိုအပ်လာပါသည်။ "Terroism" အကြမ်းဖက်ဝါဒနှင့်ပတ်သက်၍ အယူအဆအမျိုးမျိုးပြောင်းလဲလာသည်ဟု အကြမ်းဖက်သမားများနှင့် အကြမ်းဖက်ဝါဒကို စောင့်ကြည့်လေ့လာသူများကဆိုသည်။ သမိုင်းမှတ်တမ်းအရ "Terroism"အကြမ်းဖက်ဝါဒဟူသော ဝေါဟာရကို ၁၇၈၉ ခုနှစ်၊ ပြင်သစ်နိုင်ငံ၌ ဖြစ်ပွားခဲ့သော ပြင်သစ်တော်လှန်ရေးကြီးအတွင်းက စတင်အသုံးပြုခဲ့သည်ဟု သိရ၏။ ဤတော်လှန်ရေးကြီးအတွင်း ၁၇၉၃ ခုနှစ် နှင့် ၁၇၉၄ ခုနှစ်ကာလကို အကြမ်းဖက်သူများ အာဏာရရှိသည့်ကာလ (Regime dela Terreur)ဟု သမိုင်း သုတေသီများက ကင်ပွန်းတပ်ခဲ့ကြသည်။

ထိုတစ်နှစ်တာကာလအတွင်း အာဏာရခဲ့ကြသော အစွန်းရောက် အကြမ်းဖက်သမားများသည် ပြင်သစ်နိုင်ငံတွင် စိုးမိုးအုပ်ချုပ်ခဲ့သော တစ်ဆယ့်ခြောက်ကြိမ်မြောက် လူဝီဘုရင်နှင့် မိဖုရားကြီးအပါအဝင် မင်းဆွေမင်းမျိုးများ၊ မင်းဆွေမင်းမျိုးတို့နှင့် ခင်မင်ရင်းနှီးသူများအားလုံးအား ပြင်သစ် တော်လှန်ရေးကြီး၏ ရန်သူများ၊ မလို လားအပ်သူများဟု သတ်မှတ်၍ ခေါင်း ဖြတ်သတ်ခဲ့ကြသည်။ ဤအချိန်ကပင် အကြမ်းဖက်ဝါဒသမားများဟူသော ဝေါဟာရကို လူအများက ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ကြသည်။

နှစ်ကာလ ကြာမြင့်လာသည်နှင့် အကြမ်းဖက်အဖျက်သမားများဟူသော ဝေါဟာရကို နိုင်ငံရေးသုတေသီများက သုံးစွဲလာခဲ့သည်။ သူတို့အယူအဆမှာ မိမိ၏ နိုင်ငံရေးရည်မှန်းချက် အောင်မြင်ပေါက်ရောက်ရေးအတွက် အကြမ်းဖက်နည်းမျိုးစုံကို အသုံးပြုလော ခဲ့လျှင် အကြမ်းဖက်အဖျက်သမားဟု ခေါ်သည်။ တရားဝင် ဖွဲ့စည်းတည်ထောင်ထားသော အစိုးရအဖွဲ့ကို ဖြုတ်ချနိုင်ရေး၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရေးကို

www.burmeseclassic.com



ဖန်တီးသူများကို အကြမ်းဖက်ဝါဒီများဟု သတ်မှတ်လေ့ရှိ၏။

ထိုဝါဒကို ထောက်ခံသူများကမူ သူတို့အား တော်လှန်ရေးပြောက်ကျားများ၊ မျိုးချစ်တော်လှန်ရေးသမားများဟု ခေါ်ဝေါ်ခဲ့လိုကြသည်။ မှတ်တမ်းအရ ၁၉၆၈ ခုနှစ်ခန့်ကပင် စတင်၍ ကမ္ဘာ့သတင်းမီဒီယာများကမူ နိုင်ငံတကာအကြမ်းဖက်ဝါဒဟူသော ဝေါဟာရကို အသုံးပြုခဲ့ကြသည်။ ထိုစဉ်က သတင်းမှတ်တမ်းများအရ ကမ္ဘာ့သတင်းမီဒီယာများက အကြမ်းဖက်ဝါဒကိုကျင့်သုံးသည်ဟု အစွပ်စွဲခံရသည့် အသင်းအဖွဲ့ပေါင်း ၁၁ ဖွဲ့ရှိခဲ့သည်ဟု ဆိုသည်။ ထိုအဖွဲ့များတွင် P.L.O ခေါ် ပါလစ်စတိုင်းလွတ်မြောက်ရေးအဖွဲ့မှာ လူသိများ၍ ဟိုးဟိုးကျော်ခဲ့သော အဖွဲ့အစည်းဖြစ်၏။ ထိုနှစ်ကာလ အပိုင်းအခြားများအတွင်း လေယာဉ်များအား အကြမ်းဖက်အပိုင်စီးမှု၊ သံရုံးဝန်ထမ်းများအား တရားမဲ့ ဖမ်းဆီးချုပ်နှောင်ထားမှု၊ သတင်းမီဒီယာသမားများအား ပြန်ပေးဆွဲမှုနှင့် မိမိတို့အဖွဲ့အစည်းအား ဆန့်ကျင်သူများအား ချောင်းမြောင်းလုပ်ကြံ သတ်ဖြတ်မှုများ ဒုနှင့်ဒေးဖြစ်ပွားလာခဲ့သည်။ ပထမတွင် အမေရိကန်ပြည်ထောင်စုမှ မှုခင်းသုတေသီများကမူ ထိုသူတို့အား ဥပဒေချိုးဖောက်သူများ၊ အမှုအခင်းကျူးလွန်သူများဟု ကင်ပွန်းတပ်ခဲ့သော်လည်း နောင်အခါ အကြမ်းဖက်သမားများဟု ကင်ပွန်းတပ်ခဲ့၏။

မှတ်တမ်းအရ
၁၉၆၈ ခုနှစ်ခန့်ကပင်စတင်၍
ကမ္ဘာ့သတင်းမီဒီယာများကမူ
နိုင်ငံတကာအကြမ်းဖက်ဝါဒဟူသော
ဝေါဟာရကို အသုံးပြုခဲ့ကြသည်။
ထိုစဉ်က သတင်းမှတ်တမ်းများအရ
ကမ္ဘာ့သတင်းမီဒီယာများက
အကြမ်းဖက်ဝါဒကိုကျင့်သုံးသည်ဟု
အစွပ်စွဲခံရသည့် အသင်းအဖွဲ့ပေါင်း
၁၁ ဖွဲ့ ရှိခဲ့သည်ဟု ဆိုသည်။

ယနေ့မှတ်တမ်းများအရ အာဖရိကတိုက်၊ အလယ်အရှေ့အာရှနိုင်ငံများနှင့် အာရပ်နိုင်ငံများရှိ အမေရိကန်ပြည်ထောင်စုသံရုံးများသည် မကြာခဏဆိုသကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကြုံတွေ့လာရသည်။ သာဓကအားဖြင့် ၁၉၇၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် အီရန်နိုင်ငံ၊ တီဟီရန်မြို့ရှိ အမေရိကန်ပြည်ထောင်စုသံရုံးအား အကြမ်းဖက်သမားများက ဝင်ရောက်သိမ်းပိုက်၍ သံရုံးဝန်ထမ်း ငါးဆယ်ကျော်အား ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။ အမေရိကန်အစိုးရက ယင်းကိစ္စနှင့် ပတ်သက်၍ အီရန်အစိုးရအား ဆွေးနွေးရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရခဲ့။

၁၉၈၀ ဧပြီလတွင် သံရုံးဝန်ထမ်းများအား ကယ်ဆယ်ရေးအတွက် အမေရိကန်ပြည်ထောင်စုက အင်အားသုံး၍ ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့။ ယင်းဓားစာခံပြဿနာမှာ ၄၄၄ ရက်ကြာမှ ဓားစာခံများကို ပြန်လွှတ်ပေးခဲ့သည်။

ဤတွင် ယခင်က နိုင်ငံရေးအကြမ်းဖက်မှုများကို သာမန်မှုခင်းအဖြစ် ယူဆခဲ့သော အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်သမားများကို စစ်ကြေညာခဲ့ရသည့်အခြေအနေသို့ ရောက်လာခဲ့ရသည်။ အကြမ်းဖက်သမားများကလည်း လေယာဉ်ပျံများ ပြန်ပေးဆွဲခြင်း၊ လူစီးသင်္ဘောများအား ပြန်ပေးဆွဲ၍ ငွေတောင်းခြင်း၊ ဖမ်းဆီးထားသော အကြမ်းဖက်သမားများအား လွှတ်ပေးရန်အတွက် အပြစ်မဲ့ပြည်သူများအား ပြန်ပေးဆွဲခြင်း စသည်တို့ကို အရှိန်မြှင့်၍ ပြုလုပ်ခဲ့ကြ... ၂ ... ရာစု ကုန်ဆုံးကာနီး နှစ်အပိုင်းအခြားများ... ကမ္ဘာ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအသီးသီး၌ နိုင်ငံရေးအကြမ်းဖက်မှုများ မကြားချင်မှအဆုံး ဖြစ်ခဲ့ရသည်။

အရှေ့တောင်အာရှနိုင်ငံအချို့နှင့် အာဖရိကတိုက်နိုင်ငံအချို့တွင် အကြမ်းဖက်သမားများသည် သတင်းစာကြီးများမှ သတင်းထောက်များ၊ နိုင်ငံ့ဝန်ထမ်းများကို ပြန်ပေးဆွဲ၍ ငွေအမြောက်အမြား တောင်းခံသည့် အမှုအခင်းများလည်း မှိုလိုပေါက်လာသည်။ အချို့အကြမ်းဖက် ပြန်ပေးဆွဲမှုတွင် တောင်းဆိုသည့်ငွေကြေးကို ပေးခဲ့သည့်တိုင်အောင် ပြန်ပေးဆွဲခံရသူများအား သတ်ဖြတ်ပစ်ခဲ့ကြသည့် အမှုများလည်း တစ်နေ့တခြား များလာသည်။

သို့ဖြစ်၍ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဖိလစ်ပိုင်နိုင်ငံ၊ ဇန်ဘိုရင်ဂါကျေးရွာတွင် နေထိုင်သော ခရစ်ယာန်သာသနာပြု ဇနီးမောင်နှံနှင့် ဒေသခံ သူနာပြု အမျိုးသမီးတို့အား ဖမ်းဆီးခေါ်ဆောင်သွားမှုသည် ပြန်ပေးဆွဲမှုဖြစ်နိုင်သည်ဟု အမေရိကန်ပြည်ထောင်စု အစိုးရ တာဝန်ရှိသူများက ယူဆခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ စီအိုင်အေအဖွဲ့နှင့် အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့တို့၏ စုံစမ်းထောက်လှမ်းမှုများအရ အထက်ဖော်ပြပါ သာသနာပြုအဖွဲ့အား ဖမ်းဆီးခေါ်ဆောင်သွားသောအဖွဲ့မှာ အဘူဆရပ်(ဖ်)ဆိုသူ အကြမ်းဖက်သမား ခေါင်းဆောင်သော ဘာသာရေးအကြမ်းဖက်သမားအဖွဲ့ဖြစ်သည်ဟု သိရ၏။ အဘူဆရပ်(ဖ်)ခေါင်းဆောင်သော အကြမ်းဖက်သမားများသည် အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့်နီးစပ်သော လူအများကို ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်လေ့ရှိ၏။

သို့ဖြစ်၍ ဖိလစ်ပိုင်နိုင်ငံတွင် ခရစ်ယာန်သာသနာပြုအဖွဲ့ဝင်များအနက် အမေရိကန်ပြည်ထောင်စုသား ခရစ်ယာန်ဘုန်းတော်ကြီး ဇနီးမောင်နှံနှင့် အမေရိကန်ပြည်ထောင်စုသားများ၏ အလိုတော်ရိဟု ယူဆဖွယ်ဖြစ်သော ဒေသခံ ဖိလစ်ပိုင်အမျိုးသမီးသူနာပြုအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်နိုင်သည်ဟု အများက ယူဆခဲ့ကြသည်။ ဒေသခံရဲနှင့်စုံထောက်အဖွဲ့ဝင်များ၊ သောင်းကျန်းမှုနှိမ်နင်းရေး ပြည်သူ့စစ်အဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုရေးအဖွဲ့ဝင်များသည် အချင်းဖြစ်ပွားသည့် ပြည်နယ်၊ တောရပ်၊ ဒေသတစ်နံတစ်လျား ခြေရာချင်းထပ်မျှ ရှာဖွေခဲ့ကြသည်။ ဒေသခံလူများထဲမှ သင်္ကာမကင်းဖွယ်ဟု ယူဆရသူများ၊ အမေရိကန်ပြည်ထောင်စုအား ဆန့်ကျင်သူများ၊ ဒုစရိုက်သမား လက်စလက်နရှိသူများအား ပိုက်စိပ်တိုက် ဖမ်းဆီးအရေးယူမှု ပြုခဲ့သော်လည်း ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသူများ၏ သတင်းအစအန မရခဲ့ပေ။

ရက်သတ္တပတ် သုံးပတ်ခန့် ကြာမြင့်လာခဲ့သော်လည်း အထက်ဖော်ပြပါ အမေရိကန်ပြည်ထောင်စု သာသနာပြုအဖွဲ့ ဖမ်းဆီးခံရမှုမှာ အခြေအနေ တိုးတက်မှုမရှိခဲ့။ ဖမ်းဆီးသွားခဲ့သော အကြမ်းဖက်အဖွဲ့ဟု

**အမေရိကန်ပြည်ထောင်စုသား ခရစ်ယာန်ဘုန်းတော်ကြီး ဇနီးမောင်နှံနှင့် အမေရိကန်ပြည်ထောင်စုသားများ၏ အလိုတော်ရိဟု ယူဆဖွယ်ဖြစ်သော ဒေသခံ ဖိလစ်ပိုင်အမျိုးသမီးသူနာပြုအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်နိုင်သည်. . .**

www.burmeseclassic.com

www.burmeseclassic.com



သတင်း ကြီးနေသော အဘူဆရပ်(ဖ်)အဖွဲ့မှလည်း တစ်စုံတစ်ရာ ဆက်သွယ်ခြင်းမရှိခဲ့။

ဖိလစ်ပိုင်နိုင်ငံမှ ဒေသခံသတင်းစာများနှင့် နိုင်ငံပိုင် ရုပ်သံလွှင့်အစီအစဉ်များကမူ ထိုအမေရိကန်ပြည်ထောင်စု ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးနှင့်ဇနီး၊ ဖိလစ်ပိုင် သူနာပြုဆရာမတို့အား အကြမ်းဖက် ဖမ်းဆီးသွားမှု၌ တာဝန်ရှိသူများ၏ ကြိုးစားရှာဖွေမှုသည် ဖိလစ်ပိုင်နိုင်ငံသမိုင်းတွင် အကြီးကျယ်ဆုံး ရှာဖွေမှုကြီးဖြစ်သည်ဟု ဆိုခဲ့ကြ၏။

အမေရိကန်ပြည်ထောင်စုမှ သတင်းမီဒီယာများကလည်း အမေရိကန်ပြည်ထောင်စု၊ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးဇနီးမောင်နှံအား အကြမ်းဖက် ဖမ်းဆီးခေါ်ဆောင်သွားမှုသည် နိုင်ငံတကာ အကြမ်းဖက်ဝါဒအား အားသွန်ခွန်စိုက် ဦးဆောင်စစ်ကြေညာ၍ တိုက်ခိုက်နေသော အမေရိကန်ပြည်ထောင်စုအား စိန်ခေါ်ခြင်းသာဖြစ်သည်ဟုဆိုကာ အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အိမ်ဖြူတော်အား ပြင်းပြင်းထန်ထန် ဖိအားပေးရေးသားခဲ့ကြသည်။ အိမ်ဖြူတော်မှ တာဝန်ရှိသူများကလည်း ထိုကိစ္စနှင့်ပတ်သက်၍ ထိရောက်သော အရေးယူမှု ပြုလုပ်ရန် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့နှင့် ပင်တဂွန်စစ်ဌာနချုပ်တို့အား တာဝန်ပေးခဲ့သည်။

ပင်တဂွန်စစ်ဌာနချုပ်နှင့် အမေရိကန်ပြည်ထောင်စုအစိုးရ အာဏာပိုင်တို့သည် ဖိလစ်ပိုင်နိုင်ငံသို့ အထူးလေ့ကျင့်ထားသော အကြမ်းဖက်သောင်းကျန်းသူများအား နှိမ်နင်းရေးအဖွဲ့ဝင် တပ်သား ၁၂၀၀ အား စေလွှတ်၍ ဖိလစ်ပိုင်တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များအား အထူးသင်တန်းပေးစေခဲ့သည်။


အက်(ဖ်)ဘီအိုင်အဖွဲ့မှ နာမည်ကြီးစုံထောက်အဖွဲ့ဝင်တစ်ဦးအား မနီလာသို့ စေလွှတ်၍ ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များနှင့် တွဲဖက်၍ ဘာသာရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အဘူဆရပ်(ဖ်)အဖွဲ့နှင့် ချို့ဝှက်စွာ ဆက်သွယ်စေခဲ့သည်။ အဘူဆရပ်(ဖ်)အဖွဲ့ကလည်း ဒေါ်လာ ၃၀၀၀၀၀ (ဒေါ်လာသုံးသိန်း)ရမည်ဆိုလျှင် သူတို့ဖမ်းဆီးထားသော အမေရိကန်ပြည်ထောင်စု ခရစ်ယာန်သာသနာပြု ဇနီးမောင်နှံနှင့် ဖိလစ်ပိုင်အမျိုးသမီးသူနာပြုတို့အား ပြန်လွှတ်ပေးမည်ဟု အရေးဆိုခဲ့သည်။

အတည်မပြုနိုင်သော သတင်းများအရ အဘူဆရပ်(ဖ်)သည် တောင်းဆိုခဲ့သည့်ငွေ ရရှိသော်လည်း ဖမ်းဆီးခေါ်ဆောင်သွားသူများကို ပြန်လွှတ်ပေးခြင်းမပြုခဲ့။ အဘယ်ကြောင့်ဆိုသော် အက်(ဖ်)ဘီအိုင်စုံထောက်မှ ပေးအပ်သောငွေတွင် ဒေါ်လာ ၃၀၀၀၀ (သုံးသောင်း) လျော့နေသည်ဟုဆိုသည်။ ဤကဲ့သို့ သတင်းများထွက်ပေါ်နေချိန်မှာပင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် တောတွင်းတစ်နေရာရှိအဘူဆရပ်(ဖ်)ဌာနချုပ်အား ဝင်ရောက်စီးနင်းခဲ့ရာမှ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲအတွင်း အမေရိကန်ပြည်ထောင်စုသား၊ ခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးဇနီးမောင်နှံအား အကြမ်းဖက်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ ဒေသခံ ဖိလစ်ပိုင်အမျိုးသမီး သူနာပြုဆရာမမှာမူ အကြမ်းဖက်သမားများလက်မှ လွတ်မြောက်လာခဲ့သည်ဟု သိရှိရပါကြောင်း။

လုမိုး (ပညာရေး)

**ကျမ်းကိုး- (၁) *Obama's Wars***

***By. Bob Woodward***




www.burmeseclassic.com

www.burmeseclassic.com


# ဆရာမ ဒေါ်ဓအေးမြတ်ချို B.A (MS)

## (အမျိုးသမီးသီးသန့်) လက္ခဏာဗေဒင် ယတြာအစီအရင်

- မိမိနှောက်ကွယ် ချစ်သူ၊ ခင်ပွန်း ရှုပ်ထွေးခြင်း အမြန်ဆုံးကင်းရှင်းဖို့။
- သားနှင့်သမီး အချစ်ရေးစိတ်မဝင်စား၊ အပေါင်းအသင်းမမှားဘဲ ပညာကြိုးစားဖို့။
- အိမ်ထောင်ရေးဒုက္ခ၊ သောကမှ အမြန်စိတ်ချမ်းသာရဖို့။
- မိမိအိမ်ထောင်ရေး၊ အချစ်ရေးတွင် ဝင်ရောက်နှောင့်ယှက်နေသူရန်မှ ကင်းဝေးဖို့။
- ချစ်ခင်နှစ်သက်သူနှင့် အတူနေထိုင်ရဖို့။
- သားသမီး လိမ္မာယဉ်ကျေးပြီး ဆရာ၊ မိဘ ပြောဆိုစကား နားထောင်ဖို့။

**အမှတ် (၈၄၃)၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။**

**ဖုန်း-၀၉-၄၉၃၃ ၉၈၅၄၊ ၀၉-၅၀၆ ၂၈၄၃**



# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
<u>ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။</u>

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၃


www.burmeseclassic.com

www.burmeseclassic.com




လျှမ်းထက်

# မျိုးချစ်ဖောက်ထွင်းဝိဇ္ဇာ




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ် "တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းကြီး"တွင် "စောရမင်းသား"အမည်ဖြင့် ဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့ပါသည်။ ယင်းဆောင်းပါးတွင် ၂၀ ရာစုခေတ်ဦးက အမေရိကန်ပြည်ထောင်စု၊ ဖောက်ထွင်းဝိဇ္ဇာလောကတွင် လျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်ခဲ့ရသော သော့ဝိဇ္ဇာ၊ သို့မဟုတ် အာမခံသော့များ၊ အာမခံ သေတ္တာများကို ဖျက်နိုင်သော Safe Cracker ခေါ် စောရမင်းသား ဟားဗတ်အီမာဆင်ဝီလ်ဆင်ဆိုသူ၏ စွန့်စားခန်းများအကြောင်း ရေးသားဖော်ပြခဲ့ပါသည်။



ထိုစဉ်က အမေရိကန်ပြည်ထောင်စုတွင် ထူးထူးခြားခြား လူအစည်ကားဆုံးမြို့ကြီးများဟု နာမည်ကျော်ခဲ့သော ချီကာဂိုမြို့၊ ဆန်ဖရန်စစ္စကိုမြို့များရှိ နာမည်ကျော်ဘဏ်တိုက်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ လက်ဝတ်ရတနာဆိုင်များသာမက နယူးယောက်မြို့မှ မိုးမျှော် အဆောက်အအုံကြီးဟု နာမည်ကျော်ကြား လူသိများခဲ့သော အင်ပါယာစတိတ်အဆောက်အအုံကြီးပေါ်ရှိ ရုံးခန်းများရှိ အာမခံမီးခံသေတ္တာများကို ဖျက်ဆီး၍ ရတနာပစ္စည်းများ၊ ငွေများကို ပါးပါးနပ်နပ် ဖောက်ထွင်းခိုးယူနိုင်ခဲ့သူဖြစ်သည်။

သူ့အကြောင်းအား အမေရိကန်ပြည်ထောင်စုမှ စောင်ရေအများဆုံးနှင့် ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးများဖြစ်သော ချီကာဂိုထရီဗြွန်းသတင်းစာ၊ နယူးယောက်တိုင်း(မ်)သတင်းစာ၊ ဝါရှင်တန်ပို့(စ်) သတင်းစာ၊ ဆန်ဖရန်စစ္စကို သံတော်ဆင့်သတင်းစာနှင့် ဘိုစတွန် ကမ္ဘာလုံးသတင်းစာကြီးများက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြလေ့ရှိခဲ့သည်။

သူကား ဖိမ့်ဖိမ့်တုန်အောင် ငွေရှင်ကြေးရှင်၊ ဘဏ်သူဌေးများ ကြောက်ရသူဖြစ်သည်။ ထိုစောရမင်းသားအကြောင်းကို တစေ့တစောင်း ရေးသားဖော်ပြခဲ့ပါသည်။ ကျွန်တော်ရေးသော ဆောင်းပါးများကို ဖတ်ရှုခဲ့သော ကျောင်းသားဟောင်း သင်္ဘောအရာရှိ ကိုနိုင်ဝင်းသည် ပြည်ပခရီးတစ်ခုမှအပြန်တွင် ကမ္ဘာကျော် ဗြိတိသျှ ဖောက် ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်း၏ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ် "Agent Zig Zag"ကို ဝယ်ယူလာခဲ့ပြီး လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။

အယ်ဒီချက်မင်းမှာ ဖောက်ထွင်းဝိဇ္ဇာလောကတွင် ပါရဂူဟု နိုင်ငံတကာက ဖောက်ထွင်းဝိဇ္ဇာများက တညီတညွတ်တည်း စံပြုထားခဲ့သော ဗြိတိသျှအမျိုးသား ဖောက်ထွင်းဝိဇ္ဇာ တစ်ဦးဖြစ်ပါသည်။

မှန်ပါသည်။ မှတ်တမ်းများအရ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖောက်ထွင်းမှုကျူးလွန်သူ၊ ဖောက်ထွင်းဝိဇ္ဇာများတွင် အင်္ဂလန်နိုင်ငံမှ ဖောက်ထွင်းဝိဇ္ဇာများသည် စံနမူနာထားလောက်အောင် တော်ကြသည်ဟု မှုခင်းသုတေသီများက ဆိုကြသည်။ အင်တာပိုလ် ခေါ် ကမ္ဘာ့ရဲအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ ဥရောပတိုက်နိုင်ငံအသီးသီးတွင် ဖြစ်ပွားလေ့ရှိသော ဖောက်ထွင်းမှုများအား ကျူးလွန်လေ့ရှိသူများသည် အင်္ဂလန်နိုင်ငံမှ ဖောက်ထွင်းဝိဇ္ဇာ ပါရဂူများအား ပင့်ဖိတ်၍ အကြံဉာဏ်ယူလေ့ရှိသည်ဟု သတင်းမီဒီယာများအား ထုတ်ဖော်ပြောခဲ့၏။

ယခုရေးသားဖော်ပြမည့် မျိုးချစ်ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်းမှာ အထက်တွင် ဖော်ပြခဲ့သော ဖောက်ထွင်းဝိဇ္ဇာများကဲ့သို့ ဒုတိယကမ္ဘာစစ်ကြီးကာလက ဟိုးဟိုးကျော်ခဲ့သော ဖောက်ထွင်းဝိဇ္ဇာ၊ သော့ဝိဇ္ဇာဖြစ်သည်။ စကော့တလန်ယာဒ် စုံထောက်အဖွဲ့ မှတ်တမ်းများအရ အယ်ဒီချက်မင်းသည် မည်သည့်သော့အာမခံကုမ္ပဏီမှ ထုတ်လုပ်သည့်ထိပ်တန်းသော့များ၊ အာမခံမီးခံသေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



များကိုမဆို အချိန်အနည်းငယ်အတွင်း ဖွင့်နိုင်သည်ဟု သိရ၏။ အချို့နာမည်ကျော် အာမခံကုမ္ပဏီကြီးများက အာမခံဖြင့်ပြုလုပ်သော သေတ္တာများကိုပင် ဖောက်ခွဲဖျက်ဆီးနိုင်သည်ဟု နာမည်ကျော်ခဲ့သည်။ ထိုစဉ်က ခေတ်မီသူခိုးဖမ်းကိရိယာများ တပ်ဆင်ထားသော စတိုးဆိုင်ကြီးများ၊ လက်ဝတ်ရတနာဆိုင်များ၊ ဘဏ်တိုက်များကိုပင် ဖောက်ထွင်းဝင်ရောက် ခိုးယူနိုင်သည်ဟု နာ မည်ကျော်ခဲ့သည်။

အတည်မပြုနိုင်သော သူပြော၊ ကိုယ်ပြော၊ ပါးစပ်ပြော ဂေဇက်များအရ ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်း၏ နောက်ကွယ်တွင် လောကီပညာရှင်တစ်ဦးရှိသည်ဟူ၍လည်းကောင်း၊ အယ်ဒီချက်မင်းသည် ကိုယ်ပျောက်ဖောက်ထွင်းဝိဇ္ဇာတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း ကောလာဟလသတင်းများလည်း ပျံ့နှံ့ခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်းသည် ဒုတိယကမ္ဘာစစ်ကြိုခေတ်က ဟိုးဟိုးကျော်ခဲ့သော ဖောက် ထွင်းဝိဇ္ဇာဖြစ်သည်။

အယ်ဒီချက်မင်းဟုဆိုလျှင် လန်ဒန်မြေအောက်လောကနှင့် ဥရောပတိုက် ဒုစရိုက်လောကတွင် ကိုယ်ပျောက် ဖောက်ထွင်းဝိဇ္ဇာဟု အသိအမှတ်ပြုထားခဲ့ကြသည်။ သတင်းမီဒီယာများကမူ လန်ဒန်မြေအောက်လောက၏ ကေရာဇ်ဟု ကင်ပွန်းတပ်ခဲ့ကြသည်။ ရဲနှင့်စကော့တလန်ယာ့ဒ်စုံထောက်တို့ကလည်း သူ့အား ခြေရာထပ်မျှ ပိုက်စိပ်တိုက် ရှာဖွေခဲ့သော်လည်း ခြေရာဖျောက်နိုင်သူဖြစ်၏။ သူ့အား ဖမ်းဆီးရမိသော်လည်း ရဲနှင့်စုံထောက်တို့က သက်သေခိုင်မာစွာဖြင့် အမှုကိုတည်ဆောက်ကာ တရားစွဲဆိုနိုင်ခြင်း မရှိခဲ့သဖြင့် တရားဥပဒေအရ အပြစ်ပေးနိုင်ခြင်း မရှိခဲ့။ တစ်ခါတစ်ရံ သက်ာ မကင်းဖြစ်မှု၊ အမှုသေး၊ အမှုမွှားများဖြင့်သာ အရေးယူ နိုင်ခဲ့သည်။


သို့သော် အင်္ဂလန်နိုင်ငံထောင်များသို့ မကြာခဏ အလည်ရောက်ခဲ့ရသူဖြစ်သည်။ ဖောက်ထွင်းဝိဇ္ဇာ ကျော်စောမှုနှင့်သာအရေးယူနိုင်ခဲ့သည်။ သူ့ဘဝအစမှာ မှောင်ထဲကစခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ ဖောက်ထွင်းဝိဇ္ဇာ ပါရဂူအယ်ဒီချက်မင်းကို အင်္ဂလန်နိုင်ငံ၊ဒါဟမ်ကျောက်မီးသွေးတွင်းတည်ရှိသော ဘာမိုဖီး(လ်)ကျေးရွာတွင် ၁၉၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ထိုစဉ်က ပထမကမ္ဘာစစ်မီး တောက်လောင်နေသည်မှာ နှစ်လခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ လူကြီးလူငယ်အများမှာ အမိနိုင်ငံနှင့် နေမဝင်သောဗြိတိသျှအင်ပါယာကြီးကို ကာကွယ်ရန် ဘုရင့်တပ်မတော်အတွင်း ဝင်ရောက်ခဲ့ကြရသည်။ ဗြိတိသျှနှင့် မဟာမိတ်တို့သည် ဂျာမနီနိုင်ငံ၏ ကိုင်ဇာဘုရင့်တပ်မတော်ကြီးမှာ တပ်သားပေါင်း နှစ်သန်းကျော်ရှိရကား ပြင်သစ်နိုင်ငံအား ရက်သတ္တပတ် အနည်းငယ်အတွင်း သိမ်းပိုက်နိုင်ပေလိမ့်မည်ဟု မျှော်လင့်တွက်ဆထားကြ၏။ ဤပထမကမ္ဘာစစ်ကြီးအတွင်း အခြားနိုင်ငံများကလည်း ပါဝင်လာခဲ့သည်။ ဗြိတိသျှ၊ ပြင်သစ်နှင့် ရုရှားနိုင်ငံတို့ဘက်မှ ဂျပန်နိုင်ငံပါဝင်လာသကဲ့သို့ အီတလီနိုင်ငံက မဟာမိတ်အဖြစ်ပါ ဝင်လာခဲ့ပြန်သည်။ ဂျာမနီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဟန် ဂေရီနိုင်ငံတို့ မဟာမိတ်ဖွဲ့ထားသော ဗဟိုနိုင်ငံများ (Central Power)များဘက်မှ ဘူလ်ဂေးရီးယားနိုင်ငံနှင့် တူရကီနိုင်ငံတို့ ပါဝင်လာသဖြင့် ပထမကမ္ဘာစစ်ကြီးဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့ကြသည်။

---

**လန်ဒန်မြေအောက် ဒုစရိုက်လောကမှ ဖောက်ထွင်းဝိဇ္ဇာ ပါမောက္ခများနှင့်တွေ့ရာမှ ပင်ကိုဉာဏ်ထက်လှသော အယ်ဒီချက်မင်းမှာ သူ့ဆရာများထက် တပည့်လက်စောင်းထက်သူ ဖြစ်လာသည်**

www.burmeseclassic.com

www.burmeseclassic.com




အင်္ဂလန်နိုင်ငံမှ လူငယ်လူရွယ်များမှာမူ ဘုရင့်ရေတပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းကြသဖြင့် ဥရောပရေ့တန်းစစ်မျက်နှာသို့သွားရောက်ကြရ၏။ အယ်ဒီချက်မင်း၏ ဖခင်ဖြစ်သူ သတ္တုတွင်းအင်ဂျင်နီယာမှာ အသက် ၅၀ ရှိပြီဖြစ်၍ ဘုရင့်တပ်မတော်အတွင်း ဝင်ခွင့်မရခဲ့။ ဖခင်ဖြစ်သူသည် အဖျော်ယမကာဆိုင်တစ်ဆိုင်ဖွင့်ခဲ့ရာမှ အရက်သမားကြီးဖြစ်ခဲ့ရသည်။ သားသမီးသုံးယောက်တွင် အကြီးဆုံးဖြစ်သော အယ်ဒီချက်မင်းအဖို့ ပျော်ရွှင်ကြည်နူးရမည့် မိသားစု၏မေတ္တာ မရခဲ့။ ကျောင်းတွင် အတော်အသင့်ဉာဏ်ထက်သူဖြစ်သော်လည်း သူ၏ထက်မြက်သောဉာဏ်အား ကျောင်းစာသင်ခန်းတွင် အသုံးမပြုတော့ဘဲ အပြင်တွင် အသုံးချခဲ့တော့သည်။

အသက် ၁၇ နှစ်တွင် ဆန်ဒါလင် အင်ဂျင်နီယာကျောင်းတွင်တက်ရောက်ပညာသင်ကြားနေရာမှ ဘုရင့်တပ်မတော်အတွင်း ဝင်ရောက်ခဲ့သည်။ အသက်ငယ်ရွယ်သူလူငယ်ကျောင်းသားတစ်ဦးသာဖြစ်သဖြင့် ဥရောပအနောက်ပိုင်း စစ်မျက်နှာသို့ သွားရောက်ခွင့်မရဘဲ နောက်တန်းပြည်တွင်းမှာပင် တာဝန်ယူခဲ့ရသည်။ အထူးသဖြင့် လန်ဒန်မြို့တော် မျှော်စင်နန်းတော် "Tower of London"အစောင့်တပ်တွင် တပ်သားတစ်ယောက်အဖြစ် အမှုထမ်းခဲ့ရာမှ သူ့ထက်ပညာစုံသော တပ်သားများနှင့် မိတ်ဆွေအပေါင်းအသင်းဖြစ်ခဲ့ရ၏။ သို့ဖြင့် ပညာစုံလာသည်။ ထိုစဉ်က လန်ဒန်မြို့တော်မှ နာမည်ကြီးရပ်ကွက်များဖြစ်သော ဆိုဟိုနှင့် အိ(စ်)အင်ရပ်ကွက်တို့မှာ အယ်ဒီချက်မင်း၏ ကျက်စားရာနယ်မြေဖြစ်ခဲ့သည်။

တပ်မှအားလပ်ချိန်များတွင် အထက်ဖော်ပြပါ ရပ်ကွက်များရှိ ကပွဲရုံများ၊ ပြည့်တန်ဆာအိမ်များသို့ ခြေဦးလှည့်ခဲ့ရာမှ လန်ဒန်မြေအောက်လောကမှ ဒုစရိုက်သမားများနှင့် အပေါင်းအသင်းဖြစ်လာသည်။ ပထမကမ္ဘာစစ် ပြီးဆုံး၍ တပ်မှထွက်ခဲ့သောအခါ အယ်ဒီချက်မင်းမှာ အထက်ဖော်ပြပါ ရပ်ကွက်ကြီးများတွင် အချိန်ပြည့် အပျော်တမ်း မှောင်ခိုရိပ်ခိုသူ ဖြစ်လာသည်။ လန်ဒန်မြေအောက် ဒုစရိုက်လောကမှ ဖောက်ထွင်းဝိဇ္ဇာပါမောက္ခများနှင့်တွေ့ရာမှ ပင်ကိုဉာဏ်ထက်လှသော အယ်ဒီချက်မင်းမှာ သူ့ဆရာများထက် တပည့်လက်စောင်းထက်သူ ဖြစ်လာသည်။ မီးခံသေတ္တာဖျက်သည့်နည်းပညာ၊ သော့မျိုးစုံကို သော့တူနှင့်ဖွင့်နိုင်သည့်နည်းပညာ၊ မည်သည့်အာမခံသော့မျိုးမဆို မိနစ်ပိုင်းအတွင်း ဖျက်နိုင်သည့် ပညာရပ်များတွင် ပါရဂူဖြစ်လာသည်။ လန်ဒန်မြို့တော်ရဲအဖွဲ့က စောင့်ကြည့်ရသည့် ဖောက်ထွင်းဝိဇ္ဇာ ပါရဂူဖြစ်လာခဲ့ရပြီး မကြာခဏ အင်္ဂလန်နိုင်ငံထောင်များအတွင်း အလည်ရောက်ခဲ့ရသူဖြစ်၏။

တစ်ဖက်တွင်မူ ဒုစရိုက်လောကမှ လူမျိုးပေါင်းစုံနှင့် အပေါင်းအသင်းဖွဲ့သူဖြစ်ရကား ဂျာမန်ဘာသာစကားပြော၊ ပြင်သစ်ဘာသာစကားပြောတင်လည်း ဂျာမန်လူမျိုးတစ်ယောက်၊ ပြင်သစ်လူမျိုးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ပြောဆိုနိုင်သည်ဟု သိရ၏။

အယ်ဒီသည် သူနှင့်စိတ်တူ၊ သဘောတူ မြေအောက်လောကမှ ဖောက်ထွင်းဝိဇ္ဇာနှစ်ဦးနှင့်တွဲ၍ ဖောက် ထွင်းဝိဇ္ဇာဂိုဏ်းတစ်ဂိုဏ်း တည်ထောင်ခဲ့သည်။ သုံးယောက်ပေါင်း လောင်းကျော် ဟူသကဲ့သို့ သူတို့ဂိုဏ်းမှာ ဟိုးဟိုးကျော်ခဲ့ရသည်။ အင်္ဂလန်နိုင်ငံ တစ်နံတစ်လျားရှိ မြို့ကြီးများမှ စတိုးဆိုင်များ၊ ရတနာပစ္စည်းရောင်း ချသည့်ဆိုင်များ၊ ဘဏ်တိုက်များကို ပိပိရိရိ ဖောက်ထွင်းခိုးယူနိုင်ခဲ့သဖြင့် သူတို့ဂိုဏ်းအား ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသည်။ စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့၏ မျက်ခုံးမွေးပေါ် စကြံလျှောက်သော ဖောက်ထွင်းဝိဇ္ဇာများ ဖြစ်လာခဲ့သည်။ အယ်ဒီချက်မင်းမှာ အင်္ဂလန်နိုင်ငံတွင် မလိုလားအပ်သူ၊ ပြည်သူ့ရန်သူ အမှတ်(၁)ဟု သတ်မှတ်ခံရသည့် အခြေအနေဖြစ်လာသည်။

စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့ကလည်း သူ့အား မျက်ခြည်မပြတ် စောင့်ကြည့်လေ့ရှိသဖြင့် အယ်ဒီချက်မင်းမှာ စိတ်ပျက်လာခဲ့သည်။ ၁၉၃၉ ခုနှစ်တွင်မူ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာခဲ့ပြီဖြစ်၏။ ဤအတောအတွင်း အယ်ဒီချက်မင်းနှင့်အဖွဲ့သည် လန်ဒန်မြို့၊ နော့တင်ဟီး(လ်)မြို့နယ်၊ အမှတ် ၃၉၊ စိန်လုလမ်းရှိ ရတနာပစ္စည်းဆိုင်တံခါးအား ဒိုင်းနမိုက်ဖြင့်ဖောက်ခွဲ၍ တန်ဖိုးထိုက်တန်သော ရတနာပစ္စည်းများနှင့် မီးခံသေတ္တာအတွင်းမှ ပေါင်စတာလင်ငါးထောင်ကျော်ကို ခိုးယူခဲ့ပြီး တိမ်းရှောင်နေခဲ့ကြသည်။

အကြိမ်ပေါင်းများစွာရဲနှင့်စုံထောက်တို့လက်မှ လွတ်အောင်ရှောင်နိုင်ခဲ့သော အယ်ဒီချက်မင်းတို့ဂိုဏ်းသည် အထက်ဖော်ပြပါ ရတနာပစ္စည်းဆိုင်ခိုးမှုတွင် ခိုးရာပါပစ္စည်းအချို့နှင့်အတူ လက်ပူးလက်ကြပ် ဖမ်းဆီးခံခဲ့ရသည်။

အမှုအသေးအဖွဲများ ကျူးလွန်ခဲ့မှုများနှင့် ဖောက်ထွင်းဝိဇ္ဇာဟု ကျော်စောခဲ့သော အယ်ဒီချက်မင်း၏အဖွဲ့ဝင်များကလည်း ရဲနှင့်စုံထောက်တို့ထံတွင် ဖြောင့်ချက်ပေးခဲ့ကြသဖြင့် အယ်ဒီချက်မင်းအား ပြစ်မှုထင်ရှားသည်ဟုဆိုကာ ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့သည်။ သူ့အား အင်္ဂလန်အကျဉ်းဌာနမှ တာဝန်ရှိသူများကလည်း သူသည် အခြားအကျဉ်းသားများကို စည်းရုံး၍ ထောင်ဖောက်ရန် ကြိုးစားနိုင်သည်ဟု သက်ဆိုင်ရာတို့အား တင်ပြခဲ့ကြသဖြင့် ဗြိတိသျှတရားရေးဌာနသည် အင်္ဂလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံအကြား ရေလက်ကြားအတွင်းရှိ ဂျာစီကျွန်းအကျဉ်းထောင်သို့ ပို့ဆောင်ထားခဲ့၏။

ဤသို့ဖြင့် ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်းမှာ လူသူကင်းဝေးသော ကျွန်းကလေးပေါ်ရှိ အကျဉ်းထောင်တွင် လုံခြုံမှုတင်းကျပ်စွာဖြင့် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာပြီး တစ်နှစ်ခန့်အတွင်း နာဇီဂျာမနီနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးကို အောင်နိုင်ရန် သေချာသလောက်ဖြစ်ခဲ့သည်။ ဒိန်းမတ်၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ လူဇင်ဘတ်တို့အား နာဇီတပ်မကြီးများသည် ရက်အနည်းငယ်နှင့် သိမ်းပိုက်နိုင်ခဲ့သည်။ အစဉ်အလာကြီးမားခဲ့သော ပြင်သစ်နိုင်ငံအား နာဇီဂျာမန်တပ်မများသည် ရက်သတ္တပတ် ၆ ပတ်နှင့် သိမ်းပိုက်နိုင်ခဲ့သည်။ ဗြိတိသျှတို့အား ဥရောပမှ မောင်းနှင်ထုတ်ခဲ့ရာ အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသည်သာမက ဗြိတိသျှရေလက်ကြားရှိ အင်္ဂလန်နိုင်ငံပိုင် ဂျာစီကျွန်းအား ဂျာမန်တပ်မတော်မှ သိမ်းပိုက်နိုင်ခဲ့သည်။ အင်္ဂလန်နိုင်ငံကိုပင် ရက်၊ လ အနည်းငယ်အတွင်း သိမ်းပိုက်နိုင်တော့မည့် အနေအထားဖြစ်ခဲ့၏။ ဗြိတိသျှအကျဉ်းသားဖြစ်ခဲ့သော ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်းခမျာ နာဇီဂျာမန်တို့၏အကျဉ်းသားဖြစ်ခဲ့ရပြန်သည်။

နာဇီထောက်လှမ်းရေးအဖွဲ့ဝင်များသည် အယ်ဒီချက်မင်း၏ရာဇဝင်ကို အသေးစိတ်သိရှိပြီးဖြစ်၍ သူ့အား ဗြိတိသျှအစိုးရဆန့်ကျင်ရေးစိတ်ဓာတ်ရှိသူတစ်ယောက်ဟု မှတ်ယူထားခဲ့ကြရာ သူ့အား ဂျာစီကျွန်းအကျဉ်းထောင်မှ ချက်ချင်း နာဇီဂျာမန်တို့ သိမ်းပိုက်ထားသည့် ပြင်သစ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြသည်။ နာဇီထောက်လှမ်း

www.burmeseclassic.com



ရေးအဖွဲ့ အာဏာပိုင်များကမူ အယ်ဒီချက်မင်းသည် ဉာဏ်ကိုလှွာသုံးတတ်သော ဦးနှောက်ပိုင်ရှင်ဖြစ်သည်၊ ကြံရည်ဖန်ရည်၊ တက္ခဏုပ္ပတ္တိ ဉာဏ်ထက်သောသူ၊ ရုပ်ပြောင်းရုပ်လွှဲသာမက အင်္ဂလိပ်ဘာသာ၊ ဂျာမန်ဘာသာ၊ ပြင်သစ်ဘာသာ စသည်တို့ကို ကျွမ်းကျင်စွာ ပြောတတ်၊ ရေးတတ်သူဖြစ်၍ သူလျှိုတစ်ယောက်တွင်ရှိသော စွမ်းအင်နှင့် ပြည့်စုံသူဟု ယူဆထားသဖြင့် သူ့အား ဂျာမန်သူလျှိုအဖြစ်အသုံးပြုရန် စီစဉ်ခဲ့သည်။

ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်းကလည်း ဂျာမန်သူလျှိုတစ်ယောက်အဖြစ် တာဝန်ယူဆောင်ရွက်ရန် သဘောတူခဲ့သည်။ နာဇီအက်ဘွဲထောက်လှမ်းရေးတပ်ဖွဲ့သည် အယ်ဒီချက်မင်းအား ပြင်သစ်နိုင်ငံတွင်လည်းကောင်း၊ ဂျာမနီနိုင်ငံတွင်လည်းကောင်း သူလျှိုသင်တန်းစနစ်တကျပေးခဲ့သည်။ လျှို့ဝှက်သတင်းပေးပို့သည့်နည်းပညာ၊ လေထီးဖြင့်ဆင်းသက်နည်း၊ မိုက်ကရိုဖလင်ဖြင့် လျှို့ဝှက်သင်္ကေတများရေးသားနည်း၊ လျှို့ဝှက်စာရေးသားနည်း၊ လက်နက်ငယ်ပစ်ခတ်နည်း၊ စစ်ရေးစစ်ရာအချက်အချာကျသော တံတား၊ ရထားလမ်း၊ စက်ရုံ၊ အလုပ်ရုံ၊ လက်နက်သိုလှောင်ရုံများကို ဖောက်ခွဲဖျက်ဆီးရမည့်နည်းများကိုပါ စနစ်တကျ သင်ကြားပေးခဲ့သည်။

ထိုသင်တန်းများ ပြီးဆုံးသည့်နောက် အယ်ဒီချက်မင်းမှာ အမှန်တကယ် စိတ်ချယုံကြည်ရသော ဗြိတိသျှဆန့်ကျင်ရေးသမား၊ ဂျာမန်သူလျှိုဖြစ်ခဲ့ပြီဟု ယုံကြည်စိတ်ချရသည်နှင့် သူ့အား အင်္ဂလန်နိုင်ငံ၊ မန်ဖို့(ဒ်)မြို့ကလေးအနီး လေထီးဖြင့် ဆင်းသက်စေခဲ့သည်။ သူ့တာဝန်မှာ အင်္ဂလန်နိုင်ငံမှ မော်စကွီတို ခေါ် တိုက်လေယာဉ်ပျံများထုတ်လုပ်သည့် ဒီဟဲဗီလင်စက်ရုံအားဖောက်ခွဲဖျက်ဆီးရန်ဖြစ်သည်။ သတ်မှတ်ထားသောနေ့တွင် ဖောက်ထွင်းဝိဇ္ဇာ အယ်ဒီချက်မင်းအား သတ်မှတ်ထားသောနေရာတွင် နာဇီဂျာမန်လေတပ်မတော်မှ လေယာဉ်ငယ်တစ်စင်းက လေထီးဖြင့်ချပေးခဲ့သည်။


အယ်ဒီချက်မင်းသည် ဒုစရိုက်လောကမှ စက်ဆုပ်စရာကောင်းသော ဖောက်ထွင်းဝိဇ္ဇာဖြစ်ခဲ့သော်လည်း နိုင်ငံအတွက် အရေးကြုံလာသောအခါ သစ္စာဖောက်အဖြစ်မခံလို။ သူ့အရည်အချင်းကို နိုင်ငံအတွက် အသုံးပြုရန် ဆုံးဖြတ်ပြီး အင်္ဂလန်မြေနင်းမိသည်နှင့် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၊ အမှတ် ၅ မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သူ မည်သည့်တာဝန်နှင့် အင်္ဂလန်သို့ လာရောက်ခဲ့ရသည်ကို ဖွင့်ဟပြောသည်။ ဆက်သွယ်ရေးပစ္စည်းများ၊ လျှို့ဝှက်ဆက်သွယ်နည်း၊ သတင်းပို့နည်းများကိုပါ အမှတ် ၅ ထောက်လှမ်းရေးအဖွဲ့ကိုပြောပြသဖြင့် ဂျာမန်တို့၏ ထောက်လှမ်းရေးလျှို့ဝှက်ချက်များကို ရရှိခဲ့သည်သာမက အင်္ဂလန်နိုင်ငံရှိ နာဇီထောက်လှမ်းရေးကွန်ရက်ကိုလည်း ဖြိုခွဲနိုင်ခဲ့သည်။

တာဝန်ရှိသူများနှင့်လည်း တိုင်ပင်၍ ဒီဟဲဗီလင်လေယာဉ်ပျံထုတ်လုပ်သည့်စက်ရုံအား ဖောက်ခွဲဖျက်ဆီးသည်ဟု အထင်ရောက်စေရန် စီစဉ်ခဲ့သည်။ အင်္ဂလန်နိုင်ငံမှ သတင်းစာအချို့ကလည်း ထိုစက်ရုံကြီး ဖောက်ခွဲဖျက်ဆီးခံရသည်ဟု သတင်းမှားများ ဖော်ပြပေးခဲ့ရာ နာဇီဂျာမနီ အာဏာပိုင်များက အယ်ဒီချက်မင်းအား သူရဲကောင်းမှတ်တမ်းဝင် သံမဏိကြက်ခြေခတ် ပေးအပ်ခဲ့သည်။ သူ၏ထုတ်ဖော်သတင်းပေးမှုကြောင့် နာဇီဂျာမန်တို့၏ လျှို့ဝှက်ချက်များအကြောင်း၊ ဗြိတိသျှအာဏာပိုင်များက သိရှိခဲ့ရသည်ဟု ဆိုကြပါကြောင်း။ ။

**လှမြင့်ထက်**

ကျမ်းကိုး– Agent Zig Zag

By-B.Macintyre


R267997

burmeseclassic.com

www.burmeseclassic.com



# ချစ်ကိုကိုယူ

## ရှေ့နေကြီးဦးနက်ကျော်နှင့် ပန်းမြိုင်လယ်က ဥယျာဉ်မှူး




"မြတ်ဆရာ ပူဇော်ပွဲ"

"အာစရိယ ပူဇော်ပွဲ"

"သက်ကြီးပူဇော်ပွဲ"

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ မြို့ကြီးပြကြီးများတွင်သာမက ကျေးလက်တောရွာများတွင် တွေ့မြင်ရသောဆိုင်းဘုတ်များဖြစ်၏။ မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံသော ဆိုင်းဘုတ်များဆိုက မှားမည်မဟုတ်။

ရှေ့နေကြီးဦးနက်ကျော်သည် အဆိုပါဆိုင်းဘုတ်များကို မြင်တွေ့တိုင်း မိမိဇာတိမြေ ဆကာကြီးကို သတိရအောက်မေ့မိသည်မှာ ဖော်မပြနိုင်။ လွမ်းဆွေ့ဝေသော မူလတန်းကျောင်းသားဘဝ၊ အလယ်တန်းကျောင်းသားဘဝကိုလည်း ပြန်လည်အမှတ်ရနေမိ၏။

ငယ်စဉ်ဘဝ ကျောင်းတက် ခေါင်းလောင်းသံနှင့်အတူ ပျံ့လွင့်လာသော ဆကာကြီး၊ (၇)ရပ်ကွက်၊ သာသနာ့ရောင်ခြည် ဆွမ်းလောင်းမမှာရုံမှ အသံချဲ့စက်အသံကလည်း တရေးရေးပေါ်လာ၏။

n (ခေါင်းလောင်းသံ တညံညံပေးတဲ့ ရွာကျောင်းကို ပြေးမြင်မိ ရင်သတိ ရနေတယ် သူငယ်ချင်းရေ တို့များ ငယ်ငယ်တုန်းက ရွာအဝင်လမ်းဆီ ကကွယ် လက်ချင်းယှက်ကာ ပြေးကာလွှားကာ ကျောင်းတက်လာကြတာတွေ မေ့နိုင်ပါ့မလား မင်းတို့ငါတို့ ငယ်ငယ်တုန်းကလေ)၂

n ကကြီး ခကွေး ဘယ်လိုရေးပါ ကလေးစရိုက်အရွယ်မို့ ချော့ကာခြောက်ကာ----ပညာသင်ပေးတဲ့ ဆရာများရဲ့ ဂုဏ်ကျေးဇူးတွေ----

n မိုးမလင်းခင်က---------------------- တို့တစ်တွေက တို့ရွာမှာနေ----မင်းတို့တစ်တွေက မြို့ကြီးတွေဆီမှာရောက်နေ--------ဟေ့ သူငယ်ချင်းရေ

n ဟေ့ သူငယ်ချင်းရေ---------------လွှကိုင် တူကိုင် နိုင်ရာတာဝန်ထမ်း------ မင်းတို့ငါတို့ သူငယ်ချင်းတွေ

n ကြည်းရေလေ တပ်မတော်အတွင်းက သူငယ်ချင်းတွေ----- တောကြားတောင်ကြား မရှောင်ရှား--အများအတွက်ဖြင့် အသက်ကိုစွန့်လို့နေ---------

n ဟေ့ သူငယ်ချ ်းရေ ထိုမှတစ်ဝ ဂီတနဲ့ အနုပညာနယ်မြေ------ရေးကဆိုတီး---ကလောင်ကိုကိုင်စွဲ----ကျောင်းတုန်းက မြူးပျော်လက်တွဲ သူငယ်ချင်းများပါပဲလေ

n ဟိုမှာသည်မှာ ကြည့်ကြစမ်းရယ်လို့ လက်ညှိုးညွှန်ပြ တို့ဘဝအထွေထွေ---- ရွာကျောင်းရဲ့ခေါင်းလောင်းသံက တလွင်လွင်သာမြဲပေ---- လက်ချင်းယှက်ကာ ပြေးကာ လွှားကာ--မေ့ပါနဲ့လား သူငယ်ချင်းရေ

ရှေ့နေကြီး ဦးနက်ကျော်သည် ဆရာ၊ ဆရာမများ၏ ချစ်ခင်မှု [illegible] ခံရသော ကျောင်းသား [illegible]

www.burmeseclassic.com



ယောက်ဖြစ်ခဲ့၏။ မူလတန်းဆရာများ ဖြစ်ကြသည့် ဆရာဦးဘရှင်၊ ဆရာ ဦးတင်အေး၊ ဆရာဦးကျော်၊ ဆရာမများဖြစ်သည့် ဆရာမ ဒေါ်မြင့်စိန်၊ ဆရာမ ဒေါ်ခင်လှလှ စသည်တို့ကိုလည်း ဦးနက်ကျော် လေးစားရှိသေခဲ့သည်။ ထို့အတူ အလယ်တန်းဆရာများဖြစ်သည့် ဆရာဦးအုန်းဖေ၊ ဆရာဦးခင်လှိုင်၊ ဆရာမ ဒေါ်တင်ဥ၊ ဆရာမ ဒေါ်ခင်ညို စသည်တို့ကိုလည်း ဦးနက်ကျော် ရင်ထဲ၌ ရှိနေ၏။ အထက်တန်းဆရာများဖြစ်သည့် ဆရာကြီး ဦးစန်းလွင်၊ ဆရာကြီး ဦးစိန်ဟန်၊ ဆရာ ဦးစိုးမင်း၊ ဆရာ ဦးလှသိန်း၊ ဆရာ ဦးမျိုးလွင်၊ ဆရာ ဦးလွင်ညိုအောင်၊ ဆရာ ဦးသင်းစည်၊ ဆရာ ဦးတင်လှ၊ ဆရာ ဦးအုန်းမြင့်၊ ဆရာ ဦးမြင့်လွင်၊ ဆရာမ ဒေါ်ခင်စန်းရီ(ဓနုဖြူ–တိုင်းရင်းသူ)၊ ဆရာမ ဒေါ်ဝင်းမေ၊ ဆရာမ ဒေါ်အေးသန်း စသည်တို့ကိုလည်း သတိရတိုင်း ကျေးဇူးတရားများကို လွမ်းနေသည် ကတော့အမှန်ပင်။ (စာရေးသူဖော်ပြရန်ကျန်ရှိသော ဆရာ၊ ဆရာမများရှိပါက ခွင့်လွှတ်ရန် အနူးအညွတ်တောင်းပန်ပါသည်။)

ရွှေနေကြီးဦးနက်ကျော်၏ ငယ်ဆရာများအနက် အမှတ်တရ အရှိဆုံးမှာ ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်ဖြစ်၏။ (ဆရာလယ်တွင်းသားစောချစ် ဆကာကြီးအထကသို့ ရောက်စဉ်က ဦးစန်းလွင်အား ပန်းမြိုင်လယ်က ဥယျာဉ်မှူးကြီးပဲဟု မုဒိတာစကားဆိုဖူး၏။) နောက်ဆရာတစ်ဦးမှာ ပထမတန်းနှင့် ဒုတိယတန်း အတန်းပိုင်ဆရာ ဦးကျော်(ယခု ကွယ်လွန်)ဖြစ်ပါသည်။

ဦးနက်ကျော် ၈ တန်းကျောင်းသားဘဝက ဆကာကြီးအလက တွင် တက်ရသည်။ ကျောင်းအုပ်ဆရာကြီးက ဦးစန်းလွင်။ ဆရာကြီးသည် ကျောင်းအုပ်ကြီးဖြစ်သော်လည်း အခြားကျောင်းအုပ်ကြီးအချို့ကဲ့သို့ မိန့်မိန့်ကြီးမနေ။

၈ တန်းကျောင်းသားမှ သူငယ်တန်းကျောင်းသားအထိ တစ်ဦးချင်း ပညာရေးအခြေအနေ၊ မိသားစုအခြေအနေကိုသိအောင်ကြိုးစားပြီး ဆရာစိတ်အပြည့်ဖြင့် ဖြည့်ဆည်းပေးသည်မှာ ထူးခြား၏။ ထိုအချိန်က ဓနုဖြူမြို့နယ်၊ နလကဥက္ကဋ္ဌမှာ ဗိုလ်ကြီးတင်ကြည် (ယခုကွယ်လွန်)။ ဓနုဖြူမြို့နယ် တစ်မြို့နယ်လုံး ရှိ ကျောင်းသားများ ဆံပင်ရှည်မထားရသောခေတ်။ ဦးနက်ကျော် ဆံပင်



ရှည်ထားချင်သော်လည်း ကျောင်းစည်းကမ်းအရ မထားရ။ ရှေ့တစ်လက်မ နောက်ပြောင်ညှပ်ရ၏။ ပုံစံက ကတုံးဆံတောက်ကေ။ အတန်းပိုင်ဆရာ၊ ဆရာမက ဦးစွန်းဖုတ်ကို ပေတံနှင့်ထောက်သည်။ တစ်လက်မထက် ရှည်နေပါက ဆံသဆိုင်သို့ လွှတ်သည်။ ရွှေနေကြီးဦးနက်ကျော် ငယ်စဉ်က ကတုံးဆံတောက်ကေနှင့်သာ ကျောင်းတက်ရ၏။

+ + +

တစ်နေ့တွင်.....

ဦးနက်ကျော် (ထိုအချိန်က ၈ တန်းကျောင်းသားလေး မောင်နက်ကျော်)တို့ ၈ တန်း သိပ္ပံခန်းတွင် အတန်းပိုင်ဆရာ ခွင့်ယူထား၍ ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်သည် မြန်မာစာအချိန် ပေါက်ချလာ၏။ ဆရာကြီးက အတန်းထဲရောက်သည်နှင့်.....

"တပည့်တို့ မြန်မာစာဘယ်ရောက်ပြီလဲ" ဟု မေးသည်။

ထိုအခါ အာသွက်လျှာသွက် ရှေ့နေဖြစ်မည့် မောင်နက်ကျော်က ကမန်းကတန်းထ လက်ပိုက်ပြီး....

"ဆရာကြီး ဆုံးပြီ"

ဟု အော်ပြောလိုက်ရာ ကျောင်းအုပ်ဆရာကြီး မျက်စိမျက်နှာပျက်သွား၏။ အတန်းရှေ့မှ မောင်နက်ကျော်တို့ခုံတန်းသို့ တုတ်ကလေး ဝှေ့ယမ်းပြီး လျှောက်လာသည်။ မောင်နက်ကျော် အငယ်တန်းစကားပြေစာအုပ်ကို ကပျာကယာ လှန်သည်။ တစ်နေရာတွင် လက်ကလေးဖြင့် ဖိထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


"စောစောက ဘာပြောတာလဲ"

ကျောင်းအုပ်ကြီး ဦးစန်းလွင်အသံက ပျော့ပျော့ပျောင်းပျောင်းလည်းမဟုတ်သကဲ့သို့ ခပ်မာမာကြီးလည်းမဟုတ်။ မောင်နက်ကျော်က ပြုံးပြီး.....

"ဒီမှာ ဆရာကြီး၊ ကျွန်တော်တို့အတန်းပိုင်ဆရာ ဦးမောင်အေး မနေ့ကပဲ သင်သွားတယ်၊ ဆရာကြီးဆိုတဲ့ ဆောင်းပါး အဆုံးသတ်သွားပါပြီ"

ဟု စာအုပ်ကိုထောက်ပြီး စပ်ဖြဲဖြဲဖြင့် ပြလိုက်ရာ ဆရာကြီး တစ်ချက်ပြုံးသွားလေသည်။

ဆရာကြီး ဦးစန်းလွင်သည် မောင်နက်ကျော်၊ မောင်ကျော်စိုး၊ မောင်ဇော်လင်း၊ မောင်ဇော်ဝင်းတို့ ထိုင်ခုံဘေး ထရံတွင် ရေးခြစ်ထားသော ပေါက်ကရပုံများ၊ စာများကို ဖတ်ပြီး အတန်းရှေ့ထွက်လာ၏။

"တပည့်တို့ကို ဆရာကြီး အတွေ့အကြုံတစ်ခုကို အရင်ပြောမယ်၊ ဆရာကြီး ရန်ကုန်ရောက်တုန်းက လမ်းဘေးအိမ်သာကို ဝင်ရတယ်၊ အန္တရာယ်ကို မလွယ်နိုင်ဘူးပေါ့ကွာ၊ အဲ..အိမ်သာထဲရောက်တော့ ဖတ်စရာ စာစောင်၊ စာအုပ်မပါသွားတော့ ဟိုကြည့်၊ ဒီကြည့်ပေါ့ကွာ၊ ဆရာကြီးရှေ့ အိမ်သာတံခါးမှာ မင်ပြာနဲ့ရေးထားတဲ့ စာတန်းကိုဖတ်ပြီးစိတ်ဝင်စားသွားတယ်"

တစ်တန်းလုံး ငြိမ်နေသည်။

"ဘာရေးထားသလဲဆိုတော့ ...ဘယ်ဘက်ကို ကြည့်လိုက်ပါ ...ဒါနဲ့ ဆရာကြီးလည်း ဘယ်ဘက်ကို ငဲ့ကြည့်လိုက်တယ်၊ ဘယ်ဘက်မှာ ဘာရေးထားသလဲဆိုတော့ သင်၏ညာဘက်ကို ပြန်ကြည့်လိုက်ပါတဲ့၊ ဆရာကြီး အရမ်းစိတ်ဝင်စားပြီး ချက်ချင်းပဲ ဆရာကြီးရဲ့ ညာဘက်က နံရံမှာရေးထားတဲ့စာကို ဖတ်လိုက်တယ်၊ ဘာရေးထားတယ်ထင်လဲ"

ဆရာကြီးဦးစန်းလွင်က တပည့်များ၏အသံကိုတောင်းဆိုလိုက်သည်။

"မသိပါဘူး ဆရာကြီး"

မောင်နက်ကျော်အသံက တစ်တန်းလုံး ဟိန်းထွက်သွား၏။

"မောင်ရင့်အဖြေက မှန်ပါတယ်ကွာ၊ အိမ်သာထဲမှာ မောင်ရင်တက်နေတာမှမဟုတ်ဘဲ၊ တက်နေတာက ဆရာကြီးပဲ"

ဆရာကြီးစကားကြောင့် ၈ တန်းကျောင်းသူ၊ ကျောင်းသားလေးများ ပြုံးကြသည်။ ဆရာကြီး ဦးစန်းလွင်စကားက တဖြည်းဖြည်း စိတ်ဝင်စားစရာကောင်းလာ၏။

"ဘာရေးထားသလဲဆိုတော့ သင်၏အနောက်ဘက်ကို လှည့်ကြည့်လိုက်ပါတဲ့၊ ဒါနဲ့ ဆရာကြီးက ဘယ်ပညာရှိ ရေးထားမှန်းမသိတဲ့ စာကို ဆက်ဖတ်ရတာပေါ့ကွာ"

"ဘာတွေရေးထားသလဲ ဆရာကြီး"

မောင်နက်ကျော်က သိချင်ဇောနှင့် မေးလိုက်ရာ ဆရာကြီးက စိတ်မဆိုးသည့်အပြင် သဘောကျသွား၏။ ဆရာကြီးက အိမ်သာအနောက်ဘက်နံရံတွင် ရေးထားသည့်စာတန်းကို ပြောပြလိုက်ရာ ကျောင်းသူကျောင်းသားအားလုံး တခိခိ၊ တခွိခွိဖြစ်နေလေတော့သည်။ အိမ်သာအနောက်ဘက်တွင် မင်ပြာဖြင့် ရေးထားသည်ကတော့.....

"ဟေ့ကောင်...ဘာဖြစ်လို့ ငါ့ခိုင်းတိုင်းလိုက်လုပ်နေရတာလဲ"တဲ့။

"အဟမ်း....."

ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်သည် ကျောင်းသူကျောင်းသားများ၏ ရယ်သံကြားတွင် ချောင်းတစ်ချက်ဟန့်လိုက်၏။ ဆရာကြီး ချောင်းဟန့်သံကြောင့် ရယ်သံများ တိတ်သွားသည်။

"တပည့်တို့ကို အဓိက ဆရာကြီး ပြောချင်တာက တပည့်တို့ ထိုင်ခုံဘေးနံရံတွေမှာ ပေါက်တတ်ကရ ပုံတွေ၊ ပေါက်တတ်ကရစာတွေကို ရေးမယ့်အစား မိမိအတွက် ဗဟုသုတဖြစ်စရာ၊ မှတ်သားစရာ စာသားလေးတွေ ကပ်ထားပြီး အားတဲ့အခါဖတ်ရ အကျိုးမရှိဘူးလားကွာ"

"ရှိပါတယ် ဆရာကြီး"

ယခင်က ကျောင်းသားလေး မောင်နက်ကျော် (ယခု ရှေ့နေကြီး ဦးနက်ကျော်)က ပြန်မေးလိုက်ရာ ဆရာကြီးမျက်နှာ ဝင်းပသွား၏။

"အဲဒီတော့ သတင်းစာတို့၊ မဂ္ဂဇင်းတို့မှာပါတဲ့ ဆောင်းပါးလေးတွေကို တပည့်တို့ရဲ့ခုံဘေး ထရံမှာ ကပ်ထားပြီး အားတဲ့အခါ ဖတ်သင့်တယ်၊ စာဖတ်များလာတော့ တပည့်တို့ စာစီစာကုံးရေးတဲ့အခါ ပိုအဆင်ပြေလာလိမ့်မယ်၊ တဲ့..တစ်တန်းလုံးကို ဆရာကြီးမေးမယ်၊

www.burmeseclassic.com

www.burmeseclassic.com


ဆရာကြီးပြောတဲ့အတိုင်း လုပ်ကြမှာလား၊ ပြောကြပါ''

''လုပ်ပါ့မယ် ဆရာကြီး''

တစ်တန်းလုံးက ပြန်ဖြေကြသည်။ ထိုဖြေကြားသံထဲတွင် မောင်နက်ကျော်အသံက အတက်ကြွဆုံး၊ အကျယ်ဆုံး။

''မောင်နက်ကျော်''

''ခင်ဗျာ.....ဆရာကြီး''


''မင်းရဲ့ဆံပင် ရှည်လာပြီနော်၊ ညှပ်လိုက်ဦး''

''ဟုတ်ကဲ့ပါ ဆရာကြီး၊ လာမယ့်ကျောင်းပိတ်ရက်ကျရင် ညှပ်ပါ့မယ်''

''အေး...အေး၊ ကျောင်းစည်းကမ်းတော့ အတိအကျ လိုက်နာကြကွာ''

''ဟုတ်ကဲ့ပါ ဆရာကြီး''

မောင်နက်ကျော်လက်ကလေး ပိုက်ရင်း ပြောလိုက်သည်မှာ ရှိရှိသေသေ။



နှုတ်ဆက်ပြီး ဆရာကြီး၏အကြည့်များက တစ်တန်းလုံးကို ဝေ့ဝိုက်လိုက်သည်။

မောင်နက်ကျော်၊ မောင်ကျော်စိုး၊ မောင်ဇော်လင်း၊ မောင်ဇော်ဝင်းတို့၏ ထိုင်ခုံဆီသို့ ဆရာကြီး၏ အကြည့်များ ရောက်သွားသည်။ မောင်နက်ကျော်တို့ ထိုင်ခုံဘေးထရံတွင်ကပ်ထားသည့် သတင်းစာတစ်ရွက်က ဆရာကြီးအဖို့ စိတ်ဝင်စားစရာ၊ ပီတိဖြစ်စရာ။

''တယ်တော်ပါလား၊ တနင်္လာနေ့ကပဲ ဆရာကြီး ပြောသွားတယ်၊ ဒီနေ့ မောင်နက်ကျော်တို့ ထရံမှာ သတင်းစာကပ်ထားတယ်၊ အဲဒီလို မှပေါ့ကွ''

ဆရာကြီးဦးစန်းလွင်စကားကြောင့် မောင်နက်ကျော်၊ မောင်ကျော်စိုး၊ မောင်ဇော်လင်း၊ မောင်ဇော်ဝင်းတို့လေးဦးမှာ ပြုံးစိစိ။ မောင်နက်ကျော် ဦးဆောင်ပြီးကပ်ထားသည့် သတင်းစာ စာရွက်မှာ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှဆောင်းပါးတစ်ပုဒ်ဖြစ်၏။ ဆောင်းပါး၏ အဓိကဆိုလိုရင်းမှာ ဆံပင်

+++

သောကြာနေ့၊ ညနေ ၃ နာရီ။

ကာယအချိန်တွင် ကာယဆရာ ခွင့်ယူထားသဖြင့် ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်သည် မောင်နက်ကျော်တို့ ၈ တန်းအခန်းထဲသို့ ဝင်လာ၏။

''မင်္ဂလာပါ''

ကျောင်းသူကျောင်းသားအားလုံး မတ်တတ်ရပ်ပြီး မင်္ဂလာပါဟု ရိုသေလေးစားစွာနှုတ်ဆက်ကြသည်။

''မင်္ဂလာပါ''

ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်ကလည်း မင်္ဂလာပါဟု ပြန်

အရှည်၊ အတိုက အရေးမကြီးကြောင်း၊ ဆံပင်တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ စိတ်ထားသည်သာ အဓိကကျကြောင်း၊ ဆံပင်ရှည်တိုင်း လမ်းသရဲမဟုတ်ကြောင်း၊ လူငယ်များသည်ရိုးသားသောစိတ်ထား ဖြင့် ပညာသင်ရန်လိုအပ်ကြောင်း ရေးသားထားသည့်ဆောင်းပါး။

ကျောင်းအုပ်ဆရာကြီး ဦးစန် လွင်သည် အတန်းအလယ်လျှောက် လမ်းမှနေ၍ မောင်နက်ကျော်တို့ ထိုင်ခုံသို့ တစ်လှမ်းချင်းလျှောက်လာ ၏။ မောင်နက်ကျော်တို့ ထိုင်ခုံဘေး ထရံတွင် ကပ်ထားသည့်စာကို သိ လိုစိတ်စောနေသည်။ မောင်နက် ကျော် ထိုင်နေသည့်နေရာမှ လှမ်း ၍ သတင်းစာစာရွက်ကိုဖတ်သည် သိပ်မသဲကွဲ၍ ထရံနားကပ်ပြီး သေ သေချာချာဖတ်သည်။

ဆရာကြီး ဦးစန်းလွင်သည် သတင်းစာဆောင်းပါးခေါင်းစဉ်ကို အသံလေးထွက်ပြီး ဖတ်လိုက်၏။

''ဆံပင်ရှည်ထားကြပါစို့''

ဆရာကြီးသည် ဆောင်းပါး ခေါင်းစဉ်သာဖတ်ပြီး စာသားများကို ဆက်မဖတ်တော့။ မျက်နှာတစ်ပြင် လုံး နီရဲလာပြီး နဖူးတွင်လည်း ချွေ သီးများစို့လာသည်။

ပြီးနောက် ကျောင်းသားလေ မောင်နက်ကျော် (ယခု ရှေ့နေကြ ဦးနက်ကျော်)ခေါင်းကို တစ်ချက် ပြင်းပြင်းခေါက်ပြီး ပြောလို သည်ကတော့.....

''ခွေးမသား.....ဒါ့ကြောင့်တော ရအောင်ရှာတတ်တယ်''တဲ့။

ချစ်ကိုကို

www.burmeseclassic.com

အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

ဂုဂုအေးအောင်
TMR. 011758(1215)

ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com



# ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

## အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



လောကဌ် လူတိုင်းလူတိုင်းသည် မွေးသည်မှ သေဆုံးသည်အထိကာလအတွင်း အမှတ်တရဖြစ်စေရသည့်အကြောင်းအရာများ၊ မမေ့နိုင်သည့် အဖြစ်အပျက်များ၊ သည်းထိတ်ရင်ဖိုဖွယ်ရာများ စသည်စသည်ဖြင့် အဖြစ်အပျက်များ ကိုယ်စီကိုယ်စီ ရှိကြမည်ထင်ပါသည်။ ကျွန်တော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့စတင်ဝင်ရောက်ခဲ့သည့် ၁၉၇၈ ခုနှစ်မှစ၍ အငြိမ်းစားယူသည်အထိကာလအတွင်း အမြဲတမ်း မမေ့နိုင်သော မှုခင်းများ၊ ကိုယ်တိုင်ကြိုးစားဖော်ထုတ်ခဲ့ရသော မှုခင်းများကိုအမှတ်ရ၊ သတိရနေဆဲဖြစ်ပါသည်။ ယခု အငြိမ်းစားယူပြီးကာလဖြစ်သော်လည်း မိမိတာဝန်ထမ်းဆောင်ခဲ့သည့် ခရိုင်၊ မြို့နယ် ရဲစခန်းများရှိ အမှတ်တရဖြစ်စေသော မှုခင်းများအား စဉ်းစားလိုက်ပါက မျက်စိထဲတွင် ရုပ်ရှင်ပြသကဲ့သို့ အစီအရီပေါ်လာခဲ့ပါသည်။ ထိုသို့သောအဖြစ်အပျက်များထဲမှ ထူးခြားသောအမှတ်တရဖြစ်စဉ်အား ပြန်လည်ရေးဖွဲ့တင်ပြရခြင်းဖြစ်ပါသည်။

၁၉၉၉ ခုနှစ်၊ ကျွန်တော်သည် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးအဖြစ်တာဝန်ထမ်းဆောင်စဉ်ကာလဖြစ်ပါသည်။ ထိုနေ့တစ်နေ့ ကျွန်တော့်ရုံးခန်း၌ရှိနေစဉ် ဆက်သွယ်ရေးစက်တာဝန်ခံ တပ်ကြပ် မြင့်ဦး (ယခုတပ်ကြပ်ကြီး၊ ရဲတပ်ရင်း ၂၆၊ တောင်လေးလုံး)မှာ ကြေးနန်းစာရွက်တစ်ရွက်ကိုင်ပြီး ကျွန်တော့်ရုံးခန်းသို့ ရောက်ရှိလာသည်။ ကျွန်တော့်အား အလေးပြုပြီးသည့်နောက်.....

"ဘာအရေးကြီးကြေးနန်းများဝင်လာလို့လဲ ဆရာမြင့်ဦး"

"အရေးကြီးတယ် မြို့နယ်မှူး၊ ကျွန်တော့်ဆီကို ဝှက်စာ (Cypher Code)နဲ့ပို့တာ၊ အဲဒါ ကျွန်တော် ဝှက်စာဖော်ပြီးချက်ချင်းယူလာပြတာပါ"

တပ်ကြပ် မြင့်ဦးက ကြေးနန်းစာရွက်အား လှမ်းပေးသဖြင့် ကျွန်တော်လည်း ကပျာကယာယူဖတ်လိုက်ပါသည်။ ကြေးနန်းစာတွင်....

"မရ(မိုင်းရှူး)ဒေသ လဆထ (လွိုင်ဆောင်ထောက်)ရဲစခန်းပိုင်နယ်မြေ၊ ဝမ်ကန်ရပ်ကွက်ရှိ ပြည့်တန်ဆာများအား မနရ(မြို့နယ်ရဲတပ်ဖွဲ့မှူး)ကိုယ်တိုင် ဦးစီး၍ စစ်ဆင်ရေးအသွင်ဖြင့် ဖမ်းဆီးရန်၊ ဆောင်ရွက်မှုအခြေအနေ တင်ပြရန်"ဟု ဖော်ပြထားပါသည်။

ကျွန်တော့်စိတ်ထဲတွင် ပြည့်တန်ဆာဖမ်းတာများ သက်ဆိုင်ရာရဲစခန်းမှူးထံ ညွှန်လိုက်လည်း ဖြစ်တာပဲ၊ ဘာဖြစ်လို့များ မြို့နယ်ရဲတပ်ဖွဲ့မှူးဆီ ညွှန်ရတာလဲဟုတွေးမိပါသည်။

သို့သော် ပေးပို့သည့်ကြေးနန်းအား ရိုးရိုးမပို့ဘဲ ဝှက်စာ (Cypher Code)များနှင့်ပို့ခြင်း၊ နောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် ဦးစီးပြီး စစ်ဆင်ရေးအသွင် ဖမ်းဆီးရန်ဟုပါရှိသောကြောင့် ညွှန်ကြားချက်သည် အကြောင်းတစ်ခုခုကြောင့် အရေးကြီးသည်ဟု ကျွန်တော် သုံးသပ်မိခဲ့ပါသည်။

ထို့ပြင်မိုင်းရှူးတောင်ပေါ်ဒေသ ပတ္တမြားတူးဖော်ရာ ဒုပ်ကွက်ဒေသများတွင် ကျွန်တော်တာဝန်မထမ်းဆောင်ခင်ကတည်းကလည်း ဤပြည့်တန်ဆာများ ရှိနိုင်တာပဲ၊ အခုမှ ဘာအရေးကြီးလို့ ဖမ်းခိုင်းရတာလဲလို့ ကိုယ့်ဘာသာကိုယ် စောဒကတက်မိပါသည်။

"ဒါနဲ့ ဆရာမြင့်ဦး ဒီကြေးနန်းကို ဘယ်သူတွေ သိပြီးပြီလဲ"

"ဝှက်စာနဲ့ဝင်လာတာမို့ ကျွန်တော် ဘယ်တပ်ဖွဲ့ဝင်ကိုမှ မပြပါဘူး၊ ကျွန်တော်နဲ့မြို့နယ်မှူး နှစ်ယောက်ပဲသိပါတယ်"

"အေး.....ကောင်းတယ်များ ဒါဆိုရင် ခင်ဗျားလည်း မှတ်လုံပေ

www.burmeseclassic.com

www.burmeseclassic.com

တော့၊ အဲဒီကြေးနန်းစာ ကျွန်တော့်ကိုပေးထားခဲ့''

တပ်ကြပ် မြင့်ဦးလည်း ကျွန်တော့်အား ကြေးနန်းစာပေးပြီး အလေးပြု၍ ပြန်ထွက်သွားပါသည်။ ကျွန်တော်လည်း ကြေးနန်းစာကိုပင် အပြန်ပြန်အလှန်လှန် ဖတ်နေမိပါသည်။ ဘာကြောင့်များ စစ်ဆင်ရေးအသွင်ဖမ်းဆိုင်းနေရတာလဲလို့ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေမိသည်။

ထိုအချိန်က ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးမှာ ရဲမှူးကြီးသိန်းလင်း (ယခု ငြိမ်း)ဖြစ်သည်။ တပ်မတော်မှ ရဲတပ်ဖွဲ့သို့ အသွင်ကူးပြောင်းလာသူတစ်ဦးဖြစ်ပြီး စစ်တပ်ပုံစံအတိုင်း အမိန့်က ပြတ်သားလွန်းပါသည်။ ရဲလုပ်ငန်းများအပေါ်တွင်လည်းစိတ်ဝင်စားမှုရှိပြီး အထက်ကပေးအပ်သည့် တာဝန်များကိုလည်း တိတိကျကျ အကောင်အထည်ဖော်တတ်သူတစ်ဦးဖြစ်ကြောင်းသတင်းစကားများအရ သိရှိထားပါသည်။ ယခုလည်း သာမန်မှုခင်းမျှသာဖြစ်သောပြည့်တန်ဆာဖမ်းဆီးခြင်းအား ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး စစ်ဆင်ရေးအသွင်ဖြင့် ဖမ်းဆီးရမည်ဆိုတော့ ကျွန်တော့်အနေနှင့် ပိုမိုပြီး အလေးထားရမည်ကို သဘောပေါက်မိပါသည်။ တကယ်လို့များ ပြည့်တန်ဆာဖမ်းဆီးခိုင်းသည့် သတင်းအား မိုင်းရှူးတောင်ပေါ် စခန်းဖြစ်သည့်လွိုင်ဆောင်ထောက်ရဲစခန်းမှူး ရဲအုပ် ညွှန့်ရှင် (ယခု ငြိမ်း)သိရှိပြီး တစ်နည်းနည်းဖြင့် ၎င်းနယ်မြေအတွင်း ရှင်းလင်းလိုက်ပါက ပြည့်တန်ဆာများ တစ်ယောက်မျှ မမိနိုင်ပါ။ ထိုသို့ဆိုလျှင် ကျွန်တော့်အား ပြည်နယ်ရဲတပ်ဖွဲ့မှ သံသယမျက်လုံးများနှင့် ဝိုင်းကြည့်ကြမည် ဖြစ်ပါသည်။ လိုအပ်ပါက စုံစမ်းစစ်ဆေးရေးခုံရုံးပင် ဖွဲ့စည်းပြီး ဘာကြောင့်မမိရတာလဲဟု စုံစမ်းစစ်ဆေးကြပေလိမ့်မည်။

ယခုညွှန်ကြားချက်ကြေးနန်းစာအား ဆက်သွယ်ရေးတာဝန်ခံနှင့် ကျွန်တော် နှစ်ဦးသာသိရှိသေးသောကြောင့် ကျွန်တော့်အတွက် ပြင်ဆင်ချိန်များ ရရှိခဲ့ပါသည်။ ကျွန်တော်လည်း တပ်ဖွဲ့ဝင်တစ်ဦးအား မြို့နယ်ရဲတပ်ဖွဲ့မှူး မနက်ဖြန်တွင် မိုင်းရှူးတောင်ပေါ် လွိုင်ဆောင်ထောက်ရဲစခန်းအား သာမန်သွားရောက်စစ်ဆေးမည်ဖြစ်၍ တောင်ပေါ်တက်မည့် ဖိုးဝီးကားတစ်စီးအား နံနက် ၈ နာရီ ရုံးသို့အရောက်လာကြိုရန် ညွှန်ကြားလိုက်ပါသည်။

* * *

နောက်နေ့ နံနက် ၈ နာရီခန့်တွင် ကျွန်တော့်အားလာကြိုသော ဖိုးဝီးကားနှင့် မိုင်းရှူးဒေသ၊ လွိုင်ဆောင်ထောက်ရဲစခန်းသို့ထွက်လာခဲ့ပါသည်။ လမ်းခရီးတွင်လျှိုမြောင်၊ တောတောင်တို့အား မျက်စိဖြင့် ကြည့်ရှုခံစားလာပြီးနောက် နံနက် ၉ နာရီခွဲအချိန်ခန့်တွင် လွိုင်ဆောင်ထောက်ရဲစခန်းသို့ ရောက်ရှိခဲ့သည်။ ရဲစခန်းအဝတွင် စခန်းမှူး ရဲအုပ် ညွှန့်ရှင် (ယခု ငြိမ်း)၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းမြင့် (ဒု


www.burmeseclassic.com

www.burmeseclassic.com



ရဲမှူး၊ သတင်းတပ်ဖွဲ့၊ မြင်းခြံနှင့် အဖွဲ့က ကြိုနေကြပါသည်။ ကျွန်တော် မိုင်းရှူးက ထွက်လာစဉ်က ပင် လက်ကိုင်စက်များနှင့် သတင်းပို့ထားကြသဖြင့် စောင့်နေကြဟန်တူပါသည်။ စခန်းမှူး ရဲအုပ် ညွှန့်ရှင်က ကားတံခါးဖွင့်ပေးပြီး.....

"မြို့နယ်မှူး ကျွန်တော်တို့ဆီက ပြန်သွားတာ မကြာသေးဘူး၊ အခုပြန်တက်လာတယ်ဆိုတော့ ကိစ္စ အထူးများရှိသလား"

"မရှိပါဘူး၊ ဟိုနေ့ကလာတာက အမှုတွဲတွေ (Case Parade) လုပ်တာလေ၊ အခုလာတာက စခန်းသာမန်စစ်ချက်လိုနေလို့၊ ပြည်နယ်ကလည်း အမြန်တောင်းနေတာနဲ့ ပြန်တက်လာရတာပါ"

ကျွန်တော်လည်း စခန်းရုံးခန်းအတွင်း ဝင်ထိုင်ပြီးနောက် သက်ဆိုင်ရာ ရဲစခန်းမှတ်ပုံတင် ၃၊ ၃၂၊ ၂၈ တို့အား စာရေးကြီးထံ တောင်းယူပြီး စားပွဲပေါ်တင်ခိုင်းလိုက်သည်။ ကျွန်တော်က စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့အား.....

"ကဲ.....ခင်ဗျားတို့ လုပ်စရာရှိတာ လုပ်ကြပါ၊ ကျွန်တော့်အနား မနေကြပါနဲ့၊ ကျွန်တော် လိုအပ်ရင် ခေါ်ခိုင်းလိုက်မယ်"

ထိုသို့ပြောလိုက်ရာ ရဲစခန်းမှူးက.....

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်လည်း ကုန်းမြင့်သာယာရပ်ကွက်ဘက် အမှုကိစ္စလေးတစ်ခု စုံစမ်းစရာရှိလို့ သွားခွင့်ပြုပါ"

ရဲစခန်းမှူးက အလေးပြုထွက်ခွာသွားခဲ့သည်။

ရဲစခန်းရုံးခန်းတွင် ကျွန်တော်နှင့် စာရေးကြီး စိန်အောင် (ယခု ငြိမ်း)တို့သာ ကျန်ခဲ့သဖြင့် မှတ်ပုံတင် ၂၀ ကို တောင်းယူကြည့်ပါသည်။ ယခု ၁၉၉၉ ခုနှစ်အတွင်း ပြည့်တန်ဆာအမှု တစ်မှုမှ ဖမ်းဆီးထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ကျွန်တော့်အနေဖြင့် တွေးမိသည်မှာ ပြည့်တန်ဆာလုပ်ငန်းများ မရှိလို့လား၊ ဒါလည်း မဖြစ်နိုင်ပါ။ တောင်ပေါ်ရတနာထွက်ရှိရာဒေသတွင် မြန်မာနိုင်ငံ နယ်အသီးသီးမှ လူမျိုးပေါင်းစုံ ရောက်ရှိစီးပွားရှာနေကြခြင်းဖြစ်၍ အနည်းအကျဉ်းတော့ ရှိနိုင်သည်ဟု ထင်ပါသည်။

ဒါကလည်း သက်ဆိုင်ရာနယ်မြေရဲစခန်းရဲ့ အလုပ်ပဲ။ သို့သော် ကိုယ်နဲ့မဆိုင်သလိုတော့လည်း နေလို့မရပါ။ မိမိတွင်လည်း တာဝန်ရှိသည်ဟု ခံယူထားမိပါသည်။ ညွှန်ကြားချက်ကြေးနန်းစာအရ ဝမ်ကန်ရပ်ကွက်တွင် ပြည့်တန်ဆာဖမ်းနိုင်ခြင်းဖြစ်သဖြင့် ဝမ်ကန်ရပ်ကွက်ကိုတော့ တစ်နည်းနည်းနဲ့ လေ့လာရမယ်လို့ စိတ်ပိုင်းဖြတ်ထားလိုက်၏။

* * *

ညဘက် ၈ နာရီခန့်လောက်တွင် ကျွန်တော့်တွင်ပါလာသည့် ပြောက်ကျားဘောင်းဘီ၊ အင်္ကျီတို့ကို လဲလှယ်ပြီး သေနတ်ကို နောက်ခါးကြားတွင်ထိုးကာ ရဲစခန်းမှထွက်သည့်အခါ စခန်းမှူး ရဲအုပ် ညွှန့်ရှင်က.....

"မြို့နယ်မှူး ဘယ်သွားမှာလဲ၊ ကျွန်တော် နယ်ထိန်းတစ်ဦး ထည့်ပေးလိုက်ရမလား"

"နေပါစေ စခန်းမှူး၊ ကျွန်တော် အပျင်းပြေလမ်းလျှောက်မလို့ပါ၊ လွတ်လွတ်လပ်လပ်သွားချင်လို့ပါ"

ရဲစခန်းမှူးက ကျွန်တော့်ပုံစံကြည့်ပြီး အတွေးတစ်မျိုးပေါက်သည့်ထင်ပါသည်။ ပြုံးစိစိနှင့်ကျန်ခဲ့သည်။

မိုင်းရှူးတောင်ပေါ်ဒေသမှာ တောင်ရိုးခင်တန်းတစ်ခုပေါ်တွင် လမ်းဘေးဝဲယာ အဆောက်အအုံများ ကွက်ပြည့်ဆောက်လုပ်ထားပါသည်။ လမ်းမကြီး‌တစ်ခုသာရှိပြီးစစ်တပ်တောင်ကုန်းအ‌ထိရောက်သည်။ ဝမ်ကန်ရပ်ကွက်၊ ကုန်းမြင့်သာယာရပ်ကွက်များသို့ လ‌မ်းမကြီး၏ လမ်းခွဲများမှတစ်ဆင့်သွားရပြီး ဆိုင်းလျှံဒေသမှာလည်း ‌တောင်အောက်ချိုင့် ဝှမ်းအတွင်းရှိသည်။

ကျွန်တော်ထွက်လာသည့်အချိန်တွင် ကျောက်တွင်းလုပ်ကွက်မှ အလုပ်သမားများ လုပ်ငန်းခွင်နားချိန်၊ ပြန်ချိန်ဖြစ်သဖြင့် လမ်းမကြီးပေါ်တွင် လူများသွားလာလှုပ်ရှားနေချိန်ဖြစ်ပါသည်။ ထို့ပြင် ထမင်းစားကျောက်ဟုခေါ်သော တိုးတိုးတိတ်တိတ် အသေးစားကျောက်ရောင်းဝယ်ရေးလုပ်ငန်းလေးများမှာလည်း ဟိုနေရာတစ်စု၊ ဒီနေရာတစ်စုဖြင့် လုပ်ရှားနေချိန်လည်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**လောပန်း ကျုပ်တို့အိမ်မှာ လားရှိုးဘက်က အသစ်ကလေးတွေ ရောက်နေတယ်၊ ဈေးသိပ်မရှိပါဘူး၊ ဝန်ဆောင်မှုကောင်းတယ်နော်၊ တွေ့တာနဲ့ လောပန်းစိတ်ကြိုက်ဖြစ်သွားလိမ့်မယ်. . .**

Yamaha အမျိုးအစား ကယ်ရီ DT ဆိုင်ကယ်များမှာလည်း ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေချိန်လည်း ဖြစ်ပါသည်။ ဈေးဆိုင်တန်းများကလည်း အချို့ကကုမ္ပဏီကပေးသော မီးဖြင့်တစ်မျိုး၊ ကိုယ်ပိုင်မီးစက်များဖြင့်တစ်ဖုံ ရောင်းဝယ်ဖောက်ကားနေချိန်လည်းဖြစ်ပါသည်။

ကျွန်တော်လည်း အထက်အောက် ပြောက်ကျားဝတ်စုံနှင့်ဖြစ်သဖြင့်ဘေးကလူများကလည်း ကျွန်တော့်ကို မြို့နယ်ရဲတပ်ဖွဲ့မှူးဟု မည်သူမျှ သိရှိကြမည်မထင်ပါ။ လျှာထိုးအညိုရောင်ဦးထုပ်ကို ခပ်စိုက်စိုက်ဆောင်းထားသဖြင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်ဟုပင် ယူဆကြမည်ဖြစ်ပါသည်။ကျွန်တော့်အလုပ်ကလည်း တပ်ဖွဲ့ဝင်များနှင့် အသိမိတ်ဆွေများ မရိပ်မိစေရန် အထူးလိုအပ်သဖြင့် သတိကြီးစွာနှင့် ဘေးဝဲယာကြည့်ပြီး သွားလာလှုပ်ရှားနေရပါသည်။ တကယ်လို့ တပ်ဖွဲ့ဝင်တစ်ဦးဦးကတွေ့ရှိပြီး သူလည်း ကျွန်တော်နှင့် အဖော်လိုက်မည်ဆိုလျှင် ကျွန်တော့်အစီအစဉ် ပျက်ပြားသွားမည်ဖြစ်သည်။ ဝမ်ကန်ရပ်ကွက်သို့သွားသည့်လမ်းချိုး ရောက်သည့်အခါ လမ်းအတိုင်း တဖြည်းဖြည်းလျှောက်လာသည်။ ရပ်ကွက်ဟုဆိုသော်လည်း တောင်စောင်းဆင်ခြေလျှောအတိုင်းအိမ်များ၊ ဈေးဆိုင်များ ဆောက်လုပ်ထားခြင်းဖြစ်၍ ရပ်ကွက်ဟု ခေါ်ဆိုထားခြင်းဖြစ်ပါသည်။

လမ်းအတိုင်း ဆက်လျှောက်လာသည့်အခါ တစ်နေရာအရောက်၌ လူတစ်ဦးမှာ ကျွန်တော့်ဘေးနားရောက်လာပြီး.....

''လောပန်း ကျွန်တော်တို့ဆီမှာ အသစ်ကလေးတွေရောက်နေတယ်၊ ဒီနေ့မှရောက်တယ်၊ လောပန်းဝင်ပါလားခင်ဗျာ''

ထိုသို့ပြောလာသဖြင့် ကျွန်တော်လည်း အံ့အားသင့်သွားသည်။ တစ်ခါမှ ယခုကဲ့သို့ အခေါ်မခံရဘူးသဖြင့်.....

''နေပါစေ ကိုယ့်လူရာ၊ ကိစ္စလေး ရှိသေးလို့ပါ''

ဟု ငြင်းဆိုပြီး ဆင်ခြေလျှောအတိုင်း ဆက်လျှောက်ခဲ့ပါသည်။ ထို သို့ထပ်လျှောက်လာသည့်အခါ ထပ်မံ၍ လူတစ်ဦး ရောက်လာပြီး.....

''လောပန်း ကျုပ်တို့အိမ်မှာ လားရှိုးဘက်က အသစ်ကလေးတွေ ရောက်နေတယ်၊ ဈေးသိပ်မရှိပါဘူး၊ ဝန်ဆောင်မှုကောင်းတယ်နော်၊ တွေ့

www.burmeseclassic.com



တာနဲ့ လောပန်းစိတ်ကြိုက်ဖြစ်သွားလိမ့်မယ်၊ နောက်ပြီး ဆယ်ယောက်လောက်ထဲက လောပန်းကြိုက်တာ ရွေးလို့ရတယ်နော်''

ကျွန်တော်လည်း ယခင်နည်းတူ ထပ်မံအဆွယ်ခံရပြန်သဖြင့်....

''ကိုယ် ဝါသနာမပါလို့ပါကွာ၊ ဟိုအသိအိမ်တစ်အိမ် သွားမလို့ပါ''

ဟု ငြင်းဆန်ပြီး အမြန်ဆက်လျှောက်ခဲ့ပါသည်။

ဘေးဝဲယာသို့ သတိပြုကြည့်လိုက်သည့်အခါ တချို့အိမ်ရှေ့များတွင် ယောကျာ်းလေးငါးဦးခန့် ထိုင်နေသည်ကိုတွေ့ရပြီး အမျိုးသမီးငယ်များမှာလည်း ဝင်/ထွက်သွားလာ လှုပ်ရှားနေသည်ကို သတိပြုမိပါသည်။ ကျွန်တော်လည်း လမ်းဆုံးအထိ ဆက်လျှောက်လာရာ ထပ်မံ၍ လူငယ်တစ်ဦးရောက်လာပြီး ကျွန်တော့်ပုံစံကိုကြည့်၍.....

''လောပန်း.....တစ်ယောက်တည်းပဲလား၊ ကျွန်တော့်ဆီမှာ ရှယ်လေးတွေနော်၊ အပျံစားလေးတွေပဲ၊ ဒီနေ့မှရောက်တာ၊ ဝင်ပါဦး''

ဟု ထပ်မံ၍ ဆွယ်တရားဟောနေပြန်ပါသည်။ ကျွန်တော်လည်း ထပ်မံငြင်းဆို၍ ထွက်လာခဲ့ရာ အိမ်ခြေကျဲသွားပြီး မီးအလင်းရောင်အားနည်းလာသဖြင့်လုံခြုံရေးအခြေအနေမကောင်းနိုင်ဟု ယူဆသောကြောင့် လာလမ်းအတိုင်း ပြန်တက်လာခဲ့ပါသည်။ ထိုအခါကျမှဝမ်ကန်ရပ်ကွက်တောင်စောင်းတလျှောက်နေအိမ်များမှာပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေသည့် နေအိမ်အများစုဟု ထင်မှတ်ခဲ့သည်။ (ယခုအခါ စာရေးသူလည်း မိုင်းရှူးဒေသသို့ ပြန်လည်မရောက်ရှိတော့သဖြင့် ယခင်နှစ်ပေါင်း ၁၅ နှစ်ခန့်က အခြေအနေကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ယခုအခါ ထိုလုပ်ငန်းများ လျော့နည်းနေလောက်ပြီဟု ယူဆရပါသည်။)

လမ်း၏ဘေးဝဲယာအိမ်များကို လျှပ်တစ်ပြက် လေ့လာချက်အရ ပြည့်တန်ဆာလုပ်ငန်း အိမ် ၂၀ ခန့်ဟု စိတ်ထဲမှတ်သားပြီး ရဲစခန်းသို့ ပြန်လာခဲ့ပါသည်။ ကျွန်တော် ရဲစခန်းသို့ရောက်တော့ ည ၁၀ နာရီခန့် ရှိပြီထင်ပါသည်။ ထိုအချိန် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန်းမြင့် ရောက်လာပြီး.....

''ဆရာ ဘယ်ကိုသွားတာလဲ၊ ကျွန်တော့်အဖွဲ့တွေ လိုက်ရှာသေးတယ်၊ စခန်းမှူးကပြောတော့ လမ်းလျှောက်ထွက်သွားတယ်ပြောလို့ ဘယ်မှာမှ ရှာမတွေ့တာနဲ့ ပြန်လာတာ''

''ဘယ်မှမဟုတ်ပါဘူးကွာ၊ ကိုယ့်အသိ မြို့ကသူငယ်ချင်းတစ်ယောက်အိမ်သွားတာပါ၊ အဲဒီမှာပဲ ထမင်းစားခဲ့တယ်''

ကျွန်တော့်အနေနှင့် ထမင်းအငတ်ခံ လိမ်ညာပြောလိုက်ပြီးနောက် ဒုရဲအုပ်သန်းမြင့် ထွက်သွားပြီး ကျွန်တော်လည်း အိပ်ရာဝင်ခဲ့ပါသည်။

ယခု ကျွန်တော်ရောက်ရှိခဲ့သော ဝမ်ကန်ရပ်ကွက်တွင် ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သည့်အိမ် ၂၀ ခန့်ရှိပြီး ပြည့်တန်ဆာအရေအတွက်များနိုင်သည်ဖြစ်၍ မိမိတင်ဖွဲ့အင်အားနှင့် ဖမ်းဆီးရန် ချိန်ဆပက မိမိဘက်က အင်အားအလွန်နည်းနေပါသည်။ ယခုကိစ္စနှင့်ပတ်သက်၍ နယ်မြေစစ်ဗျူဟာမှူးထံ သတင်းပို့ရမည့်တာဝန်ကလည်းရှိသေးသည်။ တကယ်လို့များ စစ်ဗျူဟာမှူးက ဒီကိစ္စတွေဟာ အရင်ကတည်းက ရှိနေတာပဲဗျာ၊ နေပါစေဟုများ ဆိုခဲ့လျှင် ကျွန်တော် ဘယ်လိုမှ ဖမ်းဆီး၍ရမည်မဟုတ်ပါ။ ထိုသို့မဖမ်းဆီးနိုင်ပါက ပြည်နယ်ရဲတပ်ဖွဲ့မှူး၏အမိန့်ကိုလွန်ဆန်ရာကျမည်ဖြစ်ပါသည်။ နောက်နေ့တွင် အခြေချစစ်ဗျူဟာမှူးနှင့်တွေ့ဆုံပြီး ရှင်းလင်းတင်ပြရန် စီစဉ်ထားလျက် အိပ်ပျော်အောင် ဖွတ်အိပ်ချလိုက်ပါတော့သည်။

* * *

နောက်နေ့နံနက်စောစောတွင် ကျွန်တော် လှိုင်ဆောင်ထောက်ရဲစခန်းမှထွက်လာပြီး မိုင်းရှူးရောက်သည့်အခါ စစ်ဗျူဟာရုံးသို့ ချက်ချင်းသွားရောက်ခဲ့သည်။ ရောက်သည့်အခါ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ခင်မောင်စိုး (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန) ရုံးခန်းဘက်သို့သွားပြီး ဝင်ခွင့်တောင်းကာ အလေးပြုဝင်ခဲ့သည်။ ကျွန်တော် အခန်းတွင်းရောက်သည့်အခါ စစ်ဗျူဟာမှူးက.....

''ဆို.....မြို့နယ်မှူးကြီး ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေများ ထူးလို့လဲ''

ကျွန်တော်က အိတ်ထဲတွင်ယူလာသော ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်ကြေးနန်းစာအား ထုတ်ပြလိုက်သည်။ စစ်ဗျူဟာမှူးက ဖတ်ကြည့်ပြီး.....

''ကောင်းတာပေါ့ဗျ၊ ဖမ်းပါ''

ထိုသို့ပြောလိုက်သည့်အခါ ကျွန်တော့်ရင်ထဲတွင် အတိုင်းမသိ ကြည်နူးဝမ်းသာမိပါတော့သည်။ စစ် ဗျူဟာမှူးကြီးက.....

''အဲဒီတော့ ကျွန်တော်ဘာ လုပ်ပေးရမလဲ၊ ပြောပါ''

ဟု အားတက်သရောပြောပါသည်။ ကျွန်တော်က.....

''အဲဒီဝမ်ကန်ရပ်ကွက်ကို ညဘက်မှာ ကျွန်တော်တစ်ဦးတည်း လေ့လာပြီးပါပြီ၊ ပြည့်တန်ဆာလုပ်တဲ့အိမ် ၂၀ ခန့်လောက်ရှိမယ်လို့ ခန့်မှန်းပါတယ်၊ ပြည့်တန်ဆာအရေအတွက်လည်း များမယ်လို့ထင်ပါတယ်၊ ကျွန်တော့်တပ်ဖွဲ့ရဲ့ လှုပ်ရှားနိုင်တဲ့အင်အားက နည်းနေတော့ တပ်အင်အားကူညီပေးဖို့ တင်ပြတာပါခင်ဗျာ''

''ကောင်းပြီလေ၊ ခင်ဗျား ဆောင်ရွက်မယ့် (ယ-၁)အချိန်ကျုပ်ကိုဆက်သွယ်၊ ကျုပ်က တောင်ပေါ်ရှိတဲ့ ဒုတပ်ရင်းမှူးဆီက တပ်စိတ်တစ်စိတ် ထည့်ခိုင်းမယ်၊ ကျုပ်တို့တပ်ကတော့ အထဲမဝင်ဘူးနော်၊ အပြင်ဘက်လုံခြုံရေးကိုပဲ တာဝန်ယူပေးမယ်၊ ဟုတ်ပြီလား''

''ဒီလိုဆို အဆင်ပြေပါတယ်ခင်ဗျ၊ ဒီကိစ္စသိတာကျွန်တော်ရယ်၊ ဗျူဟာမှူးကြီးရယ်၊ ဆက်သွယ်ရေးတာဝန်ခံရယ် သုံးဦးပဲသိပါတယ်၊ တောင်ပေါ်စခန်းမှူးနဲ့ နယ်ထိန်းအဖွဲ့လည်း လုံးဝမသိပါဘူးခင်ဗျာ''

''အေး.....ကောင်းတယ်၊ ခင်ဗျားလိုအပ်တဲ့အချိန် ကျုပ်နဲ့ကြိုတင်ချိတ်ဆက်ပေါ့ဗျာ''

ကျွန်တော်လည်း စစ်ဗျူဟာမှူးကြီးကို အလေးပြုပြီး ပြန်ထွက်လာခဲ့သည်။ ကျွန်တော့်စိတ်ထင် ကျွန်တော့်ခြေထောက်နှင့်မြေကြီး ထိမှထိပါ့မလားဟုထင်ပြီး ကြည်နူးစွာဖြင့် မိမိရုံးခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

ထိုနေ့၊ ထိုရက်ကိုတော့ ကျွန်တော် မမေ့နိုင်ခဲ့ပါ။ ကျွန်တော်၏ နေ့စဉ်မှတ်တမ်းတွင် အကျဉ်းချုပ် မှတ်သားထားနိုင်ခဲ့ပါသည်။

* * *

၁၉၉၉ ခုနှစ်၊ မေလ ၂၂ ရက်၊ စနေနေ့။

ကျွန်တော် ထိုနေ့တွင် လှိုင်ဆောင်ထောက်ရဲစခန်းနယ်မြေ တောင်ပေါ်သို့ ပြန်တက်ခဲ့ပါသည်။ ဒီတစ်ခါတော့ ကျွန်တော်နှင့်အတူ ရုံးမှ အရာရှိ ရဲအုပ် အေးသွင် (သေဆုံး)၊ တပ်ကြပ်ကြီး ထွန်းဝင်း (မိုင်းရှူးမြို့နယ်ရဲတပ်ဖွဲ့)တို့ကိုပါ ခေါ်ဆောင်လာခဲ့သည်။ တောင်ပေါ်သို့ရောက်သည့်အခါ စခန်းမှူး ရဲအုပ် ညွှန့်ရှင်နှင့်အဖွဲ့က ကြိုဆိုနေပြီး ရောက်သည်နှင့်.....

''ဆရာ ဘာကိစ္စများအရေးပေါ်လာပါသလဲ''

''မဟုတ်ပါဘူးဗျာ၊ ---တာဝန်နဲ့ လာတာပါ၊ စုံစမ်းခိုင်းလိုက်တဲ့ကိစ္စလေးတွေရှိလို့ပါ''

စခန်းမှူးလည်း ဘာမှထပ်မပြောတော့ဘဲ ကျွန်တော်တို့အဖွဲ့အား နေရာချပေးပါသည်။

ထိုနေ့နံနက်ပိုင်းတွင် ကျွန်

**တကယ်လို့များ စစ်ဗျူဟာမှူးက ဒီကိစ္စတွေဟာ အရင်ကတည်းက ရှိနေတာပဲဗျာ၊ နေပါစေဟုများ ဆိုခဲ့လျှင် ကျွန်တော် ဘယ်လိုမှ ဖမ်းဆီး၍ရမည်မဟုတ်ပါ။ ထိုသို့ မဖမ်းဆီးနိုင်ပါက ပြည်နယ်ရဲတပ်ဖွဲ့မှူး၏အမိန့်ကို လွန်ဆန်ရာကျမည်ဖြစ်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com


တော်တို့လည်းဟိုယောင်ယောင်၊ ဒီယောင်ယောင်နှင့် အချိန်ဖြုန်းနေပါတော့သည်။ သို့သော် စခန်းမှူးအား ရဲစခန်းရှိတပ်ဖွဲ့ဝင်များအနက် မဖြစ်မနေ တာဝန်ကျတပ်ဖွဲ့ဝင်မှလွဲ၍ ည ၇ နာရီတွင် ရဲစခန်းရုံး၌ တွေ့ဆုံလိုကြောင်း၊ ထို့ပြင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေမှူးများ၊ တောင်ပေါ်ရှိ မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်အားလုံးကိုပါ တွေ့ဆုံလိုကြောင်းနှင့် အသင့်ကြိုတင် အသိပေးထားရန် ညွှန်ကြားလိုက်ပါသည်။

မိုင်းရှူးမြို့တွင်ရှိသော စစ်ဗျူဟာမှူးထံသို့ မိမိတင်ပြထားသည့် လုပ်ငန်းအား ယခုနေ့ည ၉ နာရီ အချိန်တွင် စတင်မည်ဖြစ်ကြောင်းနှင့် လိုအပ်သော လိုအပ်သောလုံခြုံရေးအင်အား ချထားပေးနိုင်ပါရန် တင်ပြသည့်အခါ ယနေ့ည ၈ နာရီခွဲအရောက် ရဲစခန်းသို့တပ်စိတ်တစ်စိတ် စေလွှတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုနေ့ည ၇ နာရီခွဲခန့်အချိန် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေမှူးများ၊ တပ်ဖွဲ့ဝင် ထုတ်နုတ်အင်အားများပါ စုစည်းရောက်ရှိပြီး အင်အား စုစုပေါင်း ၂၅ ဦးခန့် စုစည်းရရှိခဲ့သည်။ တပ်မတော်မှ တပ်စိတ်တစ်စိတ်သည်လည်း ၈ နာရီ ၃၅ မိနစ်အချိန်ခန့်တွင်ရဲစခန်းသို့ရောက်ရှိလာခဲ့သည်။ ရောက်သည်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေမှူးများအားလုံး၊ တပ်ဖွဲ့ဝင်အားလုံးတွင်ပါသော စကားပြောစက်များကို စခန်းမှူးရုံးခန်း၌ စုစည်းလိုက်သည်။

ထိုအချိန်ထိ ကျွန်တော့်အနေဖြင့် ဘာလုပ်မည်ကို ပြောဆိုခြင်းမရှိသေးပါ။ ၎င်းတို့ကိုင်ဆောင်သော စကားပြောစက်များကို သိမ်းဆည်းထားခြင်းကြောင့် သို့လောသို့လောနှင့် တွေးတောနေကြပါသည်။ ကျွန်တော့်ကိုတော့ မမေးကြပါ။ ည ၈ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် စုစည်းရရှိထားသော တပ်ဖွဲ့ဝင်အားလုံးနှင့် ရပ်ကွက်နယ်မြေမှူးများအား.....

''ကဲ.....ကျွန်တော်လုပ်မယ့်ကိစ္စပြောမယ်၊ ကျွန်တော့်ကိုလည်း အထက်က ညွှန်ကြားချက်ပေးလို့ပဲ၊ ဆောင်ရွက်ချက်ကို ပြန်လည်တင်ပြရမှာဖြစ်လို့ တာဝန်ပေးတဲ့ အဖွဲ့တွေအနေနဲ့ သေချာဆောင်ရွက်ကြဖို့လိုပါတယ်၊ တပ်မတော်တပ်စိတ်ကတော့ အပြင်စည်းအနေနဲ့ပဲ လုံခြုံရေးယူပေးထားမယ်၊ အခု ကျွန်တော်ဦးဆောင်ပြီး တစ်ခါတည်းသွားကြမယ်၊ ဟိုရောက်ရင် ကျွန်တော်ပြတဲ့ အိမ်တွေအားလုံးကိုဝင်မယ်၊ အိမ်ပေါ်ရှိသူအားလုံးကို ရဲစခန်းခေါ်လာခဲ့မယ်''

ဟု ပြောလိုက်ပါသည်။ အဖွဲ့များက ယခုအချိန်ထိ ဘာကိုဝင်ရောက်ဖမ်းဆီးမည်ဆိုသည်ကို တိတိကျကျ မသိကြသေးပါ။

ကျွန်တော်ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့်အတူ ဝမ်ကန်ရပ်ကွက်ဘက်သို့ ထွက်လာခဲ့ပါသည်။ ရောက်သည့်အခါ ကျွန်တော် ကြိုတင်လေ့လာထားသော ပြည့်တန်ဆာအိမ်များအား ညွှန်ပြပြီး အိမ်ပေါ်ရှိသူအားလုံး ရဲစခန်းသို့ခေါ်လာရန် အုပ်စုလိုက်ဖွဲ့၍ တာဝန်ပေးအပ်လိုက်ပါသည်။ ထိုအချိန်မှာ ည ၉ နာရီခန့်ရှိပြီဖြစ်ပါသည်။

ကျွန်တော်တို့ ဖမ်းဆီးရေးအဖွဲ့များ စတင်လှုပ်ရှားသည်နှင့် တစ်ပြိုင်နက် ပြည့်တန်ဆာပြုလုပ်သော အိမ်များတွင် ရုန်းရင်းဆန်ခတ်လှုပ်ရှားမှုများ၊ အော်ပြောသံများ၊ ပစ္စည်းသိမ်းသည့်အသံများ၊ မိန်းမချင်းအော်ပြောကြသည့် စကားသံများဖြင့် ဝမ်ကန်ရပ်ကွက်တစ်ခုလုံး ဆူညံစွာ ထွက်ပေါ်လာပါတော့သည်။

ထို့နောက် တောင်အောက်ဘက်မှစ၍ ပြည့်တန်ဆာအိမ်များတွင် တွေ့ရှိသော အမျိုးသမီးများအား နှစ်ယောက်တစ်တွဲ လက်ချိတ်ပြီး ဘေးမှလုံခြုံရေးအစောင့်များ ခြံရံလျက် ရဲစခန်းသို့ ခေါ်လာခဲ့သည်။ ထိုသို့ ကျွန်တော်တို့အဖွဲ့ ဝမ်ကန်ရပ်ကွက်တွင် ပြည့်တန်ဆာများဖမ်းဆီးသည်ဟု သတင်းရလျှင်ရချင်း တောင်ပေါ်တွင် တောင်အောက်သို့ဆင်းသည့် ဆိုင်ကယ်များပေါ်၌ အမျိုးသမီးများတင်လျက် အမြန်မောင်းပြေးကြပါတော့သည်။ ကျန်သည့် ကုန်းမြင့်သာ၊ လွိုင်ဆောင်ထောက်ရပ်ကွက်များမှဟု ယူဆပါသည်။ ရဲစခန်းရောက်ရှိသည့်အခါ လူစစ်ဆေးရာတွင် ပြည့်တန်ဆာခေါင်းလုပ်ကိုင်သူ ၁၄ ဦး၊ ပြည့်တန်ဆာအမျိုးသမီး ၁၇၀ ဦးရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ လွိုင်ဆောင်ထောက်ရဲစခန်းမှာ အဆင့်ရဲစခန်းဖြစ်သောကြောင့် အချုပ်ခန်းမှာ မကျယ်ဝန်းလှပါ။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်တို့ ဝမ်းဆီးရေးအဖွဲ့များ စတင်လှုပ်ရှားသည်နှင့် တစ်ပြိုင်နက် ပြည့်တန်ဆာ မြှုလုပ်သော အိမ်များတွင် ရှန်းရင်းဆန်ခတ် လှုပ်ရှားမှုများ၊ အော်ပြောသံများ၊ ပစ္စည်းသိမ်းသည့် အသံများ၊ မိန်းမချင်း အော်ပြောကြသည့် စကားသံများဖြင့် ဝမ်ကန်ရပ်ကွက် တစ်ခုလုံးဆူညံစွာ ထွက်ပေါ်လာပါ တော့သည်။**

ကျား ၂၀ ခန့်ဆံ့သော အမျိုးသား အခန်းတစ်ခန်းနှင့် မ ငါးဦးခန့်ချုပ် ထားနိုင်သည့် မအချုပ်ခန်းတစ်ခန်း သာရှိပါသည်။ သို့သော်လည်း လူ ၁၇၀ ကျော်ကို ထိန်းသိမ်းထားရ မည်ဖြစ်သဖြင့် အချုပ်ခန်းစင်္ကြံပတ် လည်တွင်ပါ နေရာချထားပြီး အဝင် တံခါးအား သော့ခတ်ပိတ်ထားရပါ သည်။

ကျွန်တော်က အမှုစစ်ဆေး မည့် အဖွဲ့များအား ဖွဲ့စည်းပေးပြီး ညတွင်းချင်း အမှုတွဲများ အပြီး တည်ဆောက်နိုင်းပါသည်။ အမျိုး သမီးတစ်ဦးချင်း၏ ထွက်ချက်များ ကိုလည်း စိစစ်ရေးသားရပါသည်။ ထွက်ချက်များ စိစစ်သည့်အခါတွင်



ပြည့်တန်ဆာဘဝသို့ ရောက်ရှိရ သည့် အောက်ပါအကြောင်းရင်းများ အား တွေ့ရှိခဲ့ရပါသည်–

(က) စီးပွားရေးအရ ကျောက် မျက်ထွက်ရှိရာသို့ အထင်ကြီးလာ ရောက်ပြီး ရသည့်လုပ်အားခနှင့် မလောက်ငသဖြင့် မိမိဘဝကို အဆုံး ရှုံးခံခြင်းဖြင့်လည်းကောင်း၊

(ခ) တောင်ပေါ်တွင် နေထိုင် စားသောက်စရိတ် ကြီးမြင့်မှုကြောင့် လည်းကောင်း၊

(ဂ) အပေါင်းအသင်းများ၏ စေ့ ဆော်တိုက်တွန်းမှုကြောင့်လည်း ကောင်း၊

(ဃ) အများနည်းတူ ဝတ်စား ချင်၍လည်းကောင်း၊

(င) လောဘရမ္မက် ငွေရလိုမှု ကြောင့် မိမိဘဝအား မထူးပါဟု ယူဆပြီး ဘဝကို ငွေနှင့်လဲလှယ်ခဲ့ သောကြောင့်လည်းကောင်း၊

(စ)ငွေကြေးချမ်းသာသူများက မက်လုံးပေး မြှူဆွယ်မှုများကြောင့် လည်းကောင်း၊

(ဆ) ငွေအရင်းအနှီးမလိုဘဲ ငွေအရလွယ်သောကြောင့်လည်း ကောင်း၊

(ဇ) ဝင်ငွေနည်းသဖြင့် မိသား စု စားဝတ်နေရေး ခက်ခဲမှုကြောင့် လည်းကောင်း၊

(ဈ) မူးယစ်ဆေးဝါးသုံးစွဲရန် ငွေလိုအပ်မှုကြောင့်လည်းကောင်း

စသည့်အချက်များ တွေ့ရှိခဲ့ရ ပါသည်။ အချို့မှာ ကလေးငယ်ပါ မိခင်များ၊ မုဆိုးမများ၊ တစ်ခုလပ် များ၊ မူးယစ်ဆေးစွဲနေသူများ၊ အပျို

www.burmeseclassic.com



အရွယ်များကိုပါ စိစစ်တွေ့ရှိခဲ့ရပါသည်။ ဖမ်းဆီးခေါ်ဆောင်လာသော ပြည့်တန်ဆာအမျိုးသမီးအချို့မှာ မူးယစ်ဆေးသုံးသူများပါလာသဖြင့် ယင်းထပြီး မူးဝေ၊ အော့အန်ကြသောကြောင့် ဆရာဝန်ပင့်၍ ကုသပေးခဲ့ရသည်။

တစ်ညလုံး အချုပ်ခန်းကျဉ်းကျဉ်းလေးထဲတွင် ငါးပိသိပ်၊ ငါးချဉ်သိပ် ချုပ်ထားရခြင်း၊ ညကတည်းက လိမ်းခြယ်ထားသော မိတ်ကပ်၊ ပေါင်ဒါ၊ ရေမွှေးစသည်များသည် ချွေးနံ့များနှင့်ရောပြီး ရေမချိုးရသဖြင့် ဆိုးရွားသော အနံ့ပေါင်းစုံ ထွက်ပေါ်လျက်ရှိနေပါသည်။

ထိုအချိန်တွင် 'မြွေပူရာကင်းမှောင့်'၊ 'အရေးထဲ အရာပေါ်'ဆိုသလို ကျွန်တော်တို့ ဖမ်းဆီးထားသောပြည့်တန်ဆာအမျိုးသမီးအချို့အား တရားဝင်လက်ထပ်ရန်အလို့ငှာ ပြန်လည်တောင်းဆိုနေသည့် ယောကျ်ားသားများကလည်း ရဲစခန်းရုံးအပြင်တွင် တန်းစီစောင့်နေကြပါသည်။

BURMESE CLASSIC .com

* * *

ကျွန်တော့်အနေဖြင့် တစ်ညလုံး အိပ်ရေးပျက်သည့်ဒဏ်၊ လာရောက်တောင်းဆိုနေကြသည့် သတို့သားများကိုလည်း ရှင်းပြနေရသဖြင့် အတော်ပင် စိတ်ပန်းလူပန်းဖြစ်နေပါတော့သည်။ တရားရုံးမှာ မိုင်းရှူးမြို့တွင်ရှိသဖြင့်တရားခံ ၁၇၀ ကျော်အား တောင်အောက်သို့သယ်ယူရန် အခက်အခဲရှိသဖြင့် မြို့နယ်တရားသူကြီးအား တောင်ပေါ်တွင် တရားရုံးထိုင်ပေးပါရန် အကူအညီတောင်းခံခဲ့ရပါသည်။ ကျွန်တော့်တပ်ဖွဲ့ဝင်များမှာလည်း ပြည့်တန်ဆာ ၁၇၀ ကျော်၏ တရားခံကိုယ်ပိုင်သွင်းတန်း၊ ထွက်ချက်များ၊ အမှုတွဲလိုအပ်ချက် စာရွက်စာတမ်းများ ပြည့်စုံစွာ ဆောင်ရွက်ရသဖြင့် ဖမ်းဆီးပြီး နောက်နေ့တစ်နေ့လုံး မအားကြရပါ။ မြို့နယ်တရားသူကြီးကလည်း ညနေဘက်မှသာ တောင်ပေါ်သို့ ရောက်ရှိလာသဖြင့် အမှုတွဲအား လက်ခံမှုသာပြုနိုင်ပြီး စစ်ဆေးနိုင်ခြင်းမရှိခဲ့ပါ။

ပြည့်တန်ဆာအမျိုးသမီး ၁၇၀ ကျော် ချုပ်နှောင်ထားသည့်အခန်းမှ ရေမချိုးရသည့်အနံ့များအား စာဖတ်သူများ စိတ်ကူးနှင့်ခံစားကြည့်ပါက မည်သည့်အနံ့များ ထွက်ရှိနေမည်ကို စဉ်းစားသင့်ကြပါသည်။ ထိုနေ့ညဉ့်လည်း ငါးပိသိပ်၊ ငါးချဉ်သိပ် အနံ့ပေါင်းစုံဖြင့် တစ်ညတာကိုဖြတ်သန်းခဲ့ရပါသည်။

နောက်နေ့တွင် ရဲစခန်းရုံးခန်း၌ပင် တရားရုံးထိုင်ပြီး ပြည့်တန်ဆာခေါင်းများအား ထောင်ဒဏ် ငါးနှစ်စီနှင့် ကျန်ပြည့်တန်ဆာများအားလုံးကို နယ်နှင်ပြစ်ဒဏ်ပေးခဲ့ပါသည်။ ထိုအခါ ကျွန်တော့်အနေဖြင့် တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ လွိုင်လင်ဘက်သို့ ပြန်ကြမည့် အမျိုးသမီးစာရင်းများကောက်ယူပြီး သက်ဆိုင်ရာ နယ်မြေရဲစခန်းများသို့ ကြေးနန်းဖြင့် ပေးပို့ခဲ့ရပါသည်။

ထို့ပြင် နယ်နှင်ဒဏ်ပေး[illegible]က်သော ပြည့်တန်ဆာများအား [illegible]မ်းတွင် သုံးစွဲနိုင်ရန်အတွက် မြို့[illegible]ယ်အုပ်ချုပ်ရေးမှူး ဦး---နှင့် ညှိနှိုင်း[illegible]ပြီး အလှူခံကာ တစ်ဦးလျှင် ကျပ် ငါးရာနှုန်း၊ ကျပ် တစ်ထောင်နှုန်းစသည်ဖြင့် ထောက်ပံ့ပေးခဲ့ရသည်။ မိုင်းရှူးမြို့နယ်၊ နယ်စပ်သို့ သွားရောက်ပို့ရမည်ဖြစ်သဖြင့် ထော်လာဂျီ ငါးစီးကိုလည်း ရဲစခန်းရှေ့တွင်ထိုးပြီး ကားများပေါ် ခွဲတင်၍ နယ်စပ်သို့ အမြန်ရှေးရှု မောင်းနိုင်းရပါတော့သည်။

ကျွန်တော်၏ လုပ်သက်တစ်လျှောက်တွင် ဤမျှလောက် များပြားသော ပြည့်တန်ဆာများကို ယခုတစ်ကြိမ်သာ ဖမ်းဆီးရမိဘူး၍ မှတ်တမ်းအဖြစ် မမေ့မပျောက် အမှတ်တရကျန်ရှိနေခြင်းဖြစ်သည်။ ထိုအချိန်၊ ထိုအခါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နယ်မြေခံအုပ်ချုပ်သူများနှင့် ပြည်နယ်ရဲတပ်ဖွဲ့တို့၏ ညွှန်ကြားချက်များအပေါ် တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်အခြေအနေမှန်များအား သိရှိလေ့လာနိုင်ရန်အတွက် ပြန်လည်ရေးဖွဲ့ထားရခြင်းဖြစ်ပါသည်။

(မိုင်းရှူးမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ပါဝင်ပတ်သက်ခဲ့သော တပ်ဖွဲ့ဝင်များအား အမှတ်ရလျက်။)

[illegible] ဝင်းဦး (ငြိမ်း)

www.burmeseclassic.com

www.burmeseclassic.com



# မောင်သာမန် (ဇီးကုန်း)

# ဖွဲ့ရှုသည်းလေသော မိုးစက်များ

www.burmeseclassic.com

www.burmeseclassic.com


□

တစ်နေ့ကုန် ပူထားလေသမျှ နေညိုချိန်ရောက်သည့်အခါတွင်မူ မိုးသားတိမ်လိပ်များသည် လေရိုင်းနှင့်အတူ ရွေ့လျားရောက်ရှိလာ၏။ မကြာခင် မိုးရွာဦးတော့မည်။ မိုးရွာခြင်းကို ခင်သက်နှင်းတစ်ယောက် ကြိုက်နှစ်သက်လှ၏။ ညအချိန်တွင် သွပ်မိုးပေါ်သို့ တဖြောက်ဖြောက်ကျနေသည့် မိုးစက်မိုးပေါက်တို့သည် သူမ၏ခန္ဓာကိုယ်အား အသံလှိုင်းနှင့်အတူ အအေးဓာတ် ပေးပို့နေသည့်သဖွယ်ဟု သူမကိုယ်တိုင် ထုတ်ဖော်ပြောရသည့်အခြေအနေထွင်ရှိပါ၏။ မိုးစက်မိုးပေါက်တို့၏ သွပ်ပေါ်သို့ကျသည့်သံစဉ်သည် သူ့အတွက် ကဗျာဖြစ်သည်ဟု သူမဆိုင်သို့ လာရောက်၍ ယမကာ သောက်သုံးသူ လူငယ်များအား ပြောလေ့ရှိသည်။ ခင်သက်နှင်းသည် နှစ်ဆယ့်ကိုးနှစ်ခန့်ရှိပြီဖြစ်သော မုဆိုးမတစ်ဦးဖြစ်ပါ၏။

ယခု သူမ ရောင်းချနေသော စားဖွယ်စုံနှင့် အဖျော်ယမကာဆိုင်သည် သူမ၏ခင်ပွန်း ဦးချိုတီးပိုင်ဆိုင်သော စားသောက်ဆိုင်ဖြစ်၍ ချိုတီးခေါက်ဆွဲဆိုင်ဟု နာမည်ကြီးသောဆိုင်ဖြစ်ခဲ့ပါ၏။ သူမ၏ခင်ပွန်း ရုတ်တရက်ဆုံးပါးသွားခြင်းကြောင့် ထိုဆိုင်မှာ ဇနီးသည်ဖြစ်သူ သူမအတွက် ဖြစ်ခဲ့ရသည်ဟု ဆိုနိုင်ပါသည်။ ဦးချိုတီးနှင့် ခင်သက်နှင်းတို့ မည်သို့တွေ့ဆုံ ချစ်ကြိုက်ပေါင်းသင်းခဲ့ရသနည်းဟု မသိသူများက မေးစရာအကြောင်းရှိပါ၏။

BURMESE CLASSIC .com

ဦးချိုတီးနှင့် သူမတို့ တွေ့ဆုံပုံမှာ ထူးဆန်းသည့် အကြောင်းအရာမဟုတ်။ ရိုးစင်းလှပါ၏။ ခင်သက်နှင်းသည် ရန်ကုန်မြို့ကြီးမှ ဆွေမျိုးများရှိရာ ဤမြို့နယ်လေးသို့ အလည်ရောက်လာခဲ့ပါ၏။ သူမ၏ ဆွေမျိုးများထဲမှ အဖော်တစ်ဦးနှင့် ချိုတီးခေါက်ဆွဲဆိုင်သို့ ခေါက်ဆွဲကြော်သွားရောက်ဝယ်ယူရာမှ ခင်သက်နှင်း၏ တောင့်တင်းဖြောင့်စင်းသော ခန္ဓာကိုယ်၊ လှပသော၊ အချိုးအဆစ်ပြေပြစ်သည့် ခန္ဓာကိုယ်၏ ဖွံ့စည်းမှု၊ ပြုံးလိုက်သည့်အခါတိုင်း ပါးချိုင့်ကလေးနှစ်ဖက်မှ ထူးခြားလှပစွာခွက်ဝင်သွားမှုများသည် ဦးချိုတီး၏ နှလုံးသားကို တုန်လှုပ်စေခဲ့သည်။

နှစ်ပေါင်းများစွာ အိပ်စက်နေခဲ့သော ဦးချိုတီး၏နှလုံးသားသည် ခင်သက်နှင်းကြောင့် ပြန်လည်ထကြွ နိုးကြားစေခဲ့ပါ၏။ ဦးချိုတီးဘယ်သွားသွား၊ ဘာလုပ်လုပ် ခင်သက်နှင်း၏ အလှမျက်နှာလေးကို မြင်တွေ့နေရပေ၏။ သို့ဖြင့် အချစ်ဝေဒနာ မခံစားချင်သော ဦးချိုတီးတစ်ယောက် ခင်သက်နှင်းကို ပိုင်ပိုင်ရရှိစေရန် သံခင်းတမန်ခင်းများဖြင့် ဆက်သွယ်ရတော့၏။

သို့ဖြင့် မကြာလိုက်ပါပေ။ ချိုတီးခေါက်ဆွဲဆိုင်ရှေ့၌ မဏ္ဍပ်ထိုး၍ ဦးချိုတီးနှင့် ခင်သက်နှင်းတို့ ထိမ်းမြားလက်ထပ်ခဲ့ကြသည်။ ဦးချိုတီးသည် နတ်မိမယ်တစ်ပါးအား ပိုင်ဆိုင်ထားရသည့်အလား ရွှေသွားများ ဝင်းဝင်းလက်လက်ဖြင့် လူတကာ မြင်တွေ့နိုင်ရန် ရယ်၍ပြုံး၍ ပျော်မဆုံးဘဲ လက်မတထောင်ထောင်ဖြင့် ရှိခဲ့ရပေ၏။

ဦးချိုတီးမှာ ခင်သက်နှင်းနှင့် ဆယ်လလောက်သာ ပေါင်းသင်းရပေလိမ့်မည်။ ဦးချိုတီးတစ်ယောက် သွေးတိုး၊ နှလုံး၊ ကျောက်ကပ်ရောဂါများ တွေ့ကြုံခံစားခဲ့ရ၍ ထိုဝေဒနာများဖြင့်ပင် ခင်သက်နှင်းနှင့် လူ့လောကကြီးအား မျက်ကွယ်ပြု၍ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားရသည်ဟု ဆိုပါ၏။

ဦးချိုတီး ဆုံးပါးတော့ ခင်သက်နှင်းတစ်ယောက် မိမိနည်း

www.burmeseclassic.com

www.burmeseclassic.com

မလို၊ ဝမ်းသာရမလိုဖြင့် ရယ်၍ငို၍မရသောမျက်နှာ ဖြစ်သွားရတော့၏။ ဦးချိုတီး၏ တစ်သက်စားမကုန်သော အတွင်းပစ္စည်းများဖြစ်သည့် ရွှေငွေဥစ္စာများနှင့်တကွ ခေါက်ဆွဲနှင့် ယမကာဆိုင်အား ခင်သက်နှင်း တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရရှိခဲ့ခြင်း ကြောင့်ဖြစ်သည်။

ခင်သက်နှင်းကိုယ်တိုင် ဦးစီးသောယမကာနှင့်စားသောက်ဆိုင်တွင် သူမကိုယ်တိုင် ကောင်တာမှာထိုင်၏။ သူမကိုယ်တိုင် ငွေကိုင်လုပ်၏။ အကြော်ဆရာမှာမူ ဦးချိုတီးလက်ထက်ကပင် အားကိုးရလေသော ဘိန်းစားမောင်တင်ဆိုသူဖြစ်၏။ ဘိန်းစားမောင်တင်သည် တစ်ချိန်တစ်ခါက လူမိုက်တစ်ဦးဖြစ်သော်လည်း ဘိန်းစွဲသည့်နောက်ပိုင်း ဦးချိုတီး၏ဆိုင်၌ အလုပ်သမားအဖြစ် ဝင်လုပ်ခဲ့၏။ ဦးချိုတီး၏ ကိုယ်ရံတော်လူမိုက်ဆိုလည်း ဟုတ်ပါ၏။ ယင်းနောက် ဦးချိုတီးဆိုင်၌ ခေါက်ဆွဲနှင့် အစားအသောက်များ ကြော်လှော်ချက်ပြုတ်ခြင်းကို ဦးချိုတီးက သင်ကြားပေးခဲ့သည့်နောက် ဘိန်းစား မောင်တင်မှာ နာမည်ကျော်သည့် အကြော်ဆရာဖြစ်လာပေတော့၏။ခင်သက်နှင်း၏ဆိုင်တွင် ထော်ကြီးဟူသော လူငယ်စားပွဲထိုးတစ်ဦး ခန့်ထားပါ၏။ ထော်ကြီးဆို၍ လူကောင် ထွားထွားကျိုင်းကျိုင်း မဟုတ်။ အရက်စွဲ၍ ပိန်ကပ်နေသော လူငယ်တစ်ယောက်ဖြစ်၏။

> **ထော်ကြီးသည် စားပွဲထိုးဖြစ်သော်လည်း ဆိုင်ကို ပထမပုံစံ အတိုင်းဖွင့်လို၏။ သို့မှသာ သူ့အဖို့ ကျန်ခဲ့လေသော အရက်စအရက်နများအား စုဆောင်း၍ ပိုင်ရှင်မသိအောင် သောက်ရမည်ဖြစ်ခြင်း ကြောင့်ပင်။**

BURMESE CLASSIC .com

ထိုလူငယ်သည် ဦးချိုတီးရှိစဉ်ကပင် ဦးချိုတီးနှင့် ပြောမနာဆိုမနာ ရှိနေခဲ့သောသူဖြစ်၏။

သူမ၏ ယမကာဆိုင်သို့ လာရောက်စားသောက်ကြသည့်လူများသည် အယုတ်၊ အလတ်၊ အမြတ် စုံသည်ဟု ဆိုရပေမည်။ ဝန်ထမ်း၊ အရာရှိမှစ၍ လူတန်းစားမျိုးစုံ လာရောက်စားသောက်ကြ၏။ တစ်ခုတော့ရှိ၏။ အရက်သေစာသောက်စား၍ မူးယစ်ရမ်းကားမှုများအား ခင်သက်နှင်း လက်မခံ။ ထိန်း၍ သိမ်း၍မရပါက စားဖိုချောင်ထဲမှ ဘိန်းစားမောင်တင် ထွက်လာတတ်သည်။လက်ရဲဇက်ရဲရှိလှသော ဘိန်းစားမောင်တင်အား မြင်လိုက်သည်နှင့် မူးသောရူးသောသူများ ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်ကြ၏။ သို့ဖြင့် ခင်သက်နှင်းသည် ဘိန်းစားမောင်တင်အား ချန်လှပ်မထားဘဲ သူမနှင့်အတူ ဆက်လက်၍ လက်တွဲခဲ့ကြခြင်းဖြစ်၏။

* * *

ခင်သက်နှင်းသည် ယောကျ်ားဖြစ်သူ ဦးချိုတီးရှိစဉ်ကဆိုင်ကို ည ၁၁ နာရီအထိ ဖွင့်လှစ်ခဲ့သော်လည်း ဦးချိုတီး မရှိတော့သည့်နောက် ည ၉ နာရီအထိသာ ဖွင့်လှစ်တော့၏။ ထိုကိစ္စနှင့်ပတ်သက်၍ စိတ်မကြည်မလင်ဖြစ်နေသည်က ထော်ကြီးပင်ဖြစ်၏။ ထော်ကြီးသည် စားပွဲထိုးဖြစ်သော်လည်း ဆိုင်ကို ပထမပုံစံအတိုင်းဖွင့်လို၏။ သို့မှသာ သူ့အဖို့ ကျန်ခဲ့လေသော အရက်စ အရက်နများအား စုဆောင်း၍ ပိုင်ရှင်မသိအောင် သောက်ရမည်ဖြစ်ခြင်းကြောင့်ပင်။ ပိုင်ရှင် ခင်သက်နှင်းက

''ထော်ကြီးနော် အရက်သောက်တာ ကြည့်သောက်၊ ငါ့ဆိုင်မှာ နင်တစ်ခုခုဖြစ်သွားရင် ဆိုင်ကျက်သရေယုတ်နေဦးမယ်၊ အလုပ်ပြီးရင် နင့်ဘာသာ ဘယ်မှာသောက်သောက်''

ထိုစကားသည် ထော်ကြီးအား ခင်သက်နှင်းက ပြောရိုးပြောစဉ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူမ ပြောသောစကားမှာ ဆိုင်တွင်လူများစည်ကားနေချိန်ဖြစ်၏။ လူတကာ၏ ဝိုင်းဝန်းကြည့်ရှုခြင်းကို ခံရသော ထော်ကြီးသည် အရက်သမားတွင်လည်း အရက်သမားသိက္ခာရှိသည်ကြောင့် ခင်သက်နှင်းအပေါ် ငြိုငြင်မှုများစွာဖြစ်ခဲ့ရ၏။ ခင်သက်နှင်းသည် အလုပ်ရှင်ဖြစ်သော်လည်း လူပုံအလယ်တွင် မိမိအား အရှက်ခွဲသည်ဟု ထော်ကြီးတစ်ယောက် ထင်မြင်ယူဆသည်။

"တောက်..နေနှင့်ဦးပေါ့ကွာ"

ထိုသို့ စိတ်ထဲ၌ပင် ကြုံးဝါးနေခဲ့ငြား ပြင်ပတွင်မူ ခင်သက်နှင်းအား မည်သို့မျှ မပြောဆိုခဲ့ပေ။ ငြိမ်လျက်သာနေလေ၏။ သို့သော် ခင်သက်နှင်းနှင့်ပတ်သက်၍ အူမချေးခါးမကျန်သိသူကား ထော်ကြီးပင်ဖြစ်လေရာ ခင်သက်နှင်းက ထော် ကြီးအား သတိလက်လွတ်ပြောဆို မှုများအား သတိတရားဖြင့်ထိန်းချုပ်လေ့ရှိ၏။ ယခုလည်း ဆက်လက်မပြောတော့ပါ။ သို့သော် ထော်ကြီး၏ရင်ထဲတွင်မူ အကြိတ်အခဲတစ်ခု ဖြစ်လျက်ရှိနေပေပြီ။

ထိုအခိုက် ဆိုင်ရှေ့သို့ ဗီလီကျစ်ကားတစ်စီး ဆိုက်လာ၏။ ထိုကျစ်ကားစက်သံ ရပ်သွားပြီးနောက် ဆိုင်ထဲသို့ သက္ကလပ်ဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီတို့ကို ဝတ်ဆင်ထားပြီး ဆံပင်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်းလူငယ်တစ်ဦး ဝင်လာ၏။ သူသည် ပတ်ဝန်းကျင်ဘေးဘီသို့မကြည့်ဘဲ ထောင့်တစ်နေရာရှိ စားပွဲလွတ်တွင် ဝင်ရောက်ထိုင်လိုက်၏။

ထိုစဉ် မိုးပေါက်ကလေးများ တစ်ပေါက်ချင်းကျစပြုလာ၏။ ဆိုင်ထဲရှိ နီကျင်ကျင်မီးလုံးလေးများ၏ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်မှာ မသဲမကွဲ။ ထိုလူငယ်၏ ကြန်အင်လက္ခဏာအား မြင်မိသော ခင်သက်နှင်းသည် အရောင်းကောင်တာမှဆင်းလျက် လူငယ်ရှိရာသို့ လျှောက်လာခဲ့၏။ လူငယ်သည် တစ်ခုခုစဉ်းစားနေရာမှ သူ့ထံလာသော ခင်သက်နှင်းအား မော့ကြည့်လိုက်၏။ ခင်သက်နှင်းကလည်း နှစ်လိုစွာ ပြုံးလိုက်ပြီးနောက်.....

"ငါ့မောင် ဘာများသုံးဆောင်ချင်ပါသလဲ၊ ခေါက်ဆွဲ၊ အခေါက်ကင်၊ ဝက်သားသုပ်၊ ဘဲကင် ကြက်ကင်၊ အစုံကြော် အကုန်ရပတယ်၊ ငါ့မောင် လိုအပ်တာပြောပေါ့"

ခင်သက်နှင်းပြောသမျှ နားထောင်နေသော လူငယ်က ပြုံးလိုက်ပြီး.....

"အန်တီလေးက ကျွန်တော့်ကိုမသိလို့ ပြောနေတာလားဗျာ၊ ကျွန်တော် ဘယ်သူလဲဆိုတာ သေသေချာချာ ကြည့်ပါဦး"

လူငယ်အား ခင်သက်နှင်းက သေသေချာချာ ငုံ့ကြည့်လိုက်ပါ၏။ လူငယ်အား သေချာစွာကြည့်သော်လည်း သူမအနေဖြင့် ထိုလူငယ်အားမြင်လည်းမမြင်ဖူး၊ တွေ့လည်းမတွေ့ဖူးပေ။ လူငယ်က တဟားဟားရယ်မောလျက်.....

"အန်တီလေး ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးဘူးဆိုတာ ယုတ္တိရှိပါတယ်၊ ကျွန်တော်က ဒီဆိုင်ပိုင်ရှင် ဦးချိုတီးရဲ့ တစ်ဦးတည်းသောသား ရဲဇော် (ခေါ်)ချိုဝမ်းပါ။ အဖေက ဒီအကြောင်းတွေကို အန်တီလေးကို ပြောမပြဘူးလား"

ခင်သက်နှင်းသည် အံ့သြသွားရ၏။ တုန်လှုပ်သွားရ၏။ သွားလေသူ ဦးချိုတီးက သူ့ကိုယ်ရေးကိုယ်တာတချို့ ပြောခဲ့သေး၏။ ထိုစဉ်က ဦးချိုတီး ပြောခဲ့သည့်အကြောင်းများမှာ.....

"အသက်နဲ့ကျပ် မတွေ့ခင် ကြာတော့လည်း ကြာခဲ့ပါပြီ၊ ဒီမြို့ကို ကျုပ်မရောက်ခင် မန္တလေးမှာ နေတုန်းက ကျုပ် အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျဖူးတယ်၊ အဲဒီအမျိုးသမီးနဲ့ ကလေးတစ်ယောက်ရတယ်လေ၊ အဲဒီအမျိုးသမီးက သိပ်အသုံးအဖြုန်းကြီးတာ၊ ကျုပ်ကိုလည်း သူဌေးဆိုပြီး ယူခဲ့တာ၊ ကျုပ်က သူဌေးအဆင့်မဟုတ်ပေမယ့် စီးပွားရေးသမားတစ်ယောက်၊ စီးပွားရေးသမားဆိုတာ ငွေကို စည်းကမ်းတကျ သုံးရတာ၊ ဒါကို သူမသိဘူး၊ သူက သုံးလို့ချည်းနေတာ၊ သူ့ရဲ့လော်မာမှုကို သည်းမခံနိုင်တာနဲ့ ကျုပ် သူနဲ့ကွဲခဲ့တယ်၊ အခုတော့လည်း အဲဒီမိန်းမ ဘယ်ရောက်လို့ ဘယ်ပေါက်လဲဆိုတာ မသိပါဘူး၊ ကျုပ်လည်း မန္တလေးမှာ မနေချင်တော့တာနဲ့ ဟောဒီ အောက်ပြည်အောက်ရွာမြို့ကို ပြောင်းလာတာပေါ့"

> **"အန်တီလေး မသိနိုင်ဘူးဆိုတာ သဘာဝကျပါတယ်၊ ကျွန်တော့်ကို ဦးချိုတီးနဲ့ ဒေါ်ပုလဲတို့ကနေ တစ်ဦးတည်းမွေးဖွားလာတဲ့ ရဲဇော်(ခေါ်)ချိုဝမ်းဆိုတဲ့ သားတစ်ယောက်ပါ၊ မန္တလေးမှာ မွေးခဲ့ပါတယ်၊ ကျွန်တော့်အဖေဟာ နယ်စပ်ကနေ ဒီဘက်ကို စီးပွားရှာဖို့ရောက်လာတဲ့ စီးပွားရေးသမားတစ်ယောက်၊ အဖေနဲ့အမေကွဲကွာသွားတော့ ကျွန်တော်က အမေ့နောက် ပါသွားတာပါ၊"**

ခင်သက်နှင်းသည် ဦးချိုတီး ပြောခဲ့သောစကားတွင် ကလေးတစ်ယောက်ရှိသည်ဆိုသောစကားကို သတိပြုမိ၏။ ယောကျ်ား၊ မိန်းမ ခွဲခြားမပြောခဲ့။ သူမအနေနှင့်လည်း မမေးမိခဲ့။ သူမသည် လူငယ်ကို ကြည့်သည့်အခါတွင် အသားဖြူဖြူ လူပုံချောချောဖြစ်နေ၏။ သူမအနေဖြင့် အတွေးရကျပ်နေ၏။ ဦးချိုတီး ဆုံးပါးသွားသည်ကိုသိ၍ အမွေယူချင်၍ ရောက်လာသည်လားမသိ။ ဦးချိုတီး၏ ကျန်ရှိပစ္စည်းများအား သူမတစ်ဦးတည်းသာ ပိုင်ဆိုင်လို၏။ မည်သူတစ်ဦးတစ်ယောက်မျှ ခွဲမပေးနိုင်။ မည်သို့လုပ်ရမည်ကို စဉ်းစားမရဖြစ်စွာဖြင့် ခင်သက်နှင်းတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍နေပေ၏။ခင်သက်နှင်းက.....

"အန်တီလေးကိုတော့ အပြည့်အစုံမဟုတ်ပေမယ့် ဒီအကြောင်း တချို့တစ်ဝက်ကို ပြောပြဖူးပါတယ်၊ ဒါပေမဲ့ နှစ်ပေါင်းများစွာ ကြာညောင်းပြီး ဒီအချိန်ကျမှ သားအဖြစ်နဲ့ ထွက်လာတယ်ဆိုတော့ နားလည်ရ တော်တော်ခက်သွားပဲကွယ်၊ မင်းကို ဒီမှာရှိတဲ့လူတွေက မသိကြသလို အန်တီလေးလည်း မင်းကို မသိပါဘူး၊ အန်တီလေးရဲ့ ခင်ပွန်း ဦးချိုတီးဟာ သူ့မှာကလေးတစ်ယောက်ရှိခဲ့ဖူးတယ်ပဲ ပြောခဲ့တာ၊ သားလား၊ သမီးလားဆိုတာ မပြောခဲ့ပါဘူး၊ အဲဒီတော့ ဦးချိုတီးရဲ့

www.burmeseclassic.com

www.burmeseclassic.com


သားဟာ မင်းဖြစ်တယ်ဆိုတာကို အန်တီ ဘယ်လိုယုံရပါ့မလဲကွယ်''

လူငယ်သည် မခိုးမခန့် ရယ်လိုက်ပြီး.....

''ဟုတ်တာပေါ့၊ သိပ်ဟုတ်တာပေါ့၊ အန်တီလေး မသိနိုင်ဘူးဆိုတာ သဘာဝကျပါတယ်၊ ကျွန်တော့်ကို ဦးချုတီးနဲ့ ဒေါ်ပုလဲတို့ကနေ တစ်ဦးတည်းမွေးဖွားလာတဲ့ ရဲဇော် (ခေါ်) ချုံဝမ်းဆိုတဲ့ သားတစ်ယောက်ပါ၊ မန္တလေးမှာ မွေးခဲ့ပါတယ်၊ ကျွန်တော့်အဖေဟာ နယ်စပ်ကနေ ဒီဘက်ကို စီးပွားရှာဖို့ ရောက်လာတဲ့ စီးပွားရေးသမားတစ်ယောက်၊ အဖေနဲ့အမေ ကွဲကွာသွားတော့ ကျွန်တော်က အမေ့နောက်ပါသွားတာပါ၊အမေမသေခင် အဖေဘယ်မှာရှိတယ်ဆိုတာ ပြောပြသွားပါတယ်၊ ဒီမြို့ကိုရောက်တာနဲ့ အဖေဆုံးသွားပြီဆိုတာ သိရတာ၊ အဲဒါကြောင့်.....''

လူငယ်က ဆက်မပြောတော့။ သူမ သိထားသည့်အချက်နှင့် ထပ်တူဖြစ်နေခြင်းကြောင့် သူမမှာ မည်သို့မျှ မပြောနိုင်တော့။ မီးစင်ကြည့်ကရမည်ဟုသာ သူမ စဉ်းစားလိုက်သည်။

* * *

မည်သို့ဖြစ်စေ ခင်သက်နှင်းအနေဖြင့် ဦးချုတီး၏ ကျန်ရှိသော အမွေအား ရဲဇော်ကို ခွဲဝေမပေးလိုပေ။ ဥပဒေပါ အကြောင်းအရာအရဖြစ်စေ၊ တခြားသော လူမှုရေးအရဖြစ်စေ မည်သို့မျှ ရဲဇော်အား အမွေမပေးလိုသည့်ကြောင့် ကွဲကွဲပြားပြား သိသာခြားနားရန် သူမဆောင်ရွက်ရပါမည်။ သို့ဖြင့်.....

''မင်းက အခုမှရောက်တာဆိုတော့ အန်တီလေးတို့နဲ့ ဆိုင်မှာပဲ အိပ်ပေါ့ကွယ်၊ အပေါ်ထပ်မှာအခန်းလွတ်ရှိပါတယ်၊ ထော်ကြီးရေ ဒီက ငါ့မောင်အတွက် အပေါ်ထပ်က အခန်းကို ရှင်းလင်းပေးလိုက်ပါ''

ရဲဇော် (ခေါ်) ချုံဝမ်းက.....

''နေပါစေဗျာ၊ ကျွန်တော် အပြင်မှာပဲ တည်းပါ့မယ်''

ခင်သက်နှင်းကမူ လိုသည်ထက်ပို၍.....

''ဘယ်ဟုတ်မလဲကွယ်၊ ဒီမြို့မှာက ဟိုတယ်တို့၊ မိုတယ်တို့၊ တည်းခိုခန်းတို့ မရှိဘူးလေ၊ အန်တီလေးတို့ဆီမှာပဲ တည်းရမှာပါ''

ထော်ကြီးက ကြားဝင်၍.....

''လာ.....ဆရာ၊ ဆရာတည်းမယ့်အခန်း ကျွန်တော်လိုက်ပို့ပါ့မယ်''

ခင်သက်နှင်းက.....

''အခန်းထဲမှာပဲ အနားယူဦးပေါ့ကွယ်၊ နောက်ပြီးမှ ရေမိုးချိုးပြီး ညစာစားကြတာပေါ့''

သို့ဖြင့် ရဲဇော်သည် ထော်ကြီးခေါ်ရာနောက်သို့ လိုက်သွားခဲ့၏။ ထော်ကြီးသည် အပေါ်ထပ်ရောက်သည်နှင့် ခင်သက်နှင်းအကြောင်းအား မမေးပါဘဲ ပြော၍နေပေ၏။ ရဲဇော်ကိုလည်း.....

''ဆရာက ဦးချုတီးသားကိုး ဦးချုတီးရှိတုန်းက ဆရာ့အကြောင်းမပြောပြတော့ မသိပါဘူး၊ ဒါပေမဲ့ သားဆိုတော့ မိဘရဲ့အမွေကို ခံစားထိုက်တာပေါ့ဗျာ၊ ဒေါ်သက်နှင်းနဲ့ ဦးချုတီး ညားသာညားခဲ့ကြတာ၊ ဒေါ်သက်နှင်းက ဆရာ့အဖေကို လိုလိုလားလားမဟုတ်ပါဘူး၊ ဦးချုတီးကသာဒေါ်သက်နှင်းရဲ့ရုပ်ကိုကြိုက်လို့ ယူခဲ့တာ၊ ဒေါ်သက်နှင်းက ဒီမြို့ကမဟုတ်ဘူးဗျ၊ ရန်ကုန်က''

ရဲဇော်က ဂျာကင်ကိုချွတ်၍ ခုတင်ပေါ်တင်လိုက်ပြီး.....

''နေပါဦးဗျ၊ ကျုပ်အဖေဆုံးပါးသွားတာရောဂါနဲ့ပဲလားဗျ၊ ကျုပ်အမေကတော့ ပြောဖူးပါတယ်၊ အဖေက သိပ်ကျန်းမာရေးကောင်းပြီး ဘာရောဂါမှ မရှိဘူးတဲ့၊ ဂျင်ဆင်းဆေးကိုလည်း မှီဝဲတယ်လို့ ပြောတယ်''

ထော်ကြီးမှာ မျက်မှောင်ကုတ်သွားပြီး.....

''ဒါလည်း စဉ်းစားမရတဲ့ အချက်တစ်ချက်ပဲဗျ၊ ကျွန်တော်တို့နဲ့အတူရှိနေတဲ့ ဦးချုတီးက ဘာရောဂါမှ တိတိကျကျမရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော် နေမကောင်းဖြစ်နေတဲ့ သုံးရက်အတွင်းမှာ ဒီဆိုင်ကို မရောက်ခဲ့ဘူး၊ ကျွန်တော် ဆိုင်ကို မလာတဲ့ရက်အတွင်း သွေးတိုးနဲ့ဦးချုတီး ဆုံးသွားတယ်လို့ ကြားရ

www.burmeseclassic.com

တယ်၊ ကျွန်တော်လည်း ကျန်းမာရေးအခြေအနေကြောင့် ဦးချုံတီး ဈာပနကို မပို့လိုက်ရပါဘူးဗျာ၊ ဆရာ့ အဖေရဲ့အုတ်ဂူကိုသွားချင်ရင် ကျွန် တော် လိုက်ပို့ပေးမယ်လေ"

ထော်ကြီးထွက်သွားတော့ ရဲဇော်မှာ ခုတင်ပေါ်၌ ခြေပစ်လက်ပစ် တုံးလုံးလှဲလျက် စဉ်းစားခန်း ဝင်နေတော့၏။

* * *

ညသည် ပိန်းပိတ်အောင် မှောင်နေ၏။ မိုးကောင်းကင်တစ်ခုလုံး ကြယ်များပျောက်လျက် တိမ်ညိုများအုံ့ဆိုင်းထားသည်ကြောင့် ပို၍မှောင်လှ၏။မိုးဖွဲကလေးများသည် တဖွဲဖွဲကျလျက် ရှိချေ၏။ ဆိုင်၏ နောက်ဘက် အခန်းဆွယ်လေးထဲတွင် ခင်သက်နှင်းနှင့် ဘိန်းစား မောင်တင်တို့ အတူရှိနေကြ၏။ မောင်တင်က ခင်သက်နှင်းအား မွေ့ပိုက်လျက်.....

"သက်နဲ့ကျုပ် နှစ်ကိုယ်ချင်း မတွေ့ရတာ ကြာလှပေါ့၊ ကဲ...အခု တွေ့ရတဲ့အကြောင်းက....."

ခင်သက်နှင်းကား မိန်းမ မာယာ သဲကိုးဖြာဆိုသည့်အတိုင်း မောင်တင်အား ကြာကြည့်ဖြင့်....

"အကြောင်းရှိမှ ကိုမောင်တင် ဆီကို လာရမှာလားရှင်၊ အကြောင်း မဲ့သက်သက်ဆိုရင်ရော မလာရဘူး လား"

မောင်တင်မှာ သဘောကျ သည့်အလား သွားဖြီးလျက်.....

"ဒါဆိုလည်း....."

တိတ်ဆိတ်ခြင်းသည် အချိန် အနည်းငယ် လင့်သွား၏။ ယင်း နောက် မောင်တင်က.....

"ကျုပ်ဆီကို သက်လာတာ အကြောင်းရှိမယ်ဆိုတာ ကျုပ်သိ ပါတယ်၊ ဆိုပါဦး၊ ကိစ္စက....."

ခင်သက်နှင်းသည် သက်ပြင်း ချလျက်.....

"အပေါ်ထပ်မှာရောက်နေတဲ့ လူစိမ်းဟာ ဦးချုံတီးရဲ့သားလို့ပြော နေပြန်တယ်၊ ဦးချုံတီးရဲ့သားဆိုတဲ့ အထောက်အထားအားလုံးက သက်သိထားတာနဲ့ ထပ်တူနီးပါး ဖြစ်နေတော့ မဟုတ်ပါဘူးလို့ ငြင်း လို့မရပြန်ဘူး၊ ဦးချုံတီးရဲ့သား အမှန်အကန်ဆိုရင် သက်ရထားတဲ့ ပစ္စည်းတစ်ဝက်ကို လူစိမ်းကိုပေး ရလိမ့်မယ်၊ အဲဒီလိုပေးရမှာကို သက်မလိုလားဘူး ကိုမောင်တင်၊ တကယ်တော့ ဦးချုံတီးရဲ့ပစ္စည်း တွေကို သူ့ရဲ့သားကို လိုက်ရှာပြီး လွှဲအပ်ပေးဖို့ အစီအစဉ်ရှိခဲ့တယ်၊ သူပိုင်တဲ့ပစ္စည်းတွေကို သက်ကို ပေးဖို့ မရည်ရွယ်ပါဘူး၊ သူနဲ့ သက် ဆုံးတိုင်နေတာမို့လို့ သက် မယူပါ နဲ့တဲ့၊ ဒါ ဘာသဘောလဲရှင်၊ ဒါ ကြောင့် သက်လေ ကိုမောင်တင်ရဲ့ အကူအညီကိုယူပြီး ဦးချုံတီး သောက်တဲ့အရက်ထဲကို --ခတ် လိုက်တာ၊ အခု လာပြန်ပြီလေ၊ ဦး



ချုံတီးရဲ့သားတဲ့၊ ဘယ်ကပေါ်လာ တာလဲ မသိဘူး၊ သူ့ကိုလည်း သူ့ အဖေအတိုင်း စီစဉ်လိုက်ရင်ကောင်း မလားလို့ ကိုမောင်တင်ကို လာတိုင် ပင်တာ"

မောင်တင်သည် ကောက်ကျစ် သော ဘိန်းစားလူမိုက်ဖြစ်၏။ ဦး ချုံတီးရှိစဉ်အခါက ဦးချုံတီး၏သက် တော်စောင့်လူမိုက် ဖြစ်ခဲ့သော်ငြား ခင်သက်နှင်း၏ မာယာပင်လယ်ထဲ တွင် နစ်မွန်းလျက် မိမိဆရာဖြစ်သူ အား လုပ်ကြံခဲ့ရာတွင် အလိုတ အလိုပါ ဖြစ်ခဲ့၏။ ယခုလည်း....

"ဒါလား၊ လွယ်ပါတယ် သက် ရယ်၊ ဒီကိစ္စကို ကျုပ် ဖြေရှင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ လောလောဆယ်တော့ သက်က ကျုပ်ကို.....''

မှောင်အတိကျသွားပါ၏။ ထို အမှောင်ကား ကာမအမှောင်ပင် ဖြစ်တော့၏။

* * *

ရဲဇော်သည် တိကျ၏၊ သေချာ၏။ သတိလက်မလွတ်။ မိမိ၏ အိပ်ခန်းတံခါးမှာ ကျွီခနဲအသံနှင့်အတူ လူဝင်လာသည်ကိုသိသည်နှင့် သတိနှင့်အသင့်ရှိနေပြီဖြစ်၏။ အပြင်ဘက်မှ မီးရောင်မှိန်မှိန်သည် အခန်းတွင်းသို့ ဝင်ရောက်လျက်ရှိရာ ဝင်ရောက်လာသော လူစိမ်း၏ လှုပ်ရှားမှုမှုန်သမျှအား မြင်တွေ့နေရ၏။ ရဲဇော်အိပ်နေသော ခုတင်နားသို့ ရောက်လာသောလူသည်လက်ထဲမှ ကိုင်တွယ်ထားသည့် ဓားမြှောင်အား မြှောက်လိုက်သည်တွင် ရဲဇော်သည် အိပ်ရာထဲ၌ဝှက်၍ကိုင်ထားသော နှစ်ပေခန့်ရှိသစ်သားတုတ်ဖြင့် သူ၏မျက်နှာအား လှျပ်တစ်ပြက်ဆိုသကဲ့သို့အိပ်ရာပေါ်မှ ဖြတ်ရိုက်ချလိုက်၏။ သို့ဖြင့် ရဲဇော်သည် ရုတ်ခြည်းပင် ခုတင်နံဘေး၌ မတ်တတ်ရပ်လျက် အသင့်ရှိနေတော့၏။

ဓားကိုင်ထားသောသူမှာ သူ၏မျက်နှာအား တုတ်ဖြင့်ဖြတ်ရိုက်လိုက်ခြင်းခံရသဖြင့် ဆတ်ဆတ်ခါနာကျင်သွားသည့်အတွက် ကိုင်ထားသောဓားမှာ လွတ်ကျပြီး မျက်နှာကို လက်ဖြင့်အုပ်၍ ငုတ်တုတ်ထိုင်သွားရ၏။ ရုတ်ခြည်းပင် ရဲဇော်သည် ထိုသူ၏ဖက်ပိုးအား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်နှင့် ကြမ်းပြင်ပေါ်တွင် ကွေးကွေးလေး ငြိမ်သက်သွားရသည်။

သူ့အားသေကြောင်းကြံစည်သောသူသည် မည်သူဖြစ်မည်ကို သိလိုသဖြင့် လက်နှိပ်ဓာတ်မီးငယ်ဖြင့် လဲနေသောသူ၏မျက်နှာသို့ ထိုးကြည့်ရာ အကြော်ဆရာ ဘိန်းစားမောင်တင်ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။ သို့ဆိုလျှင် ဦးချုံတီးသေဆုံးမှုတွင် ခင်သက်နှင်းနှင့် မောင်တင်တို့၏ ပြောဆိုလှုပ်ရှားမှုများသည် သံသယဝင်စရာ ဖြစ်လာခဲ့၏။

သူ့အားလုပ်ကြံသော မောင်တင်အား လက်ထိတ်ခတ်လိုက်ပြီး အပေါ်ထပ်မှ အောက်ထပ်သို့ ဆွဲခေါ်လာခဲ့၏။ မောင်တင်သည် ဖက်ကိုကိုင်လိုက်၊ မျက်နှာကိုအုပ်လိုက်ဖြင့် တအီးအီးတအားအားဖြစ်၍နေ၏။ ခင်သက်နှင်းသည်လည်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ လန့်နိုးလာသဖြင့် ကပိုကရိုဖြင့် ထွက်လာခဲ့ဟန်ရှိသည်။ တထိတ်တလန့်ဟန်ပန်ဖြင့်.....

''ဘယ်လိုပြစ်ကြတာလဲ ငါ့မောင်၊ မောင်တင်နဲ့ငါ့မောင် ဘာဖြစ်ကြတာလဲ''

ရဲဇော်က မောင်တင်ကိုင်ဆောင်သော ဓားမြှောင်အား စားပွဲပေါ် ပစ်ချလိုက် ဒြီး.....

''ဒီလူ ကျွန်တော့်ကိုလုပ်ကြံတယ်၊ သေကြောင်းကြံစည်တယ်၊

ဓားကိုင်ထားသောသူမှာ သူ၏မျက်နှာအား တုတ်ဖြင့်ဖြတ်ရိုက်လိုက်ခြင်းခံရသဖြင့် ဆတ်ဆတ်ခါ နာကျင်သွားသည့်အတွက် ကိုင်ထားသောဓားမှာ လွတ်ကျပြီး မျက်နှာကို လက်ဖြင့်အုပ်၍ ငုတ်တုတ်ထိုင်သွားရ၏။ ရုတ်ခြည်းပင် ရဲဇော်သည် ထိုသူ၏ဖက်ပိုးအား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်နှင့်...

www.burmeseclassic.com

www.burmeseclassic.com



## မမျှော်လင့်ဘဲ သူ့အဖေ သေဆုံးရတာဟာ သွေးရိုးသားရိုးမဖြစ်နိုင်ဘူးလို့ ကျုပ်ကိုလာပြောလို့ ကျုပ် ဒီကိစ္စမှာ ဝင်ပါရတာပါ



ကဲ.....ဒေါ်ခင်သက်နှင်း ထိုင်ဗျာ၊ ကျွန်တော်ဟာ ဦးချုံတီးရဲ့သားလို့ ပြောခဲ့တာနဲ့ပတ်သက်ပြီး ကျွန်တော့်ကို သတ်ချင်လောက်အောင် ဘယ်လိုဖြစ်ရတာလဲ၊ ကျုပ်က ဦးချုံတီးရဲ့သားဖြစ်ခဲ့ရင် ရိုရိုသေသေ လေးလေးစားစား၊ ဒါမှမဟုတ် ခင်ခင်မင်မင်ဆက်ဆံရမှာမဟုတ်လား၊ ဒါဟာ စဉ်းစားစရာဖြစ်နေတယ်၊ ဦးချုံတီး သေဆုံးမှုနဲ့ပတ်သက်ပြီး ခင်ဗျားတို့ဘာသာ ခင်ဗျားတို့ မရိုးမသား ရောဂါတစ်ခု နာမည်တပ်ပြီး လုပ်ကြံခဲ့တာလားဆိုတာ သံသယတွေ ပွားစရာပါပဲ''

ခင်သက်နှင်းမှာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားပြီး.....

''မင်းကို မောင်တင်လုပ်ကြံတာနဲ့ ငါတို့ကို ဝါးလုံးရှည်နဲ့ယမ်းစရာ မလိုဘူးကွာ၊ မင်းအဖေသေရတာလည်းရောဂါနဲ့ သေရတာပဲလေ၊ မောင်တင်က ဘိန်းစားခဲ့လို့ ကြောင်ပြီး မင်းကိုရမ်းကားတာဖြစ်မှာပေါ့၊ အရေးယူစရာရှိရင် မောင်တင်ကိုပဲ အရေးယူပေါ့''

''ဒီမှာ ဒေါ်ခင်သက်နှင်း၊ ခင်ဗျားနဲ့မောင်တင် မျောက်ဇာတ်ခင်းပြီး ဦးချုံတီးကို လုပ်ကြံခဲ့သလို ကျုပ်ကိုလည်း ဦးချုံတီးသားအဖြစ်နဲ့ ခင်ဗျားတို့ လုပ်ကြံဖို့ ကြိုးစားခဲ့တာပဲမဟုတ်လား၊ ခင်ဗျားက အဓိကတရားခံဆိုတာ ကိုယ့်ဘာသာကိုယ် သိပါလိမ့်မယ်၊ ကျုပ်က ချုံဝမ်းမဟုတ်ပါဘူး၊ ဒုရဲအုပ် အေးသော်ပါ၊ ဦးချုံတီးရဲ့သားအစစ် ချုံဝမ်းဆိုတာကျုပ်ရဲ့သူငယ်ချင်း၊ အခုဆိုရင် မကွေးပြည်သူ့ဆေးရုံမှာ ချုံဝမ်းဟာ ဒေါက်တာရဲဇော်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်၊ ဒေါက်တာ ရဲဇော်က သူ့အဖေ ဦးချုံတီးနဲ့သူ အဆက်အသွယ် ရှိခဲ့တဲ့အကြောင်း ကျုပ်ကို ပြောပြထားပါတယ်၊ နောက်ပြီး သူ့အဖေဟာ ကျန်းမာရေးအလွန်ကောင်းပြီး နောက်အိမ်ထောင် ထူထားတယ် ဆိုတာလည်း ဒေါက်တာရဲဇော် ပြောပြလို့ သိရပြီးပါပြီ၊ မမျှော်လင့် ဘဲ သူ့အဖေ သေဆုံးရတာဟာ သွေးရိုးသားရိုးမဖြစ်နိုင်ဘူးလို့ ကျု ကိုလာပြောလို့ ကျုပ် ဒီကိစ္စမှာ ဝ ပါရတာပါ၊ အခုလည်း ဒီမြို့က စခန်းကို ညကတည်းက ကြိုတ အကြောင်းကြားပြီးပါပြီ၊ နောက် နေ့ဆိုရင်လည်း ကျုပ်သူငယ်ချ ဒေါက်တာရဲဇော် ရောက်လာပါလိ မယ်''

ဒေါ်ခင်သက်နှင်းတစ်ယော ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိပါ မောင်တင်မှာလည်းမည်သို့မျှမပြေ သာတော့ပေ။ ဒုရဲအုပ် အေးသေ ယခုကဲ့သို့ ဒေါ်ခင်သက်နှင်းတို့ အခြေအနေမှန်ကိုသိရခြင်းမှာ စား ထိုးထော်ကြီး၏ လက်ချက်မှန်း သိ ခဲ့ပါလျှင်.....။

မောင်သစ်မန် (ဇီးကုန်

www.burmeseclassic.com



# ကျော်သိန်း စာပေ မှ ကြိုဆိုပါ၏

# Welcome to Kyaw Thein





(၁)☛ အမှတ် (၂၀၄/၂၀၈) (၂)☛ အမှတ် (၁၉၇)၊ မြေညီထပ်၊
(၃)☛ အမှတ် (၁၈၃)၊ မြေညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇၆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# ကြယ်နှစ်စင်း၏ ချစ်ခြင်းလင်္ကာ

ဦးဝင်းမြင့်
(သရုပ်ဆောင်)

"လျှို့ဝှက်ချက်"ဆိုတဲ့ စကားလုံးကို လူတိုင်းသိပြီးကြမှာပါ။ အတိုင်းအတာတစ်ခုလောက်သာ စောင့် ထိန်းရတဲ့ လျှို့ဝှက်ချက်ရှိသလို တစ်သက်လုံးသေသည်အထိ လျှို့ဝှက်သွားသင့်တဲ့ လျှို့ဝှက်ချက်မျိုးလည်းရှိ တယ်။ လျှို့ဝှက်ချက်ဆိုတဲ့ အဓိပ္ပာယ်ကလည်း ကိုယ်ကလွဲရင် အခြားသူတစ်ယောက်၊ သို့မဟုတ် လူအများ မသိစေချင်တာ၊ သိသင့်တာ လျှို့ဝှက်ချက်ပေါ့။ လူ့ပတ်ဝန်းကျင်ရဲ့ အကြောင်းအချက်အမျိုးမျိုးပေါ်မှာ မသိစေချင်တဲ့၊ မသိသင့်တဲ့ လျှို့ဝှက်ချက်တွေ ရှိခဲ့ကြပါတယ်။ မသိစေချင်၊ မသိသင့်တဲ့ အကြောင်းအချက် တွေကို သိုသိပ်ဖုံးဖိထားခြင်းနဲ့ လျှို့ဝှက်ထားလေ့ရှိကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလ ပရိသတ်ကြီးနဲ့ မိတ်ဆက်ပေးမယ့် ''ကြယ်နှစ်စင်း၏ ချစ်ခြင်းလက်ဘ်''ဆိုတဲ့ ဇာတ်လမ်းလေးကလည်း ငယ်ပေါင်းသူငယ်ချင်းလေးတွေကြားမှာ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ခိုင်မာမှုကြောင့် တစ်ယောက်သောသူရဲ့ သိက္ခာတရားကို စောင့်ထိန်းတဲ့အနေနဲ့ သူ့ရဲ့အတိတ်ဆိုးကို သူ့ရင်အကွဲခံပြီး ကြိတ်မှိတ်မျို သိပ်စောင့်ထိန်းခဲ့ပုံကို ပုံဖော်ပြသမယ့် ဇာတ်လမ်းကောင်းလေးပဲ ဖြစ်ပါတယ်။

ရွာလေးတစ်ရွာမှာ မူလတန်းကျောင်းသားအရွယ်သူငယ်ချင်းလေးယောက်ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်၊ သိပ်သံယောဇဉ်ကြီးကြတယ်။ တစ်ယောက်အန္တအတာ တစ်ယောက်ခံကြတယ်။ သူတို့လေးယောက်ကတော့ တာရာနဲ့ ပူပြင်းဆိုတဲ့ ကောင်လေးနှစ်ယောက်ရယ်၊ နွေးနွေးချစ်နဲ့ နှင်းမြဆိုတဲ့ ကောင်မလေး နှစ်ယောက်ရယ်ပေါ့။



တာရာနဲ့ နွေးနွေးချစ်တို့က ချမ်းသာတဲ့မိဘက ပေါက်ဖွားပြီး ပူပြင်းနဲ့ နှင်းမြတို့က ဆင်းရဲတဲ့မိဘက ပေါက်ဖွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက်ဘယ်လောက်အန္တအတာခံလဲဆိုတာ ကြည့်လိုက်ဦး။ ကျောင်းကအပြန် နွေးနွေးချစ်က ခြေခေါက်လဲကျပြီး လမ်းမလျှောက်နိုင်ဘူးဆိုတော့ တာရာနဲ့ ပူပြင်းက တစ်လှည့်စီ ကျောပိုးသယ်မယ်ပြောတာကို နှင်းမြကယောကျ်ားလေးတွေ ဘုန်းနိမ့်လိမ့်မယ်ဆိုပြီး သူ တစ်ယောက်တည်း နွေးနွေးချစ်ကို ကျောပိုးသယ်ခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com





နွေးနွေးချစ်တို့အိမ်ရှေ့ရောက်တော့ နွေးနွေးချစ်က "ငါ ဘာမှမဖြစ်ဘူး"လို့ပြောပြီး ဆင်းပြေးတယ်။ ကျန်တဲ့သုံးယောက်က အံ့သြသွားကြပြီး တစ်ပြိုင်တည်း အော်လိုက်ကြတယ်။

"လူလည်မ"တဲ့။

နောက်တစ်ခါကျတော့လည်း နွေးနွေးချစ်ပဲ။ ကျောင်းသွားတဲ့လမ်းမှာ ဆီးပင်တွေ့တော့ ဆီးသီးစားချင်တယ်ဆိုပြီး ပူဆာပြန်တယ်။ တာရာက ဆီးပင်ပေါ်တက်ပြီး လှုပ်တယ်။ ကံဆိုးချင်တော့ ပျားအုံနဲ့တိုးပြီး ပျားလိုက်တုပ်တာပေါ့။ အောက်ကသုံးယောက်က လွှတ်ပေးတော့ တာရာကတော့ ဖူးရောင်ပြီး ကောင်းကောင်း ခံလိုက်ရတာပေါ့။ တာရာကိုကြည့်ပြီး ကျန်

www.burmeseclassic.com

တဲ့သုံးယောက် စိတ်မကောင်းကြဘူး။ အဲဒီမှာ တာရာက ပျားတုပ်ခံရတာ မထူးဘူးဆိုပြီး မင်းတို့ဖို့ ပျားသလက် ဖွဲ့လာခဲ့တယ် ဆိုပြီး ကျွေးတယ်။ သူငယ်ချင်းတွေ မျက်ရည်ဝဲကြရတယ်။

မူလတန်းအောင်ပြီး အလယ်တန်းရောက်တော့ အလယ်တန်းကျောင်းက တခြားရွာမှာ။ နွေးနွေးချစ်ရဲ့ မိဘတွေက နွေးနွေးချစ်ကို အဲဒီရွာက အမျိုးတွေဆီ သွားထားမယ်ပြောတော့ ရွာကနေ သူငယ်ချင်းလေးယောက် အတူတူလမ်းလျှောက်ပြီး ကျောင်းတက်ကြမယ်၊ နွေးနွေးချစ် မလျှောက်နိုင်ရင် တစ်ယောက်တစ်လှည့် ကုန်းပိုးပေးမယ်ဆိုလို့ နွေးနွေးချစ်လည်း တခြားရွာ သွားမနေဖြစ်တော့ဘူး။ အဲဒီနှစ်မှာပဲ နှင်းမြရဲ့အဖေက ထန်းပင်ပေါ်ကလိမ့်ကျပြီး ဒုက္ခိတဖြစ်သွားတယ်။ ဆင်းရဲတွင်းပိုနက်သွားတယ်။ ဒီလိုနဲ့ ကလေးတွေ အရွယ်ရောက်လာကြပြီး ဆယ်တန်းကျောင်းသူကျောင်းသားတွေ ဖြစ်လာကြတယ်။



တာရာအဖြစ် ပြေတီဦး၊ ပူပြင်းအဖြစ် ညီထွဋ်ခေါင်၊ နှင်းမြအဖြစ် အိချောပို၊ နွေးနွေးချစ်အဖြစ် သွန်းဆက်တို့ကသရုပ်ဆောင်ထားကြပါတယ်။

ဆယ်တန်းစာမေးပွဲကို နှင်းမြကျတယ်။ ကျန်တဲ့ သုံးယောက်အောင်တယ်။ စာမေးပွဲအောင်လို့ တာရာ့မိဘတွေက တာရာ့ကို မော်တော်ဆိုင်ကယ် ဝယ်ပေးတယ်။ တာရာက ပူပြင်းကိုတင်ပြီး မစီးတတ်စီးတတ်နဲ့ ဆိုင်ကယ်စီးတယ်။ မရပ်တတ်လို့ ကောက်ရိုးပုံဝင်တိုက်ပြီး ရပ်ရလို့ နှင်းမြနဲ့ နွေးနွေးချစ်တို့က ဝိုင်းရယ်ကြတယ်။

တာရာက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တက်မယ်၊ နွေးနွေးချစ်က ပညာရေးတက္ကသိုလ်တက်မယ်၊ ပူပြင်းက အဝေးသင်တက္ကသိုလ်တက်မယ်။ နှင်းမြကတော့ ဘဝပေးတက္ကသိုလ် လယ်ယာမြေပေါ့။

တာရာနဲ့ နွေးနွေးချစ်တို့ တက္ကသိုလ်တက်မှာမို့ ရွာကနေ လှည်းနဲ့ထွက်ကြတော့ ပူပြင်းနဲ့ နှင်းမြတို့က ရွာထိပ်အထိ လိုက်ပို့ကြတယ်။ ''သူတို့နှစ်ယောက်ကတော့ မြို့မှာ မကြာမကြာတွေ့ပြီး သံယောဇဉ်တွေဖြစ်သွားကြမှာနော်''လို့ နှင်းမြကပြောတယ်။ ပူပြင်းက ''နင်နဲ့မိချစ်က လားရာတူတဲ့ မြစ်နှစ်စင်းဖြစ်နေပြီနဲ့ တူတယ်'' ဆိုတော့ ''ငါက မြစ်ကျိုးအင်းပါဟယ်''တဲ့။

အဲဒီတော့ ပူပြင်းရင်ထဲက ပြောလိုက်တယ်။ ''ငါလည်း ဒဏ်ရာတွေ ဗရပွနဲ့ မြစ်ကျိုးအင်းပါပဲ''တဲ့။ အင်း..သူငယ်ချင်းလေးယောက်၊ တစ်ယောက်ချင်းစီမှာ ခံစားချက်တွေနဲ့ပါလား။

တာရာကျောင်းပိတ်လို့ပြန်လာတော့ နှင်းမြအတွက် လက်ဆောင်ဝယ်လာပေးတယ်။ နှင်းမြ တအားပျော်သွားတာပေါ့။ သူ ဘာပြန်ပေးရမလဲ စဉ်းစားတယ်။ ရွာဦးကျောင်းဆရာတော် ပေးထားတဲ့ လက်ဖွဲ့ကြိုးလေးရှိ

www.burmeseclassic.com

www.burmeseclassic.com





တယ်။ ''နှင့်ကို အေးရန်ကင်းပြီး အောင်မြင်စေချင်တယ်'' ဆိုပြီး လက်ဖွဲ့ကြုတ်လေးကို ပေးတော့ တာရာက လည်ပင်းမှာ ဆွဲထားလိုက်တယ်။ နှင်းမြ ကျေနပ်သွားတယ်။ နွေးနွေးချစ်အကြောင်းမေးတော့ ''သူကကျောင်းမှာ Queen ပဲ''တဲ့။ ထူးခြားမှုတစ်ခုက နှင်းမြက တာရာ့ ကို ကြည့်တဲ့ အကြည့်တွေမှာ ပန်းရောင်သန်းနေပေမယ့်တာရာ့ အကြည့်တွေကတော့ အဖြူရောင်ပဲရှိနေသေးတယ်။

နွေးနွေးချစ်က ပူပြင်းဆီရောက်လာပြီး တာရာ လာလားလို့မေးတော့ နှင်းမြဆီသွားတယ်လို့ ပြောလိုက်တယ်။ သူတို့နှစ်ယောက်က ရှိုးရဲ့လားလို့ နွေးနွေးချစ်က မေးပြန်တယ်။ ပူပြင်းက ''မရှိးလို့ ဆန်းသွားတော့လည်း ဘာဖြစ်လဲ၊ ငါတော့ သဘောတူတယ်၊ နင်ရောသဘောတူလား''လို့မေးတော့ ''တူပါတယ်''လို့ နွေးနွေးချစ်က ဖြေတယ်။ ဒါပေမဲ့ သိသိသာသာကြီး မျက်နှာပျက်သွားတာကို တွေ့လိုက်ရတယ်။

တာရာနဲ့ နွေးနွေးတွေ့တော့ တာရာ့လည်ပင်းမှာ နှင်းမြပေးထားတဲ့ ကြုတ်လေးကို တွေ့လိုက်ရတယ်။ နွေးနွေးချစ်က ''ငါ့ကို အိမ်ကမိဘတွေက မြို့က သူဌေးသားတစ်ယောက် ကမ်းလှမ်းတာကို လက်ခံခိုင်းနေတယ်'' လို့ပြောတော့ တာရာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ''နှင့်ကိုငါ မစွန့်လွှတ်နိုင်ဘူး၊ နှင့်ကို ငါချစ်တယ်'' လို့ ရင်ဖွင့်ဖြစ်သွားရာကနေ တာရာနဲ့ နွေးနွေးချစ်တို့ ချစ်သူတွေဖြစ်သွားကြတယ်။ သူတို့ ချစ်သူဖြစ်သွားတာကို ပူပြင်းကနေတစ်ဆင့် နှင်းမြသိသွားတယ်။ နှင်းမြ က တာရာနဲ့ နွေးနွေးချစ်ကိုကောက်ညှင်းပေါင်းနဲ့ဧည့်ခံပြီး ''သူငယ်ချင်းတို့နှစ်ယောက်ကို ဂုဏ်ပြုတယ်၊ ကောက်ညှင်းပေါင်းလို စေးစေးပိုင်ပိုင် ချစ်နိုင်ကြပြီး ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ''လို့ ဆုတောင်းပေးတယ်။


ကျောင်းပြီးသွားတော့ နွေးနွေးချစ်က ဆရာမဖြစ်ပြီး ရွာကျောင်းကို ပြန်လျှောက်ထားတယ်။ တာရာကတော့ ရွာနဲ့မြို့ကို ခရီးသည်တင် ဟိုင်းလတ်ကားထောင်ပြီး သူကိုယ်တိုင်မောင်းမယ်၊ ပူပြင်းကို စပယ်ယာလုပ်ခိုင်းမယ်လို့ စီစဉ်ထားတယ်။

တာရာနဲ့ နွေးနွေးချစ်တို့ကိုလည်း နှစ်ဖက်မိဘတွေ သဘောတူကြလို့ စေ့စပ်ပွဲလုပ်ပေးတယ်။ တာရာနဲ့ နွေးနွေးချစ် ပျော်နေတာကိုကြည့်ပြီး နောက်ဖေး... ပန်းကန်ဆေးရင်းနဲ့ နှင်းမြ မျက်ရည်ကျနေတာကို ပူပြင်းက

www.burmeseclassic.com

www.burmeseclassic.com





မထင်မှတ်ဘဲ မြင်လိုက်မိတယ်။ စိတ်မကောင်း ဖြစ်ရတယ်။ အိမ်ပြန်ရောက်တော့ အိပ်ရာထဲ ကျိတ်ငိုနေတယ်။ အမေက မအိပ်သေးဘူးလား လို့မေးတော့ "အိပ်ပြီ"ဆိုပြီး စောင်ခေါင်းမြီးခြုံ အိပ်လိုက်တော့တယ်။

တာရာ ကားသိမ်းပြီး "ငါသွားလိုက်ဦးမယ်"ဆိုတော့ ပူပြင်းက "ဆရာမလေးဆီကိုလား"တဲ့။ "သိရင်ပြီးတာပဲ၊ မင်းဘာလို့ မစွံသေးတာလဲ၊ နှင်းမြကိုကြိုက်ရင် ငါအောင်သွယ်ပေးမယ်"လို့ နောက်ပြောင်ပြီး တာရာထွက်သွားတယ်။ လမ်းမှာ ရွာထဲကလူတစ်ယောက်နဲ့ တွေ့တယ်။ နှင်းမြအမေ မူးလဲတယ်ဆိုလို့ နှင်းမြတို့အိမ် ရောက်သွားတယ်။ ဟိုရောက်တော့ နှင်းမြအမေက သက်သာနေပါပြီ။ အဲဒီအချိန်မှာ နွေးနွေးချစ်က တာရာ့ကို တွေ့နေကျနေရာမှာ စောင့်နေတာ။ ရွာသားတစ်ယောက်က "တာရာ့ကို စောင့်နေတာလား၊ နှင်းမြတို့အိမ် ဝင်သွားတယ်"လို့ ပြောသွားတော့ နွေးနွေးချစ် မျက်နှာပျက်သွားပြီး တာရာ့ကို မစောင့်တော့ဘဲ စိတ်ကောက်ပြီး ပြန်သွားပါလေရော။

တာရာက အကျိုးအကြောင်း ပြောပြပြီး နွေးနွေးချစ်ကို တောင်းပန်တယ်။ ဒါပေမဲ့ နွေးနွေးချစ်က သူပိုင်ဆိုင်ရမယ့် ချစ်သူမှာ ဘာအစွန်းအထင်း၊ အပွန်းအပဲ့မှရှိတာမကြိုက်ကြောင်း၊ ပတ်ဝန်းကျင်က တစ်မျိုးပြောလာမှာ မလိုလားကြောင်း ပြောတဲ့အတွက် တာရာက နှင်းမြကြားရင် စိတ်မကောင်းဖြစ်ပါ့မယ်ဟာဆိုပြီး ဖျောင်းဖျပြောဆိုခဲ့တယ်။

နွေးနွေးချစ်က လက်ထပ်ကြရအောင်လို့ ပြောလာတော့ တာရာက သူ့ပိုက်ဆံစုချင်သေးလို့ အချိန်နည်း

www.burmeseclassic.com




နည်းယူဖို့ကြောင်း၊ သူ့ကိုယုံဖို့၊ တခြားအကြောင်း ဘာမှမရှိကြောင်းပြောတော့ နွေးနွေးချစ်လည်း မပြောသာဘူးပေါ့။

တစ်နေ့ ရွာလမ်းတစ်နေရာမှာ ထိုင်ငိုနေတဲ့ နှင်းမြကို တာရာတွေ့တော့ ဘာလို့ငိုတာလဲချော့မော့မေးတော့ ''အဖေ့ကျန်းမာရေး စိုးရိမ်လို့ပါ''တဲ့။ ဒါနဲ့ တာရာက ချော့မော့ပြီး အိမ်ကိုပြန်ပို့ပေးလိုက်တယ်။ ဒီမြင်ကွင်းကို နွေးနွေးချစ်ရဲ့အဒေါ်က တွေ့သွားတယ်။

ထင်မှတ်မထားတဲ့ ဖြစ်ရပ်တစ်ခုက တစ်နေ့မှာ ဖြစ်လာခဲ့တယ်။ နှင်းမြ သွေးတွေသွန်လို့ ဆေးရုံပို့လိုက်ရတယ်။ ဆရာဝန်စစ်ဆေးချက်အရ ကိုယ်ဝန်ဖျက်ချတာတဲ့။ ကဲ.... ဒီကိုယ်ဝန်က ဘယ်သူနဲ့ ဘယ်လိုရတာလဲ။ အားလုံးရဲ့ ဦးတည်ချက်ကတော့ မပြေးသော်လည်း ကန်ရာရှိဆိုသလို နှင်းမြတို့အိမ်ကို ဝင်ထွက်နေတဲ့ တာရာ့ ရဲ့လက်ချက်ဆိုပြီး ပြောကြတော့တာပေါ့။ ခက်တာက နှင်းမြက ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်ဆိုတာ ဘယ်သူ့ကိုမှ မပြောပြဘူး။ သွေးထွက်လွန်တဲ့ အခြေအနေနဲ့ပဲ နှင်းမြကွယ်လွန်ခဲ့ရတယ်။ နှင်းမြအလောင်းကို ရွာထဲပြန်ယူတော့ ရှေးရိုးအယူသီးမှုတွေနဲ့ အချေအတင် ပြောကြဆိုကြရသေးတယ်။ နောက်ဆုံး ရပ်ရွာလူကြီးတွေ ဝိုင်းဝန်းဖျောင်းဖျတဲ့အတွက် ရွာပြင်မထုတ်ရဘဲ အေးအေးဆေးဆေး ပြီးခဲ့ရတယ်။

နွေးနွေးချစ်က တာရာ့ကို ပြောတယ်။ ''နှင်းဖမ်းခဲ့တဲ့ ငါးရဲ့ နှစ်ကောင်မှာ နှင်းမြကတော့ သေပြီ၊ ငါကရော အသက်ပေးရဦးမှာလား'' ဆိုပြီး တာရာ့ကို ပါးချလိုက်တယ်။



တာရာ တွေဝေသွားပြီး ''ငါ ရှင်းမပြတော့ဘူးဟာ၊ အဲဒါ နွေးနွေးကို ချစ်လို့ပါ''တဲ့။ ဒီလျှို့ဝှက်ချက်ကို ပရိသတ်ကြီး သိချင်မှာပဲ။ နှင်းမြ သေခါနီးမှာ တာရာ့ကို တွေ့ချင်တယ်ဆိုလို့ တာရာသွားတွေ့တော့ နှင်းမြက နှစ်ကိုယ်ကြား ပြောပြခဲ့တယ်။ ဒီကိုယ်ဝန်ဟာ နွေးနွေးချစ်တို့အိမ်ကို မျိုးမြေပဲသွားယူတုန်းက နွေးနွေးချစ်အဖေ ဘကြီးသာဖြိုးက အရက်မူးပြီး စော်ကားလိုက်တာတဲ့။ ကိုယ်ဝန်ရှိလာတော့ ဦးသာဖြိုးက သူ့လက်စွပ်ချွတ်ပေးပြီး ကိုယ်ဝန်ကို ဖျက်ချခိုင်းတာတဲ့။ နွေးနွေးချစ်နဲ့ တာရာတို့ရဲ့ အချစ်လမ်းခရီး အနှောင့်အယှက်ဖြစ်မှာ စိုးလို့ သူ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့တာပါတဲ့။ တာရာ ကရော နှင်းမြ အသက်ပေးသွားတဲ့ လျှို့ဝှက်ချက်ကို ဘယ်သူ့ကို ဘယ်လိုပြောရမှာလဲ။ နွေးနွေးချစ်သာသိသွားရင် တစ်သက်လုံး မျက်နှာငယ်သွားတော့မယ်။ သူ့ကို မုန်းလက်စနဲ့ မုန်းပါစေတော့၊ ဒီအကြောင်းအရာကို တစ်သက်လုံး လျှို့ဝှက်သွားတော့မယ်တဲ့။

အဲဒီလူယုတ်မာကြီးအဖြစ် စာရေးသူ ဦးဝင်းမြိုင်က သရုပ်ဆောင်ထားပါတယ်။ ပရိသတ်ကြီး မမုန်းလိုက်ပါနဲ့လို့ တောင်းပန်ပါတယ်။ ဒီဇာတ်လမ်းလေးကို ဒါရိုက်တာ ဝင်းထွန်းထွန်းက ခံစားရိုက်ကူးပြီး အောင်သီရိဗီဒီယိုက ထုတ်လုပ်ဖြန့်ချိမှာဖြစ်တဲ့အကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

ဦးဝင်းမြိုင် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com





# ထက်ထက် ဟာသများ



ဖိုးစည်




ဂျာနယ်တိုက်တစ်တိုက်တွင် ဒီဖိုင်းဆရာက အယ်ဒီတာအား လှမ်းမေးလိုက်၏။

**ဒီဖိုင်းဆရာ။** ။ ဆရာ အချပ်ပိုကို ဘာနဲ့ပေးရမလဲ။

အယ်ဒီတာလည်း စာဖတ်နေရာမှ စဉ်းစားနေစဉ် ကာတွန်းဆရာတစ်ယောက် ဝင်လာ၏။ စာမူခထုတ်ရန် ရောက်လာခြင်းဖြစ်သည်။

**အယ်ဒီတာ။** ။ 4 C ပေးလိုက်ကွာ။

ကာတွန်းဆရာက ပျာပျာသလဲနှင့်.....

**ကာတွန်းဆရာ။** ။ ဟာ.....ကျွန်တော့်မှာ ဘာမှမပါပါဘူး ဆရာရယ်၊ လမ်းစရိတ်လေးပဲ ရှိတာပါ။

ညှိုးညှိုးငယ်ငယ်နှင့် တောင်းပန်နေ၍ ဂျာနယ်တိုက်ရှိလူများက ဝိုင်းရယ်ကြတော့၏။

**အယ်ဒီတာ။** ။ ခင်ဗျားကိုပြောတာ မဟုတ်ပါဘူး ကာတွန်းဆရာရယ်၊ အချပ်ပိုကို Colour နဲ့ လေးရောင်ရိုက်ဖို့ ဒီဖိုင်းဆရာကို ပြောနေတာပါဗျာ။

**ကာတွန်းဆရာ။** ။ သိပါဘူးဗျာ၊ ကျွန်တော့်ယ်နာမည်က ဖိုးစည်မို့လို့ပါ ဆရာရယ် အဟီး။

www.burmeseclassic.com

www.burmeseclassic.com


# မပြောကြပါနဲ့

လူပျိုကြီးတစ်ဦးသည် အသက် ၆၀ နီးသည့်တိုင် မစွံသေးပေ။ အိမ်ထောင်ပြုချင်နေသည်မှာလည်း ဖိတ်စာတစ်ခြမ်းရိုက်ပြီးသားဖြစ်သည်ဟု ဆိုရပေမည်။ သို့ပေမယ့် လူပျိုကြီးမာနအတိုင်း မေးလာသမျှကို မုသားဖြေဆိုတတ်သည်။

**မိတ်ဆွေ။** ။ လူပျိုကြီး.....မိန်းမ မယူသေးဘူးလားဗျ။

**လူပျိုကြီး။** ။ ကိုယ့်ဘာသာ တစ်ယောက်တည်း နေတာတောင် မဝသေးပါဘူးဗျာ။

**မိတ်ဆွေ။** ။ သူများတွေကို အားမကျဘူးလားဗျ။

**လူပျိုကြီး။** ။ သူတို့တွေရဲ့ မလွတ်လပ်တဲ့ဘဝကို ကြည့်ပြီး သနားတယ်။

သည်တော့ လူပျိုကြီး၏ နှမဖြစ်သူက ကြည့်မရတော့ပေ။ လူပျိုကြီးအကြောင်းကို သိနေသဖြင့် အမြင်ကတ်လာ၏။

**နှမ။** ။ ဟိုဘက်ရပ်ကွက်က ဒေါ်ယမင်းကို သိတယ်မဟုတ်လား။

**လူပျိုကြီး။** ။ သိတာပေါ့ဟ၊ ငါနဲ့တစ်တန်းတည်း နေလာခဲ့တာပဲ။

**နှမ။** ။ ဟုတ်တယ်လေ၊ သူ့မရလို့ လူပျိုကြီးဖြစ်နေတာမဟုတ်လား။

လူပျိုကြီးလည်း အနာပေါ်တုတ်ကျဖြစ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# ပါဆင်းနိတ်



ဟာသစာရေးဆရာတစ်ယောက်သည် ညနေတိုင်း အပေါင်းအသင်းများရှိရာ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးသို့ ရောက်လာ၏။

**ဦးကျော်။** ။ လာဗျို့ ဟာသဆရာ၊ ဘာသောက်မလဲ။

**စာရေးဆရာ။** ။ ခင်ဗျားက ဘယ်ဆို ကျုပ်က ညာပေါ့ဗျာ။

ဘယ်ညာဟူသည် လက်ဖက်ရည်နှင့်ကော်ဖီကို ဆိုလိုခြင်းဖြစ်သည်။

**ဦးတင်။** ။ ဆရာက ဒီကို နေ့တိုင်းလာတယ်နော်။

**စာရေးဆရာ။** ။ လာရတာပေါ့ဗျာ၊ ဒါမှကျုပ်အတွက် ကုန်ကြမ်းရမယ်လေ။

သည်တော့ ဦးတင်နှင့်အတူပါလာသော အမျိုးသမီးက.....

**မာချို။** ။ ဦးတင်ရေ.....ကျွန်မတို့ဆီက ကုန်ကြမ်းလာရှာရင် အလကားမရဘူးနော်၊ စာမူခရရင် ပါဆင်းနိတ်ပေးရမှာပဲ။

**စာရေးဆရာ။** ။ အောင်မယ်လေးဗျာ....ပွဲစားပီသပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com


# ထွက်ပေါက်ရှာ

**ဒေါ်ပု။** ။ ဟယ်.....တို့ကိုကြီး စောစောစီးစီး ဈေးကပြန်လာတာလား။

လက်နှစ်ဖက်က ဝယ်ထားသမျှ ဟင်းစားများအား ကျွတ်ကျွတ်အိတ်နှင့် စုပြုံထည့်၍ ကျန်တစ်ဖက်က ဈေးဆွဲခြင်းကို ဆွဲကိုင်လာသော အမျိုးသားကြီးအား ဒေါ်ပုက မေးလိုက်၏။ ချိုင်းကြားတွင်လည်း သတင်းစာနှင့်ဂျာနယ်ကို ညှပ်ကိုင်ထားလိုက်သေးသည်။

**အမျိုးသားကြီး။** ။ မပြောချင်ပါဘူးဗျာ၊ ခင်ဗျားတို့အစ်မပေါ့၊ မိုးလင်းတာနဲ့ ယောက်ျားကို ဈေးသွားဖို့ ခိုင်းတော့တာပဲ၊ အလုပ်ပင်ပန်းရတဲ့ကြားထဲ မညှာတာတတ်ဘူးဗျာ။

ဒေါ်ပုက မိုးလင်းသည်နှင့် ဈေးဆွဲခြင်းကိုင်ပြီးထွက်တတ်သော အမျိုးသားကြီးအကြောင်းကို သိနေသူဖြစ်သဖြင့်.....

**ဒေါ်ပု။** ။ မိန်းမကို အကြောင်းမပြပါနဲ့ရှင်၊ တို့ကိုကြီးက ထွက်ပေါက်ရှာချင်တာ မသိဘူးမှတ်နေသလား၊ ဈေးသွားမှ မိန်းကလေးတွေကို ကြည့်ရမှာလေ။



ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


လှဆောင်၏ စေတနာစကားလေးကို ကြားရပြန်သည်။

"အစ်ကိုကြီးမှာ အစ်မ မခင်မိ မရှိတော့ တစ်ယောက်တည်း ကျန်ခဲ့ရမှာ၊ ချက်ရေးပြုတ်ရေးကလည်း ရှိသေးတော့ အစ်ကိုကြီးကို စိတ်မချဘူး၊ ကျွန်တော်တို့နဲ့ မြို့ကို လိုက်ခဲ့ပါလား"

"ဟုတ်ပါတယ် အစ်ကိုကြီးရယ်၊ ကျွန်မတို့နဲ့ မြို့ကိုသာလိုက်ခဲ့ပါ"

ဦးလှဆောင်၏ မိန်းမစကားကြောင့် နှမဖြစ်သူ ဒေါ်ရွှေတင်ကလည်း အားကျမခံ ပြောလာလေသည်။

"အစ်ကိုကြီး အဖရာတဲ့၊ ရွှေတင်တို့လည်း အစ်ကိုကြီးကို အိမ်ဦးခန်းမှာထားပြီး ကျွေးမွေးပြုစုနိုင်ပါသေးတယ်နော်၊ ရွှေတင်တို့နဲ့သာ လိုက်ခဲ့ပါ"

ညီအငယ် ဦးဘအောင်က မည်သို့မျှမဆိုသော်လည်း ဦးဘအောင်၏ဇနီးကမူ

"အစ်ကိုကြီးရဲ့ တူ၊ တူမတွေကလည်း မှာလိုက်ကြပါတယ်၊ ပြန်ရင် ဘဘကြီးကို အလည်ခေါ်ခဲ့ပါတဲ့၊ အစ်ကိုကြီးပါမလာရင် ကလေးတွေ မကောင်းဖြစ်ကြရမှာ"

□

ဦးဘမောင်တစ်ယောက် ဇနီးသည် ဒေါ်ခင်မိ ဆုံးပါးသွားချိန်တွင် အသက် ငါးဆယ်ကျော်သာရှိသည့် မုဆိုးဖိုတစ်ဦးဖြစ်ခဲ့ရသည်။ သူတို့တွင် သားထောက်သမီးခံဟူ၍ တစ်ယောက်မျှမရှိခဲ့ပေ။ ရွာတွင်ရှိသော မိဘလက်ငုတ်လက်ရင်းကို ဆက်လက်လုပ်ကိုင်ပြီး ဒေါ်ခင်မိ၏ မိဘများ မရှိတော့သည့်အခါတွင် တစ်ဦးတည်းသော သမီးပီပီ အမွေအနှစ်များအားလုံးလိုလို သူတို့လင်မယားနှစ်ယောက်သာ ပိုင်ဆိုင်ခဲ့ကြရပြန်သည်။

ထို့ကြောင့်လည်း ဦးဘမောင်နှင့် ဒေါ်ခင်မိသည် ရွာ၏မျက်နှာဖုံးများ ဖြစ်ခဲ့ကြသည်။ သူတို့လှူဒါန်းထားသမျှသည် ရွာလေးတွင် လက်ညှိုးထိုးပြ၍ မနိုင်ပေ၊ နေရာတိုင်းတွင် ရှိနေကြသည်။ ယခုလို ဒေါ်ခင်မိ ဆုံးပါးသွားချိန်တွင်တော့ ဥစ္စာ၊ အမွေအနှစ်များစွာကို ဦးဘမောင် တစ်ဦးတည်းသာ ပိုင်ဆိုင်ခဲ့ရတော့သည်။

တကယ်တော့ ဦးဘမောင်တွင် ဦးလှဆောင်၊ ဦးဘအောင်နှင့် ဒေါ်ရွှေတင်ဟူ၍ မောင်နှမလေးဦးရှိခဲ့ပါ၏။ သူတို့က အိမ်ထောင်အသီးသီးကျပြီး ရန်ကုန်မြို့ကြီးတွင် နေထိုင်ကြလေသည်။ ယခုလည်း ဒေါ်ခင်မိ ရက်လည်ချိန်မှ ရောက်လာကြတော့သည်။

အလုပ်ကိစ္စကြောင့် ချက်ချင်းရောက်မလာနိုင်သည်ကို အပြစ်မမြင်ချင်တော့ပါ။ ဘာပဲပြောပြော ဦးဘမောင်အဖို့ မောင်နှမများ၏ မျက်နှာများကို မြင်ရလျှင်ဖြင့် အားငယ်စိတ်များ တစ်ဝက်သက်သာသွားရသလို ခံစားရလေပြီ။ ဒါတင်မဟုတ်သေးပေ။ ညီအကြီးဆုံး ဦး

**အနှစ်နှစ်၊ အလလက သိမ်းဆည်းထားသည့်**
**ကျွန်းသေတ္တာကြီးကို ယူဆောင်ကာ အများရှေ့၌**
**ဖွင့်ချလိုက်ရာတွင်...**

www.burmeseclassic.com

www.burmeseclassic.com



စေတနာစကားလေးများက ဦးဘမောင်အတွက် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။ သို့ပေမယ့် ကျေနပ် ဝမ်းမြောက်ခြင်းနှင့်အတူ ငြင်းဆန် မိလေသည်။

"ခင်မိ ခေါင်းချတဲ့အရပ်မှာပဲ နေပါရစေကွာ၊ မင်းတို့စေတနာတွေ ကို အစ်ကိုကြီး နားလည်ပါတယ်"

"အခုမလိုက်လည်း နောက် တော့ လိုက်ခဲ့ပါ အစ်ကိုကြီးရယ်"

"ဟုတ်ပါတယ် အစ်ကိုကြီး ရာ၊ စဉ်းစားပါနော်"

"အစ်ကိုကြီးသာ မြို့မှာလာနေ ရင် တစ်သက်လုံး ခေါ်ထားမှာပါ"

ဦးဘမောင်မှာ သူတို့၏စကား များကို ပြုံးလျက်နားထောင်နေပြီး မည်သို့မျှ ပြန်မပြောရှာပေ။ စိတ်ထဲ တွင်တော့ ဇနီးသည် ဒေါ်ခင်မိကို သာ သတိရနေမိလေသည်။

* * *

အသုဘရက်လည်ချိန်တွင် ရွာ မှလူများနှင့် ဦးဘမောင်ဆွေမျိုးများ ဖြင့် စည်ကားနေကြသည်။ ဦးဘ မောင်လည်း ဇနီးသည်အတွက် နောက်ဆုံးအလှူဖြစ်သည်ကြောင့် လာသမျှဧည့်သည်များကို ခုနစ်ရက် ခုနစ်လီထမင်းရည်ချောင်းစီးမတတ် ကျွေးမွေးပြီး လိုလေသေးမရှိ ဧည့်ခံ ရှာပါသည်။ ထိုမျှမကသေးပေ။ သံဃာတော်များကိုလည်း ဆွမ်း ကွမ်း၊ ဝတ္ထုငွေများဖြင့် ဇနီးသည် ကိုယ်စား ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှုပြုလုပ်ပေးခဲ့သည်။

ဦးဘမောင်၏ ကြွယ်ဝချမ်းသာ ပုံကို အံ့သြစွာ တွေ့ရပြန်တော့ လောကီလူသားများပီပီ လောဘ စိတ်များ ဖြစ်မိကြသည်။ ပြီးတော့ လည်း မိဘပိုင် အမွေဆိုင်အိမ်ကြီး ကြောင့် ရက်လည်ညတွင်ပင်အရေး ဆိုလာကြတော့သည်။ သို့ပေမယ့် ကြောက်စရာကောင်းသည့် မောင် နှမများအကြောင်းကို ဦးဘမောင်က မသိရှာပေ။

"မြို့မှာ စီးပွားရေးကမကောင်း တော့ အရင်းအနှီးလေးရှာပြီး အလုပ်တစ်ခုလုပ်ချင်တယ် အစ်ကို ကြီး၊ ကုမ္ပဏီတစ်ခုခုမှာ အစုရှယ် ယာဝင်ပြီး ငွေထည့်နိုင်ရင် ကောင်း မှာပဲ"

ညီဖြစ်သူ လှဆောင်၏စကား များအား သူက နားမလည်ပေ။ တောမှာနေ၊ တောမှာကြီးပြီး လယ် ထဲတွင် အလုပ်လုပ်လာခဲ့သူဖြစ်၍ လည်း အတွေးအခေါ်ကအစ ရိုး သားတတ်သည်။ တောကိုအထင် သေးပြီး မြို့တက်သွားကြသည့် မောင်နှမများကို အပြစ်မတင်လို သော်လည်း ယခင်ကထက် အများ ကြီး ကွာခြားနေပြီဖြစ်သည့် တော ရွာလေးအား သူတို့ တွေ့မြင်ရသည့် အခါ ရင်သပ်အံ့သြမဆုံး ဖြစ်နေကြ လေပြီ။

နိုင်ငံတော်၏ စေတနာကြောင့် တစ်နေရာမှ တစ်နေရာသို့ ဆက် သွယ်သွားလာနိုင်သည့် လမ်းများ၊ တံတားများ၊ ဆည်များအပြင် လျှပ် စစ်မီးများ ထိန်ထိန်လင်းနေကြ သည်။ တောင်သူလယ်သမားများ သည်လည်း တိုးတက်သော နည်း ပညာများဖြင့် ခေတ်မီနေကြပေပြီ။

"ကျွန်တော်လည်း ကိုယ်ပိုင် လုပ်ငန်းတစ်ခုခုလုပ်မယ်လို့ စိတ် ကူးရထားတယ်၊ ခက်တာက ငွေ ပဲဗျာ"

ဦးဘအောင်၏ ညည်းညူ စကားကို ကြားရပြန်သည်။

"ဟုတ်တယ် အစ်ကိုကြီး၊ ရွှေ တင်လည်း သားသမီးလေးတွေက ကြီးလာတော့ စရိတ်စက,က များ လာပြီ၊ အစ်ကိုကြီးယောက်ဖလုပ် စာက အိမ်စရိတ်တောင် အနိုင်နိုင် ရယ်၊ ဒီတော့ ဆိုင်ခန်းလေးတစ် ခန်းဝယ်ပြီး ဈေးရောင်းချင်တယ်"

ဦးဘမောင်မှာ ခေါင်းလေး တညိတ်ညိတ် နားထောင်နေ၍ သူ တို့အဖို့ အခက်တွေ့နေကြသလို တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်နေကြပြီး အားမလိုအား မရဖြစ်နေကြရသည်။ စောင်းပါးရိပ် ခြည် ပြောသော်လည်း ဦးဘမောင် ထံမှ မလှုပ်သည့်အဆုံးတွင် ...

"ကျွန်မတို့မောင်နှမတွေ စုံစုံ လင်လင်ရှိနေချိန်မှာ မိဘရဲ့အမွေ အနှစ်တွေကို ခွဲဝေပေးဖို့ အချိန် တန်ပြီ အစ်ကိုကြီး၊ အိမ်နဲ့ခြံတွေ လယ်တွေ၊ နွားတွေအပြင် အတွင်း ပစ္စည်းတွေ ကျန်ရစ်ခဲ့မှာပါ၊ အဲဒီ တော့....."

ဦးဘမောင်အဖို့ အထူးအဆန်း သဖွယ် ဖြစ်ရလေပြီ။ သည်လောက် မှ သဘောပေါက်သွားရသည်။ မိဘ ရှိစဉ်က ကျွေးမွေးလုပ်ကျွေးဖော် မရဘဲနှင့် အလျှိုလျှို မြို့တက်

www.burmeseclassic.com



သွားကြကာ အမျိုးမျိုးဒုက္ခပေးသွားကြသည့် သားသမီးများ၊ မိဘထံမှ အယူရှိပြီး အပေးမရှိခဲ့သည့် လက်များကြောင့် စိတ်ညစ်ပြီး စီးပွားကျနေချိန်တွင် ဦးဘမောင်တို့ လင်မယားမှ မိဘနှစ်ပါးအား ရိုသေစွာ လုပ်ကျွေးပြုစုခဲ့ကြ၍သာ အသေဖြောင့်သွားခဲ့ကြရသည်။

သူတို့ မြို့တက်သွားစဉ်က အရင်းအနှီးအဖြစ် တောင်းယူသွားကြသည့် ပစ္စည်းများကို မေ့လျော့ကုန်ကြပြီလားမသိပေ။ သားအကြီးဆုံးပီပီ မိဘနှစ်ပါး၏ တိုင်ပင်မှုများကြောင့် မတားဆီးဘဲ ရက်ရောစွာ ပေးကမ်းမှုကို သူသာလျှင် အသိဆုံးဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း အိမ်နှင့်ခြံမှလွဲ၍ တခြားပစ္စည်း ဘာမျှမရှိတော့ပေ။ ဤသည်ကို သူတို့လည်း သိနေပါလိမ့်မည်။

ဦးလှဆောင်၏ တစ်ဝက်တစ်ပျက်စကားကိုဆက်လက်နားထောင်နေမိရာ အားလုံးမှာလည်း ငြိမ်သက်စွာ အရေးဆိုနေကြသည်ကို တွေ့ရသည်။

"အစ်ကိုကြီးက အကြီးဆုံးဆိုတော့ ထိန်းသိမ်းထားတဲ့အမွေတွေကို ခွဲဝေပေးစေချင်ပါတယ်"

စကားအဆုံးတွင် အားလုံး၏ မျက်လုံးများမှာ ဦးဘမောင်ထံ ကျရောက်လာကြတော့သည်။ မိမိက တစ်ကိုယ်ရေတစ်ကာယသမားဖြစ်၍ ပူပန်စရာမလိုပါ။ ဥစ္စာအမွေအနှစ်ဟူသည် စားထိုက်မှ စားရသည်ဟု ခံယူထား၍ သူတို့တောင်းဆိုသည့်အတိုင်း ခွဲဝေပေးလိုက်ရုံသာ ရှိပါတော့သည်။ သို့ပေမယ့် စကားတစ်ခွန်းကိုတော့ ပြောလိုက်မိပါသည်။

"အိမ်၊ ခြံ၊ လယ်နဲ့ နွားတွေကတော့ မင်းတို့မျက်မြင်ပါပဲ၊ အတွင်းပစ္စည်းတွေ ဘာကျန်သေးသလဲဆိုတာကို မင်းတို့အသိဆုံးဖြစ်ကြမှာပါ၊ မိဘတွေ မရှိတော့တဲ့အချိန်က မင်းတို့ မတောင်းဆိုခဲ့တဲ့အတွက် မပြဖြစ်လိုက်တာကို အခုတော့ ကြည့်သွားကြပါဦး"

အနှစ်နှစ်၊ အလလက သိမ်းဆည်းထားသည့် ကျွန်းသေတ္တာကြီးကို ယူဆောင်ကာ အများရှေ့၌ ဖွင့်ချလိုက်ရာတွင် အဝတ်အစား ခပ်နွမ်းနွမ်းလေးများနှင့် ဖခင်ကြီးသောက်နေကျ ဆေးတံဟောင်းလေးအပြင် မိခင်ကြီး၏ ဝါးဘီးကျိုးလေးကိုသာ တွေ့ရတော့သည်။

"မိဘနှစ်ပါးရဲ့ အမြတ်တနိုး ကျန်ရစ်ခဲ့တဲ့ ဒီပစ္စည်းလေးနှစ်ခုက လွဲပြီး ကျန်တာကို မင်းတို့ယူသွားကြပါ၊ မိဘအမွေအနှစ်ကို မကုန်သင့်တာ မကုန်ရအောင် ထိန်းသိမ်းပေးထားတဲ့ တို့လင်မယားရဲ့စေတနာကိုတော့ မင်းတို့ အထင်မလွဲစေချင်ပါဘူး၊ ငါက အကြီးဆုံးဆိုတော့ မင်းတို့ ကျေနပ်အောင် လုပ်ပေးရမှာပေါ့ကွာ"

ဦးဘမောင်၏ စကားအဆုံးတွင် သူတို့အားလုံး၏ မျက်နှာများမှာ ဝင်းလက်သွားကြတော့သည်။ ငွေထုပ်ပိုက်ပြီး မြို့ကိုပြန်ရမည်ဆိုတော့လည်း အစ်ကိုကြီး ငြိုငြင်မည်ကို စိုးရိမ်နေကြပြန်သည်။

"ကျွန်တော်တို့ကို စိတ်မဆိုးပါနဲ့ အစ်ကိုကြီးရာ၊ ခုရှင်းမှ နောင်မရှုပ်မှာပါ၊ အစ်ကိုကြီးရှိစဉ်မှာအမွေခွဲထားတော့ ပြဿနာမရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ် အစ်ကိုကြီး အိမ်နဲ့ခြံကို အစ်ကိုကြီး [illegible]ယူပြီး

www.burmeseclassic.com

www.burmeseclassic.com

ခွဲဝေပေးမယ်ဆိုရင် ပိုအဆင်ပြေမှာပါ၊ သူများကို ပေးရမယ့်အတူတူ သင့်တင့်တဲ့ဈေးနဲ့ဖြတ်ပြီး အစ်ကိုကြီးပဲ ယူလိုက်ပါ''

သူတို့ဖြစ်စေချင်သည့် ဆန္ဒကို တင်ပြကြသည်။ ဦးဘမောင်ဆန္ဒကလည်း မိဘပိုင် သည်အိမ်၊ သည်ခြံကြီးအား လက်လွှတ်စပယ်မလုပ်ရက်ပါ။ ညီအစ်ကို၊ မောင်နှမများအား သံယောဇဉ်ကြီးသူပီပီ ရှေ့ရေးကို မျှော်တွေးပြီး သူတို့၏ ဆန္ဒအတိုင်း ပြုလုပ်ပေးခဲ့သည်။

ထို့နောက် အားရဝမ်းသာ ပြန်သွားရှာသော ညီ၊ ညီမများအား စိတ်မကောင်းစွာ ကြည့်နေရုံမှတစ်ပါး ဦးဘမောင်၏ရင်မှာ အားငယ်စွာ ကျန်ရစ်ခဲ့သည်ကို သူတို့ မသိခဲ့ကြပေ။ ဦးဘမောင်၏ စိတ်ထဲတွင်တော့ ကျေနပ်စွာ ပြန်သွားကြသည့် မောင်နှမများအား စိတ်ချမ်းသာအောင် ပြုလုပ်ပေးလိုက်ရ၍ အတိုင်းမယ် ပမ်းသာမိပါသည်။

* * *

တစ်နှစ်ခန့်ကြာသော် ဦးဘမောင်သည် မိမိပိုင်ဆိုင်မှုများအား မောင်နှမများအတွက် ခွဲဝေပေးရန် စိတ်ကူးတစ်ခုရလာမိ၍ မောင်နှမများ အဆင်ပြေ၊ မပြေကို လေ့လာအကဲခတ်ရန် ရွာမှတစ်ဦးတည်း ထွက်လာမိသည်။ ပထမဆုံးရောက်မိသည်က ညီအကြီးဆုံး ဦးလှဆောင်၏အိမ်ပင်ဖြစ်လေသည်။ အငှားကားပေါ်မှ ဆင်းလာသည့် ဦးဘမောင်ကို တွေ့သည့်အခါ.....

''ဟယ်...ဘဘကြီးလာတယ် ဖေဖေရေ''

တူမ၏အသံကြောင့် အိမ်ထဲမှ ညီဖြစ်သူလင်မယားမှာ အားရဝမ်းသာ ဆီးကြိုရန် ထွက်လာကြတော့သည်။

''ဘဘကြီး အိတ်ပေး၊ သမီး သယ်ခဲ့မယ်''

''အစ်ကိုကြီးရာ အကြောင်းမကြား၊ ဘာမကြားနဲ့၊ အိမ်ကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်လို့ တော်သေးတာပေါ့''

တူ၊ တူမများမှာ သူ့အားတွဲပြီး အိမ်ပေါ်ခေါ်သွားကြသည်။ ဧည့်ခန်းထဲတွင် နေရာယူပြီးချိန်တွင်တော့ ခရီးရောက်မဆိုက် ပြောပြလိုက်မိသည်။

''အစ်ကိုကြီး မင်းတို့နဲ့နေမလို့ ထွက်လာတာလေ''

အံ့သြသွားသော မျက်နှာများကြောင့် ဦးဘမောင်က ဆက်လက်ရှင်းပြပေးလိုက်ပြန်သည်။

''အစ်ကိုကြီးမှာ အားကိုးစရာဆိုလို့ ဒီညီ၊ ဒီညီမတွေပဲ ရှိတော့တာမဟုတ်လား။ ရွာကအိမ်နဲ့ ခြံကို ရောင်းလိုက်ပြီး လှူသင့်တာကို လှူခဲ့ပြီးပြီ''

''ဟင်....ဒါဆို အစ်ကိုကြီးက ဘယ်မှာနေခဲ့သလဲ''

''ဘုန်းကြီးကျောင်းမှာ နေခဲ့တာပေါ့၊ မြို့ကိုထွက်လာလို့ ဆရာတော်ကတောင် စိတ်ဆိုးပြီးကျန်ခဲ့တာ၊ ကိုယ့်မောင်နှမတွေရှိရဲ့သားနဲ့ သူများတွေကိုဒုက္ခမပေးချင်ပါဘူး''

ဒေါ်ထွေးလှ၏မျက်နှာသည် ဖြူရော်သွားတော့သည်။ ဦးဘမောင်၏ အခြေအနေမှာ ဘာမျှရှိပုံမပေါ်တော့ပေ။ ညစ်နွမ်းနွမ်းအဝတ်များဖြင့် လွယ်အိတ်အစုတ်လေးက သက်သေပင်။ အလှူအတန်းတွင် ရက်ရောလွန်းသော ဦးဘမောင်ထံတွင် မည်သည့်အမွေအနှစ်မျှ ရှိပုံမပေါ်ပါ။ ခုချိန်မှ အိမ်တွင် သောင်တင်နေလျှင်....ဒေါ်ထွေးလှမှာ သက်ပြင်းမောကြီးကို ချလိုက်မိတော့သည်။ ယောကျာ်းဖြစ်သူအား လက်တို့ခေါ်ပြီး တိုးတိုးတိတ်တိတ် တိုင်ပင်ရတော့သည်။

''ရှင့်အစ်ကိုက ဒီမှာနေမယ်ဆိုတော့ တစ်သက်လုံး ကျွန်မတို့က ကျွေးထားနေရမှာပေါ့၊ လူတစ်ယောက်ရဲ့ စားစရိတ်က နည်းတာမဟုတ်ဘူးရှင့်၊ ပြီးတော့ ငွေတစ်ပြားမှ မကျန်တော့မှ ရောက်လာတာ၊ သူ့ကို ဘယ်သူတွေက ကြည်ဖြူချင်မှာလဲ ကိုလှဆောင်''

''တိုးတိုးပြောပါကွာ၊ အစ်ကိုကြီးကြားသွားလို့ စိတ်မကောင်းဖြစ်နေပါဦးမယ်၊ သူ့မှာ ငွေတော့ပါချင်ပါမှာပေါ့၊ ငါ မေးကြည့်ပါဦးမယ်''

''ဒါဆိုလည်း ခုချက်ချင်းသာ မေးလိုက်၊ အခြေအနေမကောင်းရင် ရှင့်ညီနဲ့ ညီမအိမ်ကို အကြောင်းတစ်ခုခုပြပြီး ပို့ပေးလိုက်နော်''

''အေးပါကွာ''

ဦးလှဆောင်တစ်ယောက်မျက်နှာငယ်လေးနှင့် ပြန်ထွက်လာလေသည်။ ဒေါ်လှထွေးမှာတော့ကလေးများအား ကျိတ်မှာနေလေပြီ။

www.burmeseclassic.com

"ဟိုဟာကြီးကို ဒီမှာနေပါလို့ သွားမပြောကြနဲ့နော်၊ ခင်ခင်မင်မင် လည်း ချစ်ပြမနေနဲ့ တော်ကြာ အိမ် ပေါ်ကမဆင်းဘဲ ဖြစ်နေလိမ့်မယ်"

"သနားပါတယ် မေမေရာ၊ ဘဘကြီးမှာ မိန်းမနဲ့ သားသမီးတွေ မှ မရှိကြတာ၊ သူ့ကို ဘယ်သူတွေ က ပြုစုကြမှာလဲ"

"ကဲ.....လျှာရှည်ဦး"

ဒေါက်ခနဲ ခေါင်းခေါက်သံ ကြောင့် ခေါင်းလေးပွတ်သပ်ပြီး ပါး စပ်ပိတ်သွားလေတော့သည်။ စိတ် တိုဒေါသထွက်နေသော မိခင် ကြောင့် သမီးကြီးလည်း သူမ၏ မောင်ကို ကြည့်၍ ငြိမ်သက်သွားရှာ သည်။

"ဟဲ့.....ဒါက ဘယ်ကိုယူ သွားမလို့လဲ"



"ဟို ဘဘကြီးစားဖို့ပါမေမေ"

"ပြန်ချထားလိုက်၊ ဟိုမှာ ငွေ နွေးအဆင်သင့်ရှိနေပြီးသား၊ လော ကွတ်ပိုမနေနဲ့"

ထန်းလျက်ခဲပုလင်းလေးအား အသာပြန်ချထားလိုက်ရတော့သည်။ ဦးလုဆောင်မှာ မိန်းမကြောက်ရသူ ပီပီ အစ်ကိုကြီးအား တဲ့တိုးပြောချ ရသည်။ သူ့ဇနီးပြောသည့်အတိုင်း ပင် အစ်ကိုကြီးတွင် ငွေဟူသည် ခြူးတစ်ပြားမျှပင် မရှိတော့ပေ။

"အစ်ကိုကြီးကိုပြောရမှာ အား နာနေမိတယ်"

ဤသို့အစပျိုးပြီးနောက် ဇနီး သည်အလိုကျ ပြောချရလေပြီ။ "မှသားမပါ လက်ာမချော"ဆိုသည့် စကားအတိုင်း ညီအစ်ကိုရင်းကိုပင် ဖြစ်လင့်ကစား ကြင်နာသနား ညှာ တာစိတ်များ မရှိနိုင်တော့ချေ။

"အိမ်မှာ ညဥ့်အိပ်ညဥ့်နေ ဧည့်သည် လက်မခံရဘူးလို့ ဗေဒင် က ဟောထားတယ် အစ်ကိုကြီး ရယ်၊ လက်ခံမိရင် လာဘ်ပိတ်မယ် တဲ့၊ ဒီတော့ မနက်စာစားပြီးမှ ဘအောင်ဆီကို ကျွန်တော် လိုက် ပို့ပေးပါ့မယ်"

ညီဖြစ်သူ၏နှုတ်ဖျားမှ ထိုသို့ ပြောလာလိမ့်မည်ဟု မျှော်လင့်မ ထားမိ၍ ဦးဘမောင်မှာ အံ့သြမှင် တက်သွားမိရသည်။ ထို့ကြောင့် လည်း ကြင်နာမှုကင်းမဲ့သည့်နေရာ တွင် ဦးဘမောင် ဆက်မနေချင် တော့ပါ။ ခယ်မ၏ ပြန်ထွက်မထေ သောလုပ်ရပ်ကြောင့် နာကြည်းခြင်း နှင့်အတူ...

ညီဖြစ်သူ၏ နှုတ်ဖျားမှ ထိုသို့ ပြောလာလိမ့်မည်ဟု မျှော်လင့်မထားမိ၍ ဦးဘမောင်မှာ အံ့သြမှင်တက် သွားမိရသည်။ ထို့ကြောင့်လည်း ကြင်နာမှုကင်းမဲ့သည့် နေရာတွင် ဦးဘမောင် ဆက်မနေချင်တော့ ...

www.burmeseclassic.com

"ငါ့ကို အခုပဲ ဘအောင်ဆီကို သာ လိုက်ပို့ပေးပါတော့ကွာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

အငှားကားလေးနှင့်ပင် ချက်ချင်းလိုက်ပို့ပေးမိ၏။ ဦးဘမောင်မှာ စိတ်မကောင်းစွာ လိုက်ပါခဲ့ရသည့် အဖြစ်ကို သူသာလျှင် အသိဆုံးဖြစ်ပါတော့သည်။

* * *

သည်လိုနှင့် ဦးဘအောင်၏ အိမ်သို့ ရောက်လာခဲ့လေပြီ။ အစ်ကို၏မျက်နှာကို တွေ့ရ၍ အားရဝမ်းသာဖြစ်နေကြသည့် ညီဖြစ်သူ၏ မိသားစုကြောင့် စောစောက စိတ်မကောင်းဖြစ်ခဲ့သမျှ မေ့ပျောက်သွားရတော့သည်။

"ကိုယ့်ညီအိမ်ပဲ အစ်ကိုကြီးရာ၊ ပျော်သလောက်နေစမ်းပါ"

ဦးဘအောင်က ပွဲစားပီပီစကားပြောညက်သော၏။ ညီအကြီးထက် ညီအငယ်မှာ အပြောလည်သောကြောင့်လည်း ဦးဘမောင် ဝမ်းသာခဲ့ရသည်။ ညီဖြစ်သူ ဦးဘအောင်ပင်မဟုတ်ပါ။ ခယ်မဖြစ်သူ ဒေါ်ဆွေသက်ကလည်း ကြည်ဖြူပါသည်။

"အစ်ကိုကြီး စားချင်တာပြောနော်၊ အစ်ကိုကြီးညီကတော့ မြင်တဲ့အတိုင်းပဲ၊ စီးပွားရေးကိစ္စပဲ လုံးပန်းနေရတော့ အစ်ကိုကြီးအပေါ် တာဝန်မကျေဖြစ်နေတာ"

ထို့ကြောင့်လည်း ကားနှင့်တိုက်နှင့် အနေတင့်နေသည့်အတွက် ဝမ်းသာမိရပြန်သည်။

"အစ်ကိုကြီးဆီက အမွေခွဲဝေပေးတော့ အစ်ကိုကြီးညီက ကားတစ်စီးဝယ်ပြီး ဝယ်ရောင်းလုပ်ခဲ့လို့ ဒီအခြေအနေအထိ ရောက်လာခဲ့ရတာ၊ အခုလို အစ်ကိုကြီးကို ပြုစုခွင့်ရတာကိုပဲ ကျွန်မတို့လင်မယားမှာ ဝမ်းသာနေရတာပါ"

ဦးဘမောင်မှာ ညီဖြစ်သူတို့လင်မယား၏အသိစိတ် မဆိုးပါလားဟု တွေးမြင်မိခြင်းနှင့်အတူ ရင်ထဲတွင် ကျေနပ်နေမိရသည်။ သည်လိုသိတတ်သော ညီအတွက် သူ့ဘက်မှ ပိုင်ဆိုင်မှုကို လွှဲအပ်ရန် ဝန်မလေးတော့ပေ။ ဦးလှဆောင်ထက် ဦးဘအောင်အား ပိုမိုခွဲဝေပေးရန် စိတ်ကူးထားမိသည်။

တစ်ပတ်ခန့်ကြာသော် ဈေးတွင် ဒေါ်ထွေးလှနှင့် ဒေါ်ဆွေသက်တို့ ဆုံကြရလေပြီ။

"ဒီမှာ မဆွေသက်ရဲ့ ရှင့်ကို သနားလို့ပြောတာ၊ အဘိုးကြီးက မြို့မှာတစ်သက်လုံးနေဖို့ ရောက်လာတာတဲ့၊ ကျွန်မတောင် သူ့ညီကို မြန်မြန်ပြန်ပို့ခိုင်းလိုက်တာရှင့်"

"ဟင်...ဒါကြောင့် ကျွန်မတို့ဆီရောက်လာတာပေါ့၊ ဒါနဲ့ ကိုဘအောင်ပြောတော့ ပျော်သလောက်နေမှာဆို"

"ဒါက သူတို့ညီအစ်ကိုချင်း ညှာတာစိတ်နဲ့ ရှင်လက်ခံချင်အောင် ပြောတာနေမှာပေါ့၊ ကျွန်မတို့အိမ်ကို လာတုန်းက အဘိုးကြီးကိုယ်တိုင် ပြောခဲ့တာ"

ဒေါ်ဆွေသက်တစ်ယောက် ခမှပင် ရိပ်မိရလေတော့ပြီ။ မျက်လုံးထဲတွင် ဇိမ်ကျကျ နေထိုင်စားသောက်တတ်သော ဦးဘမောင်၏ မျက်နှာကြီးအား မြင်ယောင်လာခြင်းကြောင့် စေတနာပင် ပျက်မိသည်။ ဒေါ်ထွေးလှ၏ ဘေးတီးစကားကလည်း ထိရောက်လှပါသည်။

"ကျွန်မတို့က ညီတွေနဲ့စပ်မှတော်ရတဲ့သူတွေပါရှင်၊ အဝေးကြီးပါ၊ တကယ်ဆို သူ့ညီမတစ်ယောက်လုံး ရှိနေသားပဲ၊ သူ့အစ်ကိုကြီးကိုတော့ ကျွေးထားနိုင်မှာပါ၊ ရှင် စဉ်းစားကြည့်လေ"

ဒေါ်ရွှေတင်ကို ရည်ညွှန်းပြောနေခြင်းဖြစ်သည်။ သမီးယောက်မဟူသည် တည့်ခဲသလို ဒေါ်ရွှေတင်အား သူတို့နှစ်ယောက်လုံးကကြည့်မရကြပေ။

"မိဘပိုင်ပစ္စည်းတွေကို သူပဲ အများဆုံးရသွားတာ၊ သမီးက အငယ်ဆုံးဆိုတော့လည်း အဘွားကြီးရဲ့ စိန်ဘယက်နဲ့ စိန်ဘီးကြီးကို သူပဲပိုင်သွားတာပေါ့၊ ကျွန်မတို့ယောက်ျားတွေက လောဘမရှိတော့လည်း အရနည်းတာပေါ့လေ၊ ပြီးတော့ ပစ္စည်းတွေ ဘယ်လောက်ရှိတယ်၊ ဘာတွေရှိတယ်ဆိုတာ သေသေချာချာ မသိကြတော့ အကြီးဆုံးနဲ့ အငယ်ဆုံးအတွက် ဖြစ်ကုန်ရတာပေါ့ရှင်"

"ဟင်း.....ဒါတောင် လူတွေရှေ့မှာ ကျွန်းသေတ္တာကြီးဖွင့်ပြပြီး အမှတ်ကပ်ယူသွားသေးတယ်လေ၊ မသိတဲ့လူတွေကတော့ သနားနေကြတာပေါ့၊ ကျွန်မတို့ သူစိမ်းတွေဆိုတော့လည်း သူတို့လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com





ကြီးအုပ်သမျှကို လက်ပိုက်ကြည့်နေရတာပေါ့ရှင်''

နှစ်ယောက်သား ဆုံတွေ့ချိန်ရောက်မှမကျေနပ်သမျှမှာ ပွင့်ထွက်လာကြတော့သည်။ ဦးဘမောင်အကြောင်းမှ ဒေါ်ရွှေတင်အကြောင်းသို့ မြားဦးလှည့်သွားကြပြန်သည်။

''မင်္ဂလာဈေးမှာ မရွှေတင်ဖွင့်ထားတဲ့ အထည်ဆိုင်ကို ရှင်ရောက်ဖူးလား၊ အပျံစားပဲ''

''ဟင့်အင်း၊ ကြွားလွန်းလွန်းလို့ကို မသိချင်တာ မထွေးလှရဲ့၊ သူက အပြိုင်အဆိုင်များတယ်၊ ကျွန်မတို့ တိုက်ဆောက်ပြီး ဘာကြာသေးလို့လဲ သူလိုက်ဆောက်တာ၊ သူ့ယောကျ်ားက အေးသလောက် မိန်းမက သိပ်လည်တာ''

''ကဲ...ဒါတွေ ခဏထားလိုက်ပါဦး၊ ရှင့်အိမ်ပေါ်ကဟာကြီးကို ဘယ်လိုဆက်လုပ်ဦးမှာလဲ''

ဒေါ်ထွေးလှ၏ အမေးစကားကြောင့် ဒေါ်ဆွေသက်မှာ စဉ်းစားတွေဝေသွားတော့သည်။ သူမအနေဖြင့်မည်သို့စီစဉ်ရမည်ပင် မသိတော့။ ယောကျ်ားကို အတင်းအကျပ်ပြောနိုင်ရအောင်လည်း မိမိမှာ အာဏာကမရှိပြန်။ ယောကျ်ားလုပ်စာကို အမြိန့်သားထိုင်စားနေရ၍ မလွန်ဆန်ရဲပေ။ ဤသည်ကို ဒေါ်ထွေးလှကလည်း နားလည်ထားသည်။

''ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး မထွေးလှရယ်၊ ကျွန်မကို အကြံဉာဏ်လေး ပေးပါဦး''

ဒေဝဒတ်ကို ဆရာတင်မိသည့်အဖြစ်မျိုးပင်။ သူတို့တွင် ရှိနေကြသော မကောင်းသည့်စိတ်ဓာတ်က ငုပ်လျှိုးနေရာမှ ပြန်ပေါ်လာကြတော့သည်။

သူစိမ်းဆိုတော့လည်း သူစိမ်းစိတ်ဓာတ်ပင် ရှိနေကြပေလိမ့်မည်။ တစ်ချိန်က အလှူ့ပယ် ကျွေးမွေးခဲ့သည့် ကျေးဇူးကိုမှ မထောက်ဘဲ ဉာဏ်နီဉာဏ်နက်သုံးကာ တိုက်စစ်ဆင်လာတော့လေပြီ။

မကြာမီ ဦးဘမောင်သည် နှမဖြစ်သူ ဒေါ်ရွှေတင်ထံ ရောက်လာရပြန်သည်။ ခယ်မ၏ ပညာပြမှုကြောင့် ဆယ်ရက်ခန့်တွင် နှမ၏အိမ်သို့ ရောက်လာရတော့သည်။ ဆက်နေလျှင်လည်း ခယ်မ၏ ဆူပူကြိမ်းမောင်းသံများကြောင့် သူမနေနိုင်ပါ။ မိမိက အေးအေးချမ်းချမ်းနှင့် နားအေးပါးအေး နေတတ်သော်လည်း ညီဖြစ်သူ ရှိနေသည့်အချိန်တွင် ပုတီးကိုပင် ဖြောင့်အောင် မစိပ်နိုင်တော့ပေ။ ယခုလို အဖော်မဲ့ဘဝတွင် ငြူစူမှုအမျိုးမျိုးကြောင့် သွားလေသူ ဇနီး ဒေါ်ခင်မိကိုသတိရမိသည်။

ဒေါ်ရွှေတင်ကတော့ ကိုယ့်သွေးသားပီပီ ကြည်ဖြူစိတ်လေးတော့ရှိပါသည်။ ဦးဦးဖျားဖျားလည်း ကျွေးရှာပါသည်။ မနက်ဈေးထွက်၊ ညနေပြန်ရောက်တတ်၍ အစ်ကိုကြီးအား ရသမျှအချိန်လေးတွင် ပြုစုစောင့်ရှောက်ခဲ့လေသည်။

ဒေါ်ရွှေတင်၏ယောကျ်ားမှာ ရေခဲတုံးက အဘခေါ်ရမည့်သူမျိုးပင်။ ညီမဖြစ်သူ ပြောသမျှကို ငြင်းပယ်တတ်ခြင်းမရှိသော ... ထဲ

**သူစိမ်းဆိုတော့လည်း သူစိမ်းစိတ်ဓာတ်ပင် ရှိနေကြပေလိမ့်မည်။ တစ်ချိန်က အလှူ့ပယ် ကျွေးမွေးခဲ့သည့် ကျေးဇူးကိုမှ မထောက်ဘဲ ဉာဏ်နီဉာဏ်နက်သုံးကာ တိုက်စစ်ဆင်လာတော့လေပြီ ...**

www.burmeseclassic.com





နှမ၏စကားအား အကြွင်းမရှိ လက်ခံပါသည်။
သူ့အဖို့လည်း ထိုလိုမျိုး တွေးထားပါသည်။ မည်သို့ပင်ဆိုစေ
နေရာတိုင်းတွင် ငွေရှိမှ လူရာဝင်သည်ကို
ညီနှစ်ယောက်အိမ်တွင် သူ့အဖို့ သင်ခန်းစာရခဲ့ပြီ မဟုတ်ပါလား
. . .

လက်ညှိုးထည့်လျှင်ပင် ကိုက်မည့် လူစားမျိုးမဟုတ်ပေ။ တူ၊ တူမများသည်လည်း သင်တန်းအမျိုးမျိုး တက်နေကြ၍ နေ့လယ်အချိန်တွင် တိတ်ဆိတ်နေတတ်၍ ဦးဘမောင်အဖို့ နားအေးပါးအေးရှိခဲ့ရသည်။

"အစ်ကိုကြီးလည်း ရွှေတင့်ဆီလာရတာ ပျင်းနေမှာပဲနော်၊ တော်ပါသေးရဲ့၊ အစ်ကိုကြီးရှိတော့ အိမ်ကိုစောင့်ဖို့ အဖော်ရတာပေါ့"

ညီမ၏စကားကြောင့် စိတ်ညစ်ခြင်းတစ်ဝက် သက်သာသွားစေရပြန်သည်။ သမီးကောင်းသော်မိဘအတွက် ဟင်းတစ်ခွက်ပို့ဖော်ရ၏ ဆိုသောစကားမျိုးရှိထား၍ ဦးဘမောင်သည် နှမဒေါ်ရွှေတင်အား ပီတိအဟုန်ဖြင့် ကြည့်နေမိတော့သည်။ ဘာလိုလိုနှင့် နှမအိမ်တွင် နေခဲ့သည်မှာ တစ်လခန့်ပင်ရှိလာ လေပြီ။ ယနေ့လည်း ဈေးပိတ်သည့်အတွက် အိမ်တွင် လူစုံတက်စုံရှိနေသည်။

"ရွှေတင် အစ်ကိုကြီးကို တိုင်ပင်စရာ ရှိနေတယ်"

မဝံ့မရဲမျက်ဝန်းလေးများမှာ တစ်စုံတစ်ရာကို ပြောရမည့်အတွက် စိုးရွံ့နေပုံမျိုးတွေ့နေရ၍ ဦးဘမောင်က အားပေးလိုက်ရသည်။

"ဘာပြောချင်လို့လဲ ရွှေတင်၊ အစ်ကိုကြီးကို ပွင့်ပွင့်လင်းလင်းသာပြော"

သည်တော့မှ ရဲဝံ့စွာဖြင့်ပြောလာလေတော့သည်။

"ဒီလိုပါ အစ်ကိုကြီး၊ အစ်ကိုကြီးမှာလည်း မျိုးဆက်ဆိုလို့ တစ်ယောက်မှမကျန်ရစ်ခဲ့ဘူးမဟုတ်လား၊ ရွှေတင်တို့နဲ့ တစ်သက်လုံးနေမယ်ဆိုရင် ရွှေတင်ပဲ ကျွေးထားမှာပါ"

ထိုစကားမျိုး ကြားရခြင်းအတွက် ဦးဘမောင်အဖို့ သိန်းတစ်ထောင့်ငါးရာဆုကြီး ထပေါက်သည့်အလား ထခုန်မိမတတ် ဝမ်းသာနေရပါပြီ။

"မိသားစုစိတ်ဓာတ်မျိုးနဲ့ ပူးပေါင်းနေထိုင်ပြီး အစ်ကိုကြီးမှာရှိနေတဲ့ ငွေတွေကို တိုးပွားလာအောင် ရွှေတင့်လုပ်ငန်းထဲ ထည့်လိုက်ပါလား၊ ဒါမှလည်း ကိုယ်လှူချင်တာလှူသွားနိုင်မယ်လေ"

နှမ၏စကားအား အကြွင်းမရှိ လက်ခံပါသည်။ သူ့အဖို့လည်း ထိုလိုမျိုး တွေးထားပါသည်။ မည်သို့ပင်ဆိုစေ နေရာတိုင်းတွင် ငွေရှိမှ လူရာဝင်သည်ကို ညီနှစ်ယောက်အိမ်တွင် သူ့အဖို့ သင်ခန်းစာရခဲ့ပြီ မဟုတ်ပါလား။

"အစ်ကိုကြီးမှာ အိမ်နဲ့ခြံကို ရောင်းချလိုက်ပြီဆိုတော့ လယ်တွေကရော ကျန်သေးမှာပေါ့နော်"

"ကိုယ်လည်း အသက်ကြီးပြီဆိုတော့ အရင်လို ဦးစီးပြီး မလုပ်ကိုင်နိုင်တော့ဘူးလေ၊ ဒါကြောင့် အကုန်လုံးကို ရောင်းချလိုက်ပြီး လှူသင့်တာလှူခဲ့သလို သေရင်ကိုယ့်နောက်ပါမယ့် ဒါနမျိုးစေ့ကို ချခဲ့ရမှာပေါ့ကွယ်"

"ဒါဆို အစ်ကိုကြီးလက်ထဲမှာ ငွေဘယ်လောက်ရှိနေလဲ"

"နှစ်သိန်း"

"ဟင်း.....ဒီခေတ်မှာ ငွေနှစ်သိန်းနဲ့ ဘာမှလုပ်စားလို့ မရဘူး

www.burmeseclassic.com

အစ်ကိုကြီးရဲ့၊ ဒါပေမဲ့ အစ်ကိုကြီးဆီမှာ မမမိရဲ့ အတွင်းပစ္စည်းတွေတော့ ရှိမှာပေါ့နော်၊ ဒါတွေကိုရောင်းချပြီး အရင်းအနှီးလုပ်လည်း ဖြစ်ပါတယ်လေ''

ဦးဘမောင်အား မိမိသိလိုသမျှကို ဝေ့ကာပတ်ကာ မေးနေသော်လည်း ဒေါ်ရွှေတင်မှာ လိုရင်းကို မရောက်သေးပေ။ တစ်ခါက တောအလှူတွင် ဒေါ်ခင်မိ ဝတ်ဆင်ထားသည့် ပတ္တမြားတစ်ဆင်စာကို မျက်လုံးထဲမှပင် မထွက်တော့။ ကာလပေါက်ဈေးနှင့် တွက်လိုက်လျှင်ပင် မနည်းပေ။ ပြီးတော့ ရွှေရည်မီ ဝင်းဝါနေသော ဒေါင်းဘယက်၊ လက်ကောက်နှင့် အခြားလက်ဝတ်လက်စားများလည်း ရှိနေသေးသည်။

"ခင်မိပစ္စည်းတွေက သူ မသုံးခင်ကတည်းက ဘုရားတည်တဲ့အထဲမှာ ထည့်လှူခဲ့ပြီးပြီ ရွှေတင်၊ အစ်ကိုကြီးဆီမှာ ဘာပစ္စည်းမှ မရှိတော့ ပါဘူးကွာ''

ဒေါ်ရွှေတင်တစ်ယောက် ခုမှ မျက်လုံးပိုပြူးသွားရတော့သည်။ သူ့စိတ်ထဲတွင် မျှော်လင့်ချက်များ သဲထဲရေသွန် ဖြစ်ကုန်ကြလေပြီ။

"တကယ်လား အစ်ကိုကြီး၊ အစ်ကိုကြီးလက်ထဲမှာ မမမိပစ္စည်းတွေ ဘာမှမရှိတော့ဘူးပေါ့နော်''

"တကယ်ပေါ့ဟ၊ ဒါကြောင့် နင်တို့နဲ့နေဖို့ ရွာကနေ အပြီးထွက်လာတာ''

"အမယ်လေး.....လေး၊ ကိုယ်ကျိုးတော့ နည်းပါပြီတော်၊ ဒုက္ခတော့ဖြစ်ပါပြီ၊ ကိုအောင်ချစ်....လာပါဦးတော့၊ မြန်မြန်လာပါဦးရှင်''

ဒေါ်ရွှေတင့်ခေါ်သံကြောင့် ယောကျ်ားဖြစ်သူ ဦးအောင်ချစ်မှာ အပြေးအလွှား ရောက်လာရှာတော့သည်။

"ဘာဖြစ်လို့လဲ မိန်းမ၊ ဘာဖြစ်လို့လဲဟင်''

"ဘာဖြစ်ရမှာလဲ၊ ကိုလှဆောင်နဲ့ ကိုဘအောင်တို့ကို ခေါ်ပေးပါ၊ အခုပဲ ကျွန်မဆီရောက်အောင် ခေါ်ပေးပါရှင်၊ ဒီကိစ္စကို အခုပဲရှင်းမှ ဖြစ်မှာ၊ မြန်မြန်ကားထုတ်ပြီး သွားခေါ်ပါ ကိုအောင်ချစ်ရယ်''

"အေး.....အေးပါကွာ၊ ငါ သွားခေါ်ပေးပါ့မယ်''

ဦးအောင်ချစ်ထွက်သွားပြီးနောက် မကြာခင်တွင် ဒေါ်ရွှေတင်၏ဧည့်ခန်းထဲတွင် မောင်နှမ စုံစုံလင်လင် ရောက်ရှိနေကြပေပြီ။

"အစ်ကိုတို့လုပ်ပုံက ကောင်းကြသေးရဲ့လားဟင်၊ ရှင်တို့ ကျွေးမွေးရမှာစိုးလို့ အစ်ကိုကြီးကို ကျွန်မဆီ လာထားကြတယ်ပေါ့၊ ကျွန်မလည်း ဆက်ပြီးတာဝန်မယူနိုင်တော့ဘူး၊ အစ်ကိုတို့ပဲ ပြန်ခေါ်သွားကြတော့''

"ဘယ်ဖြစ်မလဲ ရွှေတင်ရာ၊ ငါတို့မှာလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်ပါ''

"ဟုတ်တယ် ရွှေတင်၊ အိမ်မှာလည်း ဧည့်သည်လက်မခံရလို့ ဗေဒင်က ဟောထားလို့ပါကွာ''

ဦးလှဆောင်နှင့် ဦးဘအောင်တို့က နှမဖြစ်သူအား တောင်းပန်ပေမယ့် ဒေါ်ရွှေတင်က လက်မခံတော့ပေ။

"အို.....မလိုချင်ဘူး၊ ကျွန်မလည်း ကျွေးထားရတာ တစ်လကျော်နေပါပြီ၊ အစ်ကိုကြီးကို ရွှေတင် တောင်းပန်ပါတယ်နော်၊ သူတို့နဲ့သာ ပြန်လိုက်သွားပါတော့''

ဦးဘမောင်၏ရှေ့တွင်ပင် တာဝန်ဆက်မယူနိုင်ကြောင်း ငြင်းဆန်နေကြသည့် မောင်နှမများအား အံ့သြခြင်းနှင့်အတူ မျက်ရည်များပင် ရစ်ဝဲလာရသည်။

"ဒါဆို အစ်ကိုကြီး တောကိုပဲ ပြန်တော့၊ ကျွန်တော်တို့လည်း ခေါ်မထားနိုင်ဘူးဗျာ၊ အစ်ကိုကြီးကလှူချင်တိုင်းလှူပြီး ငွေကုန်မှ ညီအစ်ကိုမောင်နှမတွေကို ဒုက္ခပေးဖို့ ရောက်လာတာပဲ၊ ကျွန်တော်တို့ကိုလည်း သနားပါဦးဗျာ''

"ဟုတ်တယ်၊ အခုလို ဒုက္ခဖြစ်မှ ကျွန်တော်တို့ဆီ ရောက်လာတာ အစ်ကိုကြီး တရားသလား၊ ငွေ ကုန်သံပြာဖြစ်မှ ဒုက္ခပေးဖို့ ရောက် လာတာလားဟင်''

တစ်ယောက်တစ်ပေါက် ပြောဆိုရန်တွေ့သံများက ဦးဘမောင်၏ နားထဲသို့ သံရည်ပူနှင့် လောင်းချလိုက်သလို နားခါးလိုက်ပါဘိ၊ မိမိ၏စေတနာကို မသိမြင်တတ်သည့် သားချင်းများအား စကားတစ်ခွန်းသာ ပြောချလိုက်မိတော့သည်။

"တော်ပါတော့ကွာ၊ တော်ကြပါတော့၊ ငါ့ကို ဆက်မပြောကြပါနဲ့တော့၊ ရွှေရှိမှ မျိုးရှိတယ်ဆိုတဲ့ စကားဟာ သိပ်မှန်ပါလားကွ ဟင် မင်းတို့ဟာ ငါ့ရဲ့ဆွေမျိုးမဟုတ်ဘူး၊ မင်းတို့ရှာနေတာ ရွှေမျိုး အားလုံး

www.burmeseclassic.com

www.burmeseclassic.com



လူတွေသည် နိဗ္ဗာန်ကို
တောင့်တတတ်ကြသည်။
နိဗ္ဗာန်ကို ရည်မျှော်၍
ကုသိုလ်ကောင်းမှုများကို
ပြုလုပ်ကြသည်။
စေတနာ၊ သဒ္ဓါတရားဖြင့်
လှူဒါန်းကြသည်။
ဘုရား၊ တရား၊ သံဃာနှင့်
ကံ၊ ကံ၏အကျိုးတို့ကို
ယုံကြည်ခြင်းသဘောသည်
သဒ္ဓါမည်သည်
...

ကို ငါနားလည်ပါပြီကွာ၊ ဒီနေ့ပဲ ရွာကို ပြန်ပါတော့မယ်၊ နောင်ဆို မင်းတို့ ဆီကို ဘယ်တော့မှလာတော့မှာ မဟုတ်သလို မင်းတို့ဘဝမှာ ဘမောင်ဆိုတဲ့ အစ်ကိုတစ်ယောက် သေဆုံးသွားပြီလို့ပဲ ထင်မှတ်ထားလိုက်ကြပါတော့''

လွယ်အိတ်ကလေးကို ယူဆောင်လာကာ အလာတုန်းကလို ရွာသို့ တစ်ယောက်တည်းပဲ ပြန်လာရတော့လေပြီ။ ဦးဘမောင်အဖို့ သည်ရွာကလေးသာ သူ့အတွက် ထာဝရနားခိုရာဖြစ်ပြီး အမြဲတမ်း ကြိုဆိုနေပါလိမ့်မည်။ ဤရွာလေးရှိ မိတ်ဆွေများကသာ သူ့အတွက် ဆွေမျိုးစစ်များပင်ဖြစ်ကြောင်းအသိ တစ်ခုရမိသည်။ ထို့ကြောင့် သူပိုင်ဆိုင်သမျှ ငွေကြေးဥစ္စာများကို အကျိုးရှိသည့်နေရာမျိုးသို့ လှူဒါန်းသွားရန် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်မိပါပြီ။

* * *

''ချွင်.....ချွင်.....ချွင်''

ရွာဦးစေတီလေးမှ ဆည်းလည်းသံလေးကြောင့် စေတီလေးရှိရာသို့ မော့ကြည့်မိလိုက်သည်။

ထိုစေတီလေးတွင် နေ့စဉ်နေ့တိုင်း သန့်ရှင်းရေးလုပ်ပြီးသည်နှင့် လောကုတ္တရာအကျိုးအတွက် သူကြိုးစားအားထုတ်ရပေဦးမည်။ နောင်သံသရာအတွက် တရားစစ်၊ တရားမှန်ကို ရစေရန် ကျင့်ကြံနေရမည်ဟု သူခံယူထားသည်။

''ဩော်.....ဘုရားရိပ်၊ တရားရိပ်ထက် အေးချမ်းတဲ့အရိပ် မရှိတော့ပါလား''

ဘုရား၊ ဇရပ်၊ သိမ်၊ ကျောင်း ဒကာကြီး ဦးဘမောင်သည် ဘုရားရိပ်တွင် ထာဝရခိုလှုံရင်း ဦးပဏ္ဍိတဘွဲ့တော်ဖြင့် ထိုစေတီလေးတွင်



www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ် သီတင်းသုံးနေသည်ကို လူတိုင်းတွေ့မြင်နိုင်ကြပါလိမ့်မည်။

စင်စစ် လူတွေသည် နိဗ္ဗာန်ကို တောင့်တတတ်ကြသည်။ နိဗ္ဗာန်ကို ရည်မျှော်၍ ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ စေတနာ၊ သဒ္ဓါတရားဖြင့် လှူဒါန်းကြသည်။ ဘုရား၊ တရား၊ သံဃာနှင့် ကံ၊ ကံ ၏အကျိုးတို့ကို ယုံကြည်ခြင်းသဘောသည် သဒ္ဓါမည်သည်။

ဘုရားရှင်လက်ထက်က အလွန်ဆင်းရဲသော မယ်ဥတ္တရာတို့ ဇနီးမောင်နှံသည် စေတနာ၊ သဒ္ဓါတရား အလွန်ထက်သန်၍ ဘုရားရှင်အား ဆွမ်းတစ်နပ်၊ ဒန်ပူနှင့် ရေချမ်းတို့ကို လှူဒါန်းခဲ့ရာ ၎င်းတို့ထွန်ယက်ထားသော မြေစိုင်ခဲများသည် ရွှေတုံး၊ ရွှေခဲများအဖြစ်သို့ ပြောင်းသွားသည့် သာဓက ရှိခဲ့ဖူးလေသည်။

ဒါနဟူသည် နတ်ပြည်၏ စောင်းတန်းလှေကားဖြစ်သည်။ မြတ်သော ရိက္ခာထုပ်ဖြစ်သည်။ ခရီးဖြောင့်လည်းဖြစ်သည်။ မြတ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ရာ လမ်းကြောင်း၏ အထောက်အပံ့လည်းဖြစ်သည်။ ထို့အပြင် အမွန်မြတ်ဆုံး မင်္ဂလာတစ်ပါးလည်းဖြစ်လေသည်။

ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူများကို ရှုတ်ချပြောဆိုချင်သူ၊ မိမိကိုယ်တိုင် မလှူဒါန်း၊ မပေးကမ်းရုံမျှမက သူတစ်ပါးကို လှူဒါန်းပေးကမ်းသည်ကိုပင် နှမြောတွန့်တိုသူသည် သူယုတ်မာဖြစ်ပေသည်။

လူ့လောကကြီးသည်လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းလျက် စရိုက်ကြမ်းများ ထူပြောလှသည်။ ထိုကြမ်းကြုတ်ရိုင်းပျသော စိတ်များကို တရားဓမ္မကသာလျှင် ဆုံးမနှိမ်နင်းထားနိုင်မည်ပင်။

တကယ်တော့လောဘ၊ ဒေါသ၊ မောဟ ချုပ်ငြိမ်းရာအရပ်သည် နိဗ္ဗာန်ပင် ဧကန်စင်စစ် ဖြစ်မည် မဟုတ်ပါလား။

ဦးဘမောင်အဖို့ သံယောဇဉ်မှန်သမျှကို အေးချမ်းသော စိတ်နှလုံးဖြင့် ချုပ်ငြိမ်းနိုင်ခဲ့ရလေပြီ။

လေးစားစွာဖြင့်
နွေအလွန်


# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၁-၂၀၀၄၉၁၊
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ဖုန်း-၀၉-၅၀၄၁၂၃၈၊


www.burmeseclassic.com

www.burmeseclassic.com





# မြမြရှိုင်

## အဖြူကို အရောင်ဆိုးမိသူ

ပါလာတဲ့ ရွှေတွေလည်းကုန်၊
အရက်လည်းသောက်၊ ဖဲလည်းရိုက်၊
လောင်းကစားလုပ်လို့ ရှုံးလာရင် လူကိုပါ
ရိုက်နှက်ညှဉ်းဆဲတယ်လေ၊ သူ့အချစ်က
လှျာဖျားမှာပဲရှိတယ်တဲ့၊ တံတွေးတစ်ခါထွေးရင် ကုန်ရောတဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရည်လေးက ဖြူဖြူသန့်သန့်လေးနော်"

"ဟုတ်တယ် ဟုတ်တယ်၊ ထင်ရက်စရာတောင်မရှိဘူး"

"ဘယ်လောက်အထိ နာကြည်းချက်က ပြင်းထန်သလဲမှမသိတာ"

"ဒါသအလျောက်ဆိုပေမယ့် မသေမချင်းဆိုတော့ အပြစ်ဒဏ်က ကြီးသွားတာပေါ့"

"အယူခံဝင် တရားခံ ခင်မ (အဘ ဦး–––)သည် မိမိကိုယ်ဝန်ရှိနေစဉ်အတွင်း ယောက်ျားဖြစ်သူက နှေ့စဉ်ရိုက်နှက်ညှဉ်းပန်းသည့်ဒဏ်ကို မခံနိုင်၍ မူးမေ့လဲကျသွားပြီးနောက်သတိပြန်ရလာသောအခါတွင် အနားတွင်ရှိ ထင်းခွဲရန်ထားသည့် ဓားကိုယူကာ အပြန်အလှန်နှစ်ချက်တိတိ လွှဲခုတ်လိုက်ရာတွင် ခင်ပွန်းဖြစ်သူ သေဆုံးသွားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၀၄ အရ ထောင်ဒဏ်(၄)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ အယူခံဝင်လျှင်...."

နားနှစ်ဖက်ရှိ အကြားအာရုံတို့တွင် ထိုစကားလုံးတို့က မကြားချင် နားဆင်လျက်သား ပီပီသသကြားနေရသည်။ ရင်ထဲတွင် မွန်းကျပ်ပိတ်လှောင်သော ဝေဒနာကို နင့်နင့်နဲနဲ ခံစားရသည်။

"လူတစ်ဦးသည် အပြစ်ဒဏ်ကျခံပြီးနောက် လူ့ဘောင်အဆောက်အအုံတွင် ပြန်လည်၍ ကောင်းသောဘဝကို ထူထောင်နိုင်ရန် အရေးတယူထား၍ စဉ်းစားပေးရမည်ဖြစ်သည်။ တရားခံသည် ရာဇဝတ်မှုကိုကျူးလွန်ရန် စိတ်ဆန္ဒမရှိ။ နေ့စဉ်နှင့်အမျှ မိမိယောက်ျားသည် ကိုယ်ရောစိတ်ပါ သည်းမခံနိုင်လောက်အောင် နှိပ်စက်ညှဉ်းပန်းနေသဖြင့် ယခုလည်း အန္တရာယ်ပြုမည်ဟု စိုးရွံ့ကာ ရုတ်ခြည်း ဒေါသကြောက်ရွံ့မှုဖြစ်ပြီး ပြုလုပ်ကြောင်း ထင်ရှားလေသည်။ ဒေါသအလျောက် လက်လွန်ပြုခဲ့သည့်အတွက် အသိပညာပေးရန် အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်သို့ ပြင်ဆင်သတ်မှတ်လိုက်သည်။"

ဘဝတစ်ခုလုံး အလင်းရောင်ဆိတ်သုဉ်းသွားသလို ခံစားလိုက်ရသည်။

စီရင်ချက်တွေချပြီးပြီ။

ခင်မ ထောင်ကျပြီ။ ဘဝတစ်သက်တာတွင် တစ်ခါမှမစဉ်းစားခဲ့သောဘဝ။ သည်လိုဘဝမျိုးရောက်လိမ့်မည်ဟုလည်း မထင်ခဲ့။ ယခုတော့ အုတ်ရိုးလေးဘက်လေးတန်ကာရံထားသော အကျဉ်းထောင်ဆိုသည့် ထောင်အုတ်ရိုးအတွင်းဝယ် ထောင်ကျသူ၊ အကျဉ်းသားဘဝဖြင့် ခင်မ ရောက်ရှိနေပြီ။

"မှတ်ထား၊ ထောင်ဆိုတာ ပြင်ပလောကနဲ့ ဘယ်လိုမှ မအပ်စပ်၊ မတူညီတဲ့သီးခြားကမ္ဘာပဲ၊ သီးသန့်စည်းခြားထားတဲ့ သဘောပေါ့"

ခင်မ ထောင်ထဲစရောက်လာသည့်နေ့မှာပင် တန်းစီးတွဲ့ရ သန်း ခင်မဆိုသူက စပြီးပညာပေးလေသည်။ တန်းစီးဆိုသူမှာ ထောင်သက်ရှည်တဲ့သူ၊ အကျဉ်းထောင်ရဲ့အထာကို ညက်နေအောင်သိတဲ့သူ၊ ထို့ပြင် အကျဉ်းသားနှင့် အထက်ပိုင်းအရာရှိတွေအကြား အံဝင်ခွင်ကျအောင် ဆက်ဆံတတ်သူဖြစ်ရမယ်။

"ပုံစံဆိုတာ ထောင်ရဲ့စည်းမျဉ်းစည်းကမ်းတွေကို သိထားဖို့ပဲ၊ ထောင်ဆိုတာ အပန်းဖြေစခန်းမဟုတ်ဘူး၊ ထောင်ထဲကို ရောက်လာတဲ့သူတိုင်းဟာ တရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်လို့ ပြစ်ဒဏ်ကာလ မပြည့်မီမှာ ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်ရမှာဖြစ်တယ်"

ခင်မ ထောင်ထဲစရောက်လာစဉ် "ပုံစံ"ဆိုသည့် တသီးတခြားသင်ပြပေးသည့်ပုံစံခန်းတွင် ...ရောက်ပြီး ပထမဆုံး ရောက်သည့်အတွက် အကျဉ်းထောင်တွင် နေ

www.burmeseclassic.com



တတ်၊ စားတတ်၊ ဆက်ဆံတတ်အောင် ပုံစံမျိုးစုံပေးကာ သင်ကြားပေးလေသည်။ ပထမဆုံးထောင်ကျအကျဉ်းသူအဖြစ်နှင့် ခင်မ တွေ့ဆုံရပြီ။

"ဒီမှာ အခုဝတ်လာတဲ့အင်္ကျီတွေထည့်၊ ရော့...ပုံစံအဝတ်အစားနှစ်စုံလဲ"

ထောင်ကျအကျဉ်းသူတစ်ဦးရဲ့ အကျဉ်းထောင် အဆောင်တန်ဆာပလာတွေ၊ အိပ်ဖို့အတွက် အိပ်ရာတဲ့။ ပုံစံစောင်လို့ခေါ်တဲ့ ချည်စောင်ဖြူပါးလေးတစ်ထည်၊ တစ်တောင်လောက်ရှိတဲ့ ချည်ကြမ်းမျက်နှာသုတ်ပဝါလေးကတစ်ခု၊ ကြမ်းပြင်ပေါ်မှာ ခင်းအိပ်ဖို့ဆိုပြီး ထုတ်ပေးတဲ့ ဂုန်နီအိတ်ဖျင်ကြမ်းစ၊ နောက်နေ့စဉ်လဲလှယ်ဝတ်ဆင်ဖို့ဆိုပြီး ပုံစံလုံချည်ဖြူကနှစ်ထည်၊ ပုံစံအင်္ကျီပုံ ပန်းမကျတာက နှစ်ထည်၊ မိန်းမတစ်ယောက်အတွက် ဘယ်လိုလုပ်ပြီး ဝတ်ရတာ အဆင်ပြေပါ့မလဲ။

တစ်နေ့ကုန် အကျဉ်းသူတစ်ယောက်အဖြစ် ထောင်နဲ့ပတ်သက်သူ၊ လုပ်ငန်းတာဝန်တွေ ပြုလုပ်ပြီး ညထောင်ပိတ်ချိန် လူစစ်ဆေးပြီး စာရင်းနဲ့ကိုက်ညီမှုရှိသွားတဲ့အတွက် အကျဉ်းသူတွေ အိပ်ဆောင်ထဲဝင်ပြီး ကိုယ်နဲ့သက်ဆိုင်ရာ အိပ်ရာလိပ်လေးမှာပဲ။ ပင်ပန်းသမျှကို ကျောနဲ့ကြမ်းပြင်ထိပြီး အနားယူကြရတော့တယ်။

"ညည်းကဒီကလား၊ နယ်ကလား"

"ဒီကပါ"

"လူသတ်မှုနဲ့ကျလာတာပေါ့"

"အင်း.....ဟုတ်တယ်"

ခင်မ မည်သူ့ကိုမှ စကားပြောချင်စိတ်မရှိသလို အိပ်ချင်စိတ်လည်း မရှိ။ တရားရုံးတွင် စီရင်ချက်ချပြီး မိမိကို လှမ်းကြည့်နေသော အမေ၏ မျက်ရည်ဖုံးနေသည့် မျက်လုံးအစုံကို ခင်မ၏မျက်စိထဲတွင် မြင်နေမိသည်။

"ဘယ်သူ့ကိုသတ်ခဲ့တာလဲ"

"ယောက်ျားကိုသတ်ခဲ့တာ"

"ဟောတော့....ဘယ်လိုဖြစ်လို့လဲ၊ မယားပြိုင်ယူလို့လား"

"သိပ်သိချင်လား"

"အေး...သိချင်တယ်၊ တို့က လိမ်လည်မှုနဲ့ကျလာတာ၊ လူတော့ မသတ်ရဲပေါင်"

အနားရှိ အကျဉ်းသူတစ်ဦးက ပခုံးနှစ်ဖက်ကိုတွန့်ကာ ပြောလိုက်သည်။ ဖြူဖြူနွဲ့နွဲ့၊ သွယ်သွယ်လျလျ မိန်းကလေးတစ်ယောက်က လူသတ်မှုနှင့် ထောင်ထဲသို့ရောက်လာသည်ဆိုသည်က မသင့်တော်သော အရာပင်ဖြစ်သည်။ ခင်မ၏ရုပ်ရည် အသွင်သဏ္ဌာန်ကိုကြည့်ပြီး မည်သူမှ မယုံကြည်ကြပေ။ ဘဝသည် ရုန်းကန်ရခြင်းများစွာနှင့် ရှိခဲ့သည်အတွက် ခင်မ၏ဘဝတွင် ပန်းမွေ့ရာ၊ ရွှေကော်ဇောကို စိတ်ကူးယဉ်ကာ ကြည်နူးခဲ့ရသလို ခရောင်းတောကိုလည်း လူးလူးလိမ့်လိမ့်ဖြင့် ဖြတ်ခဲ့ရသည်။

"ကျွန်မတို့မိန်းမတွေကို ပြောကြတယ်လေ၊ နှာခေါင်းမပါရင် ချေးကျွေးတာတောင် စားမယ့်လူစားတဲ့၊ မှန်လိုက်တဲ့စကား၊ ချစ်မိပြီဆိုရင် ဘာကိုမှ မမြင်တော့ဘူး၊ ဘဝကိုလည်း ပေးရဲတယ်၊ အသက်ကိုလည်း ပေးရဲတယ်၊ အချစ်ဆိုတဲ့ အမှောင်က ဖုံးလွှမ်းထားတော့ အမှားအမှန်ဆိုတာကို ခွဲခြားလို့မမြင်တော့ဘူး"

"ဒါဆို အဲဒီယောက်ျားက ဖောက်ပြန်လို့ ညည်းကသတ်လိုက်


www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ဟုတ်လား''

''ကျွန်မကို မချစ်တော့လို့ အသစ်တစ်ယောက် ရှာယူရင် အဲဒီလောက် စိတ်ဆင်းရဲရမှာမဟုတ်ဘူး။ အခုက စကားနဲ့ရော၊ အမူအရာနဲ့ပါ လူကို တတိတိနဲ့ နှိပ်စက်နေတာက ပိုပြီးခံရခက်တယ်''

* * *

သူနှင့်ပတ်သက်ပြီးအကြောင်းအရာအားလုံးကိုပြန်ပြောင်း၍မပြောချင်တော့ပေ။ အကြောင်းရင်းမှန်၊ အတွင်းစိတ်အမှန်ကို မည်သူမှမသိအောင်၊ မရိပ်မိအောင်၊ မှန်းဆလို့မရနိုင်လောက်အောင်ကို ဖုံးကွယ်နိုင်စွမ်းရှိပြီး ဟန်ဆောင်ကောင်းလှသူဖြစ်သည်။

ပိပိရိရိ လိမ်ညာဟန်ဆောင်နိုင်ခဲ့သလို အလိမ်အညာကိုလည်း ဦးနှောက်နှင့်ချိန်ဆကာ မစဉ်းစားဘဲ ယုံမိသူကလည်း အယုံကြီးယုံသူကလည်း ရှိလေသည်။ ခင်မသည် မောင့်အချစ်ကို ယုံကြည်ခဲ့သည်။ ခင်မ၏မျက်စိအမြင်အာရုံနှင့်အကြားအာရုံတို့တွင် မောင့်အသံကို ပီပီပြင်ပြင် ပြန်လည်ကြားယောင်မိသည်။

''မောင်က သိပ်ချစ်တတ်တာနော်၊ ခင်မကို ချစ်မိတဲ့အချိန်ကစပြီး ခင်မကိုချစ်လွန်းလို့ မောင့်ကို အဖြေမပေးမချင်း ထမင်းစားတောင် မဖြောင့်ဘူး၊ အချစ်ရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိဆိုတာ သိပ်မှန်တာပဲနော်''

**“ခင်မကလည်းကွာ မောင့်ကို သန်းခေါင်စာရင်း စစ်နေတာလား၊ တကယ်တမ်း ပေါင်းသင်းရမှာက ခင်မနဲ့မောင် နှစ်ယောက်တစ်ဘဝပါ၊ ဘေးပတ်ဝန်းကျင် အကြောင်းအရာတွေနဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ တကယ်တမ်းချစ်ကြတဲ့ အချစ်ရဲ့သုခရိပ်မြုံကိုပဲ မောင်က တည်ဆောက်ချင်တယ်”**

''ပိုလိုက်တာ ကိုပိုရယ်''

ခင်မက သူ့ကို ပါးချိုင့်ခွက်လေးများ ခွက်ဝင်သွားအောင် အပြုံးလေးစွက်ကာ ပြောလိုက်သည်။ သူ့ရုပ်သွင်ကို ခင်မ ကြည့်လိုက်သည်။ အသားက ညိုစိမ့်စိမ့်၊ အရပ်မြင့်မြင့်၊ မိန်းမသားတွေကိုစိတ်ဝင်စားအောင် စွမ်းဆောင်နိုင်သော ရုပ်အသွင်သဏ္ဌာန်က အပြည့်ရှိသည်။ အလုပ်အကိုင်ကတော့ သူပြောသမျှကို ခင်မ ကြားရသည်။

''မောင်က ဆောက်လုပ်ရေး---ကုမ္ပဏီမှာ တာဝန်ခံတစ်ဦးပါ၊ အဆောက်အအုံတွေ ဆောက်တဲ့အခါမှာ လိုအပ်တာတွေကို ညွှန်ကြားပေးရသလို ငွေကြေးကအစ ပိုင်ရှင်ကိုယ်စား တာဝန်ယူ ဖြေရှင်းပေးရတယ်၊ နောက်ပြီး ကား၊ အိမ်၊ ခြံမြေတွေကိုလည်း အကျိုးဆောင်၊ ဝန်ဆောင်မှုလုပ်ပေးတယ်၊ အလုပ်ကများတော့ အချိန်အအား သိပ်မရှိဘူး၊ ခင်မဆီကို ချစ်လွန်းလို့သာ အလုပ်ပါးတဲ့အချိန်လေးမှာ ပြေးလာရတာ၊ မောင့်ချစ်သူရဲ့ မျက်နှာလေးကိုမြင်ရရင် အလုပ်ထဲမှာ မောသမျှ ပင်ပန်းသမျှတွေအားလုံးလွင့်ပျောက်ကုန်တယ်''

အောင်ခန့်ဆိုသည့် နာမည်နှင့်လိုက်အောင် ဟန်ပန်အမူအရာက ခံ့ထည်သည်။ နှုတ်ချိုသည်၊ အပြောချိုသည်။ အနေအထိုင်၊ အသွင်သဏ္ဌာန်တို့က တည်ကြည်ခံ့ညားသည်။ အလုပ်များသည်။ [illegible] သည့် လက်ကိုင်ဖုန်းက [illegible] တွေကို မကြာခဏ [illegible]

www.burmeseclassic.com





ဆိုနေရသည်။

''ခင်မကလည်း မောင့်အချစ်ကို ယုံပါတယ်''

နှစ်ယောက်သား တွေ့ဆုံစကားပြောရာတွင် အောင်ခန့်သည် ရင်တွင်းမှ အကြင်နာ၊ မေတ္တာ၊ စေတနာ၊ ယုယမှုတွေကို စကားလုံးပေါင်း ထောင်ချီမက ပြောဆိုသည်။ ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သည့် ခင်မအား အလုပ်သွားအလုပ်ပြန် မျက်စိအကြည့်ဆုံရင်း ချစ်သူဘဝရောက်အောင် အောင်ခန့် ကြိုးစားခဲ့သည်။ ယဉ်စစ၊ လုပ်စွဲမက်ဖွယ်ကောင်းသော ခင်မကို ချစ်မိသည်ဆိုသည်မှာအောင်ခန့်အလွန်မဟုတ်ပေ။

''ခင်မကို မောင်စိတ်မချဘူး''

''ဟောတော့.....ဘာဖြစ်လို့လဲ မောင်ရဲ့''

''ခင်မက လှတယ်လေ၊ ချစ်တဲ့၊ ကြိုက်တဲ့သူတွေက ဝိုင်းဝိုင်းလည်နေတာ''

''ခင်မအတွက်တော့မစိုးရိမ်ပါနဲ့ မောင်ရယ်၊ ခင်မတို့အကြောင်းကို အမေ့ကို ဖွင့်ပြောလိုက်မယ်လေ၊ အမေသဘောတူရင် မောင်က လူကြီးစုံရာနဲ့ လာပြီးနားဖောက်လှည့်ပေါ့''

မောင့်ကို ဖြေသိမ့်စကားပြောပြီး အမေ့ကို ခင်မနှင့်မောင့်အကြောင်းကို ဖွင့်ပြောလိုက်သည်။

''ချစ်သူဘဝ တစ်နှစ်တာသက်တမ်းလေးအတွင်းမှာ သိမ်းသူ့ အကြောင်း၊ သူ့စိတ်ဓာတ်ကို ဘယ် လောက်များသိထားသလဲ သေသေ ချာချာ မလေ့လာဘဲ သူစိမ်း ယောကျ်ားတစ်ယောက်ကို ဘဝရဲ့ ထာဝရလက်တွဲဖော်အဖြစ်နဲ့ ယုံယုံ ကြည်ကြည် အားကိုးလို့ ရပါ့မလား''

ထို့ကြောင့် အမေ့စကားအရ ကိုအောင်ခန့်အား သူ၏ဘဝ အကြောင်းစုံကို ခင်မ မေးကြည့်သည်။

''ခင်မကလည်းကွာ မောင့်ကို သန်းခေါင်စာရင်းစစ်နေတာလား၊ တကယ်တမ်း ပေါင်းသင်းရမှာက ခင်မနဲ့မောင် နှစ်ယောက်တစ်ဘဝပါ၊ ဘေးပတ်ဝန်းကျင်အကြောင်း အရာတွေနဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ တကယ်တမ်းချစ်ကြတဲ့ အချစ်ရဲ့ သုခရိပ်မြုံကိုပဲ မောင်က တည်ဆောက်ချင်တယ်''

အမေသည် မုဆိုးမဘဝနှင့် ခင်မအပါအဝင် မောင်နှမသုံးဦးကို ပညာရေးဆက်သင်နိုင်အောင် ရုန်းကန်ကြိုးစားခဲ့သည်။ အဖေ့အမွေ ထားခဲ့သည့် မြို့သစ်မှ ပျဉ်ထောင် အိမ်ကလေးသည် ခင်မတို့သားအမိ တွေကို နေထိုင်ရေးအတွက် ဣန္ဒြေ ရစေသည်။ အိမ်ပိုင်လေးတွင် ကုန် ခြောက်အိမ်ဆိုင်လေးဖွင့်ကာ သား အမိတွေ၏ ဝမ်းသမုဒ္ဒရာကို နေ့စဉ် ဖြည့်ဆည်းနိုင်ခဲ့သည်။

ကိုအောင်ခန့်ဆီမှရလာသော မရေမရာအဖြေစကားတို့အပေါ် အမေသည် ရင်တွင်းဝယ် ဘဝ

www.burmeseclassic.com

www.burmeseclassic.com



မကျဖြစ်ရသည်။ အချစ်စိတ်မွှန်နေသော ခင်မက ချစ်သူအတွက် အကောင်းဆုံးလျှောက်လဲချက်တွေ ပေးသည်။ အမေက မည်သို့ပင်ပြောပြော ခင်မ နားမဝင်။ ချစ်သူစကားကို ပျားရည်အလား။ တမာကိုပင် သကာဖုံးထားပါစေ။ အချိုတုံးကြီးပမာ ထင်မှတ်သည်။ မောင်သည် ခင်မအပေါ် အမြဲတမ်း ယုယုယယ ကြင်နာသောစကားများနှင့် ချစ်စိတ်နှင့်အတူ နှစ်သိမ့်စကားပြောတတ်သည်။ မောင့်ရင်ခွင်နွေးနွေးကို ခင်မ ပိုပြီး ခိုဝင်ကာ မှေးစက်ချင်သည်။ သို့နှင့်ပင် အမေ့ရင်ခွင်မှ မောင့်ရင်ခွင်သို့ အချစ်၏စွမ်းအား၊ သတ္တိတွေမွေးကာ မှီခွဲ့ခိုဝင်လိုက်သည်။

"မောင်တို့ တစ်နေရာရာမှာ ခဏတော့ ရှောင်နေကြရအောင်၊ ခင်မအမေက မကျေနပ်လို့ လာခွဲမှာကိုလည်း မောင်စိုးရိမ်တယ်"

အလိမ်အညာစကားတွေကို လိမ္မာစွာ ထည်လဲသုံးပြီး မောင်ပြောသည့်အတိုင်း မြို့လယ်ကောင်နှင့် အလှမ်းဝေးသည့် ရပ်ကွက်တစ်ခု၏ နေရာတစ်နေရာတွင်ရှိ တဲအိမ်လေး ယိုင်နဲ့နဲ့၊ မိုးမလုံလေမလုံ၊ အိမ်ကြမ်းခင်းကညစ်ထပ်ထပ်၊ ခပ်ဆွေးဆွေး၊ တဲအိမ်မှ အဖီဆွယ်ထားသည့် အခန်းလေးတွင်းမှာ ဖျာကြမ်းနှင့် ခေါင်းအုံးအစုတ်နှစ်လုံးတွင် မောင်နှင့်ခင်မ အိမ်ထောင်သည်ဘဝကို စခဲ့ကြရသည်။

"ခင်မ နည်းနည်းတော့သည်းခံပေးပါ၊ မောင် အကောင်းဆုံးဖြစ်အောင် စီစဉ်ပါ့မယ်"

* * *

"အဲဒီတော့....."

အနားရှိ အကျဉ်းသူတစ်ဦးက ခင်မ၏စကားကို ထောက်လိုက်သည်။

"တစ်ရက်လည်းမဟုတ်၊ တစ်လလည်းမဟုတ်ဘူး၊ လေးငါးလမကကြာလာတော့ ပါလာတဲ့ ရွှေတွေလည်းကုန်၊ အရက်လည်းသောက်၊ ဖဲလည်းရိုက်၊ လောင်းကစားလုပ်လို့ ရှုံးလာရင် လူကိုပါ ရိုက်နှက်ညှဉ်းဆဲတယ်လေ၊ သူ့အချစ်က လျှာဖျားမှာပဲရှိတယ်တဲ့၊ တံတွေးတစ်ခါထွေးရင် ကုန်ရောတဲ့၊ ပါးနား ဘယ်လောက်ပဲရိုက်ရိုက် ဒဏ်တွေကို ခံနိုင်ပါတယ်"

အချင်းဖြစ်သည့်နေ့ကို ခင်မ သတိရလိုက်သည်။ ဖဲဝိုင်းမှလည်း ရှုံးလာသည်။ အရက်ဝိုင်းတွင်လည်း မူးပြီးရမ်းကားလာခဲ့သည်။ အိမ်သို့ ရောက်သည့်အခါ မိန်းမကို ရန်ပြုတော့သည်။

"ငါ ဖဲရှုံးလာတယ်၊ မင်းဆီမှာလည်း ပိုက်ဆံက တောင်းစရာမရှိဘူးဆိုတော့ အုန်းမောင်တို့အိမ်မှာ မင်းအလုပ်သွားလုပ်ရမယ်"

အုန်းမောင်ဆိုသည်မှာ မြည်တန်ဆာခေါင်းအိမ်ဖြစ်သည်။ ခင်မက ငြင်းဆန်သည်။ ဖဲကြွေးကို ဈေးရောင်းပြီးဆပ်မည်ဟုပြောသည်။ ထိုအခါ အောင်ခန့်က သူ့မအား ပြန်ပြောရပါ့မလားဟုဆိုကာ ခင်မထိုင်ပြီးထင်းခွဲနေရာ နောက်ကျောဘက်မှ အားနှင့်အတင်းဆောင့်ကန်လိုက်ပြီး ပါးနားပိတ်ရိုက်ကာ အုန်းမောင်တို့အိမ်သို့ သွားကိုသွားရမည်ဆိုကာ ခေါင်းမှဆံပင်ကိုဆွဲပြီး ခင်မအား မြေကြီးမှ တရွတ်တိုက်ဆွဲလေသည်။ ခင်မ၏ ဒေါသမုန်တိုင်းက ထန်လာသည်။ ဘာကိုမှမမြင်တော့။

"အဲဒါနဲ့ အနားမှာရှိတဲ့ ထင်းခွဲတဲ့ဓားမနဲ့ သူ့ကိုခုတ်ထည့်လိုက်တာ၊ သေပါလေရော"


အိပ်ချိန်ရောက်ပြီ။ အံကိုတင်းတင်းကြိတ်ကာ မျက်လုံးစုံမှိတ်လိုက်သည်။ မျက်စိထောင့်စွန်းလေးမှ မျက်ရည်စက်လေးတွေ စီးကျလာသည်။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


လေဘာတီမမြရင်၏ အငြိမ့် ပွဲခင်းလယ်တွင် ရိုက်ပွဲဖြစ်နေကြလေပြီ။

လူငယ်လူရွယ် နှစ်ဆယ်ကျော်ကျော်သည် တစ်ဦးကိုတစ်ဦး သဲကြီးမဲကြီး ရိုက်နှက်နေကြ၏။ ပွဲကြည့်ပရိသတ် ၁၅၀၀ မျှသည် ကြက်ဝိုင်းပမာ ဝိုင်းဝန်း၍ ရိုက်ပွဲကြီးကို စိတ်ပါဝင်စားစွာ ကြည့်နေကြလေသည်။ ရွှေဘိုခရိုင်မှ လူတန်းစားအသီးသီးတို့၏ သဘောတရားအရ ရိုက်ပွဲဖြစ်လျှင် ဝင်ရောက်ဖျန်ဖြေပေးလေ့မရှိတတ်ဘဲ လက်ပိုက်၍ ကြည့်နေတတ်ကြသည်ကများ၏။ အကြောင်းမူ ရန်ပွဲကို ကြားဝင်ပြီး ဖျန်ဖြေပေးသူအား ရန်ပြုတတ်ခြင်းတည်း။

လေဘာတီမမြရင်သည်နှံ့သာ ယပ်တောင်ကလေးနှင့် သူ့နှုတ်ခမ်းလွှာကိုကာလျက် တခစ်ခစ်နှင့် အားပါးတရရယ်မောရင်း ရိုက်ပွဲကို စိတ်ပါလက်ပါ ကြည့်နေ၏။ လေဘာတီမမြရင်၏မိခင်ကြီး ဒေါ်ဘုဏ်ယုံ၊ လူရွှင်တော်ဦးကျော်ကိန်နှင့် ဦးတောက်ထိန်တို့သည်လည်း ပွဲခင်းအလယ်မှရိုက်ပွဲကို ရဲရဲပင်ကြည့်နေကြလေသည်။

ယခင်က တစ်ကြိမ်တစ်ခါဖူးမျှ မမြင်ဖူးလေတော့ ထူးဆန်း၍နေသည်ကတော့အမှန်။

ယူနီဖောင်း အပြည့်အစုံဝတ်ဆင်ထားသည့် ပုလိပ်စာသင်ကြီး (ယခုအခေါ် ရဲတပ်ကြပ်ကြီး) ဦးစိန်ရသည် ပုလိပ်များကိုင်ဆောင်လေ့ရှိသော နံပါတ်တုတ်အနက်ကြီးကိုဝင့်လျက် အငြိမ့်စင်ပေါ်သို့ လွှားခနဲခုန်၍တက်လိုက်သည်။ ပြီး ဒေါမာန်ပါပါနှင့် ခါးကိုထောက်ကာ ခနစ်သံချီဟစ်တော့သည်။

“ဟေ့ကောင်တွေ..ဟေ့ကောင်တွေ၊ ရိုက်.....ရိုက်၊ အားရအောင် ရိုက်စမ်း၊ အသားကုန်ရိုက်ကြစမ်း၊ ဒီလောက်တောင် ရိုက်ချင်ကြတဲ့ အကောင်တွေ၊ ဗျို့....ဆိုင်းဆရာ၊ ဒီကောင်တွေ ရိုက်အားကောင်းအောင် ဗိန်းမောင်းတီးပေးလိုက်စမ်း၊ ခပ်ကြမ်းကြမ်းတီးပေးဗျို့၊ ဒါမှ ဒီမသာတွေ မြန်မြန်ပွဲသိမ်းမှာ”

ပုလိပ်စာသင်(သို့မဟုတ်)ဆာဂျင်ကြီး ဦးစိန်ရ၏အမိန့်အရ လေဘာတီမမြရင်အငြိမ့်မှ ဆိုင်းအဖွဲ့သည် တက်ညီလက်ညီ ဗိန်းမောင်းတီးပေးလိုက်သည်မှာ ပွဲခင်းတစ်ခုလုံး ဟိန်းဟည်း၍သွားတော့သည်။

ဗိန်းမောင်းသံသည် လူ့စိတ်နှလုံးကို သွေးဆူစေသည်၊ တက်ကြွစေသည်။ ရဲစွမ်းသတ္တိကို တိုးပွားလာစေသည်ဖြစ်သဖြင့် ခဲလံချောင်း ရိုက်နှက်နေကြသော လူငယ်လူရွယ် နှစ်ဆယ်ကျော်ကျော်သည် စိတ်ဓာတ်တွေ ရင့်သန်သည်ထက် ရင့်သန်ကြမ်းရမ်းလာကာ ရိုက်ပွဲကို ရဲရဲကြီး ဆင်နွှဲနေလေသည်။

“ဟိတ်.....ရိုက်တာတွေ အခုရပ်လိုက်၊ တော်ပြီ၊ ဒီလောက်ရိုက်ရရင် တော်ရောပေါ့ကွ၊ ---တွေရ၊ မင်းတို့ လူစုခွဲလိုက်ကြစမ်း၊ နောက်ထပ် ရိုက်ရဲရင် ရိုက်ကြည့်၊ လွတ်ရက်မရှိ ချုပ်ထားမယ်၊ နားလည်လား၊ အချုပ်ခန်းထဲ ရောက်ရင်တော့လား သေးဖျန်းဖျန်းပါအောင် ကြိမ်လုံးစာကျွေးလိုက်မဟေ့”

မဆိုးပါ။ ပလူစဝရွာမှ လူငယ်လူရွယ် ရွာသားကလေးများသည်လည်းကောင်း၊ အောက်ရေတွင်းရွာမှ လူငယ်လူရွယ်ကလေးများသည်လည်းကောင်း ရိုက်ပွဲမဆက်တော့ဘဲ စဲသွားကြလေတော့၏။

“ကိုင်း .... ကိုင်း၊ ပွဲကြည့်ပရိသတ်တွေကွယ့်နေရာ ကိုယ်ပြန်ထိုင်ကြ၊ နေရာမလုကြနဲ့၊ လေဘာတီ အငြိမ့်ကို ကောင်းကောင်းကြည့်ချင်ရင် ကောင်းကောင်းပြန်ထိုင် ဒါမှ

www.burmeseclassic.com

နတ်ပြည်မှာ ဣန္ဒ၊ လူ့ပြည်မှာ စိန်ရ တဲ့ကွနေဘ်၊ ငါခွင့်ပြုထားတဲ့ ငါ့ပွဲခင်း ထဲမှာ လူမိုက်တော့လာမလုပ်ကြနဲ့၊ စိန်ရလက်ကသွေးစွန်းထားတဲ့လက် ဆိုတာ သိထားကြ''

သူ့အပြောက ခြိမ်းခြောက်သံ။

သို့သော် ပြောသလို လက်လွတ်စပယ်လုပ်တတ်သည့် ပုလိပ်စာသင်ကြီးဖြစ်၍ ရွာသူရွာသားတွေက ကြောက်ကြရ၏။ စိန်ရဆိုလျှင် မီးသေ၏။

ဦးစိန်ရကြီးကပုလိပ်လက်ကိုင်တုတ်အနက်ကြီးကို တစ်ချက်ဝင့်လျက် လေဘာတီမမြရင်ဘက်သို့ လှည့်ကာ.....

''ကိုင်း.....ငါ့နှမ လေဘာတီ၊ စိတ်ချမ်းချမ်းသာသာနဲ့ ဆက်လက်ကနိုင်ပြီ''

ဦးစိန်ရကြီး အငြိမ့်စင်ပေါ်မှ ခုန်ချ၍ ဆင်းသွားသည်နှင့်တစ်ပြိုင်နက် လူရွှင်တော် ဦးကျောက်နီက အငြိမ့်နဖူးစီးသို့ တက်လာပြီး.....

''ရိုက်လို့နှက်လို့ အားရကြပြီလား အစ်ကိုကာလသားတို့၊ ရိုက်လို့နှက်လို့အားမရကြသေးရင် ဟောဒီ ကိုတောက်ထိန်ကို တက်ပြီးရိုက်နိုင်ပါတယ်၊ အားရပါးရကြီး ရိုက်နိုင်ပါတယ်ခင်ဗျား''

ထိုသို့ ရွတ်နောက်လိုက်သည်တွင် ရွှေပွဲလာပရိသတ်များသည် ဝေါ ခနဲ ပွဲကျသွားလေတော့သည်။

* * *

ရေဦးမြို့သည် ရွှေဘိုမြို့နှင့် ၂၈ မိုင်ဝေး၏။ပလူစဝရွာနှင့်အောက်ရေတွင်းရွာသည် ရေဦးမြို့နှင့် မိုင် ၅၀ မျှ ဝေးသည်။ ယင်းနှစ်ရွာသည် မြို့နှင့်ဝေးကွာလှသဖြင့် ဗဟုသုတခေါင်းပါး၏။ လယ်ယာကိုင်းကျွန်းလုပ်ငန်းနှင့်သာ အသက်မွေးဝမ်းကျောင်းပြုကြ၏။

ထိုခေတ်၊ ထိုကာလက (ကိုလိုနီခေတ် ၁၉၃၁-၃၂)က ရွာသူရွာသားများလည်း ကားနှင့်ရထားကို မမြင်ဖူးကြချေ။ ထိုသို့ တောခေါင်လှသည့်ကျေးရွာသို့တိုင် လေဘာတီမမြရင်အငြိမ့်အဖွဲ့က ခြေကျင်တစ်မျိုး၊ လှည်းဖြင့်တစ်သွယ် မညည်းစတမ်း သွားရောက်ကပြ အသုံးတော်ခံခြင်းမှာ လေဘာတီ မမြရင်၏ မေတ္တာ၊ စေတနာကြောင့်ပင်ဖြစ်သည်။

''ရွှေဘိုခရိုင်အတွင်းမှာရှိကြတဲ့ တောင်ယာသမားတွေက ကျွန်မကို ချစ်ကြတယ်၊ ကျွန်မကိုချစ်ကြတဲ့ ကျွန်မရဲ့ အဆို၊ အကတွေကို သဘောကျကြတဲ့ ရွှေဘိုဘက်ဆီက ကျွန်မရဲ့ ပရိသတ်ကြီးရှိရာကို ခက်ခက်ခဲခဲ သွားရောက်ကပြရတာကို ကျွန်မဖြင့် ပျော်ရွှင်လို့မဆုံးပါဘူးရှင်''

လေဘာတီမမြရင်က ထိုသို့ ယဉ်ကျေးသိမ်မွေ့စွာ ပြောပြခဲ့ဖူး၏။

* * *

ပလူစဝရွာနှင့်အောက်ရေတွင်းရွာသို့ ရွှေဘိုခရိုင်ရာဇဝတ်ဝန်ကြီးက ပုလိပ်စာသင်တစ်ဦးတည်းကို အုပ်ချုပ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com

ပုလိပ်စခန်းကြီး၏လက်အောက်ဝယ် ရှိင်ဖယ်ကိုင် သာမန်ပုလိပ်ခြောက်ယောက် ပေးထားသည်။ ပလူစဝရွာ၌ပုလိပ်ကင်းဂိတ်ဖွင့်ထား၏။ အချုပ်ခန်းတစ်ခန်းလည်းရှိသည်။ အနီးနှစ်ရွာတွင် အာဏာအရှိဆုံးသောပုဂ္ဂိုလ်မှာ ဦးစိန်ရပင်ဖြစ်သည်။

အသက် ၄၉ နှစ်ရှိ ဦးစိန်ရသည် မေးရိုးလေးထောင့်၊ ကတုံးဆံတောက်နှင့် ဝဖိုင့်ဖိုင့်၊ ဂင်တိုတို၊ ပုပျပ်ပျပ်အနေအထားမှာရှိသည်။

အသားက မည်းကြုတ်ကြုတ်ရှိရသည့်အထဲ ကျောက်ပေါက်မာဗရပွနှင့်မို့ မင်းကုသကလက်မြှောက်ရမည့်လူစား။ သူ့အသက်သုံးဆယ်အရွယ်ရှိစဉ်က လူသတ်ဖူး၏။ သို့သော် သက်သေမရှိသဖြင့် တရားသေလွှတ်ခဲ့ရသည်။ တစ်ဖွတ်ထိုးမိုက်ကန်းကန်းလုပ်ရဲသလို ခံရဲသူဖြစ်၏။

သူ့ဆုံးဖြတ်ချက်ကလည်း ရဲမှရဲ။

ဝေ့ဝေ့ဝဲဝဲ၊ဝိုးဝိုးဝါးဝါးမရှိတတ်။

ဦးစိန်ရသည် ပုလိပ်အဖွဲ့တွင် အမှုထမ်းရွက်စကာလတွင် ခင်ဦးနယ်ဘက်မှ ဓားရှည်ကိုင် လူဆိုးသုံးဦးကို သူတစ်ဦးတည်း လက်ရဖမ်းဆီးပေးနိုင်ခဲ့သဖြင့် ရွှေဘိုခရိုင်ရာဇဝတ်ရဲဝန်ကြီး (D.SP)က ဆာဂျင်ရာထူးကို တိုက်ရိုက်ပေးသည်။ ပြီး ပလူစဝရွာနှင့်အောက်ရေတွင်းရွာကို အုပ်ချုပ်စေသည်။ ၎င်းက ပျော်တတ်၊ နောက်တတ်၏။ ဇာတ်ပွဲသဘင်ကို အသည်းစွဲကြိုက်နှစ်သက်မြတ်နိုးလှသူပါ။ တကယ်တော့ ဦးစိန်ရသည် ပေါ်တောတော၊ ယောင်ချာချာအစားထဲကဖြစ်သည်ဟု သုံးသပ်ရပေမည်။ သို့တစေ ပြတ်သားရာမှာ နှစ်ယောက်မရှိ။

ပလူစဝရွာနှင့် အောက်ရေတွင်းရွာနှစ်ရွာသည် မဝေးလှ။ ထိုနှစ်ရွာကြားတွင် ကိုးတောင်ပြည့်ဘုရား တည်ရှိ၏။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော် ကျင်းပလေ့ရှိ၏။

နှစ်စဉ်နှစ်တိုင်း ရွာနှစ်ရွာမှ ငယ်လူရွယ်များသည် ရွာ၏သမီးပျိုလေးအချို့နှင့် ပတ်သက်လျက် ဓားခုတ်ပွဲ၊ ဓားထိုးပွဲ၊ ရိုက်ပွဲတွေ ကျူးလွန်လေ့ရှိ၏။

ဦးစိန်ရကြီးတို့လက်ထက်သို့ ရောက်ရှိလာချိန်တွင် ထိုပြဿနာကို တိခနဲနေအောင် ဖြတ်ထုတ်ပစ်လိုက်သည်။ သူဖြေရှင်းပုံက ဆန်းတော့မဆန်း။ သို့တစေ ထူး၏။

ကြည့်လေ.....

ပလူစဝရွာသူရွာသားများနှင့် အောက်ရေတွင်းရွာမှ ရွာသူရွာသားများ သိကြစေရန်.....

ကိုးတောင်ပြည့်ဘုရားပွဲကျင်းပသည့်ရက်များတွင် ဘုရားပွဲ၊ အငြိမ့်ပွဲ၌ ဓားရှည်၊ ဓားမြှောင်၊ လှံ၊ မှိန်း၊ သံတုတ်၊ ဝါးတုတ်၊ လောက်လေးခွများကို လုံးဝမကိုင်ဆောင်ရ။ ကိုင်ဆောင်သူကို တွေ့ရှိပါက (မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ) လွှတ်ရက်မရှိအချုပ်ခန်းထဲမှာ ချုပ်နှောင်ထားခြင်းခံရမည်။

ကြိမ်ဒဏ် (၁၅)ချက်လည်း ရိုက်နှက်ခြင်းခံရမည်။

ဘုရားပွဲတွင် ခဲလံချောင်းမှအစ အခြားမုန့်များကို မရောင်းရ။

ဝိုး

စိန်ရ([illegible])

[illegible]

**အကျဉ်းအကျပ်နှင့်**

**ရင်ဆိုင်လာလျှင် ထွက်ပေါက်ဟူသည်**

**ရှိရ၏။ ထွက်ပေါက်ဟူသည် ပေးရသည်။**

**သို့မဟုတ်ပါက အန္တရာယ်လမ်းသို့**

**ရောက်ရတတ်သည်လေ။**

www.burmeseclassic.com


www.burmeseclassic.com



အထက်ပါအမိန့်စာကို ရွာနှစ်ရွာမှ ရွာသူရွာသားအားလုံးအား မောင်းခတ်၍ဆင့်ခေါ်ပြီး ရှင်းပြထား၏။

* * *

လူငယ်တွေ မိန်းမပျိုလေးတွေနှင့်ပတ်သက်၍ နှစ်စဉ်ချိန်း၍ ရိုက်နက်လေ့ရှိသဖြင့် တားမရဆီးမရဖြစ်သည်မှာ သေချာကြောင်း ဦးစိန်ရ သိသည်။ တားမရဆီးမရဖြစ်မည့်အတူတူ သွေးဆာမှုကို ဖြေဖျောက်သည့်သဘောအရ "ရိုက်ချင်းရိုက် ခဲလံချောင်းနှင့်သာ ရိုက်ကြပစေ"ဟု ရည်ရွယ်လျက် ထွက်ပေါက်တစ်ပေါက်ကို ဖွင့်ပေးထား၏။



ခဲလံချောင်းနှင့်သာ ရိုက်ကြစေရန်အတွက်လည်း ပွဲခင်းတွင် ခဲလံချောင်းတစ်မျိုးတည်းသာ ရောင်းခွင့်ပြုခဲ့သည်။ ခဲလံချောင်းဟူသည် ကောက်ညှင်းကျည်တောက်ပင်ဖြစ်သည်။ တင်းဝါး (သို့မဟုတ်) ကြသောင်းဝါးထဲသို့ ရေစိမ်ထားသော ကောက်ညှင်းဆန်ကို ဆားအနည်းငယ်နှင့်အတူထည့်ပြီး မီးမြှိုက်ထားခြင်းကို ခဲလံချောင်းဟုခေါ်သည်။

တင်းဝါး (သို့) ကြသောင်းဝါးကို ပါးပါးသတ်ထားသဖြင့် ကိုင်တွယ်ရ ပေါ့ပါးသည်။ အနီခဲလံချောင်းနှင့် တစ်ဦးကိုတစ်ဦး မည်သို့ ရိုက်စေကာမူ ပေါက်ပြဲမှုမရှိ၊ အန္တရာယ်မရှိပေ။ ဝါးထဲမှ စား၍ရသော ကောက်ညှင်းများ ထွက်အန်၍ ကျလာမှုကြောင့် ရယ်စရာတမျှပင် ဖြစ်ရပေသည်။

အငြိမ့်ဇာတ်သဘင်လောကတွင် ပလူစဝရွာနှင့် အောက်ရေတွင်းရွာကြားရှိ ကိုးတောင်ပြည့်ဘုရားပွဲမှာ ၁၉၃၂ ခုနှစ်၊ တန်ဆောင်မုန်းလအတွင်းက ဖြစ်ပျက်ခဲ့သကဲ့သို့ ရိုက်ပွဲကို ဗိုန်းမောင်းတီး၍ အားပေးခဲ့မှုမျိုး မည်သည့်မြို့၊ မည်သည့်ဒေသ၌မျှ မရှိခဲ့ပါချေ။

ရိုက်ပွဲကို ဟားတိုက်၍ ရယ်မောရင်း ဝိုင်းအုံကာကြည့်ကြသည့် ဖြစ်စဉ်မျိုးလည်း မည်သည့်မြို့၊ မည်သည့်ဒေသတွင်မျှ မရှိခဲ့ဖူးပေ။

ပုလိပ်စာသင်ကြီး ဦးစိန်ရကဲ့သို့ ထွက်ပေါက်ပေးတတ်သော အကြံဉာဏ်ရှိသည့် လူစားမျိုးလည်း ရှာမှရှားချေသည်။

အကျဉ်းအကျပ်နှင့် ရင်ဆိုင်လာလျှင် ထွက်ပေါက်ဟူသည် ရှိရ၏။ ထွက်ပေါက်ဟူသည် ပေးရသည်။ သို့မဟုတ်ပါက အန္တရာယ်လမ်းသို့ ရောက်ရတတ်သည်လေ။

အချုပ်ရေးရသော် ကျွန်တော့်ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ပြည်ရွှေဘိုဘက်ဆီမှ ကိုလိုနီခေတ်က (၁၉၃၁-၃၂)လေဘာတီမမြရင် အငြိမ့်သဘင်ပွဲ ဆင်နွှဲစဉ်၌ ဖြစ်ပျက်ခဲ့သည့် တကယ့်ဖြစ်ရပ်များကို ဗဟုသုတ ရကြစိမ့်သောငှာ တင်ပြလိုက်ရပါသည်။

မှတ်ချက်။ ။ ကိုလိုနီခေတ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်မှန်ကို ရသတစ်မျိုးအဖြစ် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ဖေဖေ ဦးဖေခင်သည် ရေဦးမြို့ P.S.O ရာထူးနှင့် တာဝန်ထမ်းရွက်ခဲ့စဉ် (၁၉၃၁-၃၂)က တကယ့်အတွေ့အကြုံကို စာရေးသူအား ပြောပြခဲ့၍ ယခုလို တင်ပြနိုင်ခြင်းဖြစ်ပါ၏။

ရွှေဘိုကာမထီခင်အောင်

www.burmeseclassic.com

www.burmeseclassic.com


စ

## ဘာယဆေး နှင့် ဘာယဆေးအမှုန့်ဆိုင်

SANDHI

# အရောင်းအဝယ်သည် "သဘာဝ"

# ဆေးစစ်ဆေးမှန်အာနိသင်

# ထက်မြက်ရေးသည် "အဓိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း။ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက္ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက နိုင်ငံ့ခေါင်းဆောင်တွေဟာ လက်ချင်းယှက်ပြီး တိုက်ပွဲဝင်ခဲ့ကြတယ်။ သူတို့ရဲ့သစ္စာနဲ့ညီညွတ်မှုတွေကို ပြည်သူတွေ လွန်စွာလေးစားခဲ့ကြတယ်။ လွတ်လပ်ရေးကြီးရလာတဲ့အချိန်အခါမှာတော့ အစိုးရလုပ်သူလုပ်၊ တောခိုသူခိုနဲ့ မုည့်ရင့်လို့ ပေါက်ကွဲသွားကြတဲ့ သစ်သီးစေ့တွေလို ဖရိုဖရဲဖြစ်ကုန်ကြပါရော့လား။

အဲဒီအချိန်မှာရခိုင်ကမ်းရိုးတန်းကျွန်းစဉ်ဒေသလို မြို့ပြနဲ့ အလှမ်းဝေးလှတဲ့နေရာလိုမျိုးကို ဗမာပြည်ကွန်မြူနစ်ပါတီဆိုတဲ့ လက်နက်ကိုင်အဖွဲ့အစည်းက ခြေဆောင့်ဝင်လာခဲ့တယ်။ ကျွန်းစဉ်တစ်နယ်လုံးဟာ အခြားဒေသ၊ အခြားအရပ်တွေနဲ့ ဆက်စပ်မှု လုံးဝမရှိဘူး။ သီးခြားကမ္ဘာလေးလိုဖြစ်နေတယ်။ ဒါသည်ပင်လျှင် သူတို့အတွက် သည်းခြေကြိုက် ဖြစ်စေခဲ့သည်ပေါ့။

အဲဒီမှာ သူတို့အာရုံပြုမိတာက သရက်တောင်ဆိုတဲ့ရွာဖြစ်တယ်။လူနေအိမ်ခြေလည်းများတယ်။ရွာသားတချို့တလေဟာစစ်တွေ၊ ကျောက်ဖြူတို့လိုမြို့တွေကို ကုန်ရောင်းကုန်ဝယ်သွားကြတယ်လို့ သိထားကြတယ်။ အဲဒါ သူတို့အတွက် စနက်တံပဲလို့ ခံယူလိုက်ကြတယ်။

မကြာပါဘူး။ လစန္ဒာငွေရောင်လင်းပြီး ကြယ်စုံခင်းတဲ့ နွေဦးကာလညတစ်ညမှာ သရက်တောင်ရွာသားတွေ ဇာတ်ပွဲကြည့်ရင်း ဘဝအမောပြေနေကြချိန်မှာပေါ့။ သူပုန်တွေဟာ ဝုန်းဝုန်းဒိုင်းဒိုင်း ဝင်ရောက်လာကြပြီး ဇာတ်စင်ပေါ်ပြေးတက်၊ ကန့်လန့်ကာချတဲ့ကြိုးကိုဆွဲဖြတ်၊ အဲဒီကြိုးနဲ့ပဲ ရွာသားနှစ်ယောက်ကို တုပ်ချည်ပြီး ရွာပြင်ထုတ်သွားကြပါတော့တယ်။ နာရီဝက်ခန့်အကြာမှာတော့ သေနတ်သံနှစ်ချက်ဟာ ဆက်တိုက်ထွက်ပေါ်သွားပါတော့တယ်။ ဒါဟာ ယမမင်းရဲ့ သေဒဏ်စီရင်ချက်ဆိုတာ ရွာသားတွေ သဘောပေါက်သွားကြတာပေါ့။

ဒါနဲ့ အေးရော့လားတဲ့။ ဘယ်အေးလိမ့်မလဲလေ။ ဒီရွာသားတွေ မြို့ကို အပေါ်အရောက်ရှိကြတယ်၊ ဒီနေရာမျိုးမှာ ထားလို့မဖြစ်ဘူးဆိုပြီး ရခိုင်ရိုးမတောထဲ ချက်ချင်းရွှေ့ပြောင်းပေးလိုက်ကြပါရော့လား။ မိသားစုတစ်ခုရဲ့ ပိုင်ဆိုင်မှုပစ္စည်းဆိုတာလည်း ဘာမျှမယူကြရဘူး။ အဝတ်တစ်ထည်၊ကိုယ်တစ်ခုနဲ့ သွားကြရမယ်လို့ ရာဇသံပေးလိုက်ကြတာလေ။ ရွာသားတွေခမျာလှေကလေးကိုယ်စီလှော်ရင်း ရွာကလေးကို လည်ပြန်ကြည့်ပြီး မျက်ရည်စက်လက်နဲ့ ထွက်သွားခဲ့ကြရတယ်။ ဘယ်လောက်ရင်နာစရာကောင်းလိုက်ပါသလဲဗျာ။

ဒါနဲ့လည်း မအေးသေးပါဘူးခင်ဗျ။ သရက်တောင်ရွာသူ အပျိုချောတွေဆိုပါတော့ဗျာ။ စာဆိုတော်ဦးပုညစကားနဲ့ ပြောရရင်တော့ မင်းကြိုက်စိုးကြိုက် ကာလသားများနဲ့လားလားမျှမထိုက်တဲ့ ဗျာဆံပိုက်၊ ဗျာဆံခါ ကညာပျို ငါးယောက်ကို ဗကပ နယ်မြေခံအကြီးအကဲတွေက သိမ်းပိုက်သွားကြပါရော့လားခင်ဗျာ။ အဟောဝတ ဩချလောက်ပေရဲ့။

အစိုးရအနေနဲ့လည်း မြန်မာ့မြေ အရှေ့ဘက်ခြမ်းမှာ တရုတ်ဖြူကျူးကျော်စစ်တွေကို မဟာဗျူဟာစစ်မျက်နှာဖွင့်ပြီး ပြည်ပရန်ကို ကာကွယ်နေရချိန်ပေါ့။ အနောက်ဘက်မျက်နှာစာရဲ့ လစ်ဟာနေမှုကို အပူဒဏ်ကာကွယ်ဖို့အတွက် လက်နှိုးခုကလေးတစ်ခုတော့ဖန်တီးပေးလိုက်သဗျ။ အဲဒါက ဘာလဲဆိုတော့ ပျူစောထီးဆိုတဲ့ လက်နက်ကိုင်အဖွဲ့

www.burmeseclassic.com



အစည်းပါပဲ။

''ပျူစောထီး''ဆိုတာကို ပြောပြရဦးမယ်။ ၁၉၅၆ ခုနှစ်ဝန်းကျင်လောက်က အစိုးရက ဒေသခံတွေကို စုစည်းပြီး နယ်မြေအလိုက် တာဝန်ပေးထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တယ်။ တပ်ဖွဲ့ထဲမှာ ခေါင်းဆောင်က ခြောက်လုံးပြူးကိုင်ရတယ်။ စက်ကလေး(ဘရင်းဂန်း)၊ စတင်းဂန်းနဲ့ ရိုင်ဖယ်တို့ကို တပ်ဆင်ပေးထားတယ်။ နယ်မြေအတွင်းက ဆိုးဖို့မိုက်ဖို့ ဖရှိတဲ့လူတွေနဲ့ ဖွဲ့စည်းထားတာပါ။

အဲဒီအချိန်မှာ ကျွန်းစဉ်ဒေသအတွင်း စိုးမိုးမင်းမူနေကြတဲ့ ဗကပဆိုတာတွေလည်း တပ်ဆုတ်ပြီး ကွမ်းချောင်းတောင်ကြီးနဲ့ ယိုးချောင်းပတ်ဝန်းကျင်ကို ရောက်ရှိသွားကြတယ်။ နယ်မြေတစ်ခုလုံးမှာ ရဲဆိုတာမရှိ။ စစ်တပ်ဆိုတာ ဝေလာဝေး။ ဒီတော့ နယ်မြေတစ်ခုလုံးမှာ ပျူစောထီးတွေ ဓားရေးပြချင်သလို ပြနေကြတော့တာပဲ။

တစ်ခါတစ်ခါဗကပတွေက သူတို့ ဝပ်ကျင်းချခဲ့ရာနေရာဆိုပြီး ဝင်တိုးလာရာ ပျူစောထီးတွေနဲ့ နယ်မြေလုတိုက်ပွဲတွေကလည်း ရှိသေးတယ်။ ကျွန်းစဉ်သားတို့မှာ စစ်တလင်းအလယ် ရောက်နေခဲ့ကြပြီမို့ အိမ်တိုင်းလိုလိုမှာ ပုန်းခိုကျင်းတွေရှိကြတယ်။ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ။ ကျေးလက်နေပြည်သူတွေဟာ တစ်



**အဲဒီခေတ်တုန်းက**
**ကျွန်းစဉ်နယ်မှာ**
**ကောင်လေးတစ်ယောက်က**
**ကောင်မလေးတစ်ယောက်ကို**
**ဇနီးမယားအဖြစ်**
**ပေါင်းသင်းချင်တယ်ဆိုရင်**
**ဓားထောက်ပြီး လက်ဆွဲ**
**အိမ်ထောင်ပြုလို့ရတယ်။**
**ဓားပြ၊ သူခိုးတွေလည်း**
**အရမ်းထူပြောလာတယ်။**

တော တစ်ကြက်ဖ တွန်နေကြတဲ့ မီးတောင်ကြီးများအလယ်က ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ ရောက်နေကြသလိုပါပဲ။

အဲဒီခေတ်တုန်းက ကျွန်းစဉ်နယ်မှာ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ဇနီးမယားအဖြစ်ပေါင်းသင်းချင်တယ်ဆိုရင် ဓားထောက်ပြီး လက်ဆွဲအိမ်ထောင်ပြုလို့ရတယ်။ ဓားပြ၊ သူခိုးတွေလည်းအရမ်းထူပြောလာတယ်။

ဟိုရွာသည်ရွာလေး ကူးဖြတ်သွားလာရင်တောင် ဓားပြတိုက်ခံရတယ်။ လုယက်ခံရတယ်။ အမျိုးသမီးတွေ မုဒိမ်းကျင့်ခံရတယ်။ ဒါတွေဟာ ပျူစောထီးဆိုတာတွေနဲ့ ရပ်ရွာထဲက ခပ်ရိုင်းရိုင်းအကောင်တွေ လက်ဝါးရိုက် မျက်ရိပ်ပြပြီး လုပ်ကြတာဖြစ်တယ်။ လယ်တဲထဲ ရောက်နေကြတဲ့ မိန်းမပျိုလေးတွေဆိုလည်း ညကြီးအချိန်မတော်တွေမှာ လက်နက်ပြပြီး အတင်းဆွဲချကြတယ်။ ကျွန်းစဉ်ဒေသတစ်ခုလုံးဟာ ဒုစရိုက်ပွှမ်းတီးတဲ့ ကမ္ဘာလေးတစ်ခုလို ဖြစ်နေခဲ့တော့တာ။ ပစ္စန္တရစ်အရပ်လို့ ဆိုနိုင်တဲ့ အဆင့်အထိပါပဲ။

* * *

အုပ်ချုပ်ရေးပျက်နေတဲ့ခေတ်ကာလထဲမှာ အခွင့်အရေးသမား တင်မောင်တို့လို ဓားကောင်တွေက

www.burmeseclassic.com

www.burmeseclassic.com



အခါပေး အကြိုက်ဆောင်ဖြစ်လာတာ သိပ်တော့မဆန်းပါဘူး။ သည်ကောင်လည်း ရှင်ဘုရင် စားတော်ခေါ်ပြီးရင် ခွက်ကပ်ခွက်ကျန်လေးတော့ လျက်ရတာပေါ့နော။ သူက ငှက်ပျောသီးဆိုတာနဲ့ အခွံနွှာပြီးသား၊ ငါးပိဆိုတာနဲ့ ဖုတ်ပြီးသား။ အဲဒီလို လည်တဲ့အကောင်။

၁၉၆၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်မှာတော့ အစိုးရက ပျူစောထီးတပ်တွေကို ဖျက်သိမ်းလိုက်တယ်။ ဒါပေမဲ့ ပျူစောထီးလက်ပါးစေ တင်မောင်ကတော့ အရောင်မပြောင်းလေဘူးခင်ဗျ။ သူပြောင်းလဲသွားတာ တစ်ခုကတော့ သူ့ရဲ့ အိမ်ထောင်ဦး ဇနီးမယားကို သားတစ်ယောက်နဲ့ ပစ်လိုက်တာပါပဲ။ မကြာပါဘူး။ လင်ကြီးတန်းလန်းနဲ့ မတင်နွဲ့ဆိုတဲ့ မိန်းမဟာ သူ့ရင်ခွင်ထဲ ဇွတ်ခနဲ ရောက်လာပါလေရော။ တဏှာရာဂကိုအရင်းခံတဲ့ သမုဒယဇာတ်ဝင်ခန်းမှာ အိမ်နီမ့်စံဇနီးမယား မခင်ထားကတော့ ကျွမ်းရစ်လေဦး၊ လွမ်းရစ်လေဦးပေါ့ဗျာ။

ပျူစောထီးတွေ ဇာတ်အသိမ်းပတ်စာခွာ ဖျာလိပ်သွားချိန်မှာတော့ ခွက်ကပ်လျက်၊ လက်ကျန်စား တင်မောင်ကလည်း ဉာဏ်တော့အမီသားဗျ။ တစ်ပိုင်တစ်နိုင် ဝက်မွေးလာတယ်။ ထူးခြားတာတစ်ခုက သည်ကောင်ဟာ ရမ်းကုလို့ ခေါ်ဆိုကြတဲ့ မျက်မှန်းဆပြီး ကုတဲ့နည်းတွေနဲ့ ဆေးကုတယ်၊ ဆေးထိုးတယ်ဆိုတာ လုပ်လာတာပါပဲ။ ရပ်ရွာမှာက နေထိုင်မကောင်းဖြစ်လာကြရင် သူ့ကိုပဲ အားကိုးရတဲ့ အနေအထားအထိ ဖြစ်လာတာကလားဗျာ။

အဲဒီမှာ မြွေပူရာ ကင်းမှောင့်ဆိုသလို ဖြစ်လာတာက အပျိုရွယ်တွေ၊ အိမ်ထောင်ပျက်တွေ၊ လင်ကွာမ,တွေ နေထိုင်မကောင်းဖြစ်လာပလားဆို ရမ်းကုတင်မောင်သမားစေတနာတွေ ရေစီးကမ်းပြိုပြီ။ ညအိပ်စောင့်ပြီး ဆေးကုတဲ့အထိ နာမည်ကြီးလာပါလေရော။ အချို့ဆို ဆေးဆရာရဲ့ ကိုယ်ကျင့်တရားကို သတိထားနေကြရတာနဲ့ လူနာရှင်တွေအိပ်ပျက်ညတွေလည်း ရှိကြာတာပေါ့နော။

ကြားဖူးတာတစ်ခုက ကျန်းမာသန်စွမ်း အလှတိုးပြီး လုံးကြီးပေါက်လှ မိန်းမတွေဟာ ကာမဂုဏ်အာရုံ စိတ်လွန်ကဲမှုဟာ ယောကျ်ားတွေထက် ရှစ်ဆပိုတယ်ဆိုပဲ။ သည်လိုအချိန်စီးတာ ကြိုက်ရင်တော့ ရမ်းကုကြီးက ရေထိုးပေးဖို့ ဘယ်လက်နှေးလေမလဲလေ။ သူကအလာ၊ ကျွန်တော်ကအသွား ဟော....တွေ့ကြပါလေရောဆိုတာမျိုးပေါ့။ လူနဲ့သူနဲ့ စကားပြောရင် သူဘာမှမဟုတ်သလိုဘဲ။ ပြုံးပြုံး ပြုံးပြုံး။ ခံစားရသူတွေအတွက် တော်တော်ရင်နာစရာကောင်းတာ။

သည်ကောင် သည်ရွာမှာရှိနေတာ ရွာသားတွေအတွက် အချွန်အတက်တွေ ထက်လှတဲ့ ဆူးပုံကြီးတစ်ပုံကို ပွေ့ဖက်ပြီး နေကြရသလိုပါပဲ။ ဒုက္ခတွေများလိုက်ကြတာဗျာ။

ဩော်..လောက..လောက... လောက။

* * *

"တင်မောင့်ဝက် လူခိုးသွားလို့တဲ့ဟေ့"

"ဘယ်လိုဖြစ်တာလဲကွာ"

"ဒီကောင်က ဝက်တွေကို တောင်ခြေမှာ ဝက်တဲလေးနဲ့ထားတာလေ"

"ဒါဆို အရက်မူးသမားတွေ ဆွဲပေါ်ပြီး ချက်စားပစ်ကြတာနေမှာပေါ့"

"ဒီကောင် အရမ်းဒေါသထွက်နေတယ်"

တင်မောင်ဆိုတဲ့ကောင်က မိန်းမတွေနဲ့တွေ့ရင် ပြုံးပြုံးပြုံးပြုံးနဲ့ အသံလေးကချိုတယ်။ ဒါတော့ရာဂကြီးတဲ့ကိစ္စ အာရုံကြီးတဲ့ကောင်တွေရဲ့ မြာချူသံလေးနဲ့ ကြာခိုမယ့် မဟူရာအကြံရိုင်းသမားတွေရဲ့ ဉဉ်လေ။

တစ်ဖက်ကလည်း ဒီကောင့်မှာ ရန်လိုတဲ့ ပျူစောထီးတွေရဲ့ အပြုအမူဟာ အမှုန်အမွှားလေးတွေအဖြစ် နှလုံးအိမ်မှာ တွယ်ကပ်ကျန်ရစ်ခဲ့ကြတာလေ။

သည်ကောင်က သူ့ဥပဓိရှင်ရယ်၊ သူ့အပြောအဆိုရယ် ဒါတွေကို အကြောင်းပြုပြီး သည်ရွာမှာ သူလူကြီးဖြစ်သင့်တယ်လို့ ခံယူထား

www.burmeseclassic.com

www.burmeseclassic.com



တာကလေးဗျာ။ ဒါကြောင့် မြို့နယ်က တာဝန်ရှိပုဂ္ဂိုလ်တွေ ရောက်လာကြရင်လည်း သူက ရှေ့ဆုံးက အကုန်လုပ်ပေးတာခင်ဗျ။ ဒါပေမဲ့ လူကြီးတင်မြှောက်ရင်တော့ သူ့ကို ဘယ်သူမှလည်း အရေးတစိုက်မရှိကြပါဘူး။ ဒါက ဘယ်သူမပြု မိမိမှုပေါ့ဗျာ။

လူမှန်ရင် လူစိတ်ရှိဖို့ လိုအပ်ပါတယ်။ ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်ပြီး ဝသုန်မြေပြင် ခြေတင်လှုပ်ရှားနေရုံနဲ့ လူစိတ်မရှိရင် လူမပီသဘူးဆိုတာပါပဲ။

* * *

"ဥသြ.....ဥသြ.....ဥသြ"

နွေတမန်တော် ငှက်ပြာညို ချောလေးက ဥသြ ဥသြနဲ့ လွမ်းသံနှောလို့ တယောလေးလို ချွဲနေလေရဲ့။ တောင်လေမုတ်သုံအပင့်မှာတော့ ရွက်ရင့်ဝါရွှေလေးများ မြေထက်သို့ ကြွေသက်နေကြတယ်။

ဖိုးမောင် လှော်တက်ကလေးကို ပခုံးပေါ်တင်ရင်း ဘယ်လက်လေးနဲ့ ထိန်းကိုင်ထားတယ်။ ညာဘက်လက်ကတော့ထမင်းချိုင့်လေးဆွဲလို့။ ဖိုးမောင် လှေဆိပ်ကို သုတ်သုတ်သုတ်သုတ် ဆင်းသွားနေတယ်။ ရေကျကလေးနဲ့ လှေလှော်ဆင်းပြီး မြစ်ပြင်အရောက်မှာ ပိုက်မျှောဖို့ဖြစ်ပါတယ်။

"ဟေ့ကောင် ရပ်လိုက်"

မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ အသံကြောင့် ဖိုးမောင် ကြောင်သွားသလိုမျိုးဖြစ်ကာ ဖြုန်းခနဲ ရပ်ပစ်လိုက်တယ်။

"သေပေတော့ သူခိုးကောင်"

"ခွပ်....."

အဖြစ်အပျက်ကမြန်ဆန်လွန်းလှပါတယ်။

"ငါ့ဝက်သေရသလိုမင်းလည်းသေရပြီမဟုတ်လား၊ ဒါပဲ"

တင်မောင်က သူဆန္ဒရှိသလိုလုပ်ပြီး သုတ်ခြေတင်ပြေးလေပြီ။ ရေတံငါ ဖိုးမောင်တစ်ယောက်ကတော့ သွေးအိုင်ထဲမှာ လဲလို့နေပါတယ်။

ခြောက်ပိဿာခန့် အလေးချိန်ရှိတဲ့ တိရစ္ဆာန်လေးတစ်ကောင် ပျောက်ဆုံးမှုကိုအကြောင်းပြုပြီး ရခဲလှစွာသောလူ့အသက်တစ်ချောင်း ဆုံးရှုံးရလေပြီကော။

လေကမာယာသည် တင်မောင်လည်း အဘိဓ္ဓာရာထူးတစ်ဆင့်တိုးပြီး လူသတ်တရားခံ၊ ဝရမ်းပြေးဆိုတဲ့ ဆိုးဘွဲ့ကို ပိုင်ဆိုင်သွားလေပြီပေါ့။

* * *

"ဖိုးမောင်ခမျာသနားပါတယ်၊ သူ့ခမျာဘာမှသိရှာတာမဟုတ်ဘူး၊ သက်သက် အသတ်ခံသွားရရှာတာ"

"သူ့မိန်းမ မခင်လှက ပိုဆိုးတာပေါ့ဟယ်၊ သားသမီးတွေ တစ်ပြုံကြီးနဲ့ လင်သေမုဆိုးမဖြစ်ပြီ၊ ဒီသားသမီးတွေကို သူဘယ်လိုလုပ်ကျွေးမွေးမှာလဲ"

"အရေးထဲ ခက်တာက ဒီကောင်မမှာ ဗိုက်ကြီးကလည်း တစ်

**ကြားဖူးတာတစ်ခုက ကျန်းမာသန်စွမ်း အလှတိုးပြီး လုံးကြီးပေါက်လှ မိန်းမတွေဟာ ကာမဂုဏ်အာရုံ စိတ်လွန်ကဲမှုဟာ ယောကျ်ားတွေထက် ရှစ်ဆပိုတယ်ဆိုပဲ။ သည့်လိုအချိန်စီးတာ ကြုံက်ရင်တော့ ရမ်းကုကြီးက ရေထိုးပေးဖို့ ဘယ်လက်နေးလေမလဲလေ။ သူကအလာ၊ ကျွန်တော်ကအသွား ဟော..တွေ့ကြပါလေရောဆိုတာမျိုးပေါ့။**

www.burmeseclassic.com

www.burmeseclassic.com


ဗိုက်''

ရွာသူမိန်းမတွေရဲ့ နှုတ်ဖျားမှာ လူသတ်မှုနဲ့ပတ်သက်လို့ အမျိုးသမီးတို့ရဲ့ ဝသီအတိုင်း နှုတ်ဝစီကလည်း ပွစိပွစိ။

''တင်မောင်ဒီလိုဖြစ်တာ သူ့မိန်းမ မတင်နွဲ့က ဆွပေးတာတဲ့အေ့၊ ဝက်ခြံအနီးမှာနေတဲ့သူပဲ ဖြစ်မယ်ဆိုပြီး ဖိုးမောင်လုပ်တာပဲ ဖြစ်ရမယ်ဆိုပြီး ပြောတယ်ဆိုပဲ''

''ဟိုကောင်ကလည်း သိပ်စဉ်းစားတဲ့ အကောင်မှမဟုတ်တာ၊ မယားပြောတော့ တစ်ညဆိုသလို ပေါ့နော''

''ခု သူ့ယောက်ျား ဝရမ်းပြေး ဖြစ်ပြီလေ''

''နင်တို့ ကြားမိကြလား၊ တင်မောင် အဓိက ရှောင်တိမ်းနေတဲ့ အိမ်က ရွာတောင်ဘက်က မသန်းခင်တို့အိမ်တဲ့၊ သိလား''

''ဟာ.....အဲဒါမှ တကယ့်ပြဿနာပဲ၊ သန်းခင်ကလည်း အိမ်ထောင်သည် သုံးလလောက်ဖြစ်ပြီး ကွဲသွားတဲ့ တစ်လင်ကွာမ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တကယ်လှတာနော်၊ အားကိုးရာ ယောက်ျားရယ်လို့လည်း သူ့အိမ်မှာ ရှိတာမဟုတ်ဘူး၊ အမေအိုနဲ့ နေကြတာလေ''

''ငါးခိုးစားလွန်းလို့ လွှင့်ပစ်ခါမှ ဒီကြောင်ဖားကြီးက ငါးပုံပေါ် ရောက်သွားသလိုပဲ သိလား''

''ဟုတ်တယ်အေ့၊ ဒီကောင်က ဒီယုန်မြင်လို့ ဒီချုံထွင်တာလေ''

''ငါကြားတာက အစတုန်းက သန်းခင် ဒီကောင့်ကိုကြောက်လို့ မလာပါနဲ့လို့ မတားဝံ့တာတဲ့၊ အခုတော့ သူတို့တွေ အကြိုက်တွေ့သွားကြပြီဆိုပဲ''

''မတင်နွဲ့ကတော့ ဝဋ်လည်ပြီပေါ့၊ သူ့မယားကြီးဆီက ကြောင်တောင်နှိုက်ယူခဲ့တာ၊ ခု သူ့လင် သန်းခင်ရင်ခွင်ထဲ ရောက်သွားပြီဆိုတော့ ဒီကောင်မ ရူးပြီပေါ့''

''အဲဒါပြောတာပေါ့၊ဝဋ်ဆိုတာ နောက်ဘဝမကူးဘူးဆိုတာလေ''

မတင်နွဲ့အတွက်တော့ တစ်ပူပေါ် နှစ်ပူဆင့်ခဲ့ရပြီပေါ့။ မီးတကာ့မီးထဲမှာ ကာမမီးဟာ အပူလောင်ဆုံး၊ အပြင်းထန်ဆုံးမီးပဲမဟုတ်ပေလော။

အကြင်မိန်းမတစ်ယောက်သည် မိမိ၏ လင်ယောက်ျားမဟုတ်သော ယောက်ျားတစ်ယောက်၏အလိုသို့ တစ်ကြိမ်တစ်ခါမျှ မိုက်မဲရူးသွပ်စွာ အလိုတူ လိုက်လျောမိလျှင် ဘဝတစ်လျှောက်လုံး အဆိုပါယောက်ျား၏ စီးပိုးမှုကို ခံရမည်မှာကား ကေန်မုချ မလွဲပေ။

* * *

တင်မောင်ကလည်း ပါးတယ်၊ လျင်တယ်၊ လည်တယ်။ ရဲတွေလာတိုင်း ရှောင်နိုင်တယ်၊ တိမ်းနိုင်တယ်။ ရာဇဝတ်ပြစ်မှုကြီးကို ကျူး



www.burmeseclassic.com



လွှန်ထားတဲ့ တင်မောင်ကလည်း တစ်ခေတ်တစ်ချိန်က ပျူစောထီး လက်ပါးစေပဲလေ။ ရဲနဲ့တင်မောင် လိုက်တမ်းပြေးတမ်း ကစားနေကြ တယ်လို့ ဆိုရမလို ဖြစ်နေပြီ။

တင်မောင့်မှာ ရွာနဲ့ ပတ်ဝန်း ကျင်မှတစ်ပါး အခြားနေရာတွေကို ထွက်ပြေးရန်လည်း ဆန္ဒမရှိလေ သလားမသိ။ ရွာရိပ်ဝန်းကျင်မှာပဲ တဝဲလည်လည်။ ရှင်းရှင်းပြောရရင် တော့ သောက်လေသောက်လေ ငတ်မပြေတဲ့ မသန်းခင်ရဲ့ ကာမန္တံ အိုင်ထဲ ကူးခတ်နေရတာကိုပဲ သည် ကောင်က သုခဘုံလို့ ထင်နေတာ ကလား။ အဝိဇ္ဇာတဏှာ ရေယဉ် ကြောမှာ အခါခါကူး၊ အကြိမ်ကြိမ် လူးပြီး ရူးချင်တိုင်းရူး၊ မူးချင်တိုင်း မူးနေပါတော့တယ်။

တင်မောင်နဲ့ သန်းခင်တို့မှာ အသိတရားနဲ့ ဟီရိသြတ္တပ္ပဆိုတာ သူတို့ဘဝမှာ နို့အိုးကို ခွေးဝဲစား လျက်တာထက် စင်နေတာကလား ဗျာ။ သည်ကောင်တွေက အမှောင် ဆုံးဖြစ်တဲ့ ကာမအမှောင်တွင်းထဲ ကျ ရောက်နေကြတာကိုး။

ရဲနဲ့တင်မောင် ရာဇဝတ်မှုခင်း ပွဲ ဆင်နွှဲတဲ့ပွဲမှာ သူနိုင်ကိုယ်နိုင်ပေါ့။ ရဲကပဲဖမ်းနိုင်လေမလား၊တင်မောင် ကပဲ ပြေးနိုင်လေမလား။

* * *

သို့/

တင်မောင်....

မင်းကျူးလွန်ခဲ့တဲ့ လူသတ်မှုကို ကိုယ့်ရဲတွေ အနေနဲ့ အလေးထား စဉ်းစားပြီးဖြစ်တယ်။ မင်းဟာ ရွာမှာ လူကြီးတစ်နေရာဖြစ်သင့်တဲ့အထိ အရည် အချင်းရှိတယ်ဆိုတာ သိရတယ်။ မင်းဟာ ရပ်ရွာ လူထုရဲ့ ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးနေ တာလည်း သိရတယ်။ မင်း ရဲစခန်းကိုလာပြီး ကိုယ်နဲ့ လာတွေ့ပါ။ ကို မင်းကို အကူအညီပေးဖို့ရ တယ်။

မင်းတို့ရွာကဆန်က ထမင်းစားကောင်း တယ်။ ဆန်ပါတစ်အိတ် ယူလာခဲ့ပါ။

ထွန်းထွန်း

စခန်းမှူး

ချောင်းကောက်ကြီးရဲစခန်း၊

----မြို့နယ်၊

တင်မောင် စာကိုဖတ်ရင်း အရမ်းပျော်ရွှင်သွားတယ်။ အခါခါ ဖတ်တယ်။ အလီလီသုံးသပ်တယ်။ ဆန်အိတ်လေးတစ်အိတ် ယူလာခဲ့ ပါဆိုတာက တော်တော်အားရဖို့ ကောင်းတဲ့စကားလို့ သူနားလည် လိုက်တယ်။

"ဒါဟာ ငါ့အမှုကို ပလပ်မယ် ဆိုတဲ့သဘောပဲ"

တစ်ယောက်တည်း တိုးတိုး ကလေး ရေရွတ်မိသွားတယ်။ သူ့ မိန်းမ မတင်နွဲ့ဆီပြေးပြီး စာကိုဖတ် ပြလိုက်တယ်။

"ယောက်ျားရေ ဒါဆိုရှင်လွတ် ပြီပေါ့"

တင်မောင်တို့ ဖနီးမောင်နှံ အဖွတ္တအရောင်ချင်းထပ်တူဖြစ် သွားကြတယ်။

"ဆန်အိတ်ကလေးတစ်အိတ် က ဘာခက်တာမှတ်လို့လဲရှင်၊ သွား ဝယ်လိုက်မယ်လေ"

"မိန်းမ ကြားဖူးတယ်မဟုတ် လား၊ မင်းကိုနိုင်စေလိုသော် တံစိုး တဲ့၊ သိလား"

"အေးပါ၊ ဒါဆို ကျွန်မ ဆန် အိတ်သွားဝယ်လိုက်မယ်နော်"

"အေး..သွား...သွား...သွား"

မတင်နွဲ့ကား မနေ့အမြန် အပြေးဟန်နဲ့ ဆန်အိတ်သွားဝယ် လေပြီ။ လင်တော်မောင်ကိုတာနော မိမိအိမ်ပြန်ရောက်ပြီး ဝပ်ကျင်းထဲ ပြန်ဝင်ဖို့ လိုသည်ကိုး။

စပါးခင်းထဲ ဝင်စားနေတဲ့ နွား ကြီးကို မောင်းရင်းမောင်းရင်းနဲ့ စပါး ပင်တွေရသမျှ ဆွဲငင်ဖမ်းစားပြီး နွား ကြီးပြေးနေတတ်တယ်။ ဝရမ်းပြေး တင်မောင်ကားဘာထူးသနည်း။ ရ သမျှ စပါးပင်တွေ ဆွဲငင်ဖမ်းစားပြီး ပြေးနေတာပဲလေ။တင်မောင်ဆိုတာ ချိုမပါတဲ့ နွားကြီးပါ။

လောဘရမ္မက်ကြောင့် ဆန္ဒ အလိုသို့လိုက်ပြီး ကာလလရှည်ကြည် ဖြစ်တည်လာခဲ့သော ခန္ဓာအိမ်ကြီး မှာ အလိုရမ္မက်ပြင်းပြသောလောဘ တဏှာသည် အဘယ်မှာလျှင် ဆုံး နိုင်တော့အံ့နည်း။

* * *

တန်ခူးနွေမို့ သူရိန်မင်းက ပူ ရှိန်ပြင်းနေတယ်။ ဆွဲနွေလယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com


မှ ပိုဆိုးတာပေါ့။ ရိုးပြတ်လယ်ကွင်းကြီးကို ဖြတ်သန်းတိုက်ခတ်လာတဲ့ နွေလေရိုင်းကလည်း အပူဒဏ်ကို မလျော့စေပါဘူး။ အပူငွေ့တွေကို သယ်ယူလာတာမို့ လေပူတွေကိုပဲ ထုတ်လွှင့်ပေးနေတယ်။

''ဟဲ့.....ဟိုမှာလူတစ်ယောက် ဆန်အိတ်သယ်ပြီး ရဲစခန်းဆီ လာနေတယ်ဟ''

''ဟုတ်ပါ့''

စခန်းတာဝန်ကျ ရဲသားနှစ်ယောက် စောင့်ကြည့်နေလိုက်ကြတယ်။ ဆန်အိတ်သယ်လာသူက ရဲစခန်းတံခါးဝဆီ ရောက်လာတယ်။

''ခင်ဗျားဘယ်သူလဲ''

''ခနီတောရွာက ဖြူမောင်ပါ''

''ဘာကိစ္စလဲ''

''ဒီဆန်အိတ်ကို အစ်ကိုကြီးတင်မောင်က ပို့ခိုင်းလို့ပါ''

''ဟုတ်ပါပြီ၊ ဒါဖြင့် ခင်ဗျားအစ်ကို တင်မောင် ဘယ်မှာလဲ၊ ပါ မလာဘူးလား''

''ဟုတ်ကဲ့ ပါလာပါတယ်ခင်ဗျ၊ လှေဆိပ်မှာ ကျန်ခဲ့ပါတယ်''

''ဒါဖြင့် မြန်မြန်သွားခေါ်လိုက်ပါ၊ စခန်းမှူးခေါ်တယ်ပြောပါ''

ဖြူမောင်ကား ဆန်အိတ်ကို အသာချပြီး သုတ်ခြေတင်ခဲ့လေပြီ။

တကယ်တမ်းကျတော့လည်း တင်မောင်မှာ ရဲစခန်းသို့ ဝင်ရမှာကို ကြောက်နေမိတယ်။ သူ့ညီကို ကြားခံအဖြစ် ခေါ်လာပြီး အရဲစွန့်လာခဲ့ခြင်းဖြစ်တယ်။ သူ့ညီက လာခေါ်မှသာ အကြောက်တရားတစ်ဝက်နဲ့ အရဲစွန့်လိုက်လာခဲ့တယ်။

''ခွပ်.....''

ရဲတွေပဲလေ။ သည်လောက်တော့ လျှင်သည်ပေါ့။ လူသတ်တရားခံ တင်မောင်ရဲ့ လက်အစုံမှာတော့ သံမဏိလက်ထိတ်ကြီးတစ်စုံက ဝန်ဆောင်မှုပေးနေလေပြီကော။

''ဘယ်လိုဖြစ်တာလဲ ဗိုလ်ကြီးရယ်၊ ကျွန်တော့်မှာ ဗိုလ်ကြီး ဆန်ကောင်းကောင်းစားရအောင်လို့ ရွာမှာ ရွေးဝယ်လာခဲ့တာပါ''

''ကျေးဇူးတင်ပါတယ် တင်မောင်''

တင်မောင် ပါးစပ်ကြီးဟောင်းလောင်းပွင့်ကာ ဝေဝေဝါးဝါး ကြည့်နေတယ်။ နွေနေပူကြီးထဲ လျှောက်လာခဲ့ရတာမို့ ချွေးတွေက တစ်ကိုယ်လုံး ရွှဲနစ်နေတယ်။

''ဆန်အိတ်ဖိုးပိုက်ဆံကိုတော့ ခင်ဗျားမိန်းမလာမှ ပေးလိုက်တော့မယ်နော်''

တင်မောင် ခေါင်းငိုက်စိုက်ကျသွားလေပြီ။

ရဲအတတ်ပဲလေ။ အကြမ်းနည်းနဲ့မရလို့ အနုနည်းနဲ့ စည်းရုံးပြီး ထောင်ဖမ်းခြင်းပေပဲပေါ့။

အဘယ်မည်သောရဲသည် ရာဇဝတ်ပြစ်မှု ကျူးလွန်ထားသူ တရားခံကို လွှတ်ပစ်ရိုးထုံးစံရှိလို့လဲ။

''မင်းရဲ့ယုတ်မာတဲ့ အပြုအမူတွေ၊ လုပ်ရပ်တွေကို ကြားရကတည်းက မင်းကို စက်ဆုပ်နေတာ''

တင်မောင့်ကို အချုပ်ခန်းထဲသို့ ဆွဲခေါ်လာခဲ့ကြတယ်။ သားသတ်ရုံသွင်းမယ့်နွားကို ကြိုးဆွဲခေါ်လာတာနဲ့လည်း တူနေရဲ့။ အချုပ်ခန်းထဲကို အရောက်မှာ တင်မောင်ဟာ ဗိုင်းခနဲ ထိုင်ချလိုက်တယ်။ မျက်လုံးအိမ်ထဲ ပြည့်လျှံနေတဲ့ မျက်ရည်တွေနဲ့ အပြင်ဘက်ကို တွေတွေကြီး စိုက်ကြည့်နေတယ်။

ကိုယ်လုံးကိုယ်ပေါက် တင်းရင်းပြီး မိန်းမလှတစ်ဦးရဲ့ အလှတရားကို ပိုင်ဆိုင်ထားတဲ့ မသန်းခင်ရဲ့ ဝမ်းကြာတိုက်ထဲက ကိုယ်ဝန်ကို ဘယ်သူတာဝန်ယူမှာလဲ။

ကာမဘုံသား ဆိုလည်းနွား ဆိုသလိုပဲပေါ့။ သတ်မှတ်ထားတဲ့ လူမှုဝန်းကျင်စည်းကိုကျော်ပြီး ကာမဘီလူး ဝင်ပူးခြင်းကို ခံမိလျှင်တော့ အဘယ်မှာလျှင် အေးချမ်းကြတော့မှာလဲ။

ဘယ်သူမပြု မိမိမှု၊ ကိုယ့်ပြဿနာ ကိုယ်ရှာ၊ ကိုယ်သာ ဒုက္ခနွံအိုင်ထဲ ဆင်းကြရမည်သာမှတ်။ လူတွေယုတ်မာနေကြလျှင် လောကကြီးလည်း အကျည်းတန်နေမည်သာ။

ကာမဘုံသားဆိုလည်နွားတွေအတွက် ဒုက္ခသံသရာ ခရီးလမ်းက ရှည်လွန်းလှပေသည်တကား။

လူလူချင်း မေတ္တာစိတ်ထားနိုင်ကြပါစေ။

ကျွန်းဆင့်ချမ်းမောက်

www.burmeseclassic.com



# ခွဲနေရောင်

## အသည်းအမှန်မစိမ်းတဲ့

## ရဲမာန်ဟိန်း

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး...ခွေးပါးစပ်က နတ်စကားထွက်"

လို့ အော်ဟစ်ဟားတိုက်ကြတာကို ရဲကြီးက မျက်မှောင်ကြုတ်ပြီး လက်သီးဆုပ်ပြတယ်။

"အလကားပါ မရော၊ ဘေးနားမှာ မုန့်ဖိုးတောင်းတဲ့ကလေးတွေ လာဝိုင်းနေလို့ မောင်းထုတ်နေတာ"

လို့ ခပ်ဟက်ဟက်ရယ်ရင်းပြန်ဖြေနေတဲ့ အသံတွေကြားတော့ အောင်မျိုးသန့်က ရဲကြီးဇက်ပိုးကို ဖျတ်ခနဲအုပ်ရင်း.....

"ဟော့ကောင် ရဲကြီး၊ စွတ်ကြူမနေနဲ့၊ ဟိုမှာ ဥက္ကံကားကြီးလာနေပြီ၊ ပွားလို့မပြီးသေးလည်း မင်းဘာသာမင်း နေခဲ့ပေတော့"

ပြောရင်း အားလုံးပြေးထွက်သွားလို့ ရဲကြီးလည်း မနေသာစွာနဲ့ နောက်ဆုံးကားလို့ အော်ခေါ်နေတဲ့ ကားကြီးပေါ် တွန်းတွန်းတိုက်တိုက် တိုးဝှေ့တက်လိုက်ရတယ်။

ကားပေါ်ရောက်ပြီးလို့ အလယ်ရှီးလ်မှာ ကျပ်ကျပ်ညပ်ညပ် မတ်တတ်ရပ်နေရတဲ့ကြားထဲကလက်ဝါးပြားလောက် ဆမ်ဆောင်းဖုန်းကို ထုတ်ပြီး အသံကျယ်ကျယ်နဲ့ ခပ်ကြွားကြွားပြောနေတာလည်း ရဲကြီးပဲ။ ဒီတစ်ခေါက်ကျ ဟိုဘက်ကလူ တစ်ယောက် ပြောင်းသွားသလား မသိဘူး။

"ကေသရီ နေကောင်းရဲ့လား ကျွန်တော်က အမြဲသတိရနေတာပါ ဗျာ"

□

ညနေစောင်း ၅ နာရီကျော်ပြီမို့ တိုက်ကြီးဘက်ကတက်လာတဲ့ ဟိုင်းလတ်ကားနဲ့ Express ကားတွေ တဖြည်းဖြည်း လျော့ပါးလာနေတယ်။ မော်ဘီမြို့၊ လျှပ်စစ်ရုံးမှတ်တိုင်နားက အောင်မိုးကဖီးရဲ့ ထောင့်မှာထိုင်ရင်း ကားအလာကို အားတက်သရော မျှော်နေကြတာက ရဲမာန်ဟိန်းတို့ သူငယ်ချင်းတစ်သိုက်။ ရဲမာန်ဟိန်းအပါအဝင် အောင်မျိုးသန့်၊ ဇော်မင်းလတ်နဲ့ စောထွန်းတို့ လေးယောက်သားက မော်ဘီ၊ နည်းပညာတက္ကသိုလ်ကြီးမှာ ပထမနှစ်သင်တန်း လျှပ်စစ်နှင့်ဆက်သွယ်ရေး (Electronic and Communications) မေဂျာအထူးပြုကျောင်းသားတွေပါ။ အင်းစိန်၊ ကမ်းနားရပ်ကွက်တစ်ဝိုက်မှာ နေထိုင်ကြသူတွေဖြစ်ပြီး မော်ဘီတက္ကသိုလ်ကို နေ့စဉ် ကျောင်းဖယ်ရီကားနဲ့ ကျောင်းလာတက်ကြသူတွေပါ။ သိပ်မကြာခင်မှာ ဒုတိယနှစ်ဝက် စာမေးပွဲကြီး ဖြေရတော့မှာမို့ မှတ်စုစာအုပ်လည်းစုံပြီး စိတ်ရှည်လက်ရှည် စာရှင်းပြတတ်တဲ့ အချစ်တော်သူငယ်ချင်း မော်ဘီသား 'အထွန်း'တို့အိမ်မှာ စုပြီးစာလာကြည့်ကြတာ။ ကျောင်းတက်တုန်းကတော့ ဟိုလျှောက်သွား၊ ဒီလျှောက်သွား၊ ကင်တင်းနဲ့ထိုင်၊ စကားစုပြော၊ ဂိမ်းတွေဆော့ရင်းနဲ့ အချိန်ကို တမင်တကာ မကုန်ကုန်အောင် ဖြုန်းခဲ့ကြပြီး ခုလိုစာမေးပွဲက ခေါင်းပေါ်တက်ထိုင်ပြီဆိုတော့မှ မျက်လုံးပြူး၊ မျက်ဆံပြူး၊ မရှူနိုင် မကယ်နိုင် အားကိုးရှာတတ်ကြတာက ရဲမာန်ဟိန်းတို့လူစုရဲ့ မွေးကတည်းကပါလာတဲ့ ဗီဇလားတော့ မပြောတတ်ဘူး။ ခုတော့ ကားစောင့်ရင်းနဲ့ အိမ်ပြန်ဖို့ စိတ်စောနေကြပြန်ပြီ။

"..... 'မ'လား၊ လာမှာပေါ့၊ ဒီမှာလေ သူငယ်ချင်းတွေက စာမေးပွဲနီးမှ အားကိုးတကြီးနဲ့ အိမ်အထိလိုက်လာပြီးစာမေးနေလို့ စာရှင်းပြပေးနေရတယ်၊ ဆောရီးနော် မ"

အဲဒီလို တိုးတိုးညင်းညင်းအသံလေးနဲ့ ဟန်အပြည့် ဖုန်းပြောနေတဲ့ ရဲမာန်ဟိန်းကိုကြည့်ရင်း ကျန်တဲ့သူတွေက ...

www.burmeseclassic.com

www.burmeseclassic.com





''----''

''ဟား...တကယ်ပါဗျာ၊ ကျွန်တော့်ကိုမယုံဘူးလား၊ ရင်ကိုတောင်ခွဲပြလိုက်ချင်တယ်''

ဆိုတဲ့ညကလီးယားသံအပြည့်နဲ့ ပြောလိုက်တဲ့ ရဲကြီးစကားအဆုံးမှာ 'ဝေါ့'ဆိုတဲ့ အန်သံကြီးပါ ဘယ်ကမှန်းမသိ တစ်ဆက်တည်းထွက်လာတာမို့ ဇော်မင်းလတ်တို့ သုံးယောက်သားတင်မက အနီးအနားက ခရီးသည်တွေတောင် သွားပေါ်အောင်ပြုံးမိသွားကြတယ်။ ဟုတ်လည်းဟုတ်တာပဲ။ သမီးရည်းစားစကားပြောတယ်ဆိုပေမယ့် လူပုံအလယ်ကြီးမှာ ပါးစပ်ကြီးနားရွက်တက်ချိတ်တော့မတတ် တဟီးဟီးရယ်လိုက်၊ ညလိုက်၊ ခရာလိုက်နဲ့ ဖာတ်မင်းသား လက်မှိုင်ချလောက်အောင် ကြွေပြနေတာကြီးက နည်းနည်းတော့လွန်သွားပြီမဟုတ်ဘူးလား။

''ရဲကြီးတို့ကတော့ အဲဗားကြူမယ်ဆိုတာချည်းပဲ''

''ကြူတာအရေးမကြီးဘူး၊ တစ်နေ့တစ်နေ့ ဖုန်းနဲ့ပါးနဲ့ ကပ်ထားရလွန်းလို့ နားကင်ဆာဖြစ်တော့မယ်''

''မာလကီးယားတော့လည်း မုန့်ဟင်းခါး စားရတာပေါ့ကွာ၊ ဟား.. ဟား.....ဟား''

ဇော်မင်းလတ်နဲ့ စောထွန်းက မှတ်လောက်သားလောက်အောင် ပညာပေးနှိပ်ကွပ်နေကြပေမယ့် ရဲကြီးက အပြုံးမပျက်ဘူး။

''မင်းတို့ကလည်း သူများသားသမီး ကောင်းစားတာကို မနာလိုမဖြစ်ကြပါနဲ့ကွာ၊ သိတယ်မဟုတ်လား၊ အသည်းအမှန်မစိမ်းတဲ့ ရဲမာန်ဟိန်းတဲ့၊ ဟင်း.....ဟင်း''

ရုပ်အကျီကော်လံကိုထောင်ရင်း မခို့တရို့လေးပြုံးပြတဲ့ ရဲကြီးရဲ့အမူအရာကို ကျန်သူတွေက အော်ဂလီဆန်တဲ့ပုံလုပ်ပြရင်း ပျင်းစရာကောင်းတဲ့ မတ်တတ်ရပ်အပြန်ခရီးကို အရယ်အမောလေးတွေနဲ့ ကိုယ့်ဘာသာကိုယ် ဖြေဖျော်ပျော်တော်ဆက်ကြရတယ်။ ဟိုငေးဒီငေးနဲ့ ဟိုပြောဒီပြောရင်း ကျိုက္ကလဲ့လို့ အော်သံကြားလို့ ရဲကြီးနဲ့အနီးဆုံး အဒေါ်ကြီးဆင်းသွားလို့ နေရာလွတ်မှာ စွေ့ခနဲဝင်ထိုင်တော့ အားလုံး မျက်လုံးပြူးသွားရပြန်တယ်။ သူ့ဘေးနားကပ်လျက်က ဆံပင်ရှည်ရှည်၊ မျက်လုံးဝိုင်းဝိုင်းနဲ့ ဆယ်ကျော်သက်ကောင်မလေး ဖြစ်နေလို့ပါပဲ။ ရဲကြီးတို့များ ကံဇာတာတက်ချက်က ဒီလောက်ကျပ်တဲ့ ကားပေါ်မှာတောင် နေရာရရုံမက ဘေးကပ်လျက်မှာပါ ''မိုးစက်ဝိုင်''လိုလို၊ ''ထားထက်ထက်''လိုလို အင်တာနေရှင်နယ်ဂါဝန်ပုံဆန်းနဲ့ အလန်းစားကောင်မလေးနားမှာ ကပ်ကျလို့ မနာလိုစိတ်တွေထိပ်တက်ပြီး အံတကြိတ်ကြိတ်ဖြစ်သွားကြရတယ်။

အပေါင်းအသင်းတွေကြားမှာ အမြဲလိုလို ကံကောင်းတတ်လို့ (အထူးသဖြင့် ဂေါ်ရေးဖွင့်တဲ့ကိစ္စမျိုး) သူ့ကိုယ်သူ အသည်းအမှန်မစိမ်းတဲ့ ရဲမာန်ဟိန်းရယ်လို့ အလှူရှင်မှန်းသိပါတယ်ဆိုတာတောင် ဖွတ်ကြီးမဏ္ဍပ်တိုင်တက်ပြတတ်လေတဲ့ ရဲကြီးက ခုလိုထပ်ဆင့်ထပ်ဆင့် လပ်ကီးကောင်းနေတာကို အပေါင်းအသင်းတွေ မနာလိုမှန်းသိလေလေ ပိုပြီးလက်မထောင်ပြလေလေလုပ်နေတယ်။

အမယ်.....အမယ် ကောင်မလေးကိုတောင် ဘယ်သွားမှာလဲ၊ တစ်ယောက်တည်းလား ဘာညာနဲ့အထာတွေသွားပစ်နေပြန်ပြီ။ ဒီလောက်တောင် လူပုံအလည်ကောင်အတင့်ရဲတဲ့မသာ သေပေရော့လို့

www.burmeseclassic.com

www.burmeseclassic.com



ပါးတွေနားတွေ ဆွဲချုပါစေလို့ ကြိတ်မှိတ်ဆုတောင်းတဲ့ အောင်မျိုးသန့်တို့ရဲ့ ဆုတောင်းမေတ္တာဟာ လုံးဝလုံးဝ အရာမရောက်ခဲ့ပါဘူး။ ဘေးကပ်လျက် ကောင်မလေးက 'ရှစ်မိုင်အထိပါ'လို့ ပြန်ဖြေတာကို ကြားလိုက်ရလို့ပ လက်သီးတဆုပ်ဆုပ်ဖြစ်နေကြရတဲ့အထဲ 'ကိုယ်လိုက်ပို့ပေးရဦးမလား'လို့ မရှက်မကြောက် ပေါ်တင်ကြီး ဂေါ်ရေးဆင်တဲ့ ရဲကြီးကို စကားလုံးရှာမရအောင်လည်း သြချမိကြသေးတယ်။ကောင်မလေးက စိတ်ဆိုးဟန်မပြဘဲ ခေါင်းလေး အသာပဲယမ်းတာကို ပါးမရိုက်ရကောင်းလားလို့ အားမလိုအားမရဖြစ်နေတဲ့ ဇော်မင်းလတ်တို့ ရင်တွေ ခံနေရတယ်။

ဆင်းရင်တော့ ဒီလောက်တောင် လူရှေ့မရှောင် ကြောင်ချင်တဲ့ကောင် သေစမ်းဆိုပြီး ခေါင်းကို နှစ်ချက်လောက်ရိုက်ပစ်မယ်လို့လည်း စိတ်ကူးထားကြသေးတယ်။

တကယ်တော့ ပြောသာပြောရတယ်။ ကိုယ့်အပေါင်းအသင်းအကြောင်းလည်း သိထားပြီးသားမို့ ဇာတ်လမ်းတစ်ပုဒ်ဟာ အစမရှိ၊ အဆုံးမရှိခင်မှာ တီခနဲပြတ်တောက်သွားရဦးမယ်ဆိုတာလည်း အားလုံးသိထားပြီးသားပါ။

အသားဖွေးဖွေး၊ အရပ်မြင့်မြင့်မှာ စကားပြောလေးလည်းချိုတဲ့ ရဲကြီးဟာ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ သူ့အထာလေးနဲ့သူ လူချစ်လူခင်များပြီးသားပါ။ ချောချောလှလှ ကောင်မလေးတွေကို ချော့လဲခလုတ်တိုက်လောက်အောင် ငေး၊ ငမ်းတတ်တဲ့ အားနည်းချက်လေးကို ဖယ်ထုတ်လိုက်မယ်ဆိုရင် တကယ့်လူရည်မွန်၊ ပညာတတ်ကလေးတစ်ယောက်ပေါ့။

ရည်းစားများတာ၊ ရောတောရှိလုပ်တတ်တာလေးတွေရှိပေမယ့် မိကောင်းဖခင်သားသမီးပီသစွာ၊ တက္ကသိုလ်ကျောင်းသားပီသစွာ မိမိဂုဏ်သိက္ခာကို စောင့်ထိန်းတတ်တာလေးကိုတော့ သူငယ်ချင်းတွေက ဝိုင်းချစ်ကြရတယ်။

"သူများတကာသားသမီးကို လက်မထပ်နိုင်ဘဲ အပျော်ကြံတာတော့ ငါလုံးဝသဘောမကျဘူး။ ငါ့မှာ အစ်မတွေ၊ ညီမတွေနဲ့၊ ဝဋ်လည်မှာကြောက်တယ်ကွ"လို့ ပခုံးတွန့်ရင်းပြောတတ်တဲ့ ကတိစကားကို မမေ့မလျော့တတ်တဲ့ သူ့ညဥ့်ကလေးကလည်း ကံဇာတာတက်စေဖို့အရေးမှာ တစ်ဖက်တစ်လမ်းကဖေးမထားပုံရတယ်။ ဒါပေမဲ့ ဘာပဲပြောပြော ချောချောလှလှ အမိုက်စားလေးတွေ့ရင် နောက်ကတကောက်ကောက်လိုက်၊ နည်းမျိုးစုံသုံး၊ ကြံဖန်ပြီး မကြာ[illegible]ဆင်ပြေသွားတတ်တဲ့ ဒီဘက်မှာ ကံကောင်းကံတက်လွန်းတာကြီးကိုတော့ အပေါင်းအသင်းတွေ မနာလိုတိုရှည်စွာနဲ့ ဘဝင်မကျ ဖြစ်ဖူးခဲ့ကြတယ်ဆိုတာကိုတော့ ညာလို့မရလောက်ဘူး။

* * *

စော်ဘွားကြီးကုန်းရောက်လို့ ကားပေါ်ကဆင်းရတာတောင် "ညီမလေး ကိုယ်သွားမယ်နော်၊ ဘိုင့်" လို့ မ[illegible] နှုတ်ဆက်စကားတွေ [illegible] ရဲကြီးကို ကြည့်မရလွန်းစွာနဲ့ အောင်မျိုးသန့်က ဖနောင့်နဲ့ ပေါက်ချလိုက်တော့မှ အောက်ကို ဒါရိုက်ရောက်သွားတယ်။

"ရဲကြီးရေ လတွေ့နဲ့[illegible] လေးများ[illegible]ပါဦး"

"ဟုတ်ပါ့ကွာ၊ [illegible] ခြောက်တောင်း[illegible]

ချော့လဲသလိုလိုနဲ့ ပခုံးကိုလှမ်းကိုင်လိုက်၊ ကားတိုက်မှာကြောက်လို့ လှမ်းဖက်သလိုလိုနဲ့ အချိန်တိုအတွင်းမှာ အိတ်ကို ဓားနဲ့ခွဲခဲ့တဲ့ တရားခံအစစ်ကို အားလုံး အားလုံး ခြေရာခံမိသွားပေမယ့် လုံးဝလုံးဝ နောက်ကျခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



“နွားသိုးကြိုးပြတ်ဟေ့...နွား
သိုးကြိုးပြတ်၊ ဘွတ်အဲ...ဘွတ်အဲ”

ဖော်မင်းလတ်တို့ ဘယ်
လောက်ပဲ အပြင်းထန်ဆုံး နှိပ်ကွပ်
ပေမယ့် ရဲကြီးက အေးဆေးပဲ။

“မင်းတို့ကပြောနေ၊ အီဖေ
ကိုယ်က ဟောဒီမှာ ဖုန်းနံပါတ်
တောင် ရခဲ့ပြီဗျာ”

“----”

“ဟုတ်တယ်၊ နာမည်လေးက
လည်း လန်းတယ်၊ ချန်ဒရာမိုးမြင့်
တဲ့၊ ဟေဟေ့”

“လောကကြီးက မတရားဘူး
ကွာ၊ မိုးများရာ ရေရွာ”

“ဟဲ့ကောင် စောထွန်း၊ မင်း
ဥပမာပေးတာ မှားနေတယ်၊ ရေ
များရာမိုးရွာကွ၊ မင်းကလည်း”

“အေးကွာ.....အေးကွာ၊ အဲ
ဒီအတိုင်းပဲ၊ ရည်းစားဆိုလို့ မှုးလို့
ရှုစရာမရှိတဲ့တို့လိုကောင်ကျတော့”

“အားမငယ်ပါနဲ့ကွာ၊ သမင်
ဆယ်လှမ်း ကျားတစ်လှမ်းပါ၊ ဘွဲ့
ရလို့ ငါသင်္ဘောတက်ရင်ကမ္ဘာပတ်
ပြီး အလန်းဇယားလေးတွေနဲ့
အပြတ်နွှဲ အပြတ်ကဲပစ်မယ်”

“ကြိုးစားထား....အပေါင်း
အသင်းတို့ရေ ကြိုးစားထား၊ ဒါပေ
မဲ့ မင်းတို့သိထားရမှာက ဉာဏ်ကို
ယှဉ်ချင် ယှဉ်လို့ရမယ်၊ ကံကိုတော့
လာမယှဉ်နဲ့၊ ငါ့နာမည်ကိုက.....”

“အသည်းအမှန်မစိမ်းတဲ့ ရဲ
မာန်ဟိန်း၊ ဒါပဲပြောဦးမှာမဟုတ်
လား၊ သေပေတော့ ခွေးကောင်”



ဖော်မင်းလတ်၊ စောထွန်းနဲ့
အောင်မျိုးသန့်တို့ရဲ့ လက်ဝါးရိုက်
ချက်တွေက ရဲကြီးကျောပေါ်
အဆက်မပြတ် ကျရောက်လာလို့
ကယ်ပါယူပါ အော်ဟစ်ပြေးရင်း ဟို
ဘက်လမ်းကိုကူး၊ အင်းစိန်ကမ်းနား
ဘက်ပြန်မယ့် လိုင်းသာယာ ဒိုင်နာ
တွေရပ်တဲ့ ဘတ်စ်ဂိတ်ကို ရောက်ခဲ့
ကြရတယ်။

“ကားတွေကလည်း ကျပ်ပိတ်
သိပ်နေတာပဲကွာ”

“ဗိုက်ကဆာလာပြီ၊ တက္ကစီ
ငှားသွားရအောင်”

“အောင်မယ် ရွှေချထားဖို့
ကောင်းတဲ့ပါးစပ်၊ ဝဲလည်းပေါက်နေ
ဦးမယ်၊ သတိထား”

တစ်ယောက်တစ်မျိုး ဝိုင်းပြော
ရင်းနဲ့ ဆယ့်ငါးမိနစ်လောက်ကြာတဲ့
ထိ ကားတွေစောင့်ကြည့်ပေမယ့် လူ
ကျပ်ချက်က သူမသာကိုယ်အသုဘ
ဆိုတာလိုမျိုးဖြစ်နေလို့ နောက်ဆုံး
မှာ အိမ်ရောက်ချင်စောနဲ့ ကျွိခနဲ
ရောက်လာတဲ့ ဒိုင်နာပေါ်ကို ဘယ်
သူလာလာ ဗိုလ်မထားဘူးကွဆိုတဲ့
မဟာစိတ်ဓာတ်နဲ့ တိုးဝှေ့တက်ပြီး
အလယ်တန်းမှာ ဟိုကုန်းဒီကွနဲ့ကြပ်
ကြပ်တည်းတည်း မြဲမြဲအောင် လက်
ကလည်း ကိုင်ထားကြရသေးတယ်။
ဖုန်းလေးကို အသာပိတ်လို့ ဘောင်း
ဘီအိတ်ထဲထည့်ရင်း ရဲကြီး စိတ်
ညစ်ရတယ်။

ကားခထုတ်ဖို့တောင် လှုပ်မရ
လို့ နောက်တွယ်တွေထဲက ကားခ
ပေးလိမ့်မယ်လို့တောင် ပြောလိုက်ရ
သေးတယ်။

“အားလုံးပဲ ရှေ့ဆုံးထိရောက်
အောင် တိုးပေးကြပါ၊ အလယ်တန်း
ကလူတွေ ရင်ချင်းမအပ်ပါနဲ့၊ ကျော
ချင်းကပ်ထားကြပါ၊ အကူအညီ
တောင်းနေတာပါ”

ညဦးပိုင်းကလေးမို့ ဟိုကာဒီက
ပြန်ကြသွားကြမယ့်သူတွေနဲ့ ပြည့်
နှက်နေတဲ့ ဒိုင်နာကားလေးဟာ
ထန်းလျက်ခဲသေးသေးလေးကို
ပုရွက်ဆိတ်တွေ ရာထောင်ချီ ဝိုင်း
အုံခဲနေသလိုပါပဲ။

“ဟိုရှေ့ကကျောပိုးအိတ်လွယ်
ထားတဲ့ အစ်ကိုလေး.....
ယံနဲ့တူတဲ့အစ်ကိုလေး ကျားဖူးပြ
ရှေ့နားထိတိုးပေးပါ အဲဒီနားမှာတင်

www.burmeseclassic.com

www.burmeseclassic.com



ဗိတ်မနေပါနဲ့၊ လုပ်ပါ၊ အကူအညီတောင်းနေတာပါ၊ ဟော...ဟော...ဒီမှာ ဝိုင်းစုခိုင်သိန်းနဲ့တူတဲ့ ညီမလေး၊ လာ.....လာ ရှေ့ကိုတိုး၊ အားမနာနဲ့၊ ရွာအလှူတုန်းကလိုပဲတိုး''

ကားစပယ်ယာက ကရားရေလွှတ်တာထက် မြန်ဆန်တဲ့ စကားလုံးပေါင်းများစွာနဲ့ အတင်းစွတ်တိုးခိုင်းနေတယ်။ အရပ်က အမိုးနဲ့မလွတ်လို့ ခါးကြီးကုန်းထားရတဲ့ ရဲမာန်ဟိန်း ကျောပိုးအိတ်က'လေး' လို့ စိတ်ညစ်ရတဲ့ကြားထဲ ရှေ့ကိုအတင်းစွတ်တိုးခိုင်းနေလို့ ကျွဲမြီးနည်းနည်းတိုသွားပေမယ့် ဟိန်းဝေယံနဲ့တူတယ်ဆိုတဲ့ စကားအလှလေးကို ဘဝင်ခိုက်စွာနဲ့ ငိုက်စိုက်စိုက်ကြီး လှမ်းတိုးတော့ နောက်ကနေကောင်မလေးတစ်ယောက်လည်း ကပ်ပါလာတယ်။ ဘယ်လိုအတပ်သိသလဲဆိုတော့ ချိုချိုအီအီ ရှတဲ့ ရေမွှေးနံ့လေးရယ်၊ စတော်ဘယ်ရီနှုတ်ခမ်းဆိုးဆေးအနံ့လေးတွေကြောင့်ပါ။ ရှည်လျားတဲ့ အဝါရောင်ဆံပင်လေးတွေကလည်း ကပိုကရိုနိုင်စွာနဲ့ ကားလှုပ်တိုင်း ရဲကြီးကိုလာလာထိနေတယ်လေ။ ကားကျပ်တာတောင် မိန်းကလေးလှလှလေးနားမှာ ကျပ်နေရတဲ့ ကံဇာတာရှင်ကြီး ရဲမာန်ဟိန်းအဖြစ်ကို နောက်တွယ်သမားတွေဖြစ်တဲ့ ဇော်မင်းလတ်တို့သုံးယောက် သိနိုင်မယ်မထင်ဘူး။ သိရင်လည်း မတရား

မာမီချိုရဲ့ ညြရှရှ ညုတုတုစကားတွေကို ရဲကြီး ရယ်ချင်သွားပေမယ့် မရယ်မိအောင် ထိန်းလိုက်တယ်။ ဟုတ်တယ်လေ။ ကျော်လင်းခိုင်ဆိုင်မှာ နန်းကြီးသုပ်က ရေလည်ဂွတ်တာ။ ဒီည အပြန်တောင် ဝင်ဆွဲဦးမယ် စိတ်ကူးထားတာ



ဘူးဆိုပြီး ကံကြမ္မာကို မကျေနပ်သမျှ သူ့ကိုပဲ အပြစ်ပုံ ဝိုင်းထိုးကြဦးမှာ။ သင်းတို့က။

''အစ်ကို.....အရမ်းယိုင်နေလို့ ကိုင်ထားမယ်နော်''

''ဗျာ.....ဘာ...ဘာကိုကိုင်မှာလဲ''

''အို.....အစ်ကိုကလည်း ဒီအချိန်ကြီးတောင် နောက်နိုင်သေးတယ်၊ တကယ်ပဲ''

ရဲကြီးနဲ့ကပ်လျက်ကနေ ကားတိုးတိုင်း တမင်တကာ သိသိသာသာကြီး ပြုံပြုံလဲလာလို့ မွှေးရနံ့ရှင်လေးကို စိတ်ကူးကြည့်စဉ်မှာ မထင်မှတ်ဘဲ ထွက်လာတဲ့အသံသြသြကြောင့် ရင်ခုန်တာလေးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရတယ်။ ဒီလောက် အသားချင်း မထိထိအောင် အတင်းတိုးနေကတည်းက နည်းနည်းတော့ ရိပ်မိသလိုလိုရှိသားလို့လည်း တွေးလိုက်မိတယ်။ ဝတ်စားထားတာကတော့ကိုယ်ကျပ်တီရှပ်နဲ့၊ စကင်နီဂျင်းပန်နဲ့၊ဒေါက်ဖိနပ်ကလည်း မြင့်တယ်။ ရုပ်လေးကတော့ ပန်းသွေးရောင် နုနုဖပ်ဖပ်ကလေးပါ။ ဒါပေမဲ့ လည်ပင်းက ဇလုတ်ကြီးနဲ့ သြတောတောအသံကြီးကိုတော့ ဖုံးကွယ်လို့မရနိုင်ရှာဘူး။

''အစ်ကိုက ဘယ်မှာဆင်းမှာလဲဟင်''

''ဆင်းတော့မှာ ပန်းခြံ''

''ချိုလည်းလိုက်ဆင်းမယ်''

www.burmeseclassic.com

"အဲဗျ....."

"ဟုတ်တယ်၊ အစ်ကို့ကို ချို ကြည့်နေတာ၊ ကားပေါ်တက်ခါနီး ကတည်းက၊ အစ်ကိုကလေ အရပ် မြင့်မြင့်၊ ဘော်ဒီတောင့်တောင့်နဲ့ ဘေယောင်ဂျွန်းနဲ့ အရမ်းတူတယ် သိလား"

"ဟား.....ဟား"

"မရယ်ပါနဲ့၊ အဟုတ်ပြောတာ၊ အစ်ကို့ကို ချို မြင်မြင်ချင်း စိတ်ဝင် စား၊ အဲ....ကန်တော့....ကန်တော့၊ မြင်မြင်ချင်း ခင်သွားလို့ အစ်ကို့ကို ပြုစုပေးချင်စိတ်လေးတွေ အရမ်း ပေါက်လာတယ်"

"ဗျာ...ဘာ...ဘယ်...ဘယ်လို ပြုစုမလို့လဲ"

"တွေ့လား.....အစ်ကိုက အကောင်းပြောတာကို၊ နောက်ပြီး ချိုက ခင်မင်မှုအမှတ်တရအနေနဲ့ ပန်းခြံထိပ်က ကျော်လင်းနိုင်အအေး ဆိုင်မှာ ဒိုင်ခံမလို့"

ဆိုတဲ့ မာမီရှိန်း အဲလေ...မာမီ ချိုရဲ့ဩရှရှ ညုတုတုစကားတွေကို ရဲကြီး ရယ်ချင်သွားပေမယ့် မရယ် မိအောင် ထိန်းလိုက်တယ်။ ဟုတ် တယ်လေ။ ကျော်လင်းနိုင်ဆိုင်မှာ နန်းကြီးသုပ်က ရေလည်ဂွတ်တာ။ ဒီည အပြန်တောင် ဝင်ဆွဲဦးမယ် စိတ်ကူးထားတာ။ ဘာပဲပြောပြော ပြုစုမယ့်ဒကာပေါ်လာတာဟာလည်း ကံမကောင်းဘူးလို့ တစ်ထစ်ချပြော လိုက်ဖို့ ခက်ခဲသေးတာမဟုတ်လား။

"နေဦးဗျ၊ ကျုပ်တစ်ယောက် တည်းမဟုတ်ဘူး၊ ကျုပ်သူငယ်ချင်း သုံးယောက်လည်းပါမှာဗျ၊ ဒီကောင် တွေ နောက်မှာတွယ်နေရတာ"

"အို.....သုံးယောက်လား၊ ချို တို့က ပျင်းတောင်ပျင်းသေးတယ်၊ အဲဗားဝဲလ်ကမ်းပဲ"

"ဗျာ....ဘယ်...ဘယ်လိုကြီး လဲ"

"ဩော်.....သုံးယောက် လောက်တော့ မုန့်ဝယ်ကျွေးနိုင်ပါ တယ်လို့ပြောတဲ့ဥစ္စာ၊ အစ်ကိုက တော့လေ ဒီမှာ ရှက်တောင်ရှက်လာ ပြီ"

ချိုဆိုတဲ့ မာမီချိုက ထူပူစ်ပူစ် မိတ်ကပ်မျက်နှာ ချွေးစို့လာတာကို တစ်ရှူးလေးနဲ့တဖတ်ဖတ်သုတ်ရင်း ရဲကြီးနားကို တိုးသထက်တိုးလာလို့ ကြက်သီးနည်းနည်းထသွားပေမယ့် ဒီလောက်ရှိလှတဲ့ မာမီချို့ကို ပညာ လေးတော့ပေးမှဆိုတဲ့စတတ်နောက် တတ်တဲ့ ဉာဉ်လေးနဲ့ သူပြောတာ တွေကို ခေါင်းလေးတဖြည်းဖြည်း ညိတ်တယ်။ အစားအသောက်မှာမီး လောက်မကတောက်တဲ့ ဟိုငနဲသား တွေက ဒီအစီအစဉ်ကို လုံးဝ သဘောတူလိမ့်မယ်မှန်းလည်း သိ နေတယ်။

"ဇော်မင်းလတ်ပန်းခြံမှာလိုက် ဆင်းကြကွာ၊ စောထွန်းရောပဲ"

"ဝေ.....ဘာလို့လဲဟ"

"ဒီမှာ ကားပေါ်မှာ ငါ့သူငယ် ချင်း အသိတစ်ယောက်နဲ့ဆုံပြီး တို့ ကို ကျွေးမွေးပြုစုချင်လို့တဲ့"

စကားအဆုံးမှာ ယောကျ်ား လေး လေးယောက်ကို မဝံ့မရဲစိုက် ကြည့်ရင်း၊ မျက်တောင်တဖျပ်ဖျပ် ခတ်ရင်း ရှက်စနိုးဖြစ်နေတဲ့အလန်း စား မာမီချို့ပုံကိုကြည့်ရင်း ရယ်ချင် စိတ်ကို အသာထိန်းလို့.....

"အိမ်း...ကောင်းတဲ့အစီအစဉ် ပေပဲ"

လို့ ခေါင်းညိတ် မီးစိမ်းပြလိုက် ကြတယ်။

* * *

ပန်းခြံကနေ ကျော်လင်းနိုင် ဆိုင်ကိုသွားတဲ့ လမ်းတစ်လျှောက် မှာ ချိုဆိုတဲ့ မာမီချို့ကို စောထွန်း တို့က ဟိုမေးဒီမေးနဲ့ ပိုင်းစရယ်ကြ တာကို ချိုက ခေါင်းလေးတငုံ့ငုံ့နဲ့ ရယ်မောရင်း လိုက်လာတယ်။ ရုတ် တရက် အနားက ကားကြီး ဝူးခနဲ ဖြတ်သွားတော့ ထိတ်လန့်သွားတဲ့ ချိုက အမယ်လေးတရင်း အနားက ရဲကြီးကို တင်းတင်းကြီးဖက်ထား လိုက်လို့ ကျန်သုံးယောက်က.....

"ခုမှ ဟိန်းဝေယံနဲ့ ပိုင်းစုနိုင် သိန်းတွေ့တာပေ့"

လို့ လက်ခုပ်တီးရင်းအော်ကြ တော့ ချိုက ရှက်ပြုံးကလေးပြုံးရင်း မီးရောင်စုံလေးတွေ ဖြာကျနေတဲ့ ထင်းရှူးပင်ရိပ်နားက စားပွဲမှာ နေ ရာယူလိုက်ကြတယ်။ စားစရာတွေ အသီးသီး မှာစားနေရင်းက ဟို အကြောင်းဒီအကြောင်းတွေလျှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြော၊ လျှောက်စနဲ့ သူငယ်ချင်းဟောင်းတွေလိုတောင် ရင်းနှီးလာတယ်။

"အစ်ကိုတို့အားလုံးက G.T.U ကဆိုတော့ အင်ဂျင်နီယာလောင်းတွေပေါ့နော်၊ ချိုကလေ အင်ဂျင်နီယာတွေဆို အရမ်းခိုက်တာ၊ အသေရရ၊ အရှင်ရရပဲ သိလား"

"ဗျာ.....ဗျာ"

"သြော်...ဟိုလေ ပညာတော်တဲ့ဉာဏ်ကို သဘောကျတယ်လို့ ပြောတာပါ၊ အစ်ကိုတို့က ခင်ဖို့လည်းကောင်းတယ်၊ ချစ်ဖို့လည်းကောင်းတယ်၊ ရယ်စရာပြောတတ်လို့၊ ကဲ....စားကြနော်၊ လိုတာထပ်မှာ၊ ချိုက လူတစ်ယောက်ကို ခင်မိပြီဆိုရင် လုံးဝ တစ်ဆုံးပဲ သိလား၊ ဟင်း.....ဟင်း"

ချိုက ဆလင်းဘက်ခ်အိတ်လေးထဲက ပိုက်ဆံကိုထုတ်ရင်း စားသမျှတွေကိုရှင်းတော့ စောထွန်းတို့အုပ်စု အားတောင်နာသွားရတယ်။ အသုပ်လေးပွဲနဲ့ အအေးလေးခွက်မှာလိုက်ပွဲတွေလည်းပါသေးလို့ လေးထောင်ကျော်တောင် ကျသွားလို့လေ။ ပိုက်ဆာနေတုန်းမှာဒကာပေါ်လာအောင် စွမ်းဆောင်နိုင်တဲ့ စွံပလွန်မင်းသားကြီး ရဲမာန်ဟိန်းကိုလည်း 'စွမ်းလှချည်လား ကိုယ့်ဆရာ'လို့ စိတ်ထဲကနေ အမှတ်တွေ စွတ်ပေးနေမိတယ်။ ပီယဆေးလိုအစွမ်းထက်တဲ့ ရဲကြီးရဲ့ မျက်နှာချိုချိုကိုကြည့်ရင်း အရင်က ပြောမှားဆိုမှားရှိတာတွေတောင်းပန်ချင်စိတ်တွေ တလိပ်လိပ်တက်လာတာလည်းအမှန်။

"အစ်ကိုတို့နဲ့ တွေ့ရတာလေ ချို့အတွက် သိပ်ကံကောင်းတာပဲ၊ နောက်လည်းချို့ကို လိုအပ်ရင် ဘာကိစ္စပဲဖြစ်ဖြစ် စော်ဘွားကြီးကုန်းပန်းခြံနားမှာ ရှာလိုက်ပါနော်၊ မာယာချိုချိုဆိုရင် ချိုတို့လောကမှာ လူတိုင်းသိတယ်"

"ကျွန်တော်တို့ကလည်း မာမီချိုချို အဲ.....အဲလေ ချို့ကို ကျေးဇူးအထူးပါဗျာ၊ တကယ်ပါ"

"ဒါဆို ချို့ကိုခွင့်ပြုတော့နော်၊ အစ်ကိုတို့အားလုံး"

မျက်တောင်လေးတဖျပ်ဖျပ်ခတ်ရင်း ဂါဝန်ရှည်ကြီး ဝဲလွင့်သွားအောင်ဖြန်းခနဲခါ ထိုင်ရာကထ တော့တာပြလို့ နီးရာတက္ကစီတစ်စီး ငှားစီးသွားတဲ့ ချို့ကိုကြည့်ရင်း ရဲကြီးတို့လေးယောက်သား ပြုံးဖြီးဖြီးကြီးတွေနဲ့ ကျန်ရစ်တယ်။ တကယ့်ကောင်မလေးသာ ဖြစ်လိုက်ပါတော့ကွာလို့ အားမလိုအားမရ တံတွေးမြိုချတဲ့ ရဲကြီးကို ဝိုင်းနောက်ရင်းက အိမ်ပြန်ဖို့ ခုံတံတားဆီတူရူလျှောက်လာခဲ့ကြတယ်။

* * *

နီယွန်မီးရောင်စုံတွေ ထွန်းညှိထားတဲ့အင်းစိန်ခုံးကျော်တံတားပေါ် လျှောက်လာကြရင်း ချို့ အကြောင်းပြောဆိုရယ်မောနေကုန်း ဇော်လင်းလတ်ဆီ ဖုန်းဝင်လာလို့ ပြောတာကို အမှတ်မထင်နား ထောင်နေခဲ့မိကြတယ်။

"သက်ပိုင်လား၊ အေး...ပြောလေကွာ"

**မနေ့က ငါပိုက်ဆံလိုက်ကောက်တော့**
**ဆက်ရှင်ဘီက မောင်မောင်ထွေးတို့အုပ်စုက**
**သူ နဲ့သူ့ကောင်မလေးနှစ်ယောက်ပေါင်း ကိုးထောင်ရမလား**
**လာဆစ်နေလို့ ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်ရသေးတယ်**

www.burmeseclassic.com

www.burmeseclassic.com



"----"

"အေး ဖိုင်နယ်နေ့က သောကြာဆိုတော့ အဲဒီည ထောက်ကြန့် လမ်းဆုံက ငါ့ဦးလေးအိမ်မှာ စုတည်းမယ်ကွာ၊ အဲဒီကနေ နံနက် ၄ နာရီထွက်မှာ၊ မင်းသိတယ်မဟုတ်လား"

"----"

"ဩော်.....အေး..... ပွဲဖြစ်တယ်၊ ဖြစ်တယ်၊ ဇော်မင်းလတ်စီစဉ်တာပဲကွာ၊ မင်းကလည်း မပိုင်ရင် ခြင်မရိုက်ဘူး၊ အိုကေ ..... အိုကေ၊ စာမေးပွဲလည်း ဆပ်ပလီလွတ်အောင် ဖြေဦးနော်၊ ငကဲတွေ"

ဇော်မင်းလတ်က ဖုန်းပိတ်ရင်းဖြင့်.....

"သက်ပိုင်ဦးတို့ဆက်တာကွ၊ တို့ စာမေးပွဲပြီးရင်သွားမယ့် ကျိုက်ထီးရိုးဘုရားဖူးအစီအစဉ် ဖြစ်၊ မဖြစ် ဆက်တာကွ"

လို့ သတင်းပေးတယ်။

"အေး .....ပွဲကဖြစ်တယ်၊ Light Truck ဆိုတော့ ဆယ့်ငါးယောက်လောက်ရအောင် စုရမယ်ကွ၊ ဒါမှ ကားခစိုက်ရသက်သာမှာ"

အောင်မျိုးသန့်က လိုက်မယ့်သူအရေအတွက်ကို စိတ်ထဲတေးမှတ်ကြည့်နေတုန်း စောထွန်းကဝင်ပြောတယ်။

"ခရီးစရိတ်တစ်ယောက် ငါးထောင်ဆိုတာကတော့ ဘယ်လိုပြောပြော တန်ပါတယ်ကွာ၊ နော"

"အေးလေ၊ မနေ့က ငါပိုက်ဆံလိုက်ကောက်တော့ ဆက်ရှင်ဘီက မောင်မောင်ထွေးတို့အုပ်စုက သူ



နဲ့သူ့ကောင်မလေးနှစ်ယောက်ပေါင်း ကိုးထောင်ရမလား လာဆစ်နေလို့ ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်ရသေးတယ်"

"ဟုတ်ပါ့ကွာ၊ တကယ့်ပေသီးတွေ၊ ဒါနဲ့ ရဲကြီး စုစုပေါင်းလိုက်မှာ ငါတို့အပါအဝင် ဘယ်နှယောက်ရပြီလဲ၊ ကောက်တာရော ပိုက်ဆံဘယ်လောက်ရပြီလဲ"

"အင်း.....အားလုံး...အားလုံး ဆိုရင် ဘီခန်းက သုံးယောက်အပါအဝင် ကိုးယောက်၊ ငါးထောင်ကိုး လီလေးသောင်းငါးထောင်၊ ဟုတ်တယ်၊ လေးသောင်း ငါးထောင်ရပြီးပြီ"

"သေချာလည်းသိမ်း ဦးနော် ဆရာသမား၊ ငွေကိုင်ဆိုတာ တာဝန်တော့ ကြီးတယ်ဟ"

"ပိုင်ပါတယ်ကွာ၊ ရဲကြီးပဲဥစ္စာ၊ ညနေက အထွန်းကတောင် မလိုက်ချင်သလို အင်တင်တင်လုပ်နေလို့ သူ့အမေဆီက ငါးထောင်အတင်း တောင်းပြီး အိတ်ထဲထည့်....."

ရုတ်တရက် ညနေက အထွန်းအိမ်မှာ ကားခ ပိုက်ဆံတွေကောက်၊ ခေါက်ပိုက်ဆံအိတ်ထဲ ထိုးထည့်ပြီး ကျောပိုးအိတ်ထဲ ဇစ်ဆွဲပိတ်ခဲ့တာကို ပြန်အမှတ်ရသွားတဲ့ ရဲကြီး ခေါင်းကို မိုးကြိုးဆယ်စင်း ပစ်ချ ခံရသလို ခံစားမှုမျိုးနဲ့ ကျောမှာ လွယ်ထားတဲ့ အိတ်ကို ဆတ်ခနဲ ဖြုတ်၊ ဖင်တစ်ပြန် ခေါင်းတစ်ပြန် စစ်ဆေးလိုက်တဲ့အချိန်မှာ 'ဟာ'ခနဲ အော်ပစ်လိုက်သံကြီး

ချောက်ချားစရာ ကောင်းလွန်းလို့ ဖော်မင်းလတ်တို့က ဘာလဲဟလို့ မေးတာကိုတောင် မဖြေအားဘူး။ သူ့ကျောပိုးအိတ်ရဲ့ အောက်ခြေနား မှာ ဓားချက်ကြောင့် ဟက်တက် ကြီးကွဲနေတာကို မျက်လုံးကြီး ပြူးပြီး ပါးစပ်ကအဟောင်းသားနဲ့ လက်ညှိုး ထိုးပြနေတယ်။

"ဘာဖြစ်တာလဲ ရဲကြီးရာ၊ ခတ်လိုက်တာ ကျနေတာပဲ"

လို့ ပြူးစူဖို့အတွက် ရှေ့တိုးလာ တဲ့ စောထွန်းတို့သုံးယောက်သားက ဟက်တက်ကွဲရာကြီးကိုကြည့်ပြီး ကြက်သေ သေသွားခဲ့ကြပြီ။

"ဘယ်လိုဖြစ်တာလဲကွာ၊ ဘယ်လိုဖြစ်ရတာလဲ ရဲကြီး"

"ငါ ဉက္ကံကားပေါ်က ဆင်းတဲ့ ထိ အိတ်ကဘာမှမဖြစ်သေးဘူးကွ၊ စော်ဘွားကြီးကုန်းမှာ ကားစောင့် ရင်း တစ်ရှူးထုပ်လေးထုတ်၊ ဇစ်ကို ပြန်ပိတ်တုန်းကလည်း ငါ့ခေါက်ပိုက် ဆံအိတ်လေးရှိသေးတာ လုံးဝသေ ချာတယ်"

အသံတုန်တုန်နဲ့ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေတဲ့ ရဲကြီးက သူ ငယ်ချင်းတွေကို အားကိုးတကြီးနဲ့ ကြည့်နေရှာတယ်။ ခါးပိုက်နှိုက်တို့ ဓားသမားတို့ဆိုတာ ကြားဘူး၊ ဖတ် ဘူးပေမယ့် လက်တွေ့မကြုံဘူး တော့ ရင်ထဲမှာ သိပ်ခံစားသွားရ တယ်။ ခု အိတ်ခွဲသွားတဲ့ တရားခံ ဟာ ဘယ်သူဖြစ်မလဲလို့ ပထမ ခေါင်းပူနေကြပေမယ့် သိပ်မကြာခင် က ပန်းခြံကနေ အအေးဆိုင်ကို လမ်းလျှောက်တုန်းမှာ ချော်လဲသလို လိုနဲ့ ပခုံးကိုလှမ်းကိုင်လိုက်၊ ကား တိုက်မှာကြောက်လို့ လှမ်းဖက်သလို လိုနဲ့ အချိန်တိုအတွင်းမှာ အိတ်ကို ဓားနဲ့ခွဲခဲ့တဲ့ တရားခံအစစ်ကို အား လုံးအားလုံး ခြေရာခံမိသွားပေမယ့် လုံးဝလုံးဝ နောက်ကျခဲ့ပြီ။

"တောက်...မိုက်ရိုင်းလိုက်တဲ့ ခါးပိုက်နှိုက်မ"

"အမမဟုတ်ဘူး ဟေ့ကောင်၊ အထီးကွ.....အထီး"

"ကုန်ပါပြီကွာ၊ ရှိစုမဲ့စုထည့် ထားတဲ့ ခရီးစရိတ်လေး၊ အမေရေ ကယ်ပါဦးဗျ၊ မကြုံဘူး၊ မကြားဘူး ခါးပိုက်နှိုက်ခံရတယ်ဗျ၊ ရှက်လိုက် တာ၊ ရှက်လိုက်တာမှ"

ဖော်မင်းလတ်တို့က ရင်ထဲက ခံစားရသမျှတွေကို အော်ဟစ်ကြေ ကွဲနေပေမယ့် ရဲကြီးကတော့ ငြိမ် သက်နေတယ်။ လက်သီးကို ကျစ် ကျစ်ဆုပ်ထားရင်း နှုတ်ခမ်းကိုပြတ် လုမတတ် ကိုက်ထားသေးတယ်။ ရှက်တာရော၊ခံပြင်းတာရော၊ဒေါသ ရော ပေါင်းစပ်ပြီး ဆောက်တည်ရာ မရစွာနဲ့ တစ်ကိုယ်လုံး တုန်ယင်နေ တယ်။ ချွေးသီးချွေးပေါက်တွေ ရွှဲ နစ်စွာနဲ့ အလေးကန်ဆုံးခြေလှမ်း တွေကို မနည်းအားယူလှမ်းစဉ်မှာ မချိတရိ အော်ဟစ်တဲ့ စောထွန်းရဲ့ ကြေကွဲသံက ကျယ်ကျယ်လောင် လောင်ကြီး ထွက်ပေါ်လာတယ်။

"အမယ်လေး.....ကိုယ့်ပိုက် ဆံနှိုက်ပြီး ကိုယ့်ကိုအအေးပြန်တိုက် သွားတာကို ကျေးဇူးတွေ လွတ်တင် ခဲ့ရသေးတယ်၊ယောက်ျားယောက်ျား ချင်းမှာတောင်လေးယောက်ကို တစ် ယောက်တည်းက ပိပိရိရိ ပညာပြ သွားတာကို ငါရင်အနာဆုံးပဲ ရဲကြီး ရ၊ ခုတော့ ဘာတတ်နိုင်သေးလဲ၊ အသည်းအမှန်မစိမ်းတဲ့ လည်ပင်း ညှစ်ပြီး ချစ်ချင်စရာကောင်းတဲ့ ရဲ မာန်ဟိန်းကြီးရဲ့ အီး...ဟီး...ဟီး"

ငွဲနေရောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မဒီခင်၏ ခြေလှမ်းများသည် ဆွမ်းစားဆောင်ဘက်ဆီသို့ဦးတည်ခဲ့၏။ ဆွမ်းစားဆောင်၌ ဆွမ်းချိုင့်များ လှယ်ယူနေသော ကပ္ပိယကြီးကို မဒီခင် ကူညီပေးလိုက်သည်။

''မချို ပါသလား သမီး''

''ပါပါတယ် ဦးကပ္ပိယ၊ မေမေက သီလယူဖို့ အရင်ဆုံးလာတာလေ၊ မဒီက ဆွမ်းချိုင့်ပြင်ရင်း နောက်ကလိုက်ခဲ့တာ၊ ဒါနဲ့ ကျောင်းရှေ့မှာကားတစ်စီးတွေ့တယ်၊ ဘယ်ကညွှေ့သည်တွေ ရောက်နေတာလဲ ဦးကပ္ပိယ''

မဒီခင်နေထိုင်သော တောမကျ၊ မြို့မကျသော ရွာကြီးတွင် အပ်ကျတာကအစ သိနိုင်သော အနေအထားဆိုလျှင်လည်း မမှားချေ။ ဟုတ်လျှင်ကျော်၍ ပုပ်လျှင်ပေါ်သောရွာဖြစ်၏။ကောင်းသတင်းဖြစ်စေ၊ ဆိုးသတင်းဖြစ်စေ ပျံ့နှံ့ဖို့လည်းလွယ်ကူသည်။ ထို့ကြောင့် သူမ တစ်ခါမှ ဤရွာတွင် မမြင်ဖူးသော ကားဖြူလေးကိုတွေ့သဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ဆွမ်းချိုင့်ထဲမှ ဆွမ်းဟင်းများ ပန်းကန်အတွင်းသို့ လှယ်နေသော ကပ္ပိယကြီး၏လက်များ တန့်သွားသည်။ ပြီးတော့ ဘယ်သူရှိသလဲဟူသော ပုံစံဖြင့် ဟိုဟိုဒီဒီကြည့်ကာ အသံကိုတိုး၍.....

''ဘုန်းကြီးကျောင်းပေါ် ဘယ်သူရောက်နေသလဲ မသိဘူးလား မဒီခင်''

''ဟင့်အင်း မသိဘူး၊ ဘယ်သူပါလိမ့်''

''ထွန်းလင်းအောင်လေ''

''ရှင်.....''

''ဟုတ်တယ်၊ မနက်စောစောကတည်းက ရောက်နေတာလေ၊ ညည်းမသိသေးဘူးလား''

မဒီခင် ခေါင်းယမ်းပြကာလက်သုတ်ပဝါကို စားပွဲပေါ်တင်ခဲ့ပြီး ဘုန်း ကြီးကျောင်းဝင်းအတွင်းသို့ ဆင်း လာခဲ့သည်။ သူက ဘာကိစ္စ ဤ ရွာလေးကို ပြန်လာရသနည်း။ မရှက်တတ်တော့ဘူးလား။ အရာအားလုံးသည် ပြီးလွယ်၊ မေ့လွယ်သော ကိစ္စရပ်များဟု ထင်လေသလား။ ထားပါတော့။ သူတို့ကမေ့လွယ်တယ်ထားဦး။ သူမတို့ကကော မေ့နိုင်ပြီတဲ့လား။

* * *

မဒီခင်အတွက် ယခုဖြစ်ရပ်သည် အင်မတန်မှ အံ့သြစရာကောင်းလေသည်။ မွေးကတည်းက အတူတကွ ဆော့ကစားခဲ့သည့် သူငယ်ချင်း၊ သွားအတူ၊ လာအတူခင်မင်ခဲ့သော သူငယ်ချင်း ထွန်းလင်းအောင်နှင့် မပတ်သက်ရဟု တားမြစ်ပိတ်ပင်လာသော စကားစုကို အံ့သြမိ၏။ ယခုထက်ပို၍ အံ့သြစရာကောင်းသည်က လူကြီးမိဘများ၏ ဆက်ဆံရေးမှာ ယခင်က နှစ်အိမ့်တစ်အိမ် ဝင်ထွက်သွားလာနေရာမှ ယခုဆိုလျှင် အမုန်းကြီးမုန်းနေကြသည်တဲ့။

''ဒေါ်လေး မေမေတို့နဲ့ အထွန်းတို့မိသားစု ဘာဖြစ်ကြတာလဲ၊ မဒီ့ကို ပြောပြပါလား''

မေမေတို့အလစ်ကိုစောင့်ပြီး ဒေါ်လေးကို မေးလိုက်မိသည်။ ဒေါ်လေး၏မျက်နှာသည် သူမ၏မေးခွန်းကြောင့် အထိတ်တလန့်ဖြစ်သွားကာ.....

''တော်ပြီ...တော်ပြီ မဒီခင် ဒီနေရာမှာပဲရပ်၊ ငါ့ကို မမမောင်းနှ အောင်ညည်းလေးမလုပ်နဲ့၊ ကျောင်းပိတ်တုန်း ပြန်လာတာကို အေးဆေးပဲနေ၊ မခေါ်နဲ့လို့ပြောတာ အကြောင်းရှိလို့ဆိုတာပဲ မှတ်ထားစမ်းပါ''

ဒေါ်လေးကဆက်၍မလာချေ

www.burmeseclassic.com

ကိုကြောက်သည့်ဟန်ဖြင့် မဒီအခန်းထဲမှ ထွက်သွားလေသည်။ မဒီခင်သည် ထို'အကြောင်းဆိုတာ'ကိုပဲ သိချင်နေမိသည်။

မနေ့ညက သူမ မန္တလေးတက္ကသိုလ်မှ အိမ်သို့ပြန်ရောက်ခဲ့သည်။ မဒီခင်သည် အပြန်လမ်း၌ ရွာသို့ပြန်ရောက်လျှင် အထွန်းတို့ဆီ သွားလည်မည်ဟု စဉ်းစားထားမိသည်။

သူမကို ကားဂိတ်မှာလာကြိုသူက မေမေဖြစ်နေသည်။ မကြိုစဖူး အကြိုထူးနေသဖြင့် မေမေ့သမီးက ဆယ်တန်းကျောင်းသူ မဟုတ်တော့ဘူးနော်၊ နောက်နှစ်ပြီးရင် ရှေ့နေဖြစ်တော့မှာဟုတောင်စလိုက်မိသေးသည်။ သူမ အထွန်းတို့ဆီ ဝင်ဦးမည်ဟု ဆိုသောအခါ မေမေ့မျက်နှာသည် ဒေါသများဖြင့် နီရဲလာကာ.....

"မဒီ ဘယ်သူ့အိမ်ကို သမီးပြန်လာတာလဲ၊ ကိုယ့်အိမ်ကို ပြန်လာတဲ့အချိန်မှာ အိမ်ကိုပဲ ရောက်အောင်ပြန်၊ ဟိုဝင်၊ ဒီထွက်မလုပ်နဲ့၊ မေမေ မကြိုက်ဘူး"

နူးညံ့သိမ်မွေ့သော မေမေ့ထံမှ ယခုလို လေသံမာမာ စကားသံများကို တစ်ခါမှ မကြားဖူးခဲ့သဖြင့် မဒီခင် ထပ်မံ၍ မပြောရဲတော့ချေ။ ဒီအချိန်ကတည်းက ဘာကြောင့်လဲဟု စဉ်းစားခဲ့သော်လည်း စဉ်းစား၍ မရခဲ့ချေ။ အိမ်သို့ရောက်သောအခါ၌လည်း.....

"တင်တင် မဒီသွားချင်တဲ့နေရာ နင်လိုက်သွားပေးလိုက်၊ မဒီ သမီးဒေါ်လေးမပါဘဲ ဘယ်မှမသွားရဘူးနော်၊ မေမေ ဒါပဲပြောချင်တယ်"

"မေမေ သမီး အထွန်းတို့အိမ်သွားချင်တယ်"

မေမေ့မျက်လုံးများ၏ စကားလုံးများကို သူမ မဖတ်တတ်ပါ။ မေမေ့မျက်လုံးထဲမှာရှိသည့်အရာများက မုန်းတီးနာကြည်းခြင်းများလား။ ဘာလဲ။ သို့သော် မေမေသည် သူမကို ဘာမှမသိစေချင်သည့်ဟန်ဖြင့် သက်ပြင်းချကာ.....

"သူတို့အိမ် သမီး ဘယ်တော့မှ သွားစရာမလိုတော့ဘူး၊ ဒါပဲ၊ နောက်ထပ် ထပ်မမေးနဲ့တော့"

"ရှင်....."

မေမေက သူမရှေ့မှ ထွက်သွားလေသည်။ သူမ အံ့သြလွန်းသဖြင့် မှင်တက်ကာ တော်တော်နှင့် စကားမပြောဖြစ်ချေ။နောက်မှထွက်ပေါ်လာသော စကားများက.....

"ဒေါ်လေး အထွန်းကို သမီးနဲ့ သဘောတူထားတာမဟုတ်လား၊ ဘယ်တော့မှသွားစရာမလိုတော့ဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ"

ဒေါ်လေးလည်း မျက်နှာပျက်သွားသည်။ သို့သော် ဒေါ်လေးသည် ဘာမှမဖြေဘဲ အခန်းထဲမှ ထွက်သွားလေသည်။

* * *

"မဒီရေ....ခင်နွဲ့ရီရောက်နေတယ်"

ပြတင်းပေါက်အနီး၌ မဒီခင်ထိုင်နေသည်မှာ ကြာမြင့်လေပြီ။ ဒီအိမ်မှာရှိသော မေမေ၊ ဒေါ်လေး၊ အပုလေး၊ ဦးကြီးသောင်း ဘယ်သူကမှ သူမ,မေးတာကို မဖြေကြချေ။ ဒါကလည်း မေမေက ဘာမှမပြောရဘူးဟု တားမြစ်ထားခြင်းကြောင့်ဖြစ်မည်။ ရောက်တုန်းရောက်ခိုက် ပျော်ရွှင်စွာမနေနိုင်ဘဲ ပဟေဠိဖြစ်နေသော ပုစ္ဆာကို အဖြေညှိနေစဉ် ဒေါ်လေး၏ စကားသံကြောင့် မဒီ ပျော်ရွှင်သွား၏။ ဒေါ်လေးနှင့်မေမေတို့ မပြောချင်သည့်အကြောင်းအရာကို နွဲ့ရီထံမှ သူမ သိနိုင်သည်။ ထို့ကြောင့်.....

"လာပြီ ဒေါ်လေး"

ဧည့်ခန်းထဲသို့ ရောက်သောအခါ နွဲ့ရီသည် ဒေါ်လေးနှင့်စကားပြောနေသည်။

"နွဲ့ရီ ဒေါ်လေးစိတ်ချမယ်နော်"

မဒီ၏အကြံကို ကြိုတင်သိနေသည့်ဟန်နှင့် ဒေါ်လေးသည် နွဲ့ရီအား ကြိုတင်ပိတ်လိုက်လေသည်။ ပြီးမှ မီးဖိုဆောင်ဘက်သို့ ဝင်သွားလေသည်။ မဒီသည် ဒေါ်လေး ထွက်သွားရာသို့ လှည့်ကြည့်ပြီး ထိုင်ခုံ၌ဝင်ထိုင်ကာ.....

"ငါ နင့်ကို မေးစရာရှိလို့ နွဲ့ရီ"

"ငါလည်း နင့်မေးသမျှ ဖြေ

www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ် မဒီရယ်၊ နင်မြင်တဲ့အတိုင်းပဲလေ၊ နင်တို့အိမ်ကကာယကံရှင်တွေကတောင် မပြောချင်တာ၊ ငါလည်း မပြောပါရစေနဲ့ဟယ်''

''ငါနားမလည်ဘူး၊ ဘာတွေမို့ဘာလို့ ငါ့ကို လျှို့ဝှက်နေရတာလဲ''

''အမှန်ဆို ဒေါ်လေးချိုက နင့်ကိုတောင် ဒီနှစ် ကျောင်းပိတ် ပြန်လာစေချင်တာမဟုတ်ဘူး၊ ဒါပေမဲ့တစ်နှစ်ပတ်လုံး ခွဲခွာနေရတဲ့ သမီးလေးဆိုတော့ မတားရက်ဘူးထင်တယ်''

''ဘယ်လို...ဒီရွာမှာ ဘာတွေဖြစ်နေလို့ ငါ့ကို ပြန်မလာစေချင်တာလဲ၊ အထွန်းဆိုတာ ငါနဲ့စေ့စပ်ထားတဲ့သူ''

''ဒီရွာနဲ့ ဘာမှမဆိုင်ပါဘူး၊ နင်တို့မိသားစုရဲ့ ကိုယ်ရေးကိုယ်တာသက်သက်ပါ၊ ဒီလိုပြဿနာဆိုတာဖုံးကွယ်လို့ရတဲ့ကိစ္စမှ မဟုတ်ဘဲ၊ နင့်အမေကို နားလည်ပေးလိုက်ပါဟာ၊ နင့်အမေက နင့်ကို အရှက်မရစေချင်လို့ မပြောပြတာ၊ နင့်အမေကို အလကားစိတ်မဆိုးပါနဲ့ဟာ''

''အင်းပါ၊ မေမေ့ကို ငါဘာမှမထင်ပါဘူး''

''ဒါပေမဲ့ ဒီအတောအတွင်းမှာပတ်ဝန်းကျင်က စကားသံတွေကိုနင် ဂရုမစိုက်ဖြစ်အောင် ကြိုးစားနော်၊ ဘာပဲဖြစ်ဖြစ် ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်မဟုတ်လား၊ ပြီးတော့လည်း ပြီးသွားမှာပေါ့။

ပိုဆိုးကုန်ပြီ။ နွဲ့ရီ၏စကားသံကြောင့် မဒီရဲ့ သိချင်စိတ်များသည် ပို၍မရိုးမရွဖြစ်လာစေသည်။ ပတ်ဝန်းကျင်နှင့်ချီ၍ အရေးကြီးနေသည့်အကြောင်းတရားတစ်ခုသည် ဘာဖြစ်မည်နည်း။

* * *

''ဒါ လူမဆန်တဲ့ကိစ္စပဲ၊ အဲဒါအမှန်ပဲလား မေမေ''

မဒီ့ရဲ့ အော်သံကျယ်ကျယ်ကြီးကြောင့် မေမေက မျက်နှာပျက်သွားသည်။ ဒေါ်လေးက မဒီ့ကိုတားဖို့အနားကပ်လာသည်။ မဒီ ဒေါ်လေးကို လက်ကာပြလိုက်သည်။ မလာခဲ့နဲ့ဟူသောသဘော။ မဒီ့မျက်နှာသည် မျက်ရည်များ ပေလူးနေခဲ့သည်။ မဒီ ကုလားထိုင်ပေါ်၌ ထိုင်နေသော မေမေ့အနီးသို့ ပြေးသွားကာ မေမေ့လက်နှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး.....

''အဲဒါ မဒီ့ကို ဘာလို့စောစောကတည်းက မပြောတာလဲ မေမေဒီကိစ္စဖြစ်တာ မဒီလည်း သိသင့်ပါတယ်၊ မေမေတစ်ယောက်တည်းကျိတ်လုပ်နေလို့ ပြီးမှာလား''

''ပြီးတာတွေလည်း ပြီးသွားပြီပဲ သမီးရယ်၊ ဘာကြောင့် တစ်ရက်ကနှစ်ရက် အဖြစ်ခံရမှာလဲ''

''မဟုတ်ဘူး၊ အဲဒီအဘိုးကြီးယုတ်မာတာ၊ ဘာလို့ အဲဒီလောက်ယုတ်မာရတာလဲ''

မဒီသည် ပြောရင်းဆိုရင်းဒေါသဖြစ်လာကာကြမ်းပြင်ပေါ်တွင်ခြေဆင်းထိုင်၍ ဝမ်းနည်းတကြီးငိုရှိုက်မိသည်။ မေမေကိုယ်တိုင် မျက်ရည်ကျလျက်သူမရဲ့ပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။ မြို့၌ကျောင်းသွားတက်သော သမီးလေးအရှက်ရမှာစိုးသဖြင့် ဘယ်သူ့ဘယ်သူကိုမှ မပြောဖို့ ပိတ်ပင်ထားခဲ့ခြင်းသည် မရိုးသားမှု တစ်ခုမှမပါပါ။ ပြန်မပြောသင့်လောက်အောင် ရှက်



www.burmeseclassic.com



စရာကောင်းသောဖြစ်ရပ်မှုဖြစ်သည်။

''အရွယ်နဲ့မလိုက်အောင်ယုတ်မာတဲ့လူကြီး''

မဒီခင်၏ ပျစ်ပျစ်နှစ်နှစ် ပြောဆိုသံသည် အံကြိတ်ရင်း ထွက်ပေါ်လာခဲ့၏။

* * *

ဒေါ်ချိုချိုသည် ဆီဖိုးငွေရှင်းလာသဖြင့် ငွေများကို ရေတွက်နေစဉ် ဦးမျိုးခိုင်ရောက်လာသည်။ ဦးမျိုးခိုင်က ထွန်းလင်းအောင်၏ဖခင်ဖြစ်သည်။ လုပ်ငန်းချင်းတူပေမယ့် ရန်သူတော့မဖြစ်ပါ။ ဦးမျိုးခိုင်၏ဇနီးသည် ဒေါ်ချိုချို၏ သူငယ်ချင်းဖြစ်သည်။ ယခုတော့ ဦးမျိုးခိုင်၏ဇနီး ကွယ်လွန်သွားပြီ။ ဒေါ်ချိုချိုရဲ့ခင်ပွန်းကတော့ သမီးလေး ၇ နှစ်အရွယ်က ကွယ်လွန်သွားခြင်းဖြစ်သည်။

အရွယ်ရှိသော်လည်း ဒေါ်ချိုချိုသည် နောက်အိမ်ထောင်မပြုတော့ဘဲ ခင်ပွန်း၏အလုပ်ကို ကိုယ်တိုင်ဦးစီးလျက်ရှိသည်။ ယခုဆို သမီးလေးပင် အသက်နှစ်ဆယ်ကျော်ပြီး ဘွဲ့တောင်ရတော့မည်။ သမီးသည် ထွန်းလင်းအောင်နှင့် ငယ်ပေါင်းသူငယ်ချင်းများဖြစ်သည်။ ထွန်းလင်းအောင်ကတော့ ဆယ်တန်းကျပြီး ကျောင်းဆက်မတက်တော့ဘဲ ဖခင်လုပ်ငန်းတွင် ကူညီနေသည်။ သမီးကတော့ ဆယ်တန်းအောင်၍ တက္ကသိုလ်တက်သည်။ လုပ်ငန်းချင်းလည်းတူ၊ လူရွယ်ချင်းလည်း ရင်းနှီးသည်။ တက္ကသိုလ်ရောက်လျှင် တစ်ရွာသားနှင့် ကြိုက်မည်စိုးသဖြင့် အတွင်းသိအဆင်းသိဖြစ်သော ကိုယ့်ရွာသူ၊ ကိုယ့်ရွာသားဖြစ်သည့် ထွန်းလင်းအောင်နှင့် စေ့စပ်ပေးထားသည်။

''မချိုဘာတွေလုပ်နေတာလဲ''

ပိုက်ဆံများရေတွက်နေစဉ် ဦးမျိုးခိုင်၏အသံကြားသဖြင့် ဒေါ်ချိုချိုက မော့ကြည့်ပြုံးပြကာ.....

''မုံရွာက ဆီဖိုးရှင်းတာ ရေနေတာလေ၊ ထိုင်ဦး ကိုမျိုးခိုင်၊ အပုလေးရေ.....ကော်ဖီလေးဖျော်ပြီး လာပို့ပေးပါဦး''

''ဟာ.....ရပါတယ်''

ဦးမျိုးခိုင်က တားလိုက်သော်လည်း ဒေါ်ချိုချိုက ဘာမှဆက်မပြောတော့ချေ။ ပိုက်ဆံကို ပြီးအောင် ရေတွက်လိုက်သည်။ ပိုက်ဆံရေနေရင်း အနံ့တစ်ခုရလိုက်သည်။ ဦးမျိုးခိုင်သည် နေဝင်မိုးချုပ်လျှင် အရက်ကလေးနည်းနည်းသောက်တတ်ကြောင်း သူ့ဇနီးက ပြောဖူးသည်။ ယခုလည်း ဦးမျိုးခိုင်ထံမှ အရက်နံ့ရခြင်းဖြစ်မည်။

အမှန်ဆိုရပါမူ ဒေါ်ချိုချိုသည် အရက်သမားနှင့် အမျိုးတော်ချင်သူမဟုတ်ပေ။ သို့သော် ထွန်းလင်းအောင်က တော်သည်၊ လိမ္မာသည်၊ နောက် သမီးကလည်း သဘောကျနေသည်ဆိုသောကြောင့် ဘာမှမပြောဖြစ်ချေ။

---

အံ့ဩစရာပဲ။
ဒီအရွယ်ကြီး
အသက်လေးဆယ်ကျော်
ငါးဆယ်နားနီးမှ
ဦးမျိုးခိုင် ဘာတွေစိတ်ကူး
ပေါက်သလဲမသိ။
စိတ်ကူးပေါက်တာမဖြစ်နိုင်။
စိတ်ရူးပေါက်တာပဲဖြစ်ရမည်။
အခုကြည့်စမ်း။
အသက်အရွယ်ကိုမှ
မထောက်၊
ဒေါ်ချိုချိုကို မဟားတရား
ကြံနေသည်တဲ့။

---

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချိုချိုက ပိုက်ဆံထုပ်ကိုယူပြီး အပေါ်ထပ်သို့တက်ကာ အခန်းထဲတွင် ထည့်ခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းလာသည်အထိ ဦးမျိုးခိုင်အား လက်ဖက်ရည် လာမချသေးသဖြင့် မီးဖိုဆောင်ဘက်သို့ဝင်ကြည့်တော့ အပုလေးနှင့် တင်တင်ကို မတွေ့ရချေ။ ကိုယ့်ဘာသာပဲဖျော်ပြီးယူခဲ့လိုက်တော့သည်။

''သောက်ဦး ကိုမျိုးခိုင်ရေ၊ ညီမက ဘယ်သွားလဲမသိဘူး၊ အားနာလိုက်တာ''

''ရပါတယ် မချိုရယ်၊ သူစိမ်းတွေမှမဟုတ်ဘဲ''

သူစိမ်းတွေမှမဟုတ်ဘဲတဲ့။ ဘာသဘောနဲ့ ပြောလိုက်ပါလိမ့်။ ဒေါ်ချိုချို ဦးမျိုးခိုင်ကို အကဲခတ်ကြည့်မိတော့ ဘာမှထူးထူးခြားခြား မရှိချေ။

''လာတဲ့ကိစ္စက.....''

''ဩော်.....နောက်တစ်ပတ် မဒီပြန်လာတော့မယ်လို့ကြားလို့''

''ဟုတ်တယ်၊ သမီးလေးပြန်လာတော့မှာလေ၊ နောက်နှစ်ဆိုရင်တော့ ကျောင်းပြီးတော့မှာပါ၊ ကျွန်မလည်း သမီးလေးကို ကျောင်းမြန်မြန်ပြီးစေချင်ပြီရှင့်၊ သားအမိ နှစ်ယောက်တည်းရှိတာ၊ တစ်ယောက်တစ်နေရာနဲ့လေ''

သားရေးသမီးရေးကိစ္စများကို ပြောဖြစ်ကြသည်။ ဦးမျိုးခိုင်က သမီးလေးကျောင်းပြီးလျှင် သူ့သားနှင့် လက်ထပ်ပေးတော့မည်တဲ့။ ဒေါ်ချိုချိုကတော့သိပ်လက်မခံချင်ပေ။ ဒီနေ့ချိန်ထိ ကျောင်းတက်၍မပြီးသေးသော သမီးလေးမှာ ဒေါ်ချိုချိုနှင့် တစ်နှစ်ပြည့်အောင် မနေခဲ့ရချေ။ ကျောင်းပြီးပြီး သုံးနှစ်တန်သည်၊ လေးနှစ်တန်သည် သမီးလေးနှင့် အတူနေပြီးမှသာ လက်ထပ်ပေးချင်သည်။

''အင်းလေ၊ မချိုက မိန်းမသားကို၊ မိန်းမသားအတွေး တွေးမှာပေါ့လေ၊ကျွန်တော်ကတော့ ကျွန်တော့်အတွေးနဲ့ ကျွန်တော်ကိုး''

သာရေး၊ နာရေး အနည်းငယ်ပြောပြီး ဦးမျိုးခိုင်က ဒေါ်ချိုချိုကို နှုတ်ဆက်ပြီး ပြန်သွားသည်။ ဒေါ်ချိုချိုက အိပ်ခန်းထဲတွင် ပိုက်ဆံထုပ်ကို ဒီတိုင်းထားခဲ့တာ သတိရသဖြင့် အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ ဗီရိုပုလေးကိုဖွင့်ပြီး အိပ်ရာပေါ်တွင် တင်ထားသော ပိုက်ဆံထုပ်ကိုထည့်ပြီး သော့ခတ်လိုက်သည်။ မတ်တတ်ထရပ်လိုက်စဉ် နောက်ဘက်ဆီမှာ အသံတစ်ခုကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သောအခါ.....

''ဟင်.....ကို.....ကိုမျိုးခိုင်၊ ရှင်အပေါ်ကို ဘာဖြစ်လို့ တက်လာတာလဲ၊ ပြောစရာရှိရင် အောက်ထပ်သွားပါ၊ ကျွန်မ လိုက်ခဲ့မယ်''

ဒေါ်ချိုချိုသည် ထိတ်လန့်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ ရင်းနှီးခဲ့တာကြာပြီ။ တစ်ခါမှ ဤသို့ ပိုင်စိုးပိုင်နင်း သူများအိမ် ဝင်လိုဝင်၊ ထွက်လိုထွက် မကြုံဖူးသဖြင့်လည်း ဒေါသဖြစ်သွားရသည်။ ညှော်သည်က ညှော်သည်လိုမနေလျှင် မကြိုက်ပါ။

"ရှင် ပြောနေတာ မကြားဘူးလား၊ သွားလေ"

ဦးမျိုးခိုင်က ဒေါ်ချိုချို၏စကားကို နားမထောင်ဘဲ ရှေ့တိုးလာသဖြင့် ထိတ်လန့်သွားသည်။

"ရှင်.....ရှင် လွှတ်စမ်း၊ ရှင်ကိုယ့်ဂုဏ်သိက္ခာကို ထောက်စမ်းပါ၊ ကျွန်မသမီးရဲ့ ယောက္ခမလောင်းအနေနဲ့ စကားလက်ခံပြောတာ၊ ဘာ သဘောနဲ့မှမဟုတ်ဘူး"

အံ့ဩစရာပဲ။ ဒီအရွယ်ကြီးအသက် လေးဆယ်ကျော် ငါးဆယ်နားနီးမှ ဦးမျိုးခိုင် ဘာတွေစိတ်ကူးပေါက်သလဲမသိ။စိတ်ကူးပေါက်တာ မဖြစ်နိုင်။ စိတ်ရူးပေါက်တာပဲဖြစ်ရမည်။ အခုကြည့်စမ်း။ အသက်အရွယ်ကိုမှမထောက် ဒေါ်ချိုချိုကို မဟားတရား ကြံနေသည်တဲ့။

ယောကျ်ားဆိုသည်မှာ ဖွဲတစ်ဆုပ်နိုင်သေးရင်တောင် တဏှာစိတ်မကုန်ဘူးဆိုတဲ့စကားက မှန်သကဲ့သို့ မိန်းမဆိုသည်မှာလည်း မွေးဖွားရာကစလို့ သေဆုံးခါနီးအထိ လုံခြုံမှုမရှိဘူးဆိုသည့်စကားကလည်း မှန်လေသည်။ ဒေါ်ချိုချို၏ အော်ဟစ်အကူအညီတောင်းသံကြောင့် အိမ်အောက်ထပ်တွင် ရောက်နေသည့် အလုပ်သမားများ အပေါ်ထပ်သို့ ပြေးတက်လာကြသည်။

ကံကောင်းထောက်မစွာဖြင့် ဒေါ်ချိုချို ဘာမှမဖြစ်ပါ။ ဒေါသတကြီး ထိုးကြိတ်ကြသည့် ရွာသားများ၏လက်ထဲတွင် ဦးမျိုးခိုင်သည် မသေရုံတမယ်။ သို့ပေမယ့် တစ်ခုပြောစရာရှိသည်။ ဒီအရွယ်ကြီးရောက်မှ ဒါမျိုးဖြစ်ရသည်ဆိုတာကတော့ သိလွယ်၊ သိမြန်သော ရွာအတွင်းတွင်တော့ ဟိုးလေးတကျော်ဖြစ်သွားသည်။

* * *

"ဒါ ဒီလိုနေလို့ မရဘူး မေမေ၊ အဲဒီလို ပြီးပြီးရောနေလိုက်ရင် သူတို့အတွက် အခွင့်အရေးပေးသလိုပဲ၊ မရဘူး၊ အဲဒီအဘိုးကြီးကို ထောင်ကျအောင် တရားစွဲမယ်၊ မကျေနပ်ဘူး"

မဒီခင်က လက်သီးကို ကျစ်နေအောင်ဆုပ်ပြီး ပြောလိုက်သောအခါ ဒေါ်ချိုချိုသည် ခေါင်းအတင်းယမ်းကာ.....

"ဘယ်လိုလုပ်ဖြစ်မှာလဲ သမီးရယ်၊ တစ်ရက်က နှစ်ရက်ဖြစ်အောင် မလုပ်ချင်ပါနဲ့၊ ဒီလိုအမှုဆိုတာကလည်း ရုံးရောက်၊ ဂါတ်ရောက် ဖြစ်လို့ကောင်းတဲ့ အမှုလည်းမဟုတ်ဘူး"

ဒေါ်ချိုချိုကတော့ သူ့ရဲ့လူကြီးအတွေးနဲ့ဖြစ်ပေမယ့် မဒီခင်ကတော့ မရချေ။ ဦးမျိုးခိုင်ကို တရားစွဲဖို့ တပြင်ပြင်ဖြစ်နေသောအခါ ကျေးရွာအုပ်ချုပ်ရေးမှူးသာမက ရွာဦးကျောင်းဆရာတော်ပါ မနေသာတော့ချေ။ ထွန်းလင်းအောင်ကလည်း မဒီခင်ကို တတွတ်တွတ်တောင်းပန်သည်။ သူလည်း သူ့အဖေရဲ့လုပ်ရပ်အတွက် တော်တော်အရှက်ရသွားပေမည်။

"ငါက ဘာလို့ကျေအေးပေးရမှာလဲ၊ နင့်အမေက ငါ့အဖေက အဲဒီလိုလုပ်တယ်ဆိုရင် နင်ကအရင်တုတ်ထမ်း၊ ဓားထမ်းဖြစ်မှာ၊ ငါကတော့ နင်တို့သားအဖကို သတ်ချင်လောက်အောင်ဖြစ်ပေမယ့် မသတ်ပါဘူး၊ တရားဥပဒေနဲ့ပဲရှင်းမှာပါ"

ထွန်းလင်းအောင် တောင်းပန်လို့မရသည့်အဆုံး ကျေးရွာလူကြီးနှင့် ဆရာတော်ထံ ပြေး၍အပူကပ်ရတော့သည်။ မဒီခင်ဆိုတာ ဥပဒေအကြောင်း နားလည်နေသည့် ရှေ့နေအလောင်းအလျာပဲ။ ဒီပုဒ်မသည် ထောင်ဘယ်လောက်ထိကျသွားနိုင်သလဲဆိုတာ သိတာပေါ့။

"ဒကာမလေး စိတ်ကိုလျှော့လိုက်ပါလို့ ဘုန်းဘုန်း မေတ္တာရပ်ခံချင်တယ်ကွဲ့၊ တစ်ခုခုဖြစ်ရင် ကိုယ့်ရွာသူရွာသားအချင်းချင်း မျက်နှာပျက်စရာတွေပဲကွဲ့"

ရွာ၌ ဩဇာအာဏာရှိသော ဆရာတော်ကြီးမို့ စောဒကမတက်ရဲ သော်လည်း လက်အုပ်ချီ ခေါင်းငုံ့၍.....

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒီအတိုင်းပြီးသွားဖို့ ဆိုရင်တပည့်တော်မတို့သားအမိ ဒီရွာမှာ ဘယ်လိုမျက်နှာနဲ့ နေရမလဲ ဘုရား၊ အရှင်ဘုရားဘက်မှာ သင့်တော်တဲ့အကြံရှိတယ်ဆိုရင် တပည့်တော်မ ထပ်ပြီးမလုပ်တော့ပါဘူး ဘုရား"

ဤတွင် ဆရာတော်၏ ဖြေရှင်းပေးမှုဖြင့် ပြဿနာက ငြိမ်းအေးသွားသည်။ ဆရာတော် ဖြေရှင်းပုံက ဦးမျိုးခိုင်တို့သားအဖ ဒီရွာက ထွက်သွားဖို့ပဲဖြစ်သည်။ ရွာလူကြီးကိုယ်တိုင်ကလည်းတောင်းဆိုသဖြင့် ဦးမျိုးခိုင်တို့ ရွာမှထွက်သွားခြင်းဖြင့် ပြဿနာက ပြီးဆုံးသွားလေသည်။ ဤသို့ဖြစ်ရခြင်းသည် မိမိစိတ်ကို မထိန်းချုပ်ခဲ့သော ဦးမျိုးခိုင်၏ လုပ်ရပ်ကြောင့်ပင်ဖြစ်သည်။

* * *

"ဟူး....."

သက်ပြင်းကို ဟူးခနဲမှုတ်ထုတ်လိုက်ခြင်းဖြင့် သူမရဲ့စိတ်ကို ဖြေလျော့လိုက်သည်။ ဦးမျိုးခိုင်တော့ ကွယ်လွန်သွားပြီတဲ့။ ထွန်းလင်းအောင်ကလည်း သူ့အဖေမရှိတော့သဖြင့် ဤရွာသို့ခြေချရဲခြင်းဖြစ်မည်။ ထွန်းလင်းအောင်ကတော့ အိမ်ထောင်မကျသေးဘူးဟု ကြားရ၏။

အသက်အရွယ်ရလာသောအခါ ကိုယ့်ရဲ့စိတ်ကို ထိန်းချုပ်တတ်လာသည်။ သူမ စိတ်လိုက်မာန်ပါ ပြုလုပ်ခဲ့သဖြင့် ဦးမျိုးခိုင်တို့ ဤရွာမှ ထွက်သွားရခြင်းဖြစ်သည်။ ယခုတော့ ကိစ္စတစ်ခုကိုခေါင်းအေးအေးထား၍ မည်သို့ဖြေရှင်းသင့်ကြောင်းကိုလည်း သူမရဲ့အတွေ့အကြုံနှင့် ဆုံးဖြတ်တတ်ခဲ့လေပြီ။

ရှင်လွန်းမယ်

"ငါက ဘာလို့ ကျေအေးပေးရမှာလဲ၊ နင့်အမေကို ငါ့အဖေက အဲဒီလိုလုပ်တယ်ဆိုရင် နင်ကအရင် တုတ်ထမ်း၊ ဓားထမ်းဖြစ်မှာ၊ ငါကတော့ နင်တို့သားအဖကို သတ်ချင်လောက်အောင် ဖြစ်ပေမယ့် မသတ်ပါဘူး၊ တရားဥပဒေနဲ့ပဲ ရှင်းမှာပါ။"



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

မင်္ဂလာတောင်ညွန့်ရဲစခန်း (ယခု မင်္ဂလာတောင်ညွန့် မြို့မရဲစခန်း) မှာ တစ်ပတ်တစ်ခါ ကျွန်တော် တာဝန်မှူးကျပါတယ်။ အဲဒီနေ့ဆိုရင် ဘုရားတနေရတယ်။ ကံကောင်းတဲ့နေ့ဖြစ်ရင် အေးအေးဆေးဆေးပါပဲ။ အချုပ်ခန်းထဲမှာ ရမန်မရှိဘဲ ချုပ်ထားတဲ့ တရားခံရှိ/မရှိ ရှင်းပြီးရင် ပြီးတာပဲ။ ရဲစခန်းအချုပ်ကတရားရုံးထုတ် အချုပ်ခန်းကိုပြောင်းတဲ့တရားခံများကို အထစ်အငေါ့မရှိအောင် တာဝန်မှူးအနေနဲ့ ကြည့်ပေးလိုက်တယ်။

နေ့ခင်းအားရင် တရားရုံးကို သွားတယ်။ ရုံးထုတ်ကားက တရားခံချတာကို ကြည့်ပေးပါတယ်။ ရုံးမှာ သက်သေခံရှိရင် တစ်ခါတည်းဝင်ခဲ့တယ်။ ညနေပိုင်းဆိုရင် သာကေတတံတားထိပ် ရဲကင်းကို သွားစစ်တယ်။ ညနေ ထမင်းစားပြီးချိန် ကရဝိက် ကုံ့ကော်မြိုင်ရဲကင်း ခဏသွားထိုင်တယ်။

ကျွန်တော် တာဝန်မှူးကျတဲ့နေ့မှာ အစဉ်သဖြင့်တော့ ကံမကောင်းပါဘူး။ တစ်နေကုန် ပြဿနာတွေ ရှင်းနေရတဲ့အခါလည်းရှိပါတယ်။ ၁၉၈၄ ခုနှစ်က ဝမ်းနိုင်းနိုင်း မပေါ်သေးဘူး။ ဒါပေမဲ့ တယ်လီဖုန်း တဂွမ်ဂွမ်လာတတ်တယ်။

ရန်ဖြစ်တဲ့ကိစ္စတွေ၊ လမ်းပေါ်မှာ ဘောလုံးကန်တဲ့ကိစ္စတွေ၊ ဈေးနားမှာ သုံးချပ်မှောက်၊ ကြိုးလိမ်လုပ်နေတယ်ဆိုတဲ့သတင်းတွေ စုံနေတာပဲ။ လမ်းဘေးမှာ မူးလဲနေပါတယ်ဆိုတာ အဆိုးဆုံးပဲ။

တယ်လီဖုန်းလာရင်ကျွန်တော် ငြိမ်မနေရဲဘူး။ မသွားချင်ပေမယ့် ကားသမားခေါ်ပြီး သွားလိုက်တယ်။ တစ်ပွဲထိုးဖြေရှင်းလို့ရတာ ဖြေရှင်းခဲ့တယ်။ ကြီးတဲ့အမှု သေးအောင် လုပ်ရတာ ကျွန်တော်တို့ စိတ်အပါဆုံးပဲ။ အကုန်ရှင်းတယ်။ မရမှ ရဲစခန်းပို့တယ်။

တစ်နေ့မှာ ဒိုဘီလိုင်း၊ ကားရေဆေးတဲ့နားမှာ လူတစ်ယောက်လဲနေတယ်လို့ပြောလို့ ကျွန်တော်သွားတယ်။ ဟိုရောက်တော့ အဲဒီလူ သေနေပြီ။ ခေါင်းဆင်နင်းတာပဲဗျာ။

လူသေတွေ့ရင် အလောင်းကို ရင်ခွဲတိုက်ပို့ရတဲ့အလုပ်က မလွယ်ဘူး။ သယ်ဖို့ကားငှားရင် ဘယ်ကားမှမလိုက်ဘူး။ ဟိန္ဒူ၊ မွတ်ဆလင် ကုသိုလ်ဖြစ် နိဗ္ဗာန်ယာဉ်ကို ရန်ပုံငွေထည့်ပြီး အကူအညီတောင်းရတယ်။ သူတို့ဘာသာဝင်တွေကို ကျွန်တော်ချီးကျူးပါတယ်။

ဘာသာခြား ကုသိုလ်ဖြစ်အဖွဲ့တွေရဲ့ လုပ်ငန်းတွေဟာ အချိန်ကာလ စောစောကတည်းက လုပ်ဆောင်နေကြတာ ကျွန်တော် လေ့လာမိပါတယ်။ အကူအညီရလို့ကျေးဇူးတင်တာပါ။ ဒါပေမဲ့ ကန်တော်ကြီး၊ တင့်ကားကုန်းနားက ဘာသာရေးအဖွဲ့မှာ တာဝန်ခံတစ်ယောက်က ဗမာစကားမပြောတတ်ဘူး။

ကျွန်တော် လူသေအလောင်းသယ်ဖို့ ကားတောင်းတော့ အဲဒီပုဂ္ဂိုလ်က ကောင်းကောင်းမွန်မွန် အကူအညီပေးပါတယ်။ ဖောင်တိန်ကိုဖွင့်ပြီး မေးပါတယ်။

“နာမည်ဘယ်လိုခေါ်ပါသလဲ”

“တိုးမြင့်ပါ”

“အသက်ဘယ်လောက်မှန်းလဲ”

“ဗျာ.....၃၇ နှစ်တိတိ”

ချက်ချင်းရေးပြီး ကားသုံးခွင့်လက်မှတ်ထုတ်ပေးပါတယ်။ အဲဒီစာရွက်ထဲမှာသေသူအမည်မှာ ကျွန်တော့်နာမည် ရေးပေးလိုက်တာတွေ့ရတယ်။ သောက်ကျိုးနည်းတာပဲ။ ကျွန်တော် လန့်သွားတယ်။ ရှက်သွားတယ်။ ဘာမှ ကျွန်တော် ပြန်အပြင်မခိုင်းတော့ပါဘူး။ ငါ ကိန်းကျေသွားတာပေါ့လို့ ကိုယ့်ဘာသာကိုယ် ပြောလိုက်ရတယ်။

အဲဒီလို ကားမရနိုင်တဲ့အခါမျိုး

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြုံဘူးတယ်။ ရရာကားကို ခြောက်တစ်လှည့်၊ မြောက်တစ်လှည့် လုပ်ရတယ်။ တာဝန်မှူးတစ်ယောက်တည်း လူသေအလောင်း သယ်တာ မလုပ်နိုင်ဘူး။

ရဲစခန်းက ဒုတပ်ကြပ် ကျားလှထွန်းတို့၊ ရဲတပ်ကြပ် လှအောင်တို့ကို ခေါ်ရတာချည်းပဲ။ မတတ်သာတဲ့အဆုံး ရဲကားကို သုံးရတယ်။ ရဲကားကိုတော့ ကိုယ်အမြဲစီးနေတာမို့ မသုံးချင်ဘူးလေ။ ဦးပန်ချာရဲ့ နိဗ္ဗာန်ယာဉ်ကျတော့ ဈေးကြီးတယ်။ တကယ့်အသုဘနဲ့ တိုက်နေတာချည်းပဲ။ တာဝန်မှူးက လူသေရင် အိတ်ကစိုက်ရတယ်။ ဈေးဦးမပေါက်သေးတဲ့နေ့ဆို သွားရော။

ဒီနေ့တော့ ရာသီဥတု တစ်နေ့လုံးကောင်းနေပါတယ်။ နေ့ခင်းပိုင်းမှာ ဖဲဝိုင်းတို့၊ လေးကောင်ဂျင်ဝိုင်းတို့ ဘာမှဖုန်းမဆက်ဘူး။ ကြက်ဝိုင်းလည်း မလာဘူး။ ရဲစခန်းရုံးထဲက ဘုရားစင်မှာ နံနက်စောစော ပန်းအဖြူတင်ထားတယ်။ အနီရောင်ကိုတော့ ဘယ်တော့မှ မတင်ရပါဘူး။ အနီရောင်တင်ရင် သွေးထွက်သံယိုအမှုတက်တယ်ဆိုပဲ။

ညနေရောက်မှ ကပ်ဖြုတ်တယ်။

"တာဝန်မှူး လူသတ်မှုဖြစ်လို့တဲ့"

နယ်ထိန်း ရဲတပ်ကြပ် တင်ထွေးက လာပြောပါတယ်။ ပုဇွန်တောင်ဘူတာအရှေ့ဘက် မီးရထားလိုင်း မြောက်ဘက်ထိပ်မှာလို့ ပြောသွားပါတယ်။ နယ်ထိန်းအဖွဲ့က အရင်သွားနေကြပြီ။

ကျွန်တော် ဂျီဒီပြုပြီး လိုက်သွားတယ်။ စခန်းမှူး ရဲအုပ် (ယခုစခန်းမှူးမှာ ဒုရဲမှူးအဆင့်ဖြစ်ပါသည်) ကျော်မြတ်သူ အပြင်သွားနေလို့သတင်းမပို့နိုင်သေးဘူး။ အကူစာရေးရဲတပ်ကြပ်တင်ဝင်းကိုတော့ ဖုန်းနဲ့ဆက်ပြောဖို့ မှာခဲ့ပါတယ်။

ကျောင်းလမ်းအတိုင်းသွားပြီး ပုဇွန်တောင်ဘူတာ ခုံးကျော်တံတားပေါ်တက်လိုက်တာနဲ့ လူတွေအုံကြည့်နေတာတွေ့ရပါတယ်။ အစွန်ဆုံး မီးရထားလိုင်းခန့်ရှေ့ရောက်အောင် ဘူတာထဲက ဖြတ်လိုက်တယ်။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန်းထွန်းတို့အဖွဲ့ ရောက်နေပါပြီ။ သေသူဟာ လူငယ်လေးဖြစ်ပါတယ်။ နေအိမ်လိုင်းဘက် ခြေပြုပြီး သံလမ်းဘက် ခေါင်းပေးလဲနေတာ တွေ့ရတယ်။

ဒဏ်ရာကို မနည်းကြည့်ရတယ်။ ရင်ဘတ်မှာ အပေါက် သေးသေးလေး။ သွေးလည်းစို့ရုံပဲထွက်တယ်။ အနီးရှိသူများကို ရန်ဖြစ်တာလားလို့ မေးကြည့်တော့ ကောင်လေးတစ်ဦး ဓားနဲ့ထိုးတယ်အော်ပြီး ပြေးလာတယ်။ ဒီနားရောက်တော့ ပက်လက်လန်လဲကျပြီးသေသွားတာလို့ပြောကြတယ်။

ဒီကလေးဒီရပ်ကွက်ကမဟုတ်ကြောင်း၊ ခိုက်ရန်ဖြစ်ပွားသံလည်း မကြားမိကြောင်း၊ သံလမ်းကျော် ခုံးတံတားဘက်က ပြေးလာတာဖြစ်ကြောင်း ပြောပါတယ်။



ကျွန်တော် ပေကြိုးတိုင်းခြင်း မြေပုံကြမ်းရေးဆွဲခြင်းစတဲ့ ရဲလုပ်

www.burmeseclassic.com

www.burmeseclassic.com


ငန်းကို နယ်ထိန်းအဖွဲ့နဲ့အတူလုပ်ဆောင်ကြပါတယ်။ ရဲတပ်ကြပ်တင်ထွေးက သေသူ့ပါးစပ်ကို မရွံ့မရှာနမ်းကြည့်နေတယ်။ အရက်နံ့ရတယ်လို့ ကျွန်တော့်ကို လှမ်းပြောပါတယ်။ ကွမ်းစားထားသေးတယ်လို့လည်း ပြောပါတယ်။

သေသူအလောင်းကို ရန်ကုန်ဆေးရုံကြီး ရင်ခွဲစစ်ဆေးဖို့ပို့ဆောင်ရာမှာလည်း နယ်ထိန်းအဖွဲ့က ကူညီပါတယ်။ ရန်ကုန်တိုင်း နေပြည်တော်ရဲ(ယခု ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)ခေတ်ဦးပိုင်းအချိန်ညီညွတ်တဲ့ နယ်ထိန်းအဖွဲ့ကို မင်္ဂလာတောင်ညွန့်ရဲစခန်း (ယခု မင်္ဂလာတောင်ညွန့် မြို့မရဲစခန်း)မှာ တွေ့ရပါတယ်။

* * *

စခန်းမှူးက လူသတ်မှုကိုကျွန်တော့်ကိုချပေးပါတယ်။ အမှုကြီးဆိုတော့ စခန်းမှူးက တာဝန်ခံပြီး ကျွန်တော်တို့အမှုစစ်တွေက စစ်ပေးရပါတယ်။ အဲဒီတုန်းက ခရိုင်ရုံးဆိုတာ မပေါ်သေးဘူး။ အမှတ်(၄) ဒုတိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ပုဇွန်တောင် (ယခင်ကာလမှ အခေါ်အဝေါ်များဖြစ်ပါသည်)က ကွပ်ကဲပါတယ်။

ကျွန်တော်ကိုင်တဲ့ လူသတ်မှုကို ဒုတိုင်း(၄)ကိုရော၊ ရန်ကုန်တိုင်းကွပ်ကဲ(ယခု ရန်ကုန်တိုင်းဒေသကြီး)ကိုရော ချက်ချင်းသတင်းပို့ရတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကိုလည်း စာနဲ့သတင်းပို့ရတယ်။ မှုခင်းအစီရင်ခံ

> **အနီးရှိသူများကို**
> **ရန်ဖြစ်တာလားလို့မေးကြည့်တော့**
> **ကောင်လေးတစ်ဦး**
> **မားနဲ့ထိုးတယ်အော်ပြီး**
> **ပြေးလာတယ်။**
> **ဒီနားရောက်တော့**
> **ပက်လက်လန်လဲကျပြီး**
> **သေသွားတာလို့**
> **ပြောကြတယ်။**

စာအပြင် အမှုကြီးဖြစ်ပွားကြောင်းကိုပါ ပို့ရပါတယ်။ ကျွန်တော်တို့တာဝန်မှူးတွေ ညမှာဖြစ်တဲ့ကိစ္စကို မိုးမလင်းမီ ကွပ်ကဲကိုအရောက်မှုခင်းစာရင်းပို့ရပါတယ်။

ကျွန်တော်တို့စခန်းက အမှုကများတယ်။ အမှုစာရင်း မပို့ရတဲ့ရက်တစ်ရက်မှမရှိပါဘူး။ အမှုစစ်တစ်ယောက် ရတဲ့အမှုတွေလည်း နည်းနည်းနောနောမဟုတ်ပါဘူး။ ထောင့်စေ့အောင် တော်တော့်ကိုလုပ်ရတာပါ။

အခုရတဲ့အမှုကတော့ ပစ်ထားလို့မရဘူး။ အမှုကြီးလည်းဖြစ်တယ်၊ တရားခံကမရှိ၊ သေသူ မည်သူမည်ဝါ ဖြစ်သည်လည်းမသိ။ အမှုမပေါ်ရင် ရဲနာမည်ပျက်မှာ သေချာတယ်။

ကျွန်တော်စစ်တဲ့အမှုကို ကျွန်တော် ပေါ်အောင်စစ်ရမှာပါ။ သေတဲ့ကောင်လေးကို မျက်စိထဲက မထွက်ဘူး။ အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ မျက်ခုံးကောင်းကောင်းနဲ့ လူချောလေးတစ်ယောက်ပါ။ ဘယ်ဘက်ပါးစောင်မှာ မှဲ့နီလေးတစ်လုံးပါပါတယ်။

ဘယ်ကမှ လာမမေးသေးဘူး။ သေသွားတာ အိမ်က မသိလောက်သေးဘူး။ အိမ်ပြန်မရောက်လို့ စိတ်ပူနေမှာတော့ အမှန်ပဲ။ ကျွန်တော်မိသားစုချင်း ကိုယ်ချင်းစာမိပါတယ်။ တရားခံ မသိတာကိုလည်း သိအောင် လုပ်ရမှာပဲ။

သေတဲ့ကောင်လေးဆီမှာ သက်သေခံအထောက်အထား မှတ်ပုံတင်ကတ်ပဲဖြစ်ဖြစ်၊ ကျောင်းသားကတ်ပြားလေးဖြစ်ဖြစ် ပါမလာဘူး။ နီးစပ်ရာစခန်းတွေ ကျွန်တော်မေးကြည့်ပါတယ်။ ပုံသဏ္ဌာန်၊ အရွယ်၊ ထင်ရှားတဲ့အမှတ်အသားစတာတွေ ဖော်ပြပြီးရန်ကုန်တိုင်း(ယခု ရန်ကုန်တိုင်းဒေသကြီး)အတွင်း (၃၇)မြို့နယ်ကို ဖြန့်ဝေလိုက်ပါတယ်။ နယ်ထိန်းကရိုက်ထားတဲ့ ဓာတ်ပုံကို မိတ္တူတွေကူးပြီး အသုံးပြုပါတယ်။ သူဝတ်ထားတဲ့ ဂျင်းဘောင်းဘီ အပြာရင့်၊ ရှပ်အကျီအကွက်ကျဲ၊ လက်တို။ ဒါ အနီးဆုံးသက်သေအထောက်အထားပါပဲ။

အချင်းဖြစ်နေရာကို အမှုစစ်အကူ ရဲတပ်ကြပ်ကြီး ကြည်သိန်းနဲ့ ကျွန်တော် အကြိမ်ကြိမ်ထပ်သွားခဲ့ပါတယ်။

လူသေအလောင်းတွေ့တဲ့နေ

www.burmeseclassic.com

www.burmeseclassic.com


ရာရောက်ပေမယ့် ဘာမှပိုထူးလာတာ မတွေ့ရဘူး။ အဲဒီ မီးရထားအစွန်လိုင်း နှစ်လိုင်းစုပြီး ဘုန်းကြီးဆွမ်းကပ်၊ ပရိတ်ရွတ်တာ သိရတယ်။ ဗမာလူမျိုးတွေ ထုံးစံတစ်ခုပေါ့။

အဲဒီနားမှာ ဘူတာရုံက ပြဿနာတွေ၊ အပေါ်ကားလမ်းက ပြဿနာတွေ၊ မီးရထားလမ်းပေါ်က ပြဿနာတွေရောက်လာတတ်တယ်ဆိုတာတော့ ကျွန်တော်တို့ သိပြီးသားပါ။ ကျွန်တော်တို့ အမှုစစ်နှစ်ယောက် သံလမ်းဘေး လျှောက်သွားကြတယ်။ အောက်ကသွားနေတာပေါ့။ အပေါ်မှာ တောင်လုံးပြန်ဘက်ဆင်းသွားတဲ့ ကားလမ်းရှိပါတယ်။

"ဒီမှာ ဂျပန်ဖိနပ်တစ်ဖက် ဆရာတို့"

ကိုကြည်သိန်းက ပြပါတယ်။ အနီရောင် အဟောင်းပါ။ ယာဘက်ပါ။ ကျွန်တော်က မဆန်းပါဘူးဆိုပြီး ဆက်လျှောက်လာပါတယ်။ ကိုကြည်သိန်းကတော့ တကယ့်စုံထောက်ကြီးပုံစံနဲ့ မျက်လုံးက ဟိုကြည့်ဒီကြည့်လုပ်တာ တွေ့ရတယ်။

"ဟော.....ဒီမှာလည်း ဖိနပ်တစ်ဖက်"

ကိုကြည်သိန်းပြတာကို ကျွန်တော် စိတ်မရှည်နိုင်ဘဲ ကြည့်လိုက်တယ်။ ဂျပန်ဖိနပ် အနီရောင် ဝဲဘက်ကို တွေ့ပါတယ်။ စောစောက ဖိနပ်နဲ့တူနေတာ တွေ့ရပါတယ်။ ပြတ်လို့ပစ်ထားတာမဟုတ်နိုင်ဘဲ ပြေးရင်းလွှားရင်းနဲ့ ကျွတ်ကျန်ရစ်တဲ့ဖိနပ်တစ်ရန် ဖြစ်နိုင်ပါတယ်။

တစ်ဖက်နဲ့တစ်ဖက် ၁၀ကိုက်လောက်ဝေးပါတယ်။ အမှုက သေဆုံးတဲ့သူ ဓားဒဏ်ရာနဲ့ ထွက်ပြေးလာစဉ် ကျွတ်ကျန်ခဲ့တဲ့ ဖိနပ်ဖြစ်နိုင်တယ်။ မီးရထားလိုင်းက ဝန်ထမ်းနှစ်ယောက်ကို သက်သေအဖြစ်ခေါ်ပြီး ဖိနပ်တစ်ရန်ကို သိမ်းဆည်းလိုက်ပါတယ်။

သံလမ်းကျော် တံတားပေါ်မှာ မော်တော်ကားတွေ မောင်းနေပါတယ်။ မြို့ပတ်ရထား မြောက်ဘက်ကဝင်လာပါတယ်။ တိုးကြောင်လေးရထားလို့ ကိုကြည်သိန်းကပြောပြတယ်။

ညောင်ပင်ကြီးနားအထိရောက်အောင် သွားကြတယ်။ ကားလမ်းပေါ်တက်တဲ့ အုတ်လှေကားတွေ့ပါတယ်။ အပေါ်တက်သွားတဲ့အခါ စက်ရုံလမ်းရောက်တယ်။ မီးရထားသံလမ်း ခုံးကျော်တံတားက အရှေ့ဘက်သွားရင် ကားလမ်းခုံးကျော် ၁၅ပေတံတားရောက်တယ်။ တံတားအောက်ကားလမ်းက စက်ဆန်းကလာရင် တောင်လုံးပြန်ကိုရောက်တယ်။ အထက်ပုဇွန်တောင်လမ်းပါ။ တံတားပေါ် ကားလမ်းတည့်တည့်သွားရင် ဒေါပုံ၊ သာကေတဘက်ရောက်ပါတယ်။

တောင်လုံးပြန်ဘက် သွားနိုင်တဲ့လမ်းဟာ စက်ရုံလမ်းက လာတဲ့လမ်း၊ စက်ဆန်းဘက်ကလာတဲ့ အထက်ပုဇွန်တောင်လမ်းသာမက ဒေါပုံတံတားကဆင်းလာတဲ့လမ်းက တောင်လုံးပြန်ဘက် ဝိုက်ကွေ့သွားတော့ လမ်းသုံးလမ်းရှိပါတယ်။

စက်ဆန်းဘက်သွားလိုရင် ၁၅ပေခုံးတံတားပေါ်ကနေသွားပြီး ယာဘက်ဝိုက်ဆင်းသွားရတယ်။ ၁၅ပေခုံးတံတားအောက်ကနေ စက်ဆန်းဘက် မောင်းရတယ်။ ၁၅ ပေ ခုံးတံတားပေါ်ကနေ ကားတွေဝေ့ဝိုက်မောင်းနေကြတာ ကြည့်လို့အရမ်းကောင်းပါတယ်။

မီးပွိုင့်လည်းမဟုတ်၊ အဝိုင်းလည်းမဟုတ် ကြည့်ရတာ စိတ်ဝင်စားစရာပါ။ ကြုံရင် ကျွန်တော်ကတော့ ခဏခဏ ရပ်ကြည့်ဖြစ်ပါတယ်။ အတက်လမ်း၊ အဆင်းလမ်း ခွဲထားတယ်။ သူ့ဟာနဲ့သူ ဟုတ်နေတာပဲ။ ကားအသွားအလာလည်း တော်တော်များတဲ့နေရာ။ ယာဉ်တိုက်မှုတော့ လုံးဝမရှိပါဘူး။

၁၅ ပေခုံးတံတားနားက အမှုတော့တက်တယ်။ လုယက်မှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေဖြစ်တတ်တယ်။ အခု လူသတ်မှုအထိဖြစ်ပြီ။ ကျွန်တော်စစ်နေတဲ့ လူသတ်မှုလည်း ဒီနားတင်မို့ သဲလွန်စရမလားလို့ မျှော်လင့်ချက်နဲ့ လာနေတာပါ။

ရမန်ကုန်နေတဲ့ အမှုတွေကို အလျင်စလို လုပ်ခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ရဲစခန်းထဲမှာ ထိုင်မနေနိုင်ဘဲ အခြားအမှုတွေပစ်ထားခဲ့ပြီး အပြင်ကိုထွက်လာတာပါ။စုံထောက်မှုဆိုတာ စုံထောက်လို စုံစမ်းရမှာပဲလေ။

* * *

www.burmeseclassic.com

www.burmeseclassic.com




ကိုကြည်သိန်းဟာ အမှုစစ်အကူ တပ်ကြပ်ကြီးဖြစ်တာနဲ့အညီ မင်္ဂလာတောင်ညွန့်မှာ နှံ့စပ်သူတစ်ယောက်ဖြစ်ပါတယ်။ ၁၅ ပေခုံးတံတားက သာယာကုန်းရပ်ကွက်ထဲ ကျွန်တော့်ကိုခေါ်ပါတယ်။ အရပ်ဝတ်များနဲ့ဆိုတော့ သွားရတာလွတ်လပ်ပါတယ်။ လူငယ်တွေစည်တဲ့ အရက်ဆိုင်တွေကို ကိုကြည်သိန်းက ကျွန်တော့်ကိုလိုက်ပြတယ်။

အမဲဈေးနားမှာရောင်းတဲ့ ဆိုင်တွေအထိရောက်တယ်။ အတတ်နိုင်ဆုံး ရဲပုံမထွက်အောင် သွားလာရတာပေါ့။ ကျွန်တော်တို့နှစ်ယောက်လုံး တပ်ကပြောင်းလာတာ သိပ်မကြာသေးတော့ ရဲပုံလုံးလုံးမထွက်သေးဘူးလို့ ထင်ရတာပဲလေ။

အမှုကတော့ မပေါ်သေးဘူး။ ကိုကြည်သိန်းနဲ့ ကျွန်တော်တို့နှစ်ယောက် အရက်ဆိုင်တွေမှာ ညနေတိုင်းထိုင်ဖြစ်တယ်၊ သောက်ဖြစ်ကြတယ်။ အစကတည်းက သောက်ချင်ချင်ဆိုတော့ အကိုက်ပဲပေါ့။ အမှုစုံစမ်းဖို့ သောက်တယ်ပေါ့။ သတင်းရဖို့ပေါ့။ ကောင်းတဲ့အစီအစဉ်ပါပဲ။

တပည့်ကျော်ကြီး ကိုကြည်သိန်း အကြံအောင်မြင်သွားတယ်။ သာယာကုန်းထဲကဆိုင်မှာ 'တံတွေးနဲ့ထွေးလို့ ဓားနဲ့ထိုးတာ'လို့ ပြောတဲ့စကား ကျွန်တော် ကြားလိုက်ရတယ်။ ကျွန်တော်တို့နဲ့ တစ်ဝိုင်းကျော်ကကောင်လေးတွေ ပြောနေတာပါ။ သူတို့ကို မသိပါဘူး။

ဒီအတိုင်း ဝင်မမေးချင်ဘူး။ ဘယ်လိုမိတ်ဆက်ရမလဲ စဉ်းစားနေတုန်းမှာ ကျွန်တော့်မိတ်ဆွေ ကိုဖေကြည် ဆိုင်ထဲဝင်လာပါတယ်။ ကျွန်တော့်ကိုမြင်လို့ ဝင်လာတာဆိုတော့ အတော်ပဲပေါ့။

လူငယ်လေးတွေဝိုင်းမှာ ကိုဖေကြည်ရဲ့ တူလေးတစ်ယောက်ပါတယ်။ စားပွဲနှစ်လုံးဆက်ပြီး စားသောက်လို့ရအောင် ကိုဖေကြည်က ဆိုင်ရှင်ကို ပြောပေးတယ်။

ဖော်သန့်ဆိုတဲ့ကလေးကမျက်စိနဲ့မြင်တာတော့ မဟုတ်ဘူးတဲ့။ ၁၅ ပေခုံးတံတားပေါ်က တံတွေးနဲ့ထွေးချလို့ တံတားပေါ်တက်ပြီး ဓားနဲ့ထိုးလို့ သေသွားတာတဲ့။ ဖြစ်တဲ့နေ့က သာယာကုန်းရပ်ကွက်ရှေ့မှာ ပြောကြကြောင်း၊ သေတဲ့သူကို ကိုယ်နဲ့သိတဲ့သူ ဟုတ်၊ မဟုတ်ကြည့်တော့ တစ်ခါမှမမြင်ဖူးဘူးတဲ့။

ကိုကြည်သိန်းက နှစ်ဝိုင်းစာ ရှင်းပေးလိုက်တယ်။ ရဲစခန်းကို ပြန်လာခဲ့တယ်။ စခန်းမှူး ရဲအုပ်ကျော်မြတ်သူက ဘာထူးလဲလို့ မေးပါတယ်။

''လူသတ်မှုက သဲလွန်စတော့ရခဲ့ပါတယ် ဆရာ၊ ရိုက်နှက်ရန်ဖြစ်တာမျိုး မဟုတ်ဘူး၊ တပ်ကြပ် တင်ထွေး အလောင်းပါးစပ်ကို နမ်းကြည့်တုန်းက ကွမ်းစားထားတယ်လို့ဆိုတယ်၊ သတင်းရတာက တံတွေးနဲ့ထွေးလို့ ဓားနဲ့ထိုးတယ်ဆိုတော့ တရားခံရဲ့အင်္ကျီမှာကွမ်းတံတွေးစွန်းနေတာ ရှိဦးမယ် ဆရာ''

စခန်းမှူးက ရယ်ရယ်မောမောနဲ့ မှတ်ချက်ပေးပါတယ်။ ဗိုလ်တိုးအမှု သိပ်မဝေးတော့ဘူး၊ ဂရုစိုက်တဲ့။ အမှုပေါ်ဖို့ ကျွန်တော် ဝီရိယထားရဦးမယ်။ တပ်မတော်က ပြောင်းလာပြီး ရဲတပ်ဖွဲ့မှာ အခုလို အမှုစစ်ရတာ၊ စုံထောက်ရတာ ကျွန်တော်ပျော်သလိုလို ဖြစ်လာပါပြီ။

* * *

နံနက် ၇ နာရီ ရဲစခန်းအရှေ့ဘက်မှာ လမ်းဘက်မျက်နှာမူပြီး တန်းစီရပါတယ်။ တနင်္လာနေ့မို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကြီး (ယခု မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ရဲမှူးအဆင့်ဖြစ်ပါသည်)ထွန်းတင့်က တန်းနောက်စစ်ဆေးပါတယ်။ တန်းဖြုတ်ပြီး လမ်းတစ်ဖက်က အီးကြော်ဖက်ရည်ဆိုင်ကို ဒုရဲအုပ် (စခန်းမှူး)

www.burmeseclassic.com



ကြည်မောင်နဲ့ သွားထိုင်ပြီး ကျွန်တော့်အမှုအခြေအနေ ပြောပြနေပါတယ်။

သေဆုံးတဲ့သူအိမ်က လူကြီးများရောက်နေကြောင်း အကူစာရေး တပ်ကြပ် မောင်တင်က လာပြောပါတယ်။ လက်ဖက်ရည်မြန်မြန်လေး သောက်ပြီး စခန်းမှူးရုံးခန်းကိုသွားရတယ်။ ဗိုလ်တထောင်မှာ နေထိုင်ကြသူတွေဖြစ်တယ်။ အဖေနဲ့အမေလို့ ဆိုပါတယ်။ အငယ်ဆုံးသား အိမ်ပြန်မရောက်လို့ လိုက်မေးနေကြောင်း၊ ဗိုလ်တထောင်ရဲစခန်းကို ကျွန်တော်ပို့ထားတဲ့ မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်းစာကိုတွေ့ရှိပြီး လိုက်လာကြောင်း ပြောပါတယ်။

စခန်းမှူးကအထောက်အထားတွေ တိုက်ဆိုင်ရှင်းပြရာက သူတို့သားငယ်မောင်နေဖြစ်ကြောင်း အတည်ပြုပါတယ်။ သေဆုံးသူဝတ်ဆင်ထားတဲ့ ဂျင်းဘောင်းဘီအပြာ၊ ရှပ်လက်တိုအကွက်တို့ ဟုတ်မှန်ကြောင်း ပြောလာတယ်။ မိခင်ဖြစ်သူ ငိုလို့မဆုံးရှာပါဘူး။

''လက်ဝတ်လက်စား အဖိုးတန်ပစ္စည်း ဘာများဆင်ထားပါသလဲခင်ဗျာ''

ဘာမျှပါရှိသွားခြင်းမရှိကြောင်း ပြောပြပါတယ်။ သိမ်းထားတဲ့ ဖိနပ်တစ်ရန်ကို ဂိတ်စာရေး ဆရာချစ်ဆွေထံကထုတ်ယူပြီး ကျွန်တော်ပြသပါတယ်။ မောင်နေစီးသွားတဲ့ ညှပ်ဖိနပ်ဖြစ်ကြောင်း ပြောပါတယ်။

စခန်းမှူးက သေဆုံးသူအား သဂြိုဟ်ခွင့်ပေးလိုက်တယ်။ ကျွန်တော့်အနေနဲ့လည်း တရားခံ ကြိုးစားဖော်ထုတ်ပေးမယ်လို့ ဝန်ခံပြောဆိုလိုက်ပါတယ်။

မင်္ဂလာတောင်ညွန့်မြို့နယ်မှာ ခိုးမှု၊ ၆(၁)တို့လို စုံထောက်မှုတွေ ပိတ်ပစ်တာမျိုးရှိခဲ့တယ်။ လူသတ်မှုတွေကတော့ တရားစွဲမတင်နိုင်တာ မရှိပါဘူး။ အမှုပေါ်တာချည်းပါပဲ။ လူသတ်မှုဆိုတာလည်း တိတ်တဆိတ်ဖြစ်တာမျိုး မဟုတ်လေတော့ ချိန်းချက်ကျူးလွန်တာမျိုး မရှိသေးပါဘူး။

လူသတ်မှုများဟာအခြေအနေအရ ဒေါသအလျောက် ဖြစ်တတ်ကြပါတယ်။ လတ်တလောကိစ္စမျိုးပါ။ ပေါ်တင်ဖြစ်တာပါ။ သက်သေအထောက်အထားရလို့ ဖမ်းဆီးတရားစွဲတင်ရတာချည်းပါ။ မောင်နေ သေဆုံးရတာ ဘာကြောင့်လဲဆိုတာ ဆက်စပ်ဖော်ထုတ်ရမယ်။ မောင်နေဟာ တံတားပေါ်က ဘာကြောင့် တံတွေးနဲ့ထွေးရတာလဲဆိုတာ စုံစမ်းရမယ်ပေါ့။

*　　*　　*

အမှုစစ်အကူ ကိုကြည်သိန်းနဲ့ ဗိုလ်တထောင်ဘက် သွားကြပြန်တယ်။ ကိုကြည်သိန်းက ပိန်ပိန်ပါးပါးလေးပါ။

· ဗိုလ်တထောင်က မောင်နေတို့ဆွေမျိုးသားချင်းတွေကို မေးမြန်းစုံစမ်းပါတယ်။ သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းတွေကိုမေးပြီး စကားပြောကြည့်မိတယ်။

မောင်နေက ရှုပ်ရှုပ်ယှက်ယှက်ထဲက မဟုတ်ပါဘူး။ ရိုးသားတဲ့ ကျောင်းသားတစ်ဦးပါပဲ။ ကျောင်းစာတော်တယ်လို့ဆိုပါတယ်။ ရည်းစားတွေဘာတွေမရှိပါဘူး။ အပြစ်အနာအဆာဆိုလို့ အပေါင်းအသင်းများတယ်၊ သောက်သောက်စားစားဖြစ်လာတယ်။ ပြဿနာတော့ မလုပ်တတ်ဘူးတဲ့။

အချင်းဖြစ်တဲ့နေ့က အရက်အတူတူသောက်တဲ့ အတွတ်ဆိုတဲ့ လူငယ်တစ်ယောက်ကို ဒေါပုံရပ်ကွက်ရုံးမှာ ခေါ်စစ်နိုင်ခဲ့ပါတယ်။ အတွတ်ဟာ မောင်နေထက် သုံးနှစ်အသက်ကြီးပါတယ်။ အတွတ်က ဒေါပုံမှာနေတာပါ။ သူတို့ သောက်စားကြတယ်ဆိုတာလည်း ဒေါပုံ သဘောၤကျင်းမှတ်တိုင်နားမှာလို့ဆိုတယ်။

အတွတ်ရဲ့ထွက်ချက်အရ သူတို့နှစ်ယောက်တည်းမဟုတ်။နောက်ထပ် သူငယ်ချင်းနှစ်ယောက်ပါသေးကြောင်း၊ မျိုးနီနဲ့ ချစ်ကိုတို့ဖြစ်ကြောင်း၊ မောင်နေကလွဲရင် ဒေါပုံသားချည်းလို့ဆိုကြောင်း၊ စားသောက်ဆိုင်မှာ ညနေ ၃ နာရီက ၆ နာရီအထိ အတူရှိနေကြကြောင်း သိရပါတယ်။

စားသောက်ဆိုင်က ပြီးတာနဲ့ မောင်နေဟာ မျိုးနီ၊ ချစ်ကိုတို့နဲ့ ဒေါပုံတံတားဘက် ပါသွားတယ်လို့ အတွတ်ကပြောပါတယ်။ နောက်ဆုံးတွေ့လိုက်ရတာတဲ့။ လူသတ်မှုမြစ်မီ အချိန်ပိုင်းလေးအပေါ့။

''မျိုးနီနဲ့ချစ်ကို ဘယ်မှာနေလဲ

www.burmeseclassic.com


အတွက်၊ လုပ်ဦး''

''ဒေါပုံတံတားရင်းနားမှာနေတယ်၊ ဒီကောင်တွေ ပျောက်နေတယ်၊ ဟိုနေ့ကတည်းက''

အတွက်က ပြောပြပါတယ်။ သူ့မျက်လုံးကတော့ စိုးရိမ်နေတဲ့ပုံ မရှိဘူး။

ကျွန်တော်ကကိုကြည်သိန်းကို လှမ်းကြည့်တော့ ကိုကြည်သိန်းက မျိုးနီနဲ့ ချစ်ကိုတို့ကိုစစ်ရင် ထူးခြားလာနိုင်တယ်လို့ အဓိပ္ပာယ်ရတဲ့ အကြည့်နဲ့ ကျွန်တော့်ကိုပြန်ကြည့်ပါတယ်။

ကိုကြည်သိန်းက အတွက်ကို ကပ်ခေါ်လာခဲ့တယ်။ သာကေတတံတားလို့ခေါ်တဲ့ ဒေါပုံတံတားအထိ လာခဲ့ကြတယ်။ဝဲဘက်ကိုဆင်းသွားလို့ မကြာခင် ချစ်ကိုဒွေးတို့အိမ်ကို ရောက်ပါတယ်။ အတွက်တို့က ချစ်ကိုဒွေးကို ချစ်ကိုလို့ ခေါ်ကြတာကိုး။

ချစ်ကိုဒွေးဟာ မျိုးနီနဲ့ ခရီးသွားတယ်လို့ သူ့အဖေက ပြောပါတယ်။ ဒီနေ့ပြန်လာမှာဖြစ်ကြောင်းနဲ့ ဒေါပုံရဲစခန်းပို့ပေးဖို့ လိုပါသလားလို့လည်းမေးပါတယ်။ ကျွန်တော်က မလိုပါဘူးလို့ ပြောခဲ့တယ်။ လိုအပ်ရင် ကိုယ်တိုင်လာခေါ်မယ်လို့ စိတ်ထဲမှာ တွေးမိလို့ပါ။

ကျွန်တော်တို့ ဒေါပုံက လမ်းလျှောက်ပြီး မင်္ဂလာတောင်ညွန့်ကို ပြန်လာခဲ့တယ်။ ပုဇွန်တောင်ချောင်းကျော်လိုက်တာနဲ့ ရောက်တာပါပဲ။ အမှုစစ်တွဲဖက် တပ်ကြပ်ကြီးက သတိပေးလို့ ကျွန်တော်တို့ မောင်နေ့အသုဘချတဲ့ ---ကိုလာခဲ့ပါတယ်။ မဟာမြိုင်အထိ အမှတ် ၅၀ လိုင်းကားရတယ်။ မဟာမြိုင်က ဆိုက်ကားစီးရတယ်။ မီးရှုံပဲ။

မောင်နေရဲ့အဖေ ဦးကျော်မင်းကလွဲလို့ ကျွန်တော်တို့ကို ရဲမှန်း ဘယ်သူကမှ မသိပါဘူး။ ကိုကြည်သိန်းဆိုရင် ဦးထုပ်လည်းဆောင်း၊ နေကာမျက်မှန်လည်း တပ်ထားတယ်။ ကျွန်တော်က ရောဘင်တပ်ရုံပါ။

ဦးကျော်မင်းဟာ ဝန်ထမ်းတစ်ဦးဖြစ်ဟန်တူပါတယ်။ ကျွန်တော်တို့ အမှုစစ်အဖွဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ လာတယ်ဆိုတာ သိတယ်။

''သားငယ်သူငယ်ချင်းအပေါင်းအသင်းတွေထဲမှာ ဆရာတို့နောက်မှာရပ်နေတဲ့ လူငယ်တွေကို တစ်ခါမှ မမြင်ဖူးဘူး၊ သူတို့သားငယ်ရုပ်ကလာပ်ကို တော်တော်ရှုကြတယ်၊ သူတို့ကျောင်းသားတွေ မဟုတ်လောက်ဘူး၊ ရန်ကုန်မြို့ပေါ်နေ မြို့သားတွေလည်းမဟုတ်ဘူး။ အလုပ်တစ်ခုခု လာလုပ်နေတဲ့သူတွေ ဖြစ်ဟန်တူတယ်''

ဦးကျော်မင်းက ကျွန်တော့်ကို ကပ်ပြောလိုက်တယ်။ ကျွန်တော်က မောင်နေ့အလောင်း ပြင်ထားတာကို ကြည့်ရင်း အဲဒီအဖွဲ့ကို ရှာကြည့်တယ်။ တွေ့ပါတယ်။ သုံးယောက်။ ဦးကျော်မင်း သုံးသပ်တာ ဟုတ်လောက်တယ်။

အသုဘချလို့ မီးသင်္ဂြိုဟ်စက်ပို့တယ်။ ကျွန်တော်တို့နှစ်ယောက် သူတို့ကို နောက်ယောင်ခံကြည့်တယ်။ သူတို့က အသုဘပို့တဲ့ကားတွေနဲ့ မလိုက်ဘူး။ ခြေကျင်လျှောက်သွားကြတယ်။ ကျွန်တော်တို့က သူတို့နားက မလိုက်ဘူး။ ရိပ်မိမှာစိုးလို့၊ သူတို့ရှေ့ကို ကျော်တက်ပြီး သွားတယ်။

အတော်အတန်လျှောက်ပြီး သူတို့သုံးယောက် ကျွန်တော်တို့ကို ကျော်တက်ကြတယ်။ ကျော်တက်ရုံမက သူတို့ ပြေးကြတယ်။ ဘယ်လိုဖြစ်တာလဲဆိုတာ မသိလို့ ကိုကြည်သိန်းကို ကျွန်တော် လှမ်းကြည့်

**လူသတ်မှုများဟာ အခြေအနေအရ ဒေါသအလျောက် ဖြစ်တတ်ကြပါတယ်။ လတ်တလောကိစ္စမျိုးပါ။ ပေါ်တင်ဖြစ်တာပါ။ သက်သေအထောက်အထားရလို့ ဖမ်းဆီး တရားစွဲတင်ရတာချည်းပါ။ မောင်နေ သေဆုံးရတာ ဘာကြောင့်လဲဆိုတာ ဆက်စပ်ဖော်ထုတ်ရမယ်။**

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ကိုကြည်သိန်းက မြို့ပတ်ရထားလာလို့ ပြေးကြတာပါတဲ့။ ပြီးရော။

ကိုကြည်သိန်းလည်းပြေးတယ်။ ကျွန်တော်လည်း သူတို့လို ရထားမီအောင် ပြေးလိုက်ရတာပေါ့။ ကျွန်တော်တို့ ဟံသာဝတီဘူတာမရောက်ခင် မြို့ပတ်ရထား ဖြည်းဖြည်းဝင်လာတာတွေ့ပါတယ်။ ကိုကြည်သိန်း လက်မှတ်ပေါက်ကိုရောက်သွားတာ တွေ့ရတယ်။

ကျွန်တော် ဖြည်းဖြည်းချင်းပဲ လျှောက်သွားတော့တယ်။ ပြေးစမရှိတော့ မောတယ်။ ရထားမီပါတယ်။ ဒါပေမဲ့ ရထားပြန်ထွက်နေလို့ ပြေးလိုက်ပြီး ခုန်တက်လိုက်ရတယ်။

ကိုကြည်သိန်းက လျင်တယ်။ ကောင်လေးတွေနဲ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ နေရာယူပြီးသား။ ကျွန်တော် အေးအေးလူလူ လိုက်လာပါတယ်။ ကောင်လေးတွေ တစ်စုံတစ်ခုကို တီးတိုးပြောနေကြတယ်။ ကိုကြည်သိန်းနဲ့ကျွန်တော် တမင် ဘာမှမပြောဘဲ နေကြတယ်။

ရန်ကုန်ဘူတာကြီးရောက်တော့ ကျွန်တော်တို့ဆင်းလိုက်တယ်။ ကောင်လေးသုံးယောက်မဆင်းဘူး။ ကိုကြည်သိန်းက ဒီရထား မင်္ဂလာဒုံဆက်သွားလိမ့်မယ်လို့ ပြောတယ်။ စကြံ ၆/၇ မီးရထားလက်မှတ်ရုံမှာ လက်မှတ်ထပ်ဝယ်ပြီး ရထားပေါ်ပြန်တက်ရပြန်တယ်။

ကိုယ်တော်ချောသုံးယောက်က အိပ်တောင်နေကြတယ်။ ခရီးသည်တွေလည်း အလုအယက် နေရာတွေ ဦးကြတယ်။ ပြန်ထွက်မယ့် မြို့ပတ်က တော်တော်ကျပ်တာပဲ။ မိ နစ် နှစ်ဆယ်ကျော်ကြာမှ ရထားထွက်တယ်။

စတော့ဂိတ်ကုန်းနားရောက်တော့ ကောင်လေးသုံးယောက်ကို လှမ်းကြည့်မိတယ်။ မတွေ့တော့ပါ။ ကိုကြည်သိန်း မတ်တတ်ထပြီး ရှာကြည့်ပေမယ့် မတွေ့ရတော့ဘူး။

ကိုယ်တော်ချောလေးတွေ ဘယ်အချိန်က ဆင်းကျန်ရစ်ခဲ့မှန်း မသိတော့ပါ။ ကျွန်တော်တို့ စုံထောက်ကြီးနှစ်ယောက်လည်း ပုဇွန်တောင်ဘူတာမှာဆင်းပြီး မင်္ဂလာတောင်ညွန့်ရဲစခန်းကို ပြန်လာရပါတော့တယ်။ လမ်းမှာ ရဲတပ်ကြပ်ကြီး ရှမ်းယုံနဲ့တွေ့လို့ သူကနှုတ်ဆက်တယ်။

''ဆရာတပည့်နှစ်ယောက် တရားခံဖမ်းက ပြန်လာတာလား''

ကျွန်တော်တို့ ဘာမှပြန်မပြောပါဘူး။ရယ်ပြီးနှုတ်ဆက်လိုက်တယ်။

* * *

ကျွန်တော်တို့အမှုစစ်တွေ နံနက်မိုးလင်းတာနဲ့ ဖယ်ဆက်သလို လုပ်နေရပါတယ်။ အမှုသစ်က မရတဲ့နေ့မရှိဘူး။ တရားခံပါရင် ရမန်ယူဖို့ချက်ချင်းလုပ်ရတယ်။ ကြံ့/ကာ အမှု ၃၀ (ဒီ) ဆို နေ့တိုင်း ရေးရတာပဲ။

အမှုစစ်အရာရှိတွေ အမှုစစ်အကူတွေခေါ်ထားလို့ နည်းနည်းသက်သာတယ်။ မြို့နယ်တရားရုံးဒို ဘီလိုင်းပြောင်းသွားလို့ အမှုစစ်အခန်းကျယ် သီးသန့်ရတယ်။ နံနက် ၇ နာရီမှာ လူစုံနေပြီ။ ရဲစခန်းရုံး အဝင်အထွက်မှာလည်း လူချင်းရှောင်နေရတာချည်းပဲ။

အလုပ်များနေပြီဆို ညှော်သည်တွေ ရောက်လာတတ်သေးတယ်။ ဆုံနေတဲ့အခါ အီးကေလက်ဖက်ရည်ဆိုင်မှာလိုက်တွေ့ရတယ်။ ပြောစရာ မြန်မြန်ပြော၊ လုပ်စရာ မြန်မြန်လုပ်ပါမှ အတော်ပဲ။ အမှုတွေကို မြန်မြန်လက်စသိမ်းပြီး နေ့ခင်းဘက်မှာ အမှုစစ်များ ဂျီဒီပြပြီး ထွက် နိုင်ဖို့ လုပ်ရတာပေါ့။

ကျွန်တော် အလုပ်ပြီးပါပြီ။ ကိုကြည်သိန်း မတွေ့ရသေးဘူး။ လူသတ်မှုက မသင်္ကာတဲ့သူတွေ လိုက်စစ်ဖို့ရှိတာသိလျက်နဲ့ဆင်းမလာဘူး။ ကိုကြည်သိန်းက ရဲစခန်းတောင်ဘက်ထိပ် အပေါ်ဆုံးထပ်လိုင်းခန်းမှာနေတယ်။

ကျွန်တော် တက်လိုက်သွားတယ်။ လှေကားမှာ ကိုကြည်သိန်းသားအကြီးနဲ့တွေ့တယ်။ ဦးလေးကို လာခေါ်တာလို့ပြောတယ်။ အိမ်မှာ ကိုကြည်သိန်းမိသားစုက ကျွန်တော့်ကိုညှော်ခံဖို့ ဆိတ်ခေါင်းဟင်းနဲ့ထမင်းပွဲပြင်ထားတယ်။ ကျွန်တော်လည်း ဟန်မဆောင်တော့ဘူး။ ဘာမှမစားရသေးတာမို့ ဝင်စားတယ်။

ကိုကြည်သိန်းတို့ ဟင်းချက် တိုင်း အင်ချက်တယ်။ ကျွန်တော်နဲ့ မကိုက်။ ဆားစားရင် ခံနိုင်တယ်လို့ ကိုကြည်သိန်း ခဏခဏညွှန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုကြည်သိန်းကို ဆား၊ အချိုမှုန့်(ဟင်းခတ်မှုန့်)လျှော့ သုံးပါလို့ စည်းရုံးဖူးတယ်။ မရဘူး။ သူတို့မိသားစုက အကျင့်ပါနေပြီ။

ရဲစခန်းကမထွက်မီ ဒေါပုံရဲ စခန်းကို တယ်လီဖုန်းဆက်ကြည့်တယ်။ မျိုးနီနဲ့ချစ်ကို ပြန်ရောက်နေကြောင်းပြောပါတယ်။ တွေ့ချင်ရင် ညဘက်လာဖို့ပြောပါတယ်။ ကိုကြည်သိန်းကို ဘယ်သွားမလဲလို့ အကြံတောင်းကြည့်တော့ တာမွေ၊ မအူကုန်းသွားရင် ကောင်းမယ်တဲ့။ ကျီဒီပြပြီး ထွက်ခဲ့တယ်။

ကြက်ကန်းဆန်အိုးတိုးဆိုတာ မျိုးပဲ။ လမ်းကျယ်မှတ်တိုင်မှာဆင်းပြီး အထဲကို တော်တော်ဝင်သွားတယ်။ ယာဘက်ခြမ်း ကန်ထရိုက်တိုက် ဆောက်နေတဲ့နေရာမှာ ဟိုတစ်နေ့က ပျောက်ခြင်းမလှပျောက်သွားတဲ့ ကိုယ်တော်ချောသုံးယောက် အလုပ်လုပ်နေတာ တွေ့ရပါတယ်။ လက်သမားလုပ်နေတာပါ။ မောင်နေ့အဖေ ဦးကျော်မင်း ခန့်မှန်းတာ မှန်နေတာကိုတွေ့ရပါတယ်။

ကိုကြည်သိန်းက မျက်စိလျင်တယ်။ အရပ်ရှည်ရှည်တစ်ယောက် ကွမ်းတံတွေးပေနေတဲ့ အင်္ကျီဝတ်ထားတယ်လို့ပြောတယ်။ ကျွန်တော်လှေ့လာကြည့်တော့ သူ့အင်္ကျီရှေ့တည့်တည့်က ပက်ထားသလို အစွန်းတွေ တွေ့မြင်ရပါတယ်။

ကျွန်တော် မင်္ဂလာတောင်ညွန့် နယ်ထိန်းကို ဖုန်းဆက်ခေါ်လိုက်တယ်။ တာမွေရဲစခန်းကိုသွားပြီး ကျီဒီအဝင်ပြတယ်။ အပိုင်နယ်ထိန်းကို ပါ ခေါ်လာပါတယ်။ ကန်ထရိုက်ကို မေးတော့ မရှိတာကြောင့် အိမ်ရှင်ကို ခွင့်တောင်းပြီး လူငယ်သုံးဦးကို မင်္ဂလာတောင်ညွန့်ရဲစခန်းခေါ်တဲ့ ကိစ္စ အောင်မြင်သွားပါတယ်။

နယ်ထိန်းအဖွဲ့ကလည်း ဒီလက်သမားလူငယ်လေးတွေကို ပစ်မှတ်အဖြစ်လိုက်နေတယ်ဆိုတာ ကျွန်တော် သိရပါတယ်။ အခု အားလုံးအဆင်ပြေတာပေါ့။ နယ်ထိန်းအဖွဲ့က မသင်္ကာတရားခံများကို ဝိုင်း စစ်ပေးပါတယ်။

ကျွန်တော် ကွမ်းတံတွေးပေနေတယ်ဆိုတဲ့ တရားခံကို အရင်စစ်ဆေးပါတယ်။ ဝန်ခံခြင်းမရှိပါဘူး။ လူချင်းခွဲပြီး ပရိယာယ်သုံးပါတယ်။ သုံးယောက်လုံး တောင့်ခံထားကြတယ်။ စစ်ဆေးတဲ့သူတွေက မခံနိုင်လို့ အီးကေဆိုင်ကို ခဏခဏ ထသွားကြတယ်။

နောက်ဆုံး မနားမနေ ဘရိတ်ဒေါင်းပုံစံနဲ့ စစ်တော့မှ ကျွန်တော်စစ်ဆေးနေတဲ့ တရားခံက အမှန်အတိုင်း ပြောလာပါတော့တယ်။

* * *

မြင့်စောဟာ သုံးခွမြို့နယ်၊ --ရွာမှာ မွေးဖွားတယ်။ ကျေးရွာအခြေခံပညာမူလတန်းကျောင်းမှာ (၄)တန်းအောင်မြင်သည်အထိပညာသင်ကြားခဲ့တယ်။ ဖခင်က လက်သမားဆရာကြီးဖြစ်လို့ လက်သမားအတတ်ကို မြင်ဖန်များပြီး တတ်မြောက်နေပါတယ်။ ဖခင်က လက်သမားပညာကို သင်ကြားပေးခြင်းမရှိပါဘူး။ အလုပ်လုပ်တဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com

လည်း မြင့်စောအား ခေါ်သွားလေ့မရှိပါဘူး။

သို့ရာတွင် မြင့်စော အရွယ်ရောက်လာတဲ့အခါ ဖခင်လုပ်ငန်းမှာလိုတဲ့နေရာက ဝင်လုပ်ကြည့်တယ်။ လုပ်တတ်နေတယ်။ အချို့လုပ်ငန်းများမှာ ဖခင်က အလုပ်သမားတစ်ဦး လျှော့ခေါ်လာနိုင်ပါတယ်။

မြင့်စောတို့မိသားစုဟာ လက်သမားအလုပ်တစ်ခုကိုသာ အားထားနေရတယ်။ လယ်တွေရှိပေမယ့် လက်သမားလုပ်ငန်းကိုလက်မလွှတ်ပါဘူး။ စားအိုးက တဖြည်းဖြည်းကြီးလာတယ်။ မြင့်စောက အကြီးဆုံးသားပါ။

စိုးကြီးနဲ့အောင်ဒင်တို့က ရန်ကုန်တက်ပြီး လက်သမားလုပ်ဖို့ မြင့်စောကိုအဖော်စပ်လာပါတယ်။ ဖခင်စိတ်မချတာကို မြင့်စောက ရအောင်ပြောတယ်။ မိခင်သဘောတူအောင်လည်း ပြောဆိုရတယ်။

မိဘတွေက မြင့်စောငယ်သေးလို့ သူများအနိုင်ကျင့်ခံရမှာကို စိုးရိမ်ခြင်းဖြစ်တယ်။ မြင့်စောက စိတ်ချရန် ထပ်မံကတိပေးနေပါတယ်။

စိုးကြီးက ဖခင်ရဲ့တပည့်တစ်ဦးပါ။ ရန်ကုန်မှာ လေးလလောက်ကြာတဲ့အထိ အလုပ်လုပ်ဘူးပါတယ်။ စိုးကြီးရဲ့ခေါင်းဆောင်မှုနဲ့ တာမွေက ကန်ထရိုက်တိုက်တစ်လုံးမှာ လက်သမားဝင်လုပ်နိုင်ခဲ့တယ်။ ခရမ်းမြို့က လက်သမားခေါင်းဆောင်လက်အောက်မှာသုံးယောက်လုံး နေ့စားလုပ်ရတယ်။

လက်သမားဆရာ ထည့်တဲ့နေရာ လိုက်လုပ်ရတယ်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွေက ကန်ထရိုက်တိုက်ဆောက်လုပ်ရေးများမှာ အများဆုံးလုပ်ကိုင်ရတယ်။ တစ်ခါတစ်ရံသာ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း လိုက်လုပ်ရတတ်ပါတယ်။

မြင့်စော၊ စိုးကြီး၊ အောင်ဒင်တို့သုံးယောက်ဟာ အသက် (၂၀) ကျော်များဖြစ်ပါတယ်။ တစ်နှစ်ကြီး၊ တစ်နှစ်ငယ်များပါ။ စိုးကြီး အကြီးဆုံးပါ။ လက်သမားဆရာ ငှားနေတဲ့အိမ်မှာ နေထိုင်ကြပြီး အိမ်လခကို လုပ်ခထဲက ပေးချေဖြတ်ယူကြရန် သဘောတူထားကြတယ်။ အငယ်ဆုံး မြင့်စောက နံနက်စောစောထပြီး ထမင်းချိုင့်အတွက် ချက်ပြုတ်ကြော်လှော်ရတဲ့တာဝန်ယူထားပါတယ်။

ပုဇွန်တောင်ဈေးဘက်တန်းမှာ ဈေးဆိုင်ပြန်လည်ပြုပြင်တဲ့နေရာကို သုံးယောက်လုံးသွားရတယ်။ ညနေ ၅ နာရီ လက်စသိမ်းတယ်။ အလုပ်စောစောပြီးလို့ စိုးကြီးဦးဆောင်ပြီး ပုဇွန်တောင်က အရက်ဆိုင်ကိုဝင်ကြတယ်။ အရက်ဖြူတစ်လုံးမှာပြီး သုံးယောက်သောက်ကြတယ်။

ညနေတိုင်း တိုးမပေါက်လောက်အောင် လူစည်ကားတဲ့နေရာဖြစ်ပါတယ်။

စိုးကြီးတို့သုံးယောက် စားသောက်ပြီးတဲ့အခါ လမ်းလျှောက်ပြန်လာကြတယ်။ တောင်လုံးပြန်ကားမှတ်တိုင်နားရောက်တော့ပီကေ စားကြတယ်။ စိုးကြီးက ရန်ကုန်မှာ အတွေ့အကြုံရှိပြီးသားဖြစ်တယ်။ ဘာလုပ်လုပ်၊ ဘယ်သွားသွား ဦးဆောင်တတ်တယ်။

၁၅ ပေခန်းတံတားအထိ လျှောက်ကြတယ်။ တံတားခြေရင်းကနေပြီး တံတားပေါ်တက်ပါတယ်။ သာယာကုန်းရပ်ကွက်၊တောင်ဘက်ပိုင်းနေ စိုးကြီးသူငယ်ချင်း လက်သမားတစ်ဦးရဲ့နေအိမ်ကို ဝင်ကြပါတယ်။ မတွေ့လို့ မအူကုန်းထိပ်သွားရောက်ပြီး တာမွေကို ဘတ်စ်ကားစီး၍ ပြန်လာကြပါတယ်။

နောက်နှစ်ရက်ခန့်အကြာမှာ ပုဇွန်တောင်ဈေးမှာပဲ ဈေးဆိုင်ပြင်ဖို့ လက်သမားလိုက်လုပ်ရပြန်တယ်။

**စိုးကြီးတို့သုံးယောက် စားသောက်ပြီးတဲ့အခါ လမ်းလျှောက်ပြန်လာကြတယ်။ တောင်လုံးပြန် ကားမှတ်တိုင်နားရောက်တော့ပီကေ စားကြတယ်။ စိုးကြီးက ရန်ကုန်မှာ အတွေ့အကြုံရှိ ပြီးသားဖြစ်တယ်။**

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာတောင်ညွန့်၊ သပြေကုန်းရပ်ကွက်၊ ကြက်လျှာစွန်းအနီးမှာ နေအိမ်အဖီချရန်လည်း လက်သမားလိုက်လုပ်ရပြန်တယ်။ တစ်ရက်တည်းမှာ သုံးနေရာဖြစ်လို့ လက်သမားဆရာ ဦးစီးတဲ့အဖွဲ့က မအူကုန်းလမ်းကျယ်မှာ ကန်ထရိုက်တိုက် စဝင်ရတယ်။

မြင့်စောက ပုဇွန်တောင်ဈေးကို လုပ်ငန်းသေးလို့ တစ်ယောက်တည်းသွားရတယ်။ စိုးကြီး၊ အောင်ဒင်တို့ ကြက်လျှာစွန်းကို သွားရတယ်။

နံနက် ၉ နာရီအချိန် ဘတ်စ်ကားစီးပြီး မိမိအလုပ်ရှိရာကိုသွားကြပါတယ်။ မြင့်စောက အရင်လုပ်ရတဲ့ဈေးဆိုင်နဲ့ တစ်ဆိုင်ကျော်မှာ လုပ်ရတယ်။ အမိုးအကာပြင်ရုံဆိုသော်လည်း တစ်ယောက်တည်းဖြစ်လို့ ညနေ ၅ နာရီမှ ပြီးပါတယ်။ မြင့်စောလည်း ဟိုတစ်နေ့ကသွားတဲ့ဆိုင်ကို သဘောကျလို့ အလုပ်သိမ်းပြီးတာနဲ့ သွားထိုင်ခဲ့တယ်။

တစ်ယောက်တည်းဖြစ်လို့ ပျင်းခြောက်ခြောက်ဖြစ်ပေမယ့် ဆိုင်ရှင်နဲ့စကားပြောလိုက်၊ အမြည်းမှာစားလိုက်နဲ့ အချိန်တစ်နာရီ ဖြုန်းပစ်လိုက်တယ်။ မြင့်စောက စိုးကြီးပြထားတဲ့ ဟိုနေ့ကလမ်းကြောင်းအတိုင်း ပြန်လာခဲ့တယ်။

တောင်လုံးပြန်ရပ်ကွက် ကျော်လာခဲ့တယ်။ မြင့်စောက ရွာမှာကျန်ရစ်တဲ့ မိဘတွေ စိတ်ချအောင်နေရမယ်လို့ ဆုံးဖြတ်ထားတယ်။ လက်သမားလုပ်ခများကိုလည်း စုဆောင်းထားပါတယ်။ ရွာကို တစ်ရက်ပြန်ပြီး မိသားစုကို ငွေနဲ့မုန့်များ သွားပို့ပေးဖို့လည်း စဉ်းစားလာပါတယ်။

၁၅ ပေ ခုံးတံတားအနားကို ရောက်တဲ့အခါ မြင့်စောက အမေနဲ့ရွာကိုလွမ်းတယ်ဆိုတဲ့သီချင်းကို အော်ဆိုလာခဲ့တယ်။ မြင့်စောဟာ အရက်ဖြူတစ်ပိုင်းကို အချိုရည်ရောပြီး သောက်လာလို့ ဒီဂရီတက်နေဆဲဖြစ်ပါတယ်။

၁၅ ပေခုံးတံတားအောက်ကို ရောက်တဲ့အခါ တံတားခြေရင်းက တံတားကိုတက်ရမှာပါ။ တံတားပေါ်က မြင့်စောပေါ်ကို ဘာတွေမှန်းမသိ ကျလာတယ်။ ရင်ဘတ်တစ်ပြင်လုံး ပေကျံသွားတယ်။ ကွမ်းတံတွေးတွေပါ။

"တံတားပေါ်က တံတွေးထွေးချတာ ဘယ်သူလဲ"

မြင့်စော လှမ်းအော်လိုက်မိတယ်။

"ငါကွ၊ လူရှိမှန်းမသိလို့ကွ"

တံတားပေါ်က ထွေးချသူတစ်ယောက်က ပြန်အော်လိုက်တယ်။ မြင့်စောဟာ ၁၅ ပေခုံးတံတားပေါ် ပြေးတက်သွားတယ်။ ထွေးချသူကို တွေ့ပါတယ်။ မြင့်စောကို ဂျစ်တစ်တစ်မျက်နှာကြောတင်းတင်းနဲ့ကြည့်နေပါတယ်။ မတောင်းပန်တဲ့အပြင် သူ့မှာ ဘာမှအပြစ်မရှိတဲ့ပုံ လုပ်နေပါတယ်။ .

မြင့်စောဟာဒေါသမထိန်းနိုင်ဘဲ အိတ်ထဲက လက်သမားပစ္စည်းတစ်ခုနဲ့ လှမ်းထိုးလိုက်တယ်။ ရင်ဘတ်ကိုထိသွားတယ်။ ပြင်းပြင်းထန်ထန်တော့မဟုတ်နိုင်လို့ မြင့်စောထင်မိတယ်။ အထိုးခံရသူ ထွက်ပြေးသွားတယ်။ သံလမ်းဘက်ဆင်းသွားတယ်။ မြင့်စောက သူ့ကိုပြန်လည်ရန်မူမှာစိုးလို့ အမဲဈေးဘက်ကို ခပ်သုတ်သုတ် ထွက်သွားတော့တယ်။

* * *

ည ၈ နာရီလောက်မှာ မြင့်စောက စိုးကြီးနဲ့ အောင်ဒင်တို့ကို အသောကဈေးနားက ဆိုင်နာမည်တပ်မထားတဲ့ လက်ဖက်ရည်ဆိုင်ကို ခေါ်သွားတယ်။ လက်ဖက်ရည်ဆိုင် မထိုင်ဖြစ်ပါဘူး။ အိမ်မှာဆိုင်ဖွင့်ထားတဲ့ အရက်ဖြူဆိုင်ကို ရောက်သွားကြတယ်။

မြင့်စောက လူတစ်ယောက်ကို ဆောက်နဲ့ထိုးထားခဲ့ကြောင်း စိုးကြီးတို့ကို ပြောပြပါတယ်။

"မင်း သူများဆီမှာ စွတ်မလုပ်နဲ့၊ ကိုယ်သေနေဦးမယ်၊ မင်းအဖေက ငါတို့ကိုအပ်လိုက်တာ၊ တစ်ခုခုဖြစ်ရင် ငါတို့အပြောခံရမယ်၊ သိလား ကိုယ့်လူ"

အောင်ဒင်က စိုးရိမ်ကြီးစွာနဲ့ အပြစ်တင်ပါတော့တယ်။ စိုးကြီးက မြင့်စောကို စိုက်ကြည့်ပြီး လေးလေးနက်နက် စဉ်းစားနေပါတယ်။

"အဲဒီကောင် သေမှာပဲ၊ လက်သမားက ဆောက်နဲ့ထိုးတဲ့လက်ချက် မသေဘဲနေမလား။ နေဦး၊ ဘယ်ကိုထိုးမိတာလဲ၊ ဘယ်သူတွေရှိလဲ၊ အောင်ဒင်ပြောတာ ဟုတ်တယ်၊ ကိုယ့်ရွာမှာ ဘာလုပ်လုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီမှာမရဘူး''

စိုးကြီးကပြောတယ်။

''ရင်ဘတ်ကိုထိုးတာပဲ၊ သာသာလေးပါ၊ မသေလောက်ပါဘူး၊ ငါ လှန့်လိုက်တာပါ၊ အဲဒီလူ ထွက်ပြေးသွားတယ်၊ ဘာသံမှ မကြားဘူး၊ ငါ လှည့်မကြည့်ခဲ့တာက ပြန်လုပ်မှာစိုးလို့''

''အဲဒီကောင်က ဘယ်အရွယ်လဲ''

''တို့နဲ့ရွယ်တူလောက်နေမှာ၊ မိုးချုပ်လို့လားမသိဘူး၊ ဒီကောင် အသားမည်းမည်းထင်တာပဲ''

အောင်ဒင်က ဆိုင်အတွင်းက တခြားလူတွေ မကြားရအောင် စိုးကြီးနဲ့ မြင့်စောတို့ကို လက်တို့သတိပေးတယ်။

''သေ၊ မသေကို တို့စုံစမ်းကြည့်မှ၊ နေပါဦး၊ ဘယ်လိုဖြစ်တာလဲ''

စိုးကြီးကမေးသည်။

''ငါ့ကို ဒီကောင် တံတွေးနဲ့ထွေးလို့''

''ဘာ.....''

''ကွမ်းတံတွေးနဲ့ထွေးလို့၊ အိမ်မှာချွတ်ထားခဲ့တယ်၊ လက်သမားလုပ်ရင်းဝတ်တဲ့အင်္ကျီမှာ ပွကုန်တာ သောက်ရမ်းပဲ''

အရက်ဖြူတစ်ပိုင်းကို သုံးယောက်ခွဲပြီး သောက်ချလိုက်ကြတယ်။ ဆိုင်ထဲက အမြန်ပြန်ထွက်လာကြပါတယ်။

နောက်ရက်များမှာ မအူကုန်းလမ်းကျယ် ကန်ထရိုက်တိုက်ဆောက်လုပ်ရေးဝင်ကြရတယ်။ အခြားနေရာများကို သွားရောက်လုပ်ကိုင်ခြင်းမရှိပါ။ ရက်အနည်းငယ်အကြာ အောင်ဒင်က သတင်းစာကို သေသေချာချာဖတ်နေတယ်။ နေ့ခင်းထမင်းစားချိန်မှာ အိမ်ရှင်ရဲ့ သတင်းစာကို ဖတ်နေခြင်းဖြစ်ပါတယ်။

အောင်ဒင်က မြင့်စောကို ခေါင်းညိတ်ခေါ်လိုက်တယ်။ ရုတ်တရက်သေဆုံးသွားပါသဖြင့် ယနေ့---သုသာန်တွင် သင်္ဂြိုဟ်မည့် မောင်နေ၊ အသက် (၁၉)နှစ်ဆိုတဲ့ သတင်းကိုပြတယ်။ အချိန်၊ နေ့ရက်တွေ ကိုက်နေပါလား။ စိုးကြီးက အနားရောက်လာတယ်။ မြင့်စောက သူနဲ့ဖြစ်တဲ့သူ ဟုတ်၊ မဟုတ် သွားကြည့်လိုကြောင်း ပြောတယ်။ စိုးကြီးက လက်သမားဆရာထံ ညနေပိုင်း ခွင့်တောင်းပါတယ်။ နေအိမ်သို့ အမြန်ပြန်ပြီး အဝတ်အစားလဲကြပါတယ်။ အသောကမှတ်တိုင်က ဘတ်စ်ကားစီးခဲ့ကြတယ်။

ဟံသာဝတီအပိုင်းအရောက် အသုဘပို့သောကားတွေတွေ့လို့ တက်လိုက်ခဲ့ကြတယ်။ အဲဒီကားတွေဟာ သတင်းစာထဲမှာပါတဲ့ မောင်နေ့အသုဘကိုပို့တဲ့ကားတွေတော့ မဟုတ်ပါဘူး။ --ရောက်မှ မောင်နေကို လိုက်ရှာရတယ်။ အလယ်ခန်းမမှာ မောင်နေကိုပြင်ထားတာကို တွေ့ပါပြီ။

လူများစည်ကားနေတယ်။ မောင်နေ့အသုဘပို့တဲ့လူများဟာ မရေတွက်နိုင်အောင် များပြားလှပါတယ်။ မြင့်စောဟာ သူနဲ့ဖြစ်ခဲ့သူ သေသွားတာ ဟုတ်၊ မဟုတ် ကြည့်ရှုခြင်းပါ။

မြင့်စော သေသေချာချာ မောင်နေ့ရုပ်ကလာပ်ကို ကြည့်ပါတယ်။ မြင့်စော မမှတ်မိပါဘူး။ ဖြစ်တုန်းက အသားမည်းမည်း၊ အရပ်ပုပုနဲ့လို့ ထင်ခဲ့တယ်။ မောင်နေမှာ အသားဖြူဝင်းလှပသူဖြစ်နေတယ်။ အရပ်ကလည်း ရှည်နေသလိုလို။ မြင့်စောက မဖြစ်စေလိုသောအသိစိတ်ကြောင့်လားမသိ၊ မဖြစ်နိုင်ဟု စိုးကြီးနဲ့အောင်ဒင့်ကို ကပ်ပြောလိုက်တယ်။

မောင်နေ့အသုဘပို့ပြီးတဲ့အခါ မြို့ပတ်ရထားနဲ့ပြန်ဖို့ လမ်းလျှောက်ပြန်လာကြတယ်။ ရထားလာနေလို့ အပြေးအလွှား လာခဲ့ရတယ်။ ရန်ကုန်ဘူတာကြီးရောက်တဲ့အခါ မေတ္တာညွန့်ဘူတာကို ဆက်လိုက်ဖို့ တွဲပေါ်မှာစောင့်နေကြတယ်။ ရထားပြန်ထွက်တဲ့အခါ မြင့်စောအတွက် သေဆုံးသူမဟုတ်ကြောင်း တွေ့မြင်ခဲ့ရတဲ့အတွက် စိတ်ပေါ့သွားကြတယ်။ အချိန်ကလည်း စောနေသေးလို့ ကုန်တိုက်နားမှာ တစ်ခုခုစားသောက်ဖို့ မီးရထားပေါ်က ဆင်းကျန်ခဲ့ပါတယ်။

* * *

ကျွန်တော် လူသတ်မှုစစ်နေတာကို နယ်ထိန်းများသာမက အမှုစစ်များကလည်း လိုအပ်တာ ကူညီပေးလေ့ရှိပါတယ်။ ဒုရဲအုပ် (စခန်းမှူး)တင်အောင်က တရားခံထံမှ

www.burmeseclassic.com

www.burmeseclassic.com





'ဆောက်'သိမ်းဆည်းရာမှာ လိုက်လံဆောင်ရွက်ပေးပါတယ်။ စီပီအို လုပ်ဆောင်ခဲ့တဲ့ ရခိုင်ကြီး ဦးတင်အောင်ပါ။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းကို ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့လာချိန်မှာ နာမည်တူသူတွေ တော်တော်များပါတယ်။ အဲဒါကြောင့်မို့ ဦးတင်အောင်ကို စီပီအိုဖြစ်တဲ့အကြောင်း၊ တိုင်းရင်းသား ရခိုင်လူမျိုး ဖြစ်တဲ့အကြောင်း ကျွန်တော် ထည့်ပြောရခြင်းဖြစ်ပါတယ်။ လှမြင့်ကို ဗလကြီးလှမြင့်၊ သူကြီးလှမြင့်၊ သန်းထွန်းဆိုရင် မျက်မှန်သန်းထွန်း၊ နယ်ထိန်းသန်းထွန်းဆိုပြီး ခွဲခေါ်ရတယ်။ တင်ဝင်းကျတော့ အရှည်ကြီးတင်ဝင်း၊ အာတင်ဝင်း။ အောင်ကြည်ဆိုရင် ဂါတ်စာရေးကြီးအောင်ကြည်၊ ကျောက်ဆည်အောင်ကြည်၊ အောင်ကြည်(ဗိုလ်ချုပ်)တဲ့။ သူ့ဂုဏ်ပုဒ်နဲ့သူပဲ။

ကျွန်တော်ပြောတဲ့ တင်အောင်ကတော့ ပိုများတယ်။ စီပီအိုတင်အောင်တဲ့၊ ခေါင်းဖြူတင်အောင်တဲ့၊ ဘုန်းကြီးတင်အောင်တဲ့၊ ဒူးရှည်တင်အောင်တဲ့ အမျိုးမျိုးပါပဲ။ တင်အောင်တွေ ဒီလောက်များတဲ့အထဲ မုဒိုင်တင်အောင်ဆိုတာ ပြောင်းလာသေးတယ်။ [ယခုစာရေးတဲ့အချိန် ဆရာဦးတင်အောင် (ဒူးရှည်ကြီး) အသက် ၇၈ နှစ်ပင် ရှိပါပြီ] ဝမ်းသာပါတယ်။

ကျွန်တော့်အမှုမှာ ဒုရဲအုပ်(စခန်းမှူး)တင်အောင်က သက်သေခံပစ္စည်း'ဆောက်'ကို သိမ်းဆည်းပေးရာမှာ အခက်အခဲကြုံရတယ်။ ဆောက်တွေ၊ စူးတွေ အများကြီးထဲကမှ မနည်းပြန်ရှာရတယ်။ လွဲသွားရင် အမှုလွတ်သွားနိုင်လို့ပါ။

စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့)က လူသွေးတွေ့ကြောင်း ပြန်ကြားလာမှ ကျွန်တော်စိတ်အေးရတယ်။ အတန်တန် စစ်ဆေးပေးမယ့် တရားခံ မြင့်စောက လုံးဝငြင်းခဲ့ပါတယ်။ အမှုစစ်အရာရှိ လုပ်ဖော်ကိုင်ဖက် ကျွန်တော့်မိတ်ဆွေတွေက ပိုင်းဝန်းစစ်ဆေးပေးတာကြောင့် ဝန်ခံခဲ့တယ်။

ဒုတိယရမန်ကုန်ဆုံးတဲ့အခါ မြင့်စောကို မြို့နယ်တရားရုံးမှာ တရားစွဲတင်ခဲ့တယ်။ တရားခံဟာ သေချာပေါက် တရားရုံးရဲ့ ပြစ်ဒဏ်ပေးခြင်းကို ခံရမှာဖြစ်ပါတယ်။ မျက်မြင်သက်သေမရှိတဲ့ လူသတ်မှုတစ်မှုပေါ်ပေါက်အောင် စစ်ဆေးနိုင်လို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဂုဏ်မယူမိပါဘူး။

ဘာကြောင့်လဲဆိုရင် ကျွန်တော် တာဝန်မှူးကျခိုက် မှုခင်းဖြစ်ပွားလေ့ရှိတဲ့ ၁၅ ပေခုံးတံတားလိုနေရာမျိုး၊ မှုခင်းဖြစ်ပွားတတ်တဲ့ အပုပ်ချိန်မှာ တစ်စုံတစ်ခု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်မှု တစ်စုံတစ်ရာ မလုပ်မိခဲ့တဲ့အတွက်ကြောင့်ပါ။


ပြီးတော့ အသက် ၁၉ နှစ်အရွယ် မောင်နေလို လူငယ်တစ်ယောက် သေဆုံးသွားရတာ နှမြောစရာကောင်းလို့ပါ။

တိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com


လူတွေက မျက်စိနောက်လောက်အောင် ရှုပ်ယှက်ခတ်နေသည်။ ငါးစည်များကို ဝုန်းခနဲ ဝုန်းခနဲချသံက တုန်လှုပ်စရာ။ အပြိုင်အဆိုင် အော်ရောင်းနေသော ဈေးသည်များက မျက်စိရှုပ်၊ နားရှုပ်ဖို့ကောင်းနေသည်။ ဒီကြားထဲ တောင်းရမ်းစားသောက်နေသောလူနှစ်ယောက်၏ စည်းဝါးမကျသော ဂီတသံကတစ်မျိုး။

သို့သော် မောင်ဦးစိတ်ဝင်စားနေသည်က ပါးချိုင့်ကလေးနှင့်အမျိုးသမီးဖြစ်သည်။

မောင်ဦးသည် သင်္ဘောလက်ရန်းကိုကိုင်ရင်း ဖောတံတားပေါ်က လူများကို ငေးနေသည်။ မိဘဆွေမျိုးသားချင်းများလည်းပါမည်။ မိတ်ဆွေသူငယ်ချင်းများလည်းပါမည်။ အလစ်သမားတေိုများလည်းပါမည်။ ကုန်သည်ပွဲစားများလည်းပါမည်။ စသည်ဖြင့် အလွှာအတန်းအစား အမျိုးမျိုးပါမည်ဟု မောင်ဦးထင်သည်။

သင်္ဘောမထွက်မီ သင်္ဘောပေါ် တက်၍တစ်မျိုး၊ ဖောတံတားပေါ် ကတစ်မျိုး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သာရေး၊ နာရေး စသည်ဖြင့် မေးကြမြန်းကြ၊ ပြောကြဆိုကြနှင့် သင်္ဘောမထွက်မချင်း ပြောမဆုံးပေါင် တောသုံးတောင်လို့ ဆိုရမည်။

မောင်ဦးတို့လို ပို့သူမရှိ၊ မေးသူမရှိ၊ တစ်ကိုယ်တည်းများအဖို့တော့ သူများတကာတွေ ပြောသံဆိုသံ နားထောင်ရင်း အတွေးနယ်ချဲ့ဖို့သာရှိသည်။

မောင်ဦးကမြေလတ်ပိုင်းဇာတိ၊ တစ်ကိုယ်တည်းသမား၊ ရန်ကုန်မှာ လာ၍အခြေချနေသူဖြစ်သည်။ တစ်ဖက်ကလည်း ရုံးအမှုထမ်း၊ တစ်ဖက်ကလည်း ဝါသနာအရ စာလေးဘာလေး မတောက်တခေါက်ရေးနေသူ။ စာပေနယ်မှာက ကလောင်ဟောင်းမဟုတ်သော်လည်းကလောင်သစ်လည်းမဟုတ်သူ။ ကလောင်သွေးနေချိန်။

* * *

တစ်နေ့ မြစ်ဝကျွန်းပေါ်သား မိတ်ဆွေရေးဖော်တစ်ယောက်နှင့် အသိဖြစ်ရင်း သူ့မိတ်ဆွေက သူနေထိုင်ရာ မြစ်ဝကျွန်းပေါ်မြို့သို့ လာလည်ရန် ဖိတ်ခေါ်သည်။ လိပ်စာလည်းပေးသည်။ ပထမတော့ မောင်ဦး သွားဖို့မရည်ရွယ်။

အကြောင်းတိုက်ဆိုင်လာတော့ ရုံးအားတုန်း တစ်နေရာကို ခရီးထွက်ရင်း ရေးစရာအကြောင်းလေးများ ရှာလိုသူ ရေးဖော် ကိုနီမိုး၏ တိုက်တွန်းချက်ဖြင့် မြစ်ဝကျွန်းပေါ်သား မိတ်ဆွေကို သတိရကာ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ အခုတော့ သင်္ဘောမထွက်မီ မောင်ဦးတို့ ဒုက္ခခံနေရပြီ။

မောင်ဦးအဖို့တော့ ဒုက္ခဟုမခံစားမိ။ ရေလမ်းခရီး ညအိပ်သင်္ဘောဆိုတော့ အတွေ့အကြုံတစ်မျိုးဟု သဘောထားသည်။ မောင်ဦးမိတ်

---

**အမျိုးသမီး၏**
**ထူးခြားသောပါးချိုင့်လေးက**
**မောင်ဦးကို ဆွဲဆောင်နေသည်။**
**မောင်ဦးက ပါးချိုင့်ကို**
**ချစ်တတ်သူ၊ သည်တော့**
**မောင်ဦး စိတ်ဝင်စားမိသည်က**
**မလွန်။ သူမှာ**
**ပါးချိုင့်လေး နှင့်ပေါကိုး။**

www.burmeseclassic.com

www.burmeseclassic.com

ဆွေ ရေးဖော်ကြီး ကိုနီမိုးဆိုလျှင် ရေးကွက်တွေများ တွေးနေသလား၊ ဇာတ်လမ်းပဲ စဉ်းစားနေသလားဟု အောက်မေ့ရသည်။ ငြိမ်လို့၊ လူတွေက ရှုပ်ရှုပ်ထွေးထွေး၊ အသံပေါင်းစုံက ဆူဆူညံညံ၊ ပူလိုက်အိုက်လိုက်သည်မှာလည်း ပြောမပြတတ်။ ထိုဒုက္ခများကြားတွင် ကိုနီမိုးတစ်ယောက် အတွေးနယ်ချဲ့နေသည်။

မောင်ဦးသည်သင်္ဘောဦးဘက်နားတွင် သင်္ဘောလက်ရန်းကိုကိုင်၍ ဗောပေါ်သို့ကြည့်နေသော အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်၊ ပါးချိုင့်လေးနှင့် အမျိုးသမီးတစ်ယောက်ကို မြင်လိုက်မိသည်။ အစကတော့ မြင်မြင်ချင်း မောင်ဦးစိတ်မဝင်စားမိ။ သို့သော် အမျိုးသမီး၏ ထူးခြားသော ပါးချိုင့်လေးက မောင်ဦးကို ဆွဲဆောင်နေသည်။ မောင်ဦးက ပါးချိုင့်ကို ချစ်တတ်သူ၊ သည်တော့ မောင်ဦး စိတ်ဝင်စားမိသည်က မလွန်။ သူမမှာ ပါးချိုင့်လေးနှင့်ပေကိုး။

ပါးချိုင့်လေးနှင့်အမျိုးသမီးက ဗောတံတားပေါ်ကိုကြည့်ကာ တစ်စုံတစ်ယောက်နှင့် စကားပြောနေပုံရသည်။ မောင်ဦးနေရာက သင်္ဘောအလယ်ဘက်က၊ သူမရပ်နေသောနေရာကို ဘေးတိုက်အနေအထားမြင်ကွင်းဖြစ်သည်။ ပါးချိုင့်နှင့်အမျိုးသမီး၏ အပြေအလျော၊ အဝန်းအဝိုက်များက အပိုအလိုမရှိ ဖွံ့စည်းထားသည်။ မောင်ဦးကဗောတံတားပေါ်က မျက်စိအာရုံကို သင်္ဘောဦးဘက်ကို ပြောင်းလိုက်သည်။

*　*　*

"ဒူးရင်းယို၊ ရှောက်ယိုရမယ်"

ဈေးသည်တစ်ယောက်၏ စူးရှသော အော်သံက မောင်ဦး၏စိတ်ကူးယဉ်အတွေးကို ဖြိုခွင်းလိုက်သည်။ သို့တစေ သင်္ဘောပဲ့ဘက်သို့ မျက်စိကစားလိုက်သော် ပါးချိုင့်လေးနှင့်အမျိုးသမီး၏ လျှပ်တစ်ပြက်အကြည့်ကို မောင်ဦး မြင်မိအောင် မြင်လိုက်သေးသည်။

သင်္ဘောက အချိန်စေ့၍ပဲလား၊ လူနှင့်ကုန်နှင့် အဆမတန်ဖြစ်နေ၍ပဲလား၊ ရှာဖွေရေးပဲ ရှာပြီးလို့ပဲလားတော့မသိ။ သင်္ဘောထွက်ဖို့ ဥသြတော့ဆွဲနေပြီ။ လိုက်ပို့သူများ၊ နှုတ်ဆက်သူများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အလစ်သမားငတိုများအားလုံး သင်္ဘောပေါ်က ဆင်းကုန်ကြပြီ။

ဗောတံတားပေါ်နှင့် သင်္ဘောပေါ် အပြန်အလှန် ကျွက်ကျွက်ညံအောင် အော်ဟစ်၍ စကားပြော၊ နှုတ်ဆက်နေကြသည်။ မောင်ဦးနှင့်ကိုနီမိုးကတော့ လိုက်ပို့သူ၊ စကားပြောသူမရှိ၍မြင်ကွင်းအသစ်အဆန်းများကို ဟိုကြည့်ဒီကြည့်နှင့် မျက်စိကို အလုပ်ပေးထားသည်။ သင်္ဘောက ကမ်းနှင့်အခွာတွင် လိုက်ပို့သူများ ပို၍ဆူညံလာသလား အောက်မေ့ရသည်။

မောင်ဦးတစ်ယောက် သင်္ဘောဦးဘက်ကို အာရုံရောက်နေသည်။ ပါးချိုင့်နှင့်အမျိုးသမီးက ဗောတံတားပေါ်ကို လက်ပြနေသည်။ ပြန်လက်ပြသူကို မောင်ဦးကြည့်မိသည်။ အဘွားကြီးတစ်ယောက်ဖြစ်သည်။ အမေလား၊ အဒေါ်လား။ နောက်အမျိုးသမီးက သင်္ဘောပဲ့ဘက်ကို မျက်စိကစားလိုက်ပြန်သည်။ မောင်ဦးက သင်္ဘောပဲ့ဘက်ကို မျက်စိကစားလိုက်ပြန်သည်။ မောင်ဦးက သင်္ဘောဦးဘက်ကို မျက်စိကစားနေသူဆိုတော့မျက်စိချင်းဆုံသွားသည်။ မခို့တရို့အကြည့်ထက် ပါးချိုင့်လေး

**ထိုစာကြောင်းများ အောက်ဘက်တွင် ရေးသားထားသောစာကြောင်းကို ဆက်ဖတ်လိုက်သောအခါ မောင်ဦးမျက်လုံးထဲတွင် ပါးချိုင့်ကလေး ပျောက်သွားသည်။ မောင်ဦးအလစ်တွင် ခိုးကြည့်လိုက်သော သူမ၏ စူးစမ်းသောအကြည့်ကို သတိရသည်။**

www.burmeseclassic.com

ကို မောင်ဦးပို၍သဘောကျသည်။ ဖြူဝင်းသောအသားနှင့် လိုက်ဖက်သည်ဟုထင်သည်။

"မောင်ဦး သင်္ဘောထွက်ပါပြီကွာ၊ ထိုင်ပါတော့"

ကိုနီမိုးက လက်ကိုဆွဲ၍ထိုင်ခိုင်းလိုက်သည်။

"တို့ ဒီညတော့ တစ်ညလုံး အိပ်လိုက်သွားရမယ်ထင်တယ်၊ ဘေးကလူတွေ ပြောတာတော့ မိုးမလင်းမီ မနက် ၃ နာရီလောက် သင်္ဘောကပ်မယ်တဲ့"

"ဗျာ.....အင်း ဟုတ်မှာပေါ့"

မောင်ဦးက ကယောင်ကတမ်းနှင့် ပြောလိုက်သည်။

"အလစ်သမားတွေ သောင်းကျန်းတာကတော့ မပြောနဲ့၊ ဟိုတစ်ခေါက် အခုလိုအပြန်တုန်းကဆို အဒေါ်တို့အနားက လူတစ်ယောက်ဝယ်လာတာ၊ ဘာတဲ့ ကာရာအိုကေစက်ဆိုလား၊ ညဦးက သင်္ဘောပေါ်မှာ ဖွင့်တောင်နေသေးတယ်၊ သူ့ဘေးမှာထားပြီး အိပ်နေတုန်း ဖြုန်းဆို အဲဒီစက်ကြီးဆွဲပြီး ရေထဲခုန်ချသွားရော"

"တော်တော်ရဲတာပဲနော်"

ကိုနီမိုးနှင့်ဘေးကအဒေါ်ကြီးတစ်ယောက် စကားလက်ဆုံကျနေသည်။ ကိုနီမိုးက စာရေးကြွယ်ပေမယ့် စကားတော့မကြွယ်။ အဒေါ်ကြီးပြောသမျှကိုသာ နားထောင်နေသည်။

မောင်ဦးက စာအုပ်တစ်အုပ်အဖော်ပြုကာ သင်္ဘောဦးဘက်ကို မျက်စိကစားနေသည်။ နေရာချင်းကလည်းသိပ်မဝေး။ ကြားတွင် လူဆယ့်လေးငါးယောက်တော့ခြားမည်။ ပါးချိုင့်နှင့်အမျိုးသမီးက သင်္ဘောလက်ရန်းကိုမှီ၍ စာအုပ်ဖတ်နေသည်။ ခြေဆင်းထိုင်ကာ အောက်ပိုင်းကို စောင်ခြုံထားသည်။ စာဖတ်နေရာမှတစ်ချက်တစ်ချက် သင်္ဘောပဲ့ဘက်သို့ မျက်စိကစားလိုက်သည်။ မောင်ဦးလည်း လက်ထဲတွင် ကိုင်ထားသော စာအုပ်ကို စိတ်ဝင်စားသလား၊ မဝင်စားသလားတော့မသိ။ မျက်စိကတော့ သင်္ဘောဦးဘက်ဆီသို့သာ။

ဖျတ်ခနဲကြည့်၍ ရုပ်ခနဲ မျက်လွှာချထားသော ပါးချိုင့်နှင့်အမျိုးသမီးအကြည့်က မောင်ဦးရင်ကို တုန်လှုပ်သွားစေသည်။

* * *

ကိုနီမိုးနှင့် ဘေးကအဒေါ်ကြီးက စကားပြောလို့ မောသွားပြီလားမသိ။ ကိုနီမိုးတစ်ယောက်တော့ တခေါခေါနှင့် ဟောက်နေပြီ။ မောင်ဦးက ကိုယ့်ဖာနှင့်ကိုယ်။ သင်္ဘောတစ်စီးလုံး သင်္ဘောဘယ်ဘက်ခြမ်းအလယ်လောက်က စကားထိုင်ပြောနေသံကလွဲ၍ သင်္ဘောစက်သံသာ ကြားနေရသည်။ သင်္ဘောအပြင်ဘက်သို့ ကြည့်လိုက်လျှင် ဟိုအဝေးဆီတွင် မှောင်မည်းမည်း။ မြစ်ကမ်းပါးမှ မှိတ်တုတ်မှိတ်တုတ် မီးရောင်ကလေးများသာ မြင်နေရသည်။

ပါးချိုင့်နှင့်အမျိုးသမီးလည်း မအိပ်သေး။ စာအုပ်ကိုင်၍ သင်္ဘောပေါ်တွင် မျက်စိကစားနေသည်။ မောင်ဦးတစ်ယောက်လည်း မျက်စိညောင်းသွားကာ စာအုပ်ကို ဘေးတွင်ချ၍ အညောင်းဆန့်လိုက်သည်။

သို့သော် သင်္ဘောပဲ့ဘက်ကို ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်။ အကြည့်ချင်းဆုံတော့ ရင်ခုန်တာလား ဘာလားတော့မသိ။ မောင်ဦးရင်ထဲမှာ ဒိန်းခနဲဖြစ်သွားသည်။

သင်္ဘောယာဘက်ခြမ်းတွင်တော့ ပါးချိုင့်ပါအမျိုးသမီးနှင့် မောင်ဦးတို့နှစ်ယောက်သာ ကျန်တော့သည်။ အားလုံးအိပ်ကုန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တချို့ဆို တခေါခေါဟောက်နေပြီ။ တစ်ချက်တစ်ချက်တွင် သင်္ဘော စက်သံ တဒုန်းဒုန်းအသံက ပို၍ မြည်လာသယောင် ထင်ရသည်။

မောင်ဦးတစ်ယောက် မသွားဖူးသောခရီးမို့ အိပ်လို့မရ၍ပဲလား၊ ကျပ်တည်းနေသော လူများကြောင့်ပဲလား၊ ပါးချိုင့်ကလေးနှင့် မျက်လုံးချင်းဆုံ နေရ၍ပဲလားတော့မသိ။ မျက်စိကျယ်နေပုံရသည်။ စာအုပ်ကို ဘေးတွင်ချ၍ ဟိုကြည့်ဒီကြည့်နှင့် ကြည့်နေမိသည်။ ပါးချိုင့်နှင့်အမျိုးသမီးကလည်း မျက်စိကျယ်နေ၍လား၊ စာဖတ်ချင်နေ၍ပဲလားမသိ။ အခုထိတော့ မအိပ်သေး။



သို့သော် သင်္ဘောပဲ့ဘက်သို့ ကြည့်လိုက်တိုင်း မောင်ဦးနှင့်မျက်လုံးချင်းဆုံမိသည်ကတော့အမှန်။ မောင်ဦးအကြည့်၊ မောင်ဦးမျက်လုံး ဒဏ်ကို မခံနိုင်၍ဘဲလား၊ မျက်လုံးချင်းဆုံမိတိုင်း မျက်လွှာချသွားသည်။ စာဖတ်နေသော်လည်း မျက်စိက အအားမနေ။ မှောင်မည်းနေသော အပြင်ဘက်နှင့် အိပ်မောကျနေသော လူများကိုကြည့်ကာ တစ်စုံတစ်ခုကို တွေးနေပုံရသည်။

မောင်ဦးက ပါးချိုင့်လေးကို စိတ်ဝင်စားနေ၍ သင်္ဘော၏ မှုန်ပျပျ မီးရောင်အောက်တွင် မကြာခဏ ခိုးကြည့်နေမိသည်။ မျက်လုံးချင်းဆုံတိုင်း မျက်လွှာချသွားသည်သာဖြစ်သည်။ သို့သော် မောင်ဦး နောက်တစ်ခါ ပြန်မကြည့်ခင် အလစ်ခိုးခိုး ကြည့်သည်။ သည်အကြည့်ကို မောင်ဦးကအမိဖမ်းသည်။ ပြီးတော့ မောင်ဦးက မျက်စိကို ဟိုကြည့်ဒီကြည့်နှင့် အာရုံပြောင်းလိုက်သည်။

မိန်းကလေးတစ်ယောက်ကို သည်လိုကြည့်လျှင်တော့ ရိုင်းသည်ဟု မောင်ဦးထင်သည်။ မောင်ဦးက လည်း လူပါး။ မသိမသာခိုးခိုးကြည့်ကာ ဖျတ်ခနဲ မျက်စိအာရုံကိုပြောင်းပစ်သည်။

* * *

ယခုမှကြည့်မိသည်။ သင်္ဘောဦးဘက် သံဃာတော်များအတွက် အခန်းကို ခရီးသွားများနှင့် ခွဲခြားထားသည်။ ထိုအခန်း၏ သစ်သားနံရံပေါ်တွင် ထင်ရှားသော စာလုံးကြီးများကို ရေးထားသည်။

"------ရေယာဉ်၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ"

အောက်ဘက်တွင် စာလုံးအဖြူနှင့် ရေးထားသေးသည်။

"မီးဘေးရှောင် မလောင်ခင်တား"

"ကျန်းမာသန့်ရှင်း ရောဂါကင်း"

သို့သော် ထိုစာကြောင်းများအောက်ဘက်တွင် ရေးသားထားသော စာကြောင်းကို ဆက်ဖတ်လိုက်သောအခါ မောင်ဦးမျက်လုံးထဲတွင် ပါးချိုင့်ကလေး ပျောက်သွားသည်။ မောင်ဦးအလစ်တွင် ခိုးကြည့်လိုက်သော သူမ၏ စူးစမ်းသော အကြည့်ကို သတိရသည်။ ညဉ့်နက်သည့်တိုင်အောင် မအိပ်သေးသော သူမအဖြစ်ကို တွေးမိသည်။

မောင်ဦးစိတ်ထဲကလည်း..... "ဩော်.....ဒီလိုပါလား"ဟု တွေးလိုက်ကာ တခေါခေါဟောက်နေသော ကိုနီမိုးဘေးတွင် ကွေးကွေးကလေး ဝင်အိပ်လိုက်တော့သည်။

ထိုစာကြောင်းကား.....

"အလစ်သမား သတိထား"

မောင်မြင့်မား(ဂိုဏ်းကလေး)

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း


## အမျိုးသား ၂၃ ဦးနှင့် အိမ်ထောင်ပြုခဲ့သူ



အမေရိကန်ပြည်ထောင်စု၊ အင်ဒီယားနားပြည်နယ်တွင် Linda Wolfe အမည်ရှိ အမျိုးသမီးတစ်ဦးသည် အသက်(၁၆)နှစ်အရွယ်တွင် သူမအိမ်ဘေးရှိ သက်တူရွယ်တူ ကောင်လေးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ မိဘများ သဘောမတူသော်လည်း ခိုးရာလိုက်ပြေးခဲ့ကြသည်။ သူမမှာ အချစ်စစ်ကို ရှာမတွေ့ဘဲ ကွာရှင်းပြတ်စဲကာ နောက်အိမ်ထောင်ပြုခဲ့သည်။ ဤကဲ့သို့ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ပြုခဲ့ရာ ၂၃ ယောက် ပြည့်မြောက်ခဲ့သည်။ ယခု သူမတွင် သားသမီး ၇ ဦး ထွန်းကားပြီး မြေးများပင်ရလျက် ရှိသည်။ သူမအသက်မှာလည်း ၆၈ နှစ်ရှိပြီဖြစ်ပြီး ကမ္ဘာ့အိမ်ထောင်ပြုအရေအတွက်အများဆုံးအဖြစ် စံချိန်တင်ထားသည်။ ယခုအခါ အမျိုးသားအားလုံးနှင့်ကွာရှင်းထားပြီး အချို့အမျိုးသားများမှာ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ သူမသည် ဘဝ၏ အထီးကျန်ဝေဒနာကိုမခံစားနိုင်ဘဲ နောက်အိမ်ထောင်ပြုရန် အစီအစဉ်ရှိသေးကြောင်းသိရသည်။ Ref: International News

---

## ကြင်နာတတ်သော ဖုန်းသူခိုး



တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်တွင် နေထိုင်သော အမျိုးသားတစ်ဦးသည် ရှိုးပွဲတစ်ခုမှ အိမ်သို့ အခြားလူတစ်ဦးနှင့် တက္ကစီစီး၍ ပြန်လာခဲ့ပြီး အိမ်သို့ရောက်သောအခါ ဖုန်းမှာ ပျောက်ဆုံးလျက်ရှိသည်။ သူ၏ ဖုန်းကို တက္ကစီပေါင်းစီးသည့်လူက ခိုးယူခဲ့ခြင်းဖြစ်ပြီး ဖုန်းအမျိုးအစားမှာ i phone အမျိုးအစားဖြစ်ပြီး ဗြိတိန်ပေါင် ၂၇၀ ခန့် တန်ဖိုးရှိသည့် ဈေးကြီးသောစမတ်ဖုန်းဖြစ်သည်။

ထိုသူသည် ဖုန်းထဲတွင် မှတ်သားထားသော မိတ်ဆွေများ၏ ဖုန်းနံပါတ်ပေါင်း ၁၀၀၀ ကျော် ရှိနေသည့်အတွက် အပူတပြင်းရှာဖွေခဲ့သည်။ ဖုန်းပျောက်ပြီး နောက်တစ်နေ့တွင် သူ့ထံ ပါဆယ်တစ်ထုပ် ရောက်လာ၍ ဖွင့်ကြည့်ခဲ့ရာ စာရွက်ပေါင်း ၁၁ ရွက်တွင် သေသေသပ်သပ် ဘောလ်ပင်နှင့်ကူးထားသော သူ၏ဖုန်းထဲမှ ဖုန်းနံပါတ်စာရင်းများကို အံ့သြစွာတွေ့ခဲ့ရသည်။ ကြင်နာတတ်သော သူခိုးပင်ဖြစ်လေသည်။

Ref: Daily Mail

www.burmeseclassic.com


www.burmeseclassic.com



## အမဲလိုက်မှုဆိုးကြောင့် ကံဆိုးခဲ့သော အဘိုးအို

နော်ဝေနိုင်ငံတွင် အမျိုးသား တစ်ဦးသည် တောထဲတွင် သစ်ဖြင့် ဆောက်လုပ်ထားသော ယာယီအိမ် ငယ်လေးထဲတွင် တည်းခိုပြီး အပျော် တမ်း အမဲလိုက်ခရီးထွက်ခဲ့သည်။

တစ်နေ့၌ အမဲလိုက်ရင်း ကျား တစ်ကောင်အား သေနတ်ဖြင့်ပစ် ခတ်ရာ ကျည်မှာ သားကောင်ကို မထိဘဲ သစ်သားအိမ်ငယ်နှင့် တွဲ လျက်ဆောက်ထားသော အိမ်သာ ထဲတွင်အပေါ့သွားနေသော အသက်



(၇၁)နှစ်အရွယ် အဘိုးအို တစ်ဦးကို ကံဆိုးစွာ ထိမှန်ခဲ့သည်။

အဘိုးအိုအား ရဟတ်ယာဉ် ဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ကျည် ဆန်မှာ အစာအိမ်ကို ထိမှန်ခဲ့ ကြောင်း သိရသည်။

ယခုအခါ ဒဏ်ရာမှာ သက် သာလာပြီဖြစ်ကြောင်း စုံစမ်းစစ် ဆေးရေးအရာရှိ Ander Stroemsa etherm က ပြောကြားခဲ့သည်။

သားကောင်မှာ ထွက်ပြေး လွတ်မြောက်သွားပြီး အမဲလိုက်သူ အား စုံစမ်းစစ်ဆေးရန် အော်စလို မြို့သို့ ခေါ်ဆောင်သွားကြောင်း ရဲ တပ်ဖွဲ့မှ ပြောကြားခဲ့သည်။

Ref: Jewish News

## အမူးလွန်၍ ကျောက်ကပ်အခိုးခံရသည့် တက္ကသိုလ်ကျောင်းသူ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီချောင် တက္ကသိုလ်မှ ကျောင်းသူ လေးတစ်ဦးသည် ပါတီပွဲတစ်ခုသို့ တက်ရောက်ကာ အရက်များအလွန် အကျွံသောက်ကာ ကောင်လေးတစ် ယောက်နှင့် ခင်မင်ရင်းနှီးခဲ့သည်။

သူတို့သည် ခေတ်မီခမ်းနား သည့် ဟိုတယ်အခန်းတစ်ခုကို ငှား ရမ်းကာ အရက်ထပ်သောက်ကြပြီး အိပ်ပျော်သွားကြသည်။ ပြန်လည်နိုး ထလာသောအခါ သူမ ခန္ဓာကိုယ် တစ်ခုလုံး ရေချိုးဇလုံထဲရှိ ရေခဲတုံး များအကြား နစ်မြုပ်နေသည်။ ရေ ချိုးဇလုံဘေးတွင် အနီရောင်စာရွက် တစ်ခုတွေ့၍ ဖတ်ကြည့်ရာ သူမမှာ မကြာခင် သေဆုံးရမည်ဖြစ်၍ အရေးပေါ်ဖုန်းနံပါတ် ၁၂၀ ကို ဖုန်း ခေါ်ခိုင်းသည့် စာဖြစ်နေသည်။



သူမသည် အရေးပေါ်ဖုန်း နံပါတ် ၁၂၀ သို့ ဖုန်းခေါ်ရာ ဆရာဝန်တစ်ဦးဖုန်းကိုင်၍ သူမ၏ အဖြစ်အပျက်ကို ရှင်းပြခဲ့သည်။ ဆရာဝန်က သူမ၏ နောက်ကျော ဘက်ကိုစမ်းကြည့်ခိုင်းရာ ၉ လက်မ ခန့်ကျယ်သော ဓားဒဏ်ရာနှစ်ခုကို တွေ့ရှိခဲ့ရသည်။ ဆရာဝန်က ရေခဲ ရှိသည့် ရေချိုးဇလုံတွင် ပြန်မှောက် နေခိုင်းခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့ ရောက်ရှိ လာချိန် စမ်းသပ်ကြည့်ရှုရာ သူမ၏ ကျောက်ကပ်နှစ်ခုလုံး အခိုးခံထားရ သည်ကို တွေ့ရှိခဲ့ရသည်။ သူမ သည် ဆေးရုံ၌ ကျောက်ကပ်အလှူ ရှင် စောင့်နေရင်းနှင့်ပင် သေဆုံး သွားခဲ့ရသည်။ တရုတ်နိုင်ငံတွင် ကျောက်ကပ်မှောင်ခိုဈေးမှာ အမေရိကန်ဒေါ်လာ သုံးသိန်းခန့် ပေါက်ဈေးရှိနေပြီး မှောင်ခိုသမား များသည် ပုံစံအမျိုးမျိုးနှင့် သား ကောင်များကို လိုက်ရှာနေကြသည်။ အထူးသဖြင့် အမူးလွန်တတ်သည့် မိန်းကလေးများကို ပစ်မှတ်ထား ကြောင်း သိရသည်။

Ref: International News

ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## မိဘအုပ်ထိန်းမှု မကင်းသေးသည့် အရွယ်မရောက်သေးသူအား ပထွေးဖြစ်သူက အဓမ္မပြုကျင့်ရန် ကြံစည်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်အတွင်း မိခင်ဖြစ်သူ၏နောက်အိမ်ထောင်မှ အရွယ်မရောက်သေးသည့် မိန်းကလေးအား သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်ခဲ့မှုအား မိခင်ဖြစ်သူမှ သိရှိပြီး အမှုဖွင့်တိုင်ကြားခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၃-၁၂-၂၀၁၃ ရက်နေ့၊ ညနေ ၄ နာရီအချိန်တွင် မ---(၃၆ နှစ်)၊ ပန်းရန်လုပ်၊ မကြီးပင်လမ်း၊ အတွင်းပဒံကျေးရွာ၊ လှိုင်သာယာမြို့နယ်နေသူသည် လှိုင်သာယာမြို့နယ်အတွင်း ပန်းရန်အလုပ်လုပ်နေစဉ် သမီးဖြစ်သူ မ---(၁၄ နှစ်) ရောက်ရှိလာခဲ့ပြီး မိခင်ဖြစ်သူ၏ နောက်အိမ်ထောင် သန်းမင်းသူ(ခ)ကြက်ကုလား (၂၄ နှစ်)မှ မ-- အား သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်နေစဉ်အချိန် တစ်လမ်းတည်းနေ မမိုးသဇင်၏အသံကြားရသဖြင့် ပြုကျင့်ရန် အထမမြောက်ခဲ့ကြောင်း ပြောပြသိရှိခဲ့ရသည်ဆို၏။

မ---မှ တရားလိုပြုလုပ်၍ သောင်ကြီးမြို့နယ်၊ နယ်မြေရဲစခန်း (ပ) ရရရ/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆/၅၁၁ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် ခင်စိုးက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

## အဆောက်အအုံ ဆောက်လုပ်နေထိုင်ခွင့်မရှိသည့်နေရာတွင် ကျူးကျော်ဆိုင်တဲ ဆောက်လုပ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေး ဝဲ/ယာ ပေ (၁၅၀)တွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခွင့်မရှိဘဲ ဦးဇော်နိုင် (၃၅ နှစ်)၊ ဈေးရောင်းပါ (၁၁)ဦးသည် ကျူးကျော်ဆိုင်တဲများ ဆောက်လုပ်နေထိုင်ခဲ့ကြသဖြင့် တက်သစ်နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၃-၁၂-၂၀၁၃ ရက်နေ့တွင် ဒေါ်မြမြအေး (၅၆ နှစ်)၊ မြို့ပြ လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးဝင်း၊ ထန်းတပင်မြို့နယ်နေသူ တာဝန်ထမ်းဆောင်သော ထန်းတပင်မြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး ဝဲ/ယာ ပေ (၁၅၀)အတွင်း အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခွင့်မရှိကြောင်း သိရသည်။

ထိုသို့ နေထိုင်ခွင့်မရှိသော်လည်း ဦးဇော်နိုင် (၃၅ နှစ်)၊ ဈေးရောင်း၊ တူးချောင်းကျေးရွာ၊ ထန်းတပင်မြို့နယ်နေသူပါ (၁၁)ဦးတို့မှ ကျူးကျော်ဆိုင်တဲများ ဆောက်လုပ်နေထိုင်ခဲ့ကြသဖြင့် ၁၈-၁၀-၂၀၁၃ ရက်နေ့ နောက်ဆုံးထားဖယ်ရှားပေးရန်နှင့် မဖယ်ရှားပါက ဥပဒေအရ အရေးယူမည်ဟု အသိပေးခဲ့ပြီးဖြစ်သည်ဆို၏။

မိုင်တိုင်အမှတ် ၆/၃ မှ ၁၇/၄ အတွင်း ကျူးကျော်ဆိုင်တဲများ ဆောက်လုပ်နေထိုင်သူ ဦးဇော်နိုင်ပါ (၁၁)ဦးသည် ယနေ့အထိ အဆောက်အအုံများ ပြောင်းရွှေ့ဖယ်ရှားခြင်းမရှိခဲ့ကြောင်း သိရသည်။

ဒေါ်မြမြအေးက တရားလိုပြုလုပ်တိုင်ကြားခဲ့သဖြင့် တက်သစ်နယ်မြေရဲစခန်း (ပ) ၁၂၅/၂၀၁၃၊ လမ်းမကြီးများဥပဒေပုဒ်မ ၇(ခ)ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် ထင်လင်းဦးက ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

# အဲယားကွန်းပြုပြင်သူ လူငယ်လေးနှစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ရမှု

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်တွင် အဲယားကွန်းလုပ်သားနှစ်ဦး အဲယားကွန်းပိုက်အား အပူခံပြားပတ်နေစဉ် ဓာတ်လိုက်၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၃-၁၂-၂၀၁၃ ရက်နေ့ ညနေ ၄ နာရီ ၅၅ မိနစ် အချိန်ခန့်က ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၀၆၊ ပြုပြင်ဆဲ အဆောက်အအုံ ဒုတိယထပ်တွင် လူနှစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း ကျောက်တံတားမြို့မရဲစခန်းမှ သတင်းရရှိခဲ့သည်ဆို၏။

သတင်းအရ ကျောက်တံတားမြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ယုကြည်၊ ကျောက်တံတားမြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးမြင့်ကြိုင်၊ တာဝန်မှူး ဒုရဲအုပ် အောင်သန်းဝင်းတို့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးခဲ့ရာ သေဆုံးသူများမှာ စန်းညွန့်မောင် (၁၆ နှစ်)၊ အဲယားကွန်းလုပ်သား၊ အမှတ် ၂၅၅၊ ဗမ္ဘူသီရိ(၈)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်နေသူနှင့် ဝေယံဖော် (၁၄ နှစ်)၊ အဲယားကွန်းလုပ်သား၊ အမှတ် ၃၁၁၊ ဗမ္ဘူသီရိ(၈)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်နေသူတို့နှစ်ဦးဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့သည် အဲယားကွန်းပိုက်အား အပူခံပြားပတ်နေစဉ် သံပြွန်းနှင့်ထိနေသော အုတ်နံရံဖောက်သည့် ဖောက်စက်ဖြင့် သွယ်တန်းထားသော ဝါယာကြိုးပေါက်ပြီး ဓာတ်လိုက်၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်းနှင့် စန်းညွန့်အောင်အား ပီအာရ် ၀၀၁ ဖြင့်လည်းကောင်း၊ ဝေယံဖော်အား ပီအာရ် ၀၅၄ ဖြင့်လည်းကောင်း လက်ခံထားရှိခဲ့ကြောင်း သိရသည်။

တာဝန်မှူး ဒုရဲအုပ် အောင်သန်းဝင်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ကျောက်တံတားမြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် ၁၃/၂၀၁၃ ဖြင့် အမှုဖွင့်လှစ်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး မျိုးမြင့်ကြိုင်က ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

BURMESE CLASSIC .com

# အိမ်တွင် ဖုန်းလာရောက်ပြုပြင်သူမှ ခိုးမှုကျူးလွန်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်အတွင်း လွန်ခဲ့သော ၆-၉-၂၀၁၃ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်ခန့်က ဦးဇော်မင်း (၆၈ နှစ်)၊ ၅၅ လမ်း၊ ၄ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေသူသည် နေအိမ်မှ ပါရဂူဆေးခန်းသို့ သွားရောက်ပြသပြီး ပြန်လာစဉ် နေအိမ်ရှိ ဗီရိုထဲတွင်ထားခဲ့သော ကျပ် ၁၀၀၀ တန် ငွေစက္ကူကျပ် (၃၂) သိန်းနှင့် JAVA အမျိုးအစား အဖြူရောင်ဟန်းဆက်(ဆင်းကတ်မပါ) တစ်လုံး၊ တန်ဖိုးကျပ် ၃၀၀၀၀ တို့မှာ ပျောက်ဆုံးသွားကြောင်း သိခဲ့ရသည်ဆို၏။

၎င်းပျောက်ဆုံးခဲ့မှုအား အိမ်ဖော်ဖြစ်သူ မနှင်းနှင်းနှင့် မသန္တာဝင်းတို့အား မေးမြန်းခဲ့ရာ ယခင်က ဖုန်းပျက်လျှင် လာရောက်ပြင်ပေးလေ့ရှိသူ ကိုသူဇော် (၂၇ နှစ်)၊ အမှတ် ၃၀၂၊ မဂ္ဂင်ကျောင်းလမ်း၊ ဘိုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူမှ ခိုးယူသွားခဲ့ကြောင်း သိရှိခဲ့ရသည်။

ဦးဇော်မင်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဗိုလ်တထောင်မြို့မရဲစခန်း (ပ) ၂၄၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်၍ ဒုရဲအုပ် ဆွေလှိုင်ဦးက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းစီးပွား အခက်အခဲမရှိအဆင်ပြေနေမည်မှတ်ပါ။ မြို့ပြ ပြည်ရွာဒေသအရပ်တို့တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းမည်။ အိမ်တွင်းရေး၊ အိမ်ပြင်ရေးစိတ်အနှောင့်အယှက်ကြုံရတတ်သည်။ အကြီးအကဲ၊ အထက်အရာရှိတို့မှ ကူညီခြင်းခံရတတ်သည်။ အထူးကံကောင်းသောလဟုမှတ်ပါ။

**ကံကောင်းအရောင်။** အဖြူထဲတွင် ခဲပုပ်ရောင်ကွက်စိပ်ဝမ်းဆက် ဝတ်ဆင်ပါ။


**အချစ်ရေး။** ဘဝတစ်ကွေ့ခဏတွေ့သော်လည်း တစ်သက်မမေ့မည့်အချစ်မျိုးမှတ်ပါ။

**ကျန်းမာရေး။** အရိုးအကြော ဒုက္ခပေးတတ်သည်။ အာရုံကြော၊ ဇက်ကြော သတိထားပါ။

**ထီထိုးရန်။** (ဃ) ၄-၂၊ (င) ၄-၃၊ (စ) ၄-၁။

**ယတြာ။** မွေးနံထောင့်တွင် သပြေ၊ ခံတက် ကိုးညွှန့်နှင့် ရေသက်စေ့ကပ်လှူပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရန်ဘက်၊ ပြိုင်ဘက်ကင်းပြီး လုပ်ငန်းစီးပွား တိုးတက်ကြီးပွား ချမ်းသာမည်မှတ်ပါ။ သိန်း သန်းငွေဝင်တတ်သည်။ အောင်ဘာလေထီပေါက်တတ်သည်။ မမျှော်လင့်၊ မရည်ရွယ်သောနေရာသို့ ခရီးထွက်ရ တတ်သည်။ ထွက်လျှင်ကောင်းမည်။ မိသားစု၊ မိဘ၊ ညီအစ်ကို၊ မောင်နှမတို့ကို ကျေးဇူးပြုကိန်းမြင်သည်။

**ကံကောင်းအရောင်။** အနီပွင့်၊ စကားဝါပွင့်ပါသောအရောင်ကို ဝတ်ပါ။

**အချစ်ရေး။** ဖွင့်ပြောလိုက်ပါ။ လက်ခံလိမ့်မည်။

**ကျန်းမာရေး။** နှလုံးသွေးကြောကျဉ်း၊ ဆီးချိုရောဂါ သတိထားပါ။

**ထီထိုးရန်။** (ဆ) ၃-၄၊ (ဇ) ၃-၃၊ (ဈ) ၃-၉။

**ယတြာ။** အိမ်ဘုရားတွင် ဒန်းကြီးညွှန့် ငါးညွှန့်၊ ဂန္ဓမာပန်း ငါးပွင့် ကပ်လှူပေးပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အုပ်စုနှင့် နိုင်ငံခြားသွားရမည်။ အားကစားပြိုင်ပွဲ၊ ရေကူး၊ မြားပစ်ဖြစ်ပါက ရွှေ၊ ငွေရတတ်သည်။ ဖိမ်ခံပစ္စည်း၊ လျှပ်စစ်ဆိုင်ရာ၊ စက်မှုလက်မှုတို့ကြောင့် ဒဏ်ငွေထိတတ်သည်။ အိမ်၊ ခြံ၊ မြေကိစ္စ အရှုပ်အရှင်းပေါ်တတ်သည်။ အမှုဖြစ်ပါက နိုင်မည်။ ပညာရေးတွင် ဝီရိယအားနည်းနေသည်။ ကြိုးစားပါ။

**ကံကောင်းအရောင်။** အဝါရောင်ထဲတွင် အစိမ်းရောင်ပွင့်ရိုက်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** မိဘဆွေမျိုးတို့ကြောင့် ချစ်သူနှစ်ဦး စိတ်ဝမ်းကွဲပြီး ခွဲရတတ်သည်။

**ကျန်းမာရေး။** ဆီးအကြိတ်တည်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ခြင်း သတိပြုပါ။

**ထီထိုးရန်။** (ဓ) ၅-၇၊ (န) ၅-၄၊ (ပ) ၅-၅။

**ယတြာ။** မွေးနံထောင့်တွင် ထီး၊ တံခွန်၊ ကုက္ကား သုံးခုစီ လှူဒါန်းလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘဝကံကြမ္မာအပြောင်းအလဲများတတ်သည်။ သူတစ်ပါးကို ကူညီခဲ့သည့်ကိစ္စနှင့် ပြဿနာ တက်မည်။ နိုင်ငံခြားပို့ပေးမည်ဟုပြောပြီး အိမ်သို့ လူလိမ်လာတတ်သည်။ ငွေလက်မလွှန်သင့်ပါ။ ဘာပဲလုပ်လုပ် သတိထားပါ။ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ဝင်လာမည်။ တိုက်၊ အိမ်၊ ခြံ၊ မြေ ရောင်းရတတ်သည်။

**ကံကောင်းအရောင်။** ကြံရည်ရောင်၊ ဆင်စွယ်ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ရေး မတည်ငြိမ်သေးပါ။

**ကျန်းမာရေး။** ဝမ်းပျက်၊ ဝမ်းဖော၊ ကိုယ်လက်ရောင်ရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (ပ) ၇-၂၊ (ဿ) ၇-၁၊ (တ) ၇-၄။

**ယတြာ။** ကြက်၊ ငှက်၊ စာကလေး ကိုးကောင် အရှင် ဘေးမဲ့လွှတ်ပေးပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရာထူးတိုးပြီး လုပ်ငန်းပြောင်းရွှေ့ကိန်းရှိသည်။ ပညာရေးတွင် ရေးဖြေစာမေးပွဲ အောင်မြင် မည်။ သားသမီးတို့အတွက် ဂုဏ်ယူရကိန်းမြင်သည်။ ငွေအသုံးအဖြုန်း သတိထားပါ။ ဝင်ငွေ၊ ထွက်ငွေ မမျှဘဲ ဖြစ်နေတတ်သည်။ ဘာပဲဖြစ်ဖြစ် အထူးကံကောင်းသောလတစ်လဟု မှတ်ပါ။

**ကံကောင်းအရောင်။** အဖြူရောင်ထဲတွင် ဘော်ကြယ်ထိုး၍ ဝတ်ဆင်ပါ။

**အချစ်ရေး။** လိုက်လေ ပြေးလေ၊ လိုက်လေဝေးလေဖြစ်တတ်သည်။ ရှောင်လိုက်ပါ။

**ကျန်းမာရေး။** ခြေသလုံးအကြောအက်တတ်သည်။ သတိပြုပါ။

**ထီထိုးရန်။** (ဖ) ၄-၁၊ (ဗ) ၄-၇၊ (က) ၄-၈။

**ယတြာ။** ရေကန်ထဲသို့ ငါးကျည်း၊ ငါးခူ နှစ်မျိုးပေါင်း ကိုးကောင်လွှတ်ပေးပါ။

BURMESE CLASSIC .com

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အကြီးအကဲတို့က ချီးမြှောက်တတ်သည်။ ဆွေမျိုးဉာတိ၊ လင်မယားကြား ရန်ဘက်၊ ပြိုင် ဘက်ပေါ်တတ်သည်။ အိပ်ရာနားတွင် ဓား၊ ထီး၊ တူ တစ်ခုခု ကိုးရက်ထားအိပ်ပေးပါ။ ဘေးရန်ကင်းပျောက် ချမ်းသာရောက်လိမ့်မည်။ တိုက်၊ ခြံ၊ မြေ၊ ကား အရောင်းအဝယ် အရှုံးပေါ်တတ်သည်။ သတိထားလုပ်ပါ။

**ကံကောင်းအရောင်။** မိုးပြာရောင်၊ အညိုရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** ဘာမဟုတ်သည့်ကိစ္စဖြင့် သံသယကြောင့် လမ်းခွဲရတတ်သည်။

**ကျန်းမာရေး။** ဦးခေါင်းကိုက်ခဲသည့် ရောဂါဝေဒနာရတတ်သည်။

**ထီထိုးရန်။** (ည) ၅-၉၊ (ဋ) ၅-၅၊ (ဌ) ၅-၈။


**ယတြာ။** ဘုန်းတော်ကြီးသုံးပါးကို နဝကမ္မအလှူငွေ သုံးထောင်စီ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စီးပွားရေး၊ ပညာရေး၊ လူမှုရေး ထိပ်တန်းမှာရောက်ရှိနေသည်။ အစိုးရဝန်ထမ်းများ အလုပ် မထွက်သင့်ပါ။ ပညာရေး၊ စစ်ဘက်၊ ရဲဘက်ဖြစ်ပါက ရာထူးတစ်ဆင့်တိုးမြှင့်ခြင်းခံရမည်။ မိသားစုကိုခွဲခွာပြီး ပြည်နယ်ရပ်ခြား တိုင်းတစ်ပါးသို့ သွားရကိန်းမြင်သည်။ မိဘကျေးဇူးဆပ်ရမည်။ ကုသိုလ်ထူးလိမ့်မည်။

**ကံကောင်းအရောင်။** စိမ်း၊ ပြာ၊ ဝါ၊ နီ ရောယှက်ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။


**အချစ်ရေး။** အချစ်ရေး စန်းပွင့်သော်လည်း သစ္စာဖောက်ခြင်းခံရတတ်သည်။

**ကျန်းမာရေး။** ကျန်းမာရေးအထူးကောင်းနေသည်။

**ထီထိုးရန်။** (ဝ) ၇-၉၊ (သ) ၇-၁၊ (ဟ) ၇-၂။

**ယတြာ။** မရှိဆင်းရဲနွမ်းပါးသူကို ဆန်၊ ဆီ၊ ဆေး လှူဒါန်းပေးပါ။

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် ငွေပြုတ်၊ ရွှေထွက်၊ ရှိတာပေါင်ဖြစ်တတ်သည်။ အစစအရာရာ သတိထား ပါ။ လုံ့လ၊ ဝီရိယ၊ ဇွဲ စိုက်ထုတ်လုပ်ပါ။ အချောင်ခိုစိတ်ကို ဖျောက်ပစ်ပါ။ ကူညီမ,စ စောင့်ရှောက်မည့်သူ ပေါ် လာမည်။ ခရီးသွားပါက အကြံပေါ်မည်။ မြန်မြန်သွားလိုက်ပါ။

**ကံကောင်းအရောင်။** စိမ်းဖန့်ဖန့်ထဲတွင် အနီမျဉ်းကွက်ကျားပါသောအရောင်ဝတ်ဆင်ပါ။

**အချစ်ရေး။** ကွဲကွာနေသော အချစ်ဟောင်းနှင့် ပြန်တွေ့ပြီး အချစ်ကံကောင်းတတ်သည်။

**ကျန်းမာရေး။** ခန္ဓာကိုယ်တစ်ခုလုံး အနာ၊ အကြိတ်အဖုတို့ ထွက် တတ်သည်။

**ထီထိုးရန်။** (ပ) ၃-၈၊ (ဖ) ၃-၅၊ (ဗ) ၃-၄။

**ယတြာ။** မွေးနံထောင့်တွင် ရှားမီးတိုင် (၁၁)တိုင် မီးညှိပူဇော်ပါ။

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အလှူကြီးပေးလှူရမည်။ ရဟန်းခံ၊ ရှင်ပြုဖြစ်လိမ့်မည်။ ဗုဒ္ဓဝင် ပဋ္ဌာန်းကျမ်းတို့ပါ လှူဒါန်း ရတတ်သည်။ ဒါန၊ သီလ၊ ဘာဝနာစုံသောအခါဖြစ်မည်။ လှူလို့ရှိ ရှိလို့လှူသည့်ကိန်းထဲရောက်နေသည်။ လူမှု ရေးညှိ၊ အိမ်ထောင်ရေးကောင်းပြီး ပညာရေးသင့်ပါသည်။ တိုက်၊ ကား၊ ခြံ၊ မြေ အသစ်ဝင်မည်။

**ကံကောင်းအရောင်။** လိမ္မော်ရောင်၊ သစ်ခက်စိမ်းရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ရေးကို ဦးစားမပေးပါနှင့်။ ပညာရေးကိုသာကြိုးစားပါ။

**ကျန်းမာရေး။** လေအောင့်၊ အစာအိမ်၊ ဆီးချိုရောဂါ သတိထားပါ။

**ထီထိုးရန်။** (ယ) ၈-၉၊ (ရ) ၈-၇၊ (လ) ၈-၈။

**ယတြာ။** အိမ်ဘုရားတွင် ဗာဒံရွက်ပေါ်၌ ကျပ်စိ၊ မတ်စိ နှစ်ခုပေါင်း ကိုးခုတင်ပြီး ရှေ့ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း နယ်ဝေးမြို့ရွာတွင် ငါးမွေးကန်၊ ပုစွန်မွေးကန်လုပ်ပါ။ စီးပွားဖြစ်ထွန်းတတ်သည်။ စာအုပ်၊ စက္ကူ၊ စာပုံနှိပ်စက် တည်ထောင်ပါက အကျိုးရှိမည်။ စာပေဆု၊ တစ်သက်တာစာပေဆု ရရှိတတ်သည်။ ပညာ ရေးဝန်ထမ်းဖြစ်ပါက နယ်သို့ပို့လွှတ်ခြင်းခံရမည်။ သွားလိုက်ပါ။ သင်အကျိုးရှိလာလိမ့်မည်။

**ကံကောင်းအရောင်။** အညိုဝမ်းဆက်၊ အပြာရင့်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** စေ့စပ်ကြောင်းလမ်း တောင်းရမ်းကိန်းကြုံတတ်သည်။

**ကျန်းမာရေး။** ဆီးချို၊ သွေးချို၊ သွေးတိုးရောဂါရတတ်သည်။

**ထီထိုးရန်။** (ဃ) ၉–၉၊ (င) ၉–၈၊ (စ) ၉–၇။

**ယတြာ။** မွေးနံထောင့်ရှိဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။

---

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် အဆင်ပြေနေမည်။ အစစအရာရာ ဦးနှောက် စားစရာမလိုဘဲ အလိုလိုကံကောင်းပြီး လုပ်ချင်တာလုပ် တကယ်ဖြစ်မည်။ ရေကြောင်း သင်္ဘော၊ နိုင်ငံခြားဆိုင်ရာ ခက်ခဲသော စာမေးပွဲကို အလွယ်တကူ ဖြေဆိုအောင်မြင် တတ်သည်။ မိဘကျေးဇူးဆပ်ရမည်။ ရတနာသုံးပါး မမေ့ပါနှင့်။

**ကံကောင်းအရောင်။** အဖြူ၊ အပြာနု၊ အဝါနု ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်သူနှစ်ဦးကြား ဗျာများပြီး စိတ်ဒုက္ခရောက်တတ်သည်။

**ကျန်းမာရေး။** လေအောင့်ခြင်း၊ လေဖြတ်ခြင်းသတိထားပါ။ အစားအသောက်ဆင်ခြင်ပါ။

**ထီထိုးရန်။** (ဆ) ၁–၄၊ (ဇ) ၁–၉၊ (ဈ) ၁–၂။

**ယတြာ။** မရှိဆင်းရဲသူများကို အဝတ်သစ်နှင့် ဒံပေါက် ဒါနပြုပေးပါ။

---

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း နောက်ဆုံးပိတ်အိတ်နှင့်လွယ်ဆိုသလို အောင်ဘာလေ သိန်းဆုကြီးနှင့် တိုးတတ်သည်။ ထီမှန်မှန်ထိုးပါ။ ရတနာပုံဆိုက်ကိန်းထဲရောက်နေသည်။ အမွေအနှစ်ရခြင်း၊ ရွှေ၊ စိန်၊ ရတနာဝင်ခြင်း ကြုံတွေ့လိမ့်မည်။ မယုံမရှိနှင့်။ တကယ် ဖြစ်နိုင်သည်။

**ကံကောင်းအရောင်။** သနပ်ခါးရောင်၊ နို့သာရောင် ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ကိုမယုံနှင့် ရှောင်လိုက်ပါ။

**ကျန်းမာရေး။** သွေးသားဓမ္မတာ သားအိမ်ရောဂါရတတ်သည်။ သတိထားပါ။

**ထီထိုးရန်။** (က) ၂–၅၊ (ခ) ၂–၇၊ (ဂ) ၂–၂။

**ယတြာ။** ရွှေတိဂုံ၊ ဆူးလေ၊ ရွှေဘုန်းပွင့် ဘုရားသုံးဆူ သရုပ်ဖြစ်၍ ရွှေပြားလှူဒါန်းပါ။

စမ်းလိုလျှင်ရှိ၍ ပန်းလိုမွေးပါသော

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်)

www.burmeseclassic.com